မိုးသူ(မန္တလေး)

# ရဟန်း၊ သံဃာကို ဝေဖန်ကောင်းပါသလား



ဤပဋ္ဌာန်းသုငယ်၏ ဖော်စပ်ထားသော
အစွမ်းထက်လှသည့် ဤဆေးခါးကြီးကို အချိုသကာအုပ်၍
သောက်သုံးကြရန်နှင့် အခြားသူများကိုလည်း
သောက်သုံးနိုင်ကြစေရန် ပြောလိုက်ပါရစေ။

ဒေါက်တာပညာသီဟာလင်္ကာရ



# မိုးသူ(မန္တလေး)

## ရဟန်း၊ သံဃာကို ဝေဖန်ကောင်းပါသလား

သောတာပန်အရိယာများ ဖြစ်ကြတဲ့
ယောသကာသူဌေးကြီးတို့ ဦးဆောင်သော
ကောသမ္ဗီမြို့က ဒကာဒကာမတွေဟာ
အကျင့်သီလ အင်မတန် စင်ကြယ်ကြတဲ့
ရဟန်းတော်များ အတွက်မာနကို
အခြေခံပြီးဖြစ်တဲ့ စိတ်ဝမ်းကွဲပြားမှုကို
ပြန်လည်ညီညွတ်စေဖို့အတွက်
ဝါတွင်းသုံးလပတ်လုံး ဆွမ်းလောင်းလှူခြင်း မရှိဘဲ
ရဟန်းတော်တွေကို အကျပ်ကိုင်ကာ
ညီညွတ်စွာ နေထိုင်ကြအောင် ပြုလုပ်ခဲ့ဖူးပါတယ်။

# ရဟန်း၊ သံဃာကို ဝေဖန်ကောင်းပါသလား

မိုးသူ၊ မန္တလေး၊

ဖြန့်ချိရေး

ပါရမီစာပေ

အမှတ်(၂၃၀)၊ ၂၉ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

အမှတ်(၂/၄)၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်မြို့။

ဖုန်း -၂၅၃၂၄၆

E-mail:paramibk@myanmar.com.mm

## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ထုတ်ဝေသူ | ■ ဒေါ်မျိုးမျိုးလတ်<br>ရွှေခေတ်စာပေ<br>အမှတ် ၂၁၊ ဒါနလမ်း<br>သာယာကုန်းရပ်ကွက်<br>မင်္ဂလာတောင်ညွန့်မြို့နယ်။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | ■ Color Zone Press |
| မျက်နှာဖုံးနှင့် အတွင်းပန်းချီ | ■ ဇဂျီလင်းဝဏ္ဏ |
| အတွင်းအပြင်အဆင် | ■ ခိုင်ဇာထွန်း |
| စာအုပ်ချုပ် | ■ အလင်းအိမ်မီဒီယာ |
| အကြိမ် | ■ ပထမအကြိမ်၊ |
| အုပ်ရေ | ■ ၁၀၀၀အုပ် |
| တန်ဖိုး | ■ ၂၀၀၀ ကျပ် |

မိုးသူ၊မန္တလေး၊

ရဟန်း၊ သံဃာကို ဝေဖန်ကောင်းပါသလား။
အလင်းသစ်စာပေ၊ ၂၀၁၄။
၁၈၀ - စာ၊ ၁၃.၃၄ × ၂၀.၉၆ စင်တီ
(၁) ရဟန်း၊ သံဃာကို ဝေဖန်ကောင်းပါသလား။

# မာတိကာ


ဒုတိယပါမောက္ခချုပ် ဆရာတော်၏ အမှာစာ ၄
စာရေးသူ၏အမှာစာ ၆
၁။ ခွင့်မလွှတ်သင့်ပါ ၉
၂။ တစ်နှစ်တစ်ခါ ငရဲရှာ လူ့ရွာဘုရားပွဲ ၁၇
၃။ တိုင်းပြည် မဆုတ်ယုတ်ကြောင်း တရား ၂၅
၄။ တိုင်းပြည်အတွက် ဆားလိုတယ် ၃၃
၅။ ပညာဉာဏ်ဖြင့် လျှဒါန်းပါ ၄၁
၆။ မြင့်မြတ်သော လူသားများ ၄၇
၇။ မဖြုန်းတီးပါနှင့် ၅၇
၈။ မျိုးစောင့်ဥပဒေပြဋ္ဌာန်းလိုမှုအား ဝေဖန်သုံးသပ်ခြင်း ၆၃
၉။ ရင်လေးဖွယ်ရာ အနာဂတ်သာသနာ ၇၁
၁၀။ ရဟန်း၊ သံဃာကို ဝေဖန်ကောင်းပါသလား ၇၉
၁၁။ ရဟန်းတော်များ နိုင်ငံရေး လုပ်ကောင်းပါသလား ၈၅
၁၂။ လူငယ်နှင့် နေရာ ၉၃
၁၃။ ကတိတွေ လွယ်လွယ်မပေးပါနှင့် ၁၀၁
၁၄။ သည်းခံခြင်းနှင့် ငြိမ်ခံခြင်း ၁၀၉
၁၅။ သဖန်းသီးတွေ လျှော့စားပါ ၁၁၇
၁၆။ သာသနာဖျက်မည့်သူ ဘယ်သူလဲ ၁၂၅
၁၇။ အမျိုးသမီးများ ရရှိထိုက်သော အခွင့်အရေး ၁၃၃
၁၈။ တောင်းတဲ့ဆုနဲ့ ပြည့်စေဖို့ ၁၃၉
၁၉။ မင်္ဂလာရှိပါစေ ၁၄၉
၂၀။ သညတ္တိဗလ ၁၅၅
၂၁။ အနစ်နာခံခြင်း ၁၆၅
၂၂။ အရှိကို အရှိတိုင်းသာ ၁၇၃

## ဒုတိယပါမောက္ခချုပ် ဆရာတော်၏ အမှာစာ

ဤစာအုပ်ရေးသားသည့် တပည့်ဖြစ်သူ ပဉ္စင်းသူငယ်က Voice ဂျာနယ်သို့ ပေးပို့ခဲ့သမျှ သူ၏ဆောင်းပါးများကို စုပေါင်း၍ စာအုပ်အဖြစ် ထုတ်ဝေချင်ပါသည်။ ဤထုတ်ဝေမည့် စာအုပ်၏ နိဒါန်းကို(အမှာစာကို) ရေးပေးတော်မူပါဟု လျှောက်ထားလာသော် တပည့်ဖြစ်သူ ပဉ္စင်းသူငယ်၏ Voice ဂျာနယ်သို့ ပေးခဲ့သမျှ စာမူများကို လှန်လှော ဖတ်ကြည့်ခဲ့သောအခါ . . .

ဤပဉ္စင်းသူငယ်က လောကအကြိုက်ကို မရေး၊ လူအကြိုက်လည်း မလိုက်။ မှန်ကန်တိကျသော အသိပညာဖြစ်ထွန်းစေသော စာများဖြစ်နေသည်ကို သတိပြုမိသည်။ တကယ်တော့ လောကကြီး၌ 'ရေများရေနိုင်၊ မီးများမီးနိုင်' ဆိုသည့်အတိုင်း အရိုးပေါ်၌ အရွက်များဖြင့်သာ ဖုံးနေအုပ်နေတတ်ကြသည်။ ပဋိဇီဝဆေးထုတ်လုပ်သောအခါ သိပ္ပံပညာရှင်တို့သည် ရောဂါဝေဒနာတိုက်ဖျက်ရေးကိုသာ အဓိကထား၍ ထုတ်လုပ်ကြသည်။ သို့သော် ထုတ်လုပ်မည့် ကုမ္ပဏီဘက်သို့ ရောက်သောအခါ ၎င်းဆေးခါးကြီးတို့ကို အပေါ်ယံက အချိုများဖြင့် ဖုံးကာ၍ ဝါနီစပ်ကြား အရောင်ကလေးများဖြင့် ခြယ်သလျက် ဤဆေးခါးကြီးကိုပင် ခါးသည့်ဓာတ်မပေါ်လွင်စေဘဲ ချိုသယောင်ယောင်ဖြင့် ထုတ်လုပ်တတ်ကြသည်မှာ လောက၏ အလိုသို့ (သို့မဟုတ်) လူ့အကြိုက်သို့ လိုက်ရသည်ပင် မဟုတ်ပါလော။ ဒါကြောင့် တပည့်ဖြစ်သူ ဤပဉ္စင်းသူငယ်၏ အစွမ်းထက်လှသည့် ဤဆေးခါးကြီးကို စာဖတ်သူက တစ်ဆင့်ပြန်လည်၍ အသုံးချသောအခါ အပေါ်ယံသကာ ဖုံးအုပ်ပြီး သုံးနိုင်စေဖို့ သတိပေးအပ်ပါသည်။

မြတ်စွာဘုရားသည် ခန္ဓာငါးပါး၊ သစ္စာလေးပါး ဓာတ်တရားတို့ကို ထင်ရှား

ပြတ်သားစွာ သိရှိသော်လည်း ပြန်လည်၍ ဟောပြောသောအခါ အပေါ်ယံအချို သကာအုပ်သကဲ့သို့ သုတ္တန်များ၊ ဝတ္ထုဇာတ်လမ်းများ၊ ခံစားချက်များဖြင့် လူ့သဘာဝ လူ့လောကအကြိုက်အတိုင်း လိုက်လျောညီထွေစေလျက် ဓာတ်ပရမတ်ဆေးခါးကြီး ကို တိုက်ကျွေးတော်မူနိုင်ခြင်းကို အလွန်ပင် အတုယူသင့်လှပေသည်။

ထို့ကြောင့် စာဖတ်သူသည်လည်း ဤပဋ္ဌာန်းသူငယ်၏ ဖော်စပ်ထားသော အစွမ်းထက်လှသည့် ဤဆေးခါးကြီးကို အချိုသကာအုပ်၍ သောက်သုံးကြရန်နှင့် အခြားသူများကိုလည်း သောက်သုံးနိုင်ကြစေရန် ပြောလိုက်ပါရစေ။

ဒေါက်တာပညာသီဟာလင်္ကာရ
ဒုတိယပါမောက္ခချုပ်
M.A(Phil);Ph.D(Buddhism)
ဝိနယဝိဒူ၊ ဒီဃနိကာယဝိဒူ၊ အင်္ဂုတ္တရနိကာယဝိဒူ
သာသနာ့ဓဇဓမ္မာစရိယ၊ သာသနာလင်္ကာရ သာမဏေကျော်
သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(ရန်ကုန်)

## စာရေးသူ၏ အမှာစာ

မိမိဟာ အသက်ဆယ်နှစ်အရွယ်မှာ ရွာဘုန်းကြီးကျောင်း၌ ရှင်သာမဏေပြုခဲ့ပါတယ်။ ညနေ ငါးနာရီခန့်တွင် ရှင်သာမဏေပြု၍ မိုးမလင်းခင် သုံးနာရီခန့် မှောင်မှောင်မည်းမည်းမှာ စစ်ကိုင်းမြို့ရှိ စာသင်တိုက်သို့ သွားရောက်ရန်အတွက် စစ်ကိုင်းမြို့သို့ထွက်ခွာမယ့် ကားဂိတ်ရှိရာရွာကလေးဆီကို နွားလှည်းစီးပြီး ထွက်ခွာခဲ့ပါတယ်။ လှည်းစထွက်တော့ မိခင်ကြီးက 'လိမ်လိမ်မာမာနေနော်။ သူများနဲ့ သင့်အောင်နေ၊ ရန်မဖြစ်နဲ့' လို့ မျက်ရည်တွေနဲ့ မှာကြားသံကို ယနေ့တိုင်အောင် နားထဲမှာကြား ယောင်နေဆဲပါ။ မိမိရွာမှ ထွက်ခွာလာခဲ့စဉ်က အမဲသားနှစ်ပိဿာ ပြုတ်ကြော်၊ မြေပဲဆန် အစိမ်းတစ်ပြည်၊ မြေပဲဆီတစ်ပုလင်း၊ ထန်းလျက်ခဲအသေးတစ်ပိဿာတို့ကို အမေက ထန်းပလပ်လက်ဆွဲခြင်းလေးနဲ့ ထည့်ပေးလိုက်ပါတယ်။ ပြီးတော့ စစ်ကိုင်းရောက်ရင် လိုတာဝယ်ဖို့ရန် ငွေနှစ်ထောင့်ငါးရာလည်း ထည့်ပေးလိုက်ပါတယ်။ မိမိဟာ ရွာကနေ ခါးမှာဝတ်ထားတဲ့ သင်္ကန်းတစ်စုံ၊ စားစရာများ ထည့်ထားသော ထန်းပလပ်လက်ဆွဲခြင်းတစ်လုံး၊ ငွေနှစ်ထောင့်ငါးရာနဲ့အတူ ထွက်ခွာခဲ့ရတာပါ။

မိမိဟာတစ်နေ့သော စာဝါပိတ်ရက်၌ ဆွမ်းစားကျောင်းပေါ်မှာ အိပ်ပျော်သွားခဲ့ပါတယ်။ အိပ်ရာကနိုးတော့ မိမိဘေးမှာတွေ့တဲ့ စာအုပ်တစ်အုပ်ကို အမှတ်မထင် ကောက်ဖတ်မိပါတယ်။ 'အပြုံးဆူး အမုန်းဆူး' ဆိုတဲ့ သိုင်းဝတ္ထုစာအုပ်ပါ။ ရေးသူအမည်ကိုတော့ မမှတ်မိတော့ပါဘူး။ မှတ်မှတ်ရရ ရှိနေတာကအဲဒီစာအုပ်ဟာ အစလည်းမရှိ အဆုံးလည်းမပါတဲ့ ဒုတိယတွဲပါ။ အဲဒီအချိန်ကစလို့ မိမိဟာစာအုပ်တွေရဲ့အရသာကို ခံစားတတ်ခဲ့ပါတယ်။ ဥပုသ်နေ့စာဝါပိတ်ရက်တိုင်း ကျောင်းဘေး

ရှိ စာအုပ်အငှားဆိုင်ကနေ ငှားဖတ်တတ်လာခဲ့ပါတယ်။ နောက်ပိုင်း အသက် ၁၃ နှစ်ရောက်တဲ့အခါမှာတော့ စာအုပ်ဆိုင်သွားပြီး ကိုယ်ပိုင်စာအုပ်ဝယ်ပြီး ဖတ်ရှုတတ်တဲ့အဆင့်ကို ရောက်ရှိခဲ့ပါတယ်။

အသက် ဆယ့်ခြောက်နှစ်အရွယ်မှာတော့ ဗလာစာအုပ်ထဲမှာ စာ,စရေးတတ်နေပါပြီ။ ရေးလိုက်၊ ပဋ္ဌင်းတွေကို ပေးဖတ်လိုက်ပါပဲ။ အသက်ဆယ့်ကိုးနှစ်အရွယ်မှာတော့ အင်တာနက် သုံးတတ်ပါတယ်။ မိမိ အင်တာနက် စသုံးစဉ်အချိန်က Facebook ကို မသုံးတတ်သေးပါဘူး။ မြန်မာနိုင်ငံတွင်း ပြုလုပ်ထားတဲ့ အပျော်သုံး ဝက်ဘ်ဆိုဒ်တစ်ခုမှာ စာမျက်နှာဖွင့်ကာ သုံးစွဲခဲ့ခြင်းဖြစ်ပါတယ်။ မိမိအသုံးပြုတဲ့ ဝက်ဘ်ဆိုဒ်ထဲမှာ အချို့သောသူများက ဘုရားဟောဖော် ပါဠိတော်များကိုလိုသလို ပရမ်းပတာ အနက်အဓိပ္ပာယ်ဖွင့်ကာ ဗုဒ္ဓဘုရားရှင်က အဝ္တဝါဒကို လက်ခံတယ်လို့ ရေးသားထားကြတဲ့ ပို့စ်တွေကိုဖတ်ရှုရပါတယ်။ ဘယ်သူမှ ပြန်လည်မချေပကြတာမို့ မိမိကပဲ ကြိုးစား၍ ပြန်လည်ခုခံချေပသောပို့စ်တွေ ရေးတင်ခဲ့ပါတယ်။ အဲဒီအချိန်ကစလို့ မိမိဟာ ဝေဖန်စာတွေ ရေးတတ်ခဲ့ပါတယ်။ တကယ်တမ်းရေးချင်တာက ရသစာပေ အမျိုးအစားပါ။

၂၀၁၁ ခုနှစ်မှာတော့ Facebook ကို ပြောင်းလဲသုံးစွဲ ဖြစ်ခဲ့ပါတယ်။ Facebook မှာ သင်းပုံ့ရွှေကြာ အမည်ရှိ စာရေးဆရာတစ်ယောက်နဲ့ ခင်မင်သိကျွမ်းခဲ့ပါတယ်။ သူက မိမိရဲ့ပထမဦးဆုံးလက်ရာဖြစ်တဲ့ **'ဝိဇ္ဇာရှင်ကို ကျမ်းဂန်လာတရားတော်နှင့်အညီ ဝေဖန်သုံးသပ်ကြည့်ခြင်း'** ဆိုတဲ့ ဝေဖန်ရေးဆောင်းပါးစာမူကို ၂၁.၁.၂၀၁၃မှာ နေလဂမ္ဘီရဂျာနယ်တိုက်ကို ပို့ပေးပါတယ်။ ပထမဦးဆုံး ပေးပို့တဲ့ အဆိုပါဆောင်းပါးဟာ ၁၇.၅.၂၀၁၃ နေ့ထုတ် ဂျာနယ်မှာ ဖော်ပြခြင်းကို ခံခဲ့ရပါတယ်။

Facebook မှာ မကွေးဆေးတက္ကသိုလ်မှ အရမ်းအငြင်းသန်သော Part2 ကျောင်းသားများဖြစ်ကြတဲ့ ခင်နိုင်ဦးနဲ့ ခွန်သန်းရွှေတို့က သူတို့သူငယ်ချင်းတစ်စုတင်သာမက အခြားသူများပါ ဝင်ရောက်ငြင်းခုံနိုင်အောင် ဗုဒ္ဓဘာသာ/အတွေးအမြင် အမည်ရှိ Page တစ်ခု ပြုလုပ်ထားကြပါတယ်။ မိမိ Facebook သုံးစွဲနေပြီ ဆိုတာကိုသိတဲ့ ခင်နိုင်ဦးက အဆိုပါ Page မှာ Admin ပြုလုပ်ပေးပြီး မန်ဘာဝင်များ သိလိုသည်တို့ကို ဖြေကြားပေးရန်ပေးပို့ အကူညီတောင်းခံလာပါတယ်။ ခင်နိုင်ဦးဟာ အရင်မိမိသုံးစွဲနေတဲ့ ဝက်ဘ်ဆိုဒ်မှာတုန်းက မိမိရဲ့စာဖတ်ပရိသတ်တစ်ဦး ဖြစ်တာမို့ သူ့ရဲ့အကူအညီတောင်းခံမှုကိုလိုက်လျောခဲ့ပါတယ်။ မိမိဟာ ဗုဒ္ဓဘာသာ အတွေးအမြင်မှာ မန်ဘာများရဲ့ မေးခွန်းများ ဖြေကြားပေးပြီး ဘာသာရေးနှင့်စပ်၍ လူပုဂ္ဂိုလ်များသိသင့်

သိထိုက်တာတွေကို ရေးသား တင်ဆက်ပေးခဲ့ပါတယ်။

ဤကဲ့သို့ စာရေးကျင့်လေးရှိလာတဲ့ မိမိဟာ ၁၁.၁.၂၀၁၄မှာ '**အမျိုးသမီးများ ရရှိထိုက်သော အခွင့်အရေး**' အမည်ရှိဆောင်းပါးကို The Voice သတင်းစာတိုက်သို့ ပေးပို့ခဲ့ပါတယ်။ မိမိအင်မတန် ကံကောင်းပါတယ်။ ဘာကြောင့်လဲဆိုတော့ 'တော်ရုံစာမူ ထည့်မပေးဘူး' လို့ နာမည်ကျော်ကြားတဲ့ သတင်းစာတိုက်က မိမိပထမဦးဆုံး ပေးပို့ခဲ့တဲ့ အဆိုပါဆောင်းပါးကို ၂၀.၁.၂၀၁၄ နေ့ထုတ် The Voice Daily မှာ ဖော်ပြပေးခဲ့တာကြောင့် ဖြစ်ပါတယ်။

နောက်ပိုင်းမှာတော့ မိမိအတွက် အန္တရာယ်များသည်ကို ကြိုတင်တွေးမိပါသော်လည်း သာသနာတော်ကြီးရဲ့ရှေ့ရေးကို မျှော်တွေးပြီးတော့ မိမိရဲ့ကျေးဇူးရှင်ဆရာတော်ဘုရားကြီးများရဲ့ထုံးကို နှလုံးမူကာ ဘာသာရေးနှင့်စပ်သော ဝေဖန်ရေးဆောင်းပါးများကိုလည်း ရေးသားပေးပို့ခဲ့ပါတယ်။

အဆိုပါ ဆောင်းပါးများကို စာရေးဆရာမ အော်ဂဲနီ စသော အသိမိတ်ဆွေများက စာအုပ်ထုတ်ဖို့ရန် ပါးစပ်နဲ့သာမက လိုအပ်သောငွေကြေးများပါ လှူဒါန်း၍တိုက်တွန်းကြခြင်းကြောင့် စုစည်းကာ စာအုပ်အဖြစ် ထုတ်ဝေလိုက်ရခြင်းဖြစ်ပါတယ်။ မိမိအနေအထားအရဆိုရင်တော့ ဒီနှစ်ထဲမှာတောင်မှ စာအုပ်အဖြစ် ထုတ်ဝေနိုင်ဖို့ရန် မသေချာသေးပါဘူး။

ဒီစာအုပ်လေးဟာ မိဘရင်ခွင်ထဲမှာ နွေးနွေးထွေးထွေး နေထိုင်ပြီး ပညာသင်ကြားနေရမယ့်အရွယ်မှာ မိဘများနဲ့ မိုင်ပေါင်းတစ်ရာကျော် ဝေးကွာသော၊ ဆွေမျိုးတစ်ဦးတလေမှ မရှိသောအရပ်ဒေသမှာ သူတစ်ပါးတို့ရဲ့ အနိုင်ကျင့်မှုမျိုးစုံကို ခံစားရင်းမဝရေစာ စားသောက်ကာ မျက်ရည်စက်လက်နဲ့ ပညာသင်ကြားခဲ့ရသော ကလေးငယ်လေးတစ်ဦးရဲ့ မလျှော့သောလုံ့လဖြင့် ဆယ့်လေးနှစ်ကျော်ကြာ စာပေကျမ်းဂန်များကို သင်ယူလေ့လာကျက်မှတ်ခဲ့ရသော အကျိုးဆက်ရဲ့ ပထမဦးဆုံးသော အသီးအပွင့်လေး ဖြစ်ပါတယ်။ ဒီအသီးအပွင့်လေးဟာ အားလုံးအတွက်တော့ ရနံ့မွှေးကြိုင်၍အရသာချိုမြိန်နိုင်မှာ မဟုတ်ပါဘူး။ မိမိကတော့ ဘယ်သူ့ကိုတော့ ချီးစေ၊ ဘယ်သူ့ကိုတော့ ခါးစေဆိုသော ဆန္ဒဖြင့် ရေးသားခဲ့ခြင်း မဟုတ်ပါဘူး။ သိသင့်သိထိုက်တာတွေကိုသာ၊ စဉ်းစားသင့် စဉ်းစားထိုက်တာတွေကိုသာ အဂတိလေးပါး ကင်းကင်းဖြင့်ရေးသားခဲ့ခြင်းသာဖြစ်ပါတယ်။

■

မိုးသုံ၊မန္တလေး၊

# ခွင့်မလွှတ်သင့်ပါ

ဟိုခေတ်ဟိုအခါကတော့ ချင်းတွင်းမြစ်ကြော ဧရာဝတီမြစ်ကြောမှာ မျှောလာတဲ့ သစ်ဖောင်တွေပေါ်ကို ဘုန်းကြီး အသွင်ယူ သင်္ကန်းဝတ်တွေက အခငွေကြေးယူပြီး သစ်ဖောင်ပေါ် ထိုင်လိုက်တတ်ကြ ပါတယ်။ သူတို့အတွက် သစ်ဖောင်ပိုင်ရှင်က ငွေပေးရုံမျှသာမကဘဲ အရက်အမြည်း ညစာက အစ လုပ်ပေးရတာပါ

## ခွင့်မလွှတ်သင့်ပါ

မနေ့က ရွာမှာနေတဲ့ အမေ့အတွက် သောက်ဆေးတစ်လစာ ပို့ပေးရမှာကြောင့် အဝေးပြေးကားကွင်း သွားရပါတယ်။ ကားဂိတ်စာရေးများက ကိုယ့်ဇာတိနယ်ကလူတွေ ဖြစ်တာကတစ်ကြောင်း၊ လစဉ်လည်းပို့နေကျဆိုတော့ ခင်မင်ရင်းနှီးနေပါတယ်။ ကုန်လက်ခံဖြတ်ပိုင်းရေးနေရင်းနဲ့ 'ဦးပဥ္စင်းတို့ သာသနာတော် ထိန်းသိမ်းရေးအဖွဲ့ဆိုတာတွေက ကားကွင်းကို မလာကြဘူးလား' လို့ မေးပါတယ်။ 'ဘာလို့လဲဒကာ' လို့ ပြန်မေးလိုက်တော့-

'တမြန်နေ့က တပည့်တော်တို့ဂိတ်ရဲ့ မျက်နှာချင်းဆိုင်က ကားဂိတ်မှာ ခရီးသည်အမျိုးသမီးတစ်ယောက်ရဲ့ ပိုက်ဆံအိတ်ကို ဘုန်းကြီးတစ်ပါးက လုပြေးတယ်။ ကုန်ထမ်းတဲ့ ကောင်လေးတစ်ယောက်က သက်န်းဆောင့်ဆွဲပြီး တွန်းလှဲချလိုက်တယ်။ ပြီးတော့ အပေါ်ကနေခွထိုင်ပြီး မျက်နှာလက်သီးနဲ့ထိုးမလို့ ရွယ်ပြီးမှ ဘုန်းကြီးဆိုတော့ မကောင်းတာနဲ့ မထိုးတော့ဘဲ ကားကွင်းရဲစခန်း သွားအပ်လိုက်တယ်။ ရဲစခန်းကလည်း အရေးမယူပါဘူး။ ပြန်လွှတ်ပေးလိုက်တယ်။ ကားကွင်းထဲမှာက ပိုက်ဆံ ဖွတ်လိုက်တောင်းနေတဲ့ ဘုန်းကြီးတွေ၊ ကိုရင်တွေ အများကြီးပဲ။ ဘာသာခြားတွေအမြင်မှာ ရှက်စရာကြီးဘုရား။ တပည့်တော်တို့လည်း သူတို့ကြည့်ပြီး တစ်နေ့တစ်နေ့ အကုသိုလ်များရတယ်။ တပည့်တော်တို့ဂိတ်ထဲတော့ လုံးဝအဝင်ကို မခံဘူး' ဆိုပြီး ပြောပြပါတယ်။ သူပြောတာနားထောင်ပြီး ကိုယ်လည်းမောဟိုက်ကြီး ဖြစ်သွားရပါတယ်။

တစ်လောတုန်းကလည်း အရာရှိတစ်ယောက်နဲ့ စကားပြောတော့ 'နယ်စပ်က ကားမှောင်ခိုသယ်တဲ့သူတွေက ကားပေါ်ကို ဘုန်းကြီးတစ်ပါး တင်လာကြတယ်။

ဘုန်းကြီးကားလိုလို ဘာလိုလိုနဲ့ ခပ်တည်တည်နဲ့ မောင်းဝင်လာကြတာ။ တပည့်တော်တို့လည်း မှောင်ခိုသယ်လာတဲ့ကားဆိုတာ သိနေပေမဲ့ သင်္ကန်းကိုထောက်ထားနေရတော့ လုပ်ရကိုင်ရတာခက်တယ် ဘုရား' ဆိုပြီး ပြောပြဖူးပါတယ်။

ကိုယ်နဲ့သိတဲ့ တောထွက်တစ်ပါးဆိုရင်လည်း တစ်ခေါက်တစ်သိန်းနဲ့ အဲဒီလိုအလုပ်မျိုး လုပ်နေတယ်လို့ ကြားသိရပါတယ်။ ဟိုခေတ်ဟိုအခါကတော့ ချင်းတွင်းမြစ်ကြော၊ ဧရာဝတီမြစ်ကြောမှာ မျှောလာတဲ့ သစ်ဖောင်တွေပေါ်ကို ဘုန်းကြီးအသွင်ယူ သင်္ကန်းဝတ်တွေက အခငွေကြေးယူပြီး သစ်ဖောင်ပေါ်ထိုင်လိုက်တတ်ကြပါတယ်။ သူတို့အတွက် သစ်ဖောင်ပိုင်ရှင်က ငွေပေးရုံမျှသာမကဘဲ အရက်အမြည်း၊ ညစာက အစလုပ်ပေးရတာပါ။ ဘုန်းကြီးပါနေတော့ မှောင်ခိုမှန်းသိပေမဲ့ ဖမ်းရဆီးရခက်တယ်လေ။

ဘုရားရှင်လက်ထက်တော်က ဓနိယဆိုတဲ့ ရဟန်းတစ်ပါးဟာ ကျောင်းဆောက်ဖို့အတွက် သူ့မိတ်ဆွေ သစ်တောစာရေးကြီးဆီကို သစ်အလှူခံပါတယ်။ စာရေးကြီးက 'အရှင်ဘုရား လှူရန်သစ်များ မရှိပါ၊ မြို့ပြင်ရန်ထားသော ဘုရင့်ပိုင်သစ်တွေသာ ရှိပါတယ်။ ဘုရင်က လှူစေအမိန့်ချရင်တော့ အရှင်ဘုရားယူလို့ရပါတယ်' ဆိုပြီး ပြောပါတယ်။ ဒီအခါမှာ အရှင်ဓနိယက ခပ်တည်တည်နဲ့ 'ဘုရင်က လှူပြီးပါပြီ' ဆိုပြီး ဘုရင့်သစ်တွေ ယူသွားပါတယ်။ သိပ်မကြာခင်မှာ သစ်တွေ ပျောက်နေလို့ ဆိုင်ရာဝန်ကြီးတွေက သစ်တောစာရေးကြီးကို ဖမ်းဆီးပါတယ်။ ထိုအကြောင်းကို ကြားသိလိုက်ရတဲ့ အရှင်ဓနိယက ဘုရင့်ရှေ့ဝင်ပြီး 'အရှင်မင်းကြီး နန်းတက်စ အဘိသိက်ခံယူစဉ်မှာ မြက်၊ ထင်း၊ ရေများကို ရဟန်း၊ ပုဏ္ဏားတို့အား ပေးလှူပါတယ်'လို့ မိန့်ခဲ့ဖူးတာကြောင့်ယူခြင်းဖြစ်တယ်လို့ တင်ပြပါတယ်။

ဒီအခါမှာ ဗိမ္ဗိသာရမင်းကြီးက 'ထိုစကားမှာတောထဲ၌ ပိုင်ရှင် မရှိသော မြက်၊ ထင်း၊ ရေတို့ကို ရည်ရွယ်ပြီးပြောသော စကားဖြစ်ပါတယ်။ တောထဲမှာနေထိုင် သီတင်းသုံးကြတဲ့ ရဟန်း၊ ပုဏ္ဏားတွေ သီလပျက်မှာစိုးပြီး မသုံးမစွဲရဲမှာမို့ ရဲရဲဝံ့ဝံ့ သံသယ ကင်းရှင်းစွာ မြက်၊ ထင်း၊ ရေတို့ကိုသုံးဆောင်နိုင်ရန် ပြောကြားခြင်းသာ ဖြစ်ပါတယ်။ ယခုလို ပိုင်ရှင်ရှိသော အဖိုးတန်သစ်တို့ကို မဆိုလိုပါ။ ကိုယ်တော်ဟာ သတ်စားရန် အရက်သမားလက်ထဲရောက်ရှိပြီး ဖြစ်နေလျက် အမွေးက အဖိုးတန်နေတာကြောင့် လူတစ်ယောက်က ပြန်ဝယ်ယူလိုက်လို့ သတ်စားမခံရတဲ့ သိုးကလေးကဲ့သို့ ဘုရားရှင်၏ အရေတော်အမွေးတော်ဖြစ်သော သင်္ကန်းကြောင့် သတ်လောက်သည့်အပြစ်မှ လွှတ်ပေးလိုက်ပါတယ်။ နောင် ဒီလိုမလုပ်ပါနဲ့'လို့ ပြောပြီး အရေး မယူဘဲ လွှတ်ပေးခဲ့ပါတယ်။

အဆိုပါဖြစ်ပုံကို ကြားသိရတဲ့ဘုရားရှင်က 'အကြင်ရဟန်းသည် ရွာမှဖြစ်စေ၊ တောမှဖြစ်စေ ဥစ္စာရှင်တို့သည် မပေးအပ်သော လူ့ဥစ္စာကို ခိုးလိုသောစိတ်(လိမ်ယူလိုသောစိတ်၊ ညာယူလိုသောစိတ်)ဖြင့် ယူအံ့၊ အနည်းဆုံးအားဖြင့် တစ်မတ်တစ်မတ်တန်လောက် ဥစ္စာကိုခိုးယူလျှင် အစိုးရမင်းတို့က ခိုးသူရဟန်းကို ဖမ်း၍ နှိပ်စက်ညှဉ်းဆဲမှု၊ ချုပ်နှောင်မှု၊ တိုင်းပြည်မှ နှင်ထုတ်မှုတစ်ခုခုကို ပြုလိုကပြုနိုင်၏။ 'ဟဲ့သူခိုး၊ ဟဲ့ လူမိုက်၊ ဟဲ့ လူဖျင်း၊ ဟဲ့ သူဝှက်' စသဖြင့် ဆဲဆိုကြိမ်းမောင်းလိုက ဆဲဆိုကြိမ်းမောင်းနိုင်၏။ ထိုတစ်မတ်တစ်မတ်တန်ကစ၍ ခိုးသော ဤရဟန်းလည်း ပါရာဇိကကျ၍ ရဟန်းကောင်းတို့နှင့် ပေါင်းသင်းခွင့်မရှိတော့'လို့ ဘုရားရှင် သိက္ခာပုဒ် ပညတ်ခဲ့ပါတယ်။

ပါရာဇိကကျတယ်ဆိုတာ သိက္ခာချနေစရာမလိုတဲ့ ရဟန်းအဖြစ်မှ လူအဖြစ်သို့ ရောက်သွားတာကိုပြောတာပါ။ ပါရာဇိကကျတဲ့ရဟန်းဟာ ဒီဘဝတစ်သက်တာမှာ သဗ္ဗညုဘုရားရှင်အမျိုးရှိသော ရဟန္တာအပါးတစ်သောင်းနဲ့ သိမ်ထဲမှာ ကမ္မဝါဖတ်၍ ရဟန်းပြန်ခံစေကာမူ ရဟန်း မဖြစ်တော့ပါဘူး။

လည်ဆစ်က ပြတ်ကျသွားပြီဖြစ်တဲ့ ထန်းပင်ကြီးကို ရေဘယ်လောက်လောင်းလောင်း၊ မြေသြဇာတွေ ဘယ်လောက်ကျွေးကျွေး အညွန့်အညှောက် ပြန်မပေါက်တော့သလို၊ သစ်ပင်ကြွေကျလာတဲ့ ရော်ရွက်ဝါလေးကို သစ်ပင်မှာပြန်ဆက်ပြီး စိမ်းလန်းအောင်ပြုလုပ်လို့ မရတော့သလို၊ ဦးခေါင်းပြတ်ပြီးသေနေတဲ့ သူသေကောင်ကို ဦးခေါင်းဆက်ပေးပြီး အသက်ပြန်ရှင်အောင် လုပ်မရတော့သလို သီလဦးခေါင်းပြတ်ကျသွားပြီဖြစ်တဲ့ ပါရာဇိကကျသွားတဲ့ ရဟန်းဟာလည်း ဒီဘဝအဖို့မှာတော့ ဘယ်နည်းနဲ့မှ ရဟန်းပြန်မဖြစ်နိုင်တော့ပါဘူး။

ဒါကြောင့် ခိုးသူရဟန်းဟာ သင်္ကန်းဝတ်ထားပေမဲ့ ရဟန်း မဟုတ်တော့တာကြောင့် ဆိုင်ရာအစိုးရမင်းတို့က ထိုက်သင့်တဲ့အရေးယူမှုတွေ ပြုလုပ်နိုင်တယ်လို့ ဘုရားရှင်က မိန့်ကြားတော်မူခဲ့ခြင်း ဖြစ်ပါတယ်။ ဝိနည်းတော်ထုံးစံအရ ရဟန်းတွေမခိုးရလို့ ယခုလို သိက္ခာပုဒ်မပညတ်ခင်မှာ ပဌမဦးဆုံး ကျူးလွန်ဖောက်ဖျက်ခဲ့တာမို့ အရှင်ဓနိယကတော့ ပါရာဇိက မကျခဲ့ပါဘူး။ ဒီသိက္ခာပုဒ်ပညတ်ပြီးတဲ့ နောက်ပိုင်းမှာ ခိုးသူရဟန်းမှန်သမျှ ပါရာဇိကကျပါတယ်။

၁။ လူစင်စစ်၏ ဥစ္စာဖြစ်ခြင်း။

၂။ သူတစ်ပါး၏ဥစ္စာမှန်းသိရှိခြင်း။

၃။ ခိုးယူလိုသောစိတ်ရှိခြင်း။

၄။ တစ်မတ်နှင့် တစ်မတ်ထက်တန်ဖိုးရှိခြင်း။

၅။ ခိုးယူခြင်းဆိုတဲ့ အင်္ဂါရပ်ငါးချက်နဲ့ကိုက်ညီရင် ပါရာဇိက ကျပါတယ်။ ခိုးလိုသောစိတ်နဲ့ ခိုးယူရင် မိဘဥစ္စာ ခိုးယူရင်တောင် ပါရာဇိက ကျပါတယ်။

လူ့ဥစ္စာမဟုတ်သော နတ်၊ ပြိတ္တာ၊ တိရစ္ဆာန်တို့ရဲ့ ဥစ္စာကိုခိုးယူရင် ပါရာဇိက မကျပေမဲ့ အဒိန္နာဒါနကံတော့ ထိုက်ပါတယ်။ သူများဥစ္စာကို ကိုယ့်ဥစ္စာထင်လို့ ယူမိရင်ပဲဖြစ်ဖြစ်၊ ပံ့သကူထင်လို့ ယူမိရင်ပဲဖြစ်ဖြစ် ပါရာဇိက မကျပါဘူး။ ဒါပေမဲ့ ကိုယ့်ဥစ္စာမဟုတ်မှန်းသိတဲ့အခါ၊ ပံ့သကူမဟုတ်မှန်းသိတဲ့အခါမှာ ပိုင်ရှင်ကို ပြန်ပေး ရပါ့မယ်။ သိရဲ့နဲ့ ပြန်မပေးရင် ကျပါတယ်။ ခေတ္တခဏ ငှားတဲ့အနေနဲ့ ယူသွားရင်ပဲ ဖြစ်ဖြစ် ဥစ္စာပိုင်ရှင်နဲ့ အရမ်းရင်းနှီးနေလို့ 'ငါယူတာကို စိတ်မဆိုးလောက်ပါဘူး။ ကျေနပ်လောက်ပါတယ်' ဆိုတဲ့ အထင်နဲ့ယူရင်ဖြစ်ဖြစ် မကျပါဘူး။ အမှန်တကယ် ရူးသွပ်နေတဲ့အချိန်မှာပဲဖြစ်ဖြစ်၊ တစ်စုံတစ်ဦး၏ ခြောက်လှန့်မှုကြောင့် စိတ်ပျံ့လွင့်နေတဲ့ အချိန်မှာယူမိရင်ပဲဖြစ်ဖြစ်၊ ဒုက္ခဝေဒနာအပြင်းအထန် ခံစားနေရတဲ့အချိန်မှာ ယူမိရင်ပဲ ဖြစ်ဖြစ် ပါရာဇိက မကျပါဘူး။

၁။ **အာဒိယန** = သူ့ဥစ္စာအမှန်ကို ကိုယ်ရအောင် တရားစွဲ၍ယူခြင်း။

၂။ **ဟရဏ** = လမ်းကြုံပေးလိုက်သော သူတစ်ပါး၏ဥစ္စာကို ကူညီလိုသောစိတ်နေသဘောထားဖြင့် ဆောင်ယူသွား၍ လမ်းကျမှ ခိုးယူလိုစိတ်ဖြစ်ခြင်း။

၃။ **အဝဟရဏ** = မိမိထံ၌အပ်နှံထားသည်ကို ပြန်တောင်းသောအခါမပေးဘဲ (မအပ်ဖူးပါဘူးစသဖြင့် ပြောင်လိမ်၍)ယူခြင်း။

၄။ **ဣရိယာပထဝိကောပန** = အသက်ရှိသောဥစ္စာကိုသူ့နေမြဲ ဣရိယာပုတ်ပျက်အောင် ဖျက်၍ (နွား စသည်ကို နေရာပြောင်းသွားအောင် ခြောက်လှန့်၍) ယူခြင်း။

၅။ **ဌာနာစာဝန** = မြှုပ်ထားသောရွှေအိုးစသည်ကို မူလနေရာမှ ရွေ့အောင် လုပ်၍ ယူခြင်း။

၆။ **သင်္ကေတဝီတိနာမန** = ကင်းခွန်ကောက်ရာအရပ်ကို ရှောင်လွှဲ၍ အခွန်မပေးဘဲသွားခြင်း။

၇။ **ထေယျာဝဟာရ** = ပုန်းလျှိုးကွယ်လျှိုးခိုးခြင်း၊ အလေးတင်းတောင်း စဉ်းလဲ၍ ခိုးခြင်း။

၈။ **ပသယှာဝဟာရ** = ဥစ္စာရှင်ကိုလွှမ်းမိုးနှိပ်စက်၍ (ဒဏ်တပ်မည်၊ ထောင်ချမည်၊ သပိတ်မှောက်မည်စသဖြင့် ခြိမ်းခြောက်၍) ယူခြင်း။

၉။ **ကုသာဝဟာရ** = မဲချရာ၌ မိမိပေါက်သော ညံ့သောမဲကို ကောင်းသော

မဲနဲ့ လဲယူခြင်း။

**၁၀။ ပဋိစ္ဆန္နပ၀ဟာရ** = ဥယျာဉ်စသောအရပ်တို့၌ သူတစ်ပါး၏ ဥစ္စာပစ္စည်းကို ဝှက်ထားခဲ့၍ နောင်အခါမှ လာယူခြင်း။

**၁၁။ ပရိကပ္ပါဝဟာရ** = ရွှေဆိုလျှင်ယူမယ်၊ အခြားပစ္စည်းဖြစ်နေရင် မယူဘူးလို့ တွေးတောကြံစည်ပြီး အထုပ်စသည်ကို ယူခြင်းလို့ ပါရာဇိက ကျတဲ့ နိုးခြင်း တစ်ဆယ့်တစ်ပါးရှိပါတယ်။ အဋ္ဌကထာတွေမှာ ၂၅ပါး ပြဆိုထားပေမဲ့ တူရာစုလိုက်ရင်တော့ ၁၁ ပါးပဲ ရှိပါတယ်။

*(ခုဒ္ဒသိက္ခာတွင်ရှု)*

ဒီ နိုးခြင်းဆယ့်တစ်ပါးက ရဟန်းတွေကို ပါရာဇိက ကျစေနိုင်သလို လူပုဂ္ဂိုလ်တွေ ကျူးလွန်ရင်လည်း ငရဲကျစေနိုင်ပါတယ်။ နိုးခြင်းတစ်ဆယ့်တစ်ပါးထဲက တစ်ပါးပါးနဲ့ ငြိစွန်းနေတဲ့ သင်္ကန်းဝတ်တွေကို ဆိုင်ရာပုဂ္ဂိုလ်များ လုပ်သင့်လုပ်ထိုက်တာ စီရင်သင့် စီရင်ထိုက်တာကို ဥပဒေအတိုင်း စီရင်နိုင်ပါတယ်။ သင်္ကန်းကို အားနာပြီး ခွင့်လွှတ်မပေးသင့်ပါဘူး။ ဒီလိုလူတွေကို ခွင့်လွှတ်ပေးခြင်းကြောင့် တိုင်းပြည်ရော သာသနာတော်ကိုပါ လွန်စွာမှ ထိခိုက်နစ်နာစေပါတယ်။ ဒီလိုရဟန်းတုတွေကို လွှတ်ပေးလိုက်တာဟာ သာသနာတော်ကို လေးစားရာမရောက်ပါဘူး။ သာသနာတော်ကို ဖျက်ဆီးရာသာရောက်ပါတယ်။ မြွေပွေး၊ မြွေဟောက်ကို နွားနို့တိုက်ကျွေးခြင်းရဲ့အကျိုးကျေးဇူးဟာ လူအပေါင်းသေစေရန်သာဖြစ်သလို နိုးသူ ရဟန်းတွေကို တရားဥပဒေအရ ထိုက်သင့်တဲ့စီရင်မှုမပြုဘဲ ခွင့်လွှတ်ပေးလိုက်ခြင်းရဲ့ အကျိုးကျေးဇူးဟာလည်း ရဟန်းကောင်းတွေကို အနေအထိုင်ခက်ခဲစေရုံ၊ သာသနာတော်ကို ညစ်နွမ်းပျက်စီးစေရုံသက်သက်အပြင် အခြားအကျိုးထူး တစ်စုံတစ်ရာဘာတစ်ခုမှ ရှိမလာနိုင်ပါဘူး။

တရားဥပဒေနဲ့ ငြိစွန်းနေတဲ့သူ မည်သူ့ကိုမဆို ခွင့်လွှတ်မပေးသင့်ပါဘူး။ ဘယ်သူမို့ဘယ်ဝါမို့ ဘာမို့ညာမို့နဲ့ ခွင့်လွှတ်ပေးခဲ့မယ်ဆိုရင် အဲဒီလူတွေနဲ့ ဘယ်သူသေသေ ငတေမာပြီးရောဆိုတဲ့ မတော်မတရား စီးပွားရေးသမားတွေပေါင်းပြီး တိုင်းပြည်ကိုဖျက်ဆီးကြပါလိမ့်မယ်။ ရဟန်းဆိုပြီး တရားဥပဒေအရမစီရင်ဘဲ ခွင့်လွှတ်ပေးလိုက်မယ်ဆိုရင် နောင်အခါမှာ သူခိုးတွေအားလုံး သင်္ကန်းဝတ်ပြီး ခိုးဆိုးလုယက်ကုန်ကြပါလိမ့်မယ်။ ဒီအခါကျရင် တိုင်းပြည်လည်းနစ်နာသလို သာသနာ့ဝန်ထမ်းအစစ်အမှန် ရဟန်းကောင်းတွေလည်း များစွာနစ်နာရပါတယ်။ သာသနာတော်ကို အမှန်တကယ် ကြည်ညိုလေးစားသူမှန်ရင် ဘုရားရှင်ရဲ့အရေတော်ဖြစ်တဲ့ သင်္ကန်းကိုခြုံပြီး ကျင့်ဝတ်နဲ့အညီ မနေတဲ့ပုဂ္ဂိုလ်တွေကို ထိုက်သင့်တဲ့ စီရင်ခြင်းမျိုးစီရင်ပေး

ကြရမှာပါ။ ဒါမှသာလျှင် သာသနာတော်ကြီးဟာ စင်စင်ကြယ်ကြယ်နဲ့ အဓွန့်ရှည် တည်တံ့နိုင်မှာ ဖြစ်ပါတယ်။

***The Voice Daily***

***Vol.1, No.277***

***Tuesday, February 25, 2014***

✪✪✪✪✪

# တစ်နှစ်တစ်ခါ ငရဲရွာ လူရွှာဘုရားပွဲ



"ဥုံမဏိပဒ္မေဟုံ" ဆိုတာ ပွဲကျောင်းဂိုဏ်းရဲ့ မူပိုင် ဘုရားရှိခိုးစာပါ
ပွဲကျောင်းဂိုဏ်းဘုန်းကြီးတွေဟာ ဘုရားရှင်ကို ပူဇော်တဲ့ ဘုရားပွဲ တွေမှာ အတီးအမှုတ်၊
အကအခုန်တွေနဲ့ ကြီးကျယ်ခမ်းနားစွာ ပူဇော်ကြပါတယ်
ဒါကြောင့်မို့ သူတို့တွေကို မဟာယာနဂိုဏ်းလို့ မခေါ်ကြတော့ဘဲ လွယ်လွယ်ကူကူ
ပွဲကျောင်းဂိုဏ်းလို့ ခေါ်ဆိုခဲ့ကြတာဖြစ်ပါတယ်။ အခုအခါမှာ ပွဲကျောင်းဂိုဏ်းရဲ့
ဒီအမွေဆိုးကို ထေရဝါဒဗုဒ္ဓဘာသာက ဆက်ခံယူကျင့်သုံးနေကြခြင်းပါ

## တစ်နှစ်တစ်ခါ ငရဲရှာ လူရှာဘုရားပွဲ

နေကအရမ်းပူပြီး ယာဉ်ကြောပိတ်ဆို့တဲ့ဒဏ်ကို မခံစားနိုင်တာနဲ့ မြို့ထဲမသွားဖြစ်တာအတော်ကြာပါပြီ။ ဒီနေ့တော့ စာအုပ်တချို့ဝယ်စရာရှိတာနဲ့ မြို့ထဲကိုသွားရပါတယ်။ ကံဆိုးစွာနဲ့ပဲ နေပူပူမှာ ဒီဂျေတီးလုံးသံတွေ တဝုန်းဝုန်းနဲ့ လှည့်လည်နေတဲ့ နှစ်ကျိပ်ရှစ်ဆူပွဲနဲ့တည့်တည့်ကြီး တိုးပါတော့တယ်။ စိတ်ပျက်စွာ စောင့်ဆိုင်းရင်း 'တစ်နှစ်တစ်ခါ ငရဲရှာ လူရှာဘုရားပွဲ' ဆိုတဲ့ နဝမမြောက် ရွှေကျင်သာသနာပိုင် သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီးရဲ့အဆုံးအမကိုလည်း သွားသတိရမိလိုက်ပါတယ်။ ဩော်…လူတွေ၊ လူတွေ အချိန်ကုန် ငွေကုန် လူပန်းခံပြီး ဘုရားပွဲကျင်းပကာ တစ်နှစ်တစ်ခါ ငရဲရှာနေကြတော့ပါလားလို့ တွေးမိပါတယ်။

ဘုရားရှင်ဟာ တစ်ခါတစ်ခါမှာ ဇေတဝန်ကျောင်းတော်ကနေ ဆွမ်းခံစောစောလေးထွက်ခဲ့ပြီး ဇေတဝန်နဲ့ သာဝတ္ထိမြို့ကြားမှာရှိတဲ့ တိတ္ထိတွေရဲ့ကျောင်းကို ဝင်ရောက်ကာ သံသရာမှာ တရားအထုံရစေဖို့အတွက် တရားဟောတတ်ပါတယ်။ တိတ္ထိတွေဟာ သူတို့ဘာသာဘာဝ ဆူညံစွာ ပြောဆိုငြင်းခုံနေကြတာပါပဲ။ ဒါပေမဲ့ ဘုရားရှင် သူတို့ကျောင်းထဲ ဝင်လာတာကို မြင်တာနဲ့ တစ်ပြိုင်နက် တိတ်ဆိတ်သွားပြီး 'ဟော့ ဟော့ တိတ်တိတ်နေကြ။ ရဟန်းဂေါတမဟာ တိတ်ဆိတ်ငြိမ်သက်မှုကို လိုလားတယ်။ တိတ်ဆိတ်ငြိမ်သက်မှုကို ချီးမွမ်းတယ်။ ရဟန်း ဂေါတမကို စိတ်အနှောင့်အယှက် မဖြစ်ပါစေနဲ့' ဆိုပြီး အချင်းချင်းလည်း သတိပေးစကား ပြောဆိုကြပါတယ်။ အားလုံးကလည်း နာခံတာပါပဲ။

အခုအခါမှာတော့ ဗုဒ္ဓဘာသာဝင်တွေဖြစ်ပြီး တိတ္ထိတွေလောက်တောင်မှ ဘုရားရှင်အပေါ်ကို သိတတ်မှုမရှိကြတော့ပါဘူး။ လုပ်သင့် မလုပ်သင့်၊ လုပ်ကောင်း

မလုပ်ကောင်း၊ ဘုရားရှင် အလိုတော်ကျ မကျ မဆင်ခြင် မစဉ်းစားတော့ဘဲ ပျော်ရပြီးရော၊ အခြားရပ်ကွက် အခြားမဏ္ဍပ်ထက်သာရင်ပြီးရောဆိုပြီး ထင်တိုင်းကြဲနေကြတော့တာပါပဲ။

မြတ်စွာဘုရားရှင် စာတုမရွာ သျှစ်သျှားတောဒ္ဓ သီတင်းသုံးနေတော်မူစဉ် အရှင်သာရိပုတ္တရာနဲ့ အရှင်မဟာမောဂ္ဂလာန်တို့ ဟာ နောက်ပါတပည့်ရဟန်းငါးရာနဲ့ ဘုရားဖူးလာကြပါတယ်။ အဂ္ဂသာဝကနှစ်ပါးရဲ့တပည့်ဖြစ်ကြတဲ့ ဧည့်သည်ရဟန်းတွေဟာ ကျောင်းနေရဟန်းတို့နဲ့အတူ ဟောင်ဖွာဟောင်ဖွာ စကားတွေပြောကြ အိပ်ရာပြင်ကြနဲ့ဆိုတော့ ဆူညံပွက်လောရိုက်နေပါတော့တယ်။ ဒီအသံတွေကို ကြားရတဲ့ ရှင်တော်မြတ်ဘုရားက 'အာနန္ဒာ ငါးစိမ်းသည်များ ငါးရောင်းရာ အရပ်၌ကဲ့သို့ ဤကျယ်လောင်သောအသံ၊ ဆူညံသောအသံတို့ကား အဘယ်အသံတို့နည်း' လို့ မေးတော်မူပါတယ်။

'မြတ်စွာဘုရား အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန် အမှူးရှိသော ငါးရာသော ရဟန်းတို့သည် မြတ်စွာဘုရားကိုဖူးမြင်ရန် စာတုမရွာသို့ ရောက်လာကြပါကုန်၏။ ထိုဧည့်သည် ရဟန်းတို့သည် ကျောင်းနေရဟန်းတို့နှင့်အတူ ဝမ်းမြောက်ဝမ်းသာ စကားပြောဆိုကြကုန်သည်ဖြစ်၍၊ ကျောင်းအိပ်ရာနေရာတို့ကို ခင်းကြကုန်သည်ဖြစ်၍၊ သပိတ်သင်္ကန်းတို့ကို သိုမှီးသိမ်းဆည်း ကြသည်ဖြစ်၍ ကျယ်လောင်သော ဆူညံသောအသံတို့ ဖြစ်ကြပါကုန်၏' လို့လျှောက်ထားပါတယ်။

ဒီအခါမှာ ဘုရားရှင်က အရှင်အာနန္ဒာအား အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်နဲ့အတူ ရဟန်းငါးရာတို့အား အခေါ်ခိုင်းပြီး ရောက်လာတဲ့အခါမှာ အဆိုပါ ရဟန်းတွေကို တစ်ဖန်ပြန်လည် စစ်ဆေးမေးမြန်းတော်မူပါတယ်။

'ရဟန်းတို့၊ သင်တို့သည် အဘယ့်ကြောင့် တံငါသည်များ ငါးရောင်းရာ၌ကဲ့သို့ ကျယ်လောင်သောအသံဆူညံသောအသံ ရှိကြကုန်သနည်း'

'မြတ်စွာဘုရား၊ တပည့်တော်တို့သည် အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်တို့နှင့်အတူ မြတ်စွာဘုရားကိုဖူးမြင်ရန် စာတုမရွာသို့ ရောက်လာကြပါကုန်၏။ တပည့်တော်တို့သည် ကျောင်းနေရဟန်းတို့နှင့်အတူ ဝမ်းမြောက်ဝမ်းသာ စကားပြောဆိုကြကုန်သည်ဖြစ်၍၊ ကျောင်းအိပ်ရာနေရာတို့ကို ခင်းကြကုန်သည်ဖြစ်၍၊ သပိတ်သင်္ကန်းတို့ကို သိုမှီးသိမ်းဆည်းကြသည် ဖြစ်၍ ကျယ်လောင်သော ဆူညံသောအသံတို့ ဖြစ်ကြပါကုန်၏ ဘုရား'

'ရဟန်းတို့ သွားကြကုန်။ သင်တို့ကို ငါဘုရား နှင်ထုတ်၏။ သင်တို့သည် ငါဘုရား၏အထံ၌ မနေသင့်' လို့ မိန့်တော်မူပြီး ရဟန်းငါးရာနဲ့အတူ တပည့်ရဟန်း

တွေကို တိတ်ဆိတ်ငြိမ်သက်စွာ နေတတ်အောင် ဆိုဆုံးမခြင်းမပြုတဲ့ အရှင်သာရိပုတ္တရာနဲ့ အရှင်မဟာမောဂ္ဂလာန်ကိုပါ ကျောင်းကနေ နှင်ထုတ်ခဲ့ဖူးပါတယ်။ ဘုရားရှင်ဟာ တိတ်ဆိတ်ငြိမ်သက်မှုကို ဒီလောက်ထိအောင် လိုလားတော်မူပါတယ်။ အခုအနေအခါများမှာ ရှင်တော်မြတ်ဘုရား သက်တော်ထင်ရှားရှိနေခဲ့ရင် ရာသီဥတုပွဲမှာ နားစည်ကွဲလောက်အောင် ဒီဂျေဖွင့်နေတဲ့ နှစ်ကျိပ်ရှစ်ဆူအဖွဲ့တွေကို၊ ဘုရားပွဲဆိုပြီး ဘုရားနာမည်ဖန်းပြပြီး ဇာတ်ပွဲတွေ၊ စတိတ်ရှိုးပွဲတွေ၊ လောင်းကစားဝိုင်းတွေနဲ့ ဆူညံပွက်လောရိုက်အောင်လုပ်နေတဲ့ ဂေါပကတွေကို မောဃပုရိသ (အသုံးမကျတဲ့ကောင်)တွေ ဆိုပြီး နှင်ထုတ်မှာ သေချာသလောက်ရှိပါတယ်။

၁။ မူးယစ်ဆေးဝါးအလျှု

၂။ ပွဲသဘင်အလျှု

၃။ မိန်းမအလျှု (ကာမဂုဏ် ငတ်မွတ်နေသော ယောကျ်ားအား ပြည့်တန်ဆာငှားပေးခြင်း စသည်)

၄။ နွားလားဥသဘအလျှု (နွားမတွေ ကာမဂုဏ်ခံစားရပါစေတော့ဟု နွားမအုပ်ထဲ နွားထီးလွှတ်ပေးခြင်း)

၅။ ပန်းချီဆေးရေးအလျှု (မပေါ့တပေါ် မိန်းမပုံစသော အညီအဟောက် ပန်းချီများကို ဆိုလိုသည်)တို့သည် ကုသိုလ်နာမည်တပ်ထားပေမဲ့ အကုသိုလ်ဖြစ်တဲ့ အလျှုဒါန ငါးမျိုးဖြစ်တယ်လို့ ပရိဝါရပါဠိတော်မှာ ရှင်တော်မြတ်ဘုရားက ဟောကြားတော်မူခဲ့ပါတယ်။ ဒီဘုရားဟောကိုထောက်ထားပြီး စံကင်းဆရာတော် ဘုရားကြီးက 'တစ်နှစ်တစ်ခါ ငရဲရှာ လူ့ရွာဘုရားပွဲ' လို့ လင်္ကာသံပေါက် ရေးထိုးခဲ့တာဖြစ်ပါတယ်။

တစ်ခါတုန်းက ရှင်တော်မြတ်ဘုရား ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူစဉ် တာလပုဋ္ဌအမည်ရှိတဲ့ ဇာတ်ဆရာကြီးတစ်ယောက်က ရှင်တော်မြတ်ဘုရားထံချဉ်းကပ်ပြီး 'မြတ်စွာဘုရား၊ ပွဲအလယ် သဘင်အလယ်၌ မှန်၊ မမှန်အားဖြင့် လူအပေါင်းကို ရွှင်ပျမွေ့လျော်စေသော သရုပ်ဆောင် ကချေသည်သည် ခန္ဓာပျက်ကြွေသေသည်မှနောက်၌ ပဟာသမည်သောနတ်တို့၏ အသင်းဝင်ဖြစ်ရ၏ဆိုသော ရှေးဇာတ်ဆရာကြီးတို့၏ စကားသည် မှန်ပါသလား' လို့ မေးပါတယ်။

ဒီအခါမှာ ရှင်တော်မြတ်ဘုရားက 'ဇာတ်ဆရာကြီး၊ မသင့်လျော် ဤစကားကိုရပ်လော့၊ ငါ့ကိုမမေးလင့်' လို့ တားမြစ်တော်မူပါတယ်။ ဇာတ်ဆရာကြီး သုံးကြိမ်တိုင်တိုင် မေးမြန်းပါတယ်။ ရှင်တော်မြတ်ဘုရားကလည်း မမေးဖို့ သုံးကြိမ်တိုင်တိုင် တားမြစ်ပါတယ်။

ရှင်တော်မြတ်ဘုရားက မမေးပါနဲ့ တားမြစ်နေတဲ့ကြားထဲက ဇာတ်ဆရာကြီးက လေးကြိမ်မြောက်ထပ်မေးတဲ့အခါမှာ-

- 'ဇာတ်ဆရာကြီး မသင့်လျော် ဤစကားကိုရပ်လော့၊ ငါဘုရားကို မမေးလင့်ဟု ငါဘုရားတားမြစ်ခဲ့သော်လည်း သင်သည် နားမထောင်ချေ။ သို့ဖြစ်လျှင် သင့်ကိုငါဘုရားဖြေကြားပေးအံ့။ ဇာတ်ဆရာကြီး၊ ရှေးအစကပင် သတ္တဝါတို့သည် မကင်းသောစွဲမက်မှု 'ရာဂ' ရှိကုန်၏။ စွဲမက်မှု'ရာဂ' နှောင်ကြိုးဖြင့် နှောင်ဖွဲ့အပ်ကုန် ၏။ ထိုသူတို့အား ကချေသည်သည် ပွဲအလယ်သဘင်အလယ်၌ စွဲမက်မှုကိုဖြစ်စေတတ်သောတရားတို့ကို အတိုင်းထက်အလွန် ရှေးရှုဆောင်၏။
- ဇာတ်ဆရာကြီးရှေးအစကပင် သတ္တဝါတို့သည် မကင်းသောအမျက် 'ဒေါသ' ရှိကုန်၏။ အမျက် 'ဒေါသ'နှောင်ကြိုးဖြင့်ဖွဲ့အပ်ကုန်၏။ ထိုသူတို့အား ကချေသည် သည်ပွဲအလယ်သဘင်အလယ်၌ အမျက်ထွက်စေတတ်သော တရားတို့ကို ရှေးရှုဆောင်၏။
- ဇာတ်ဆရာကြီး၊ ရှေးအစကပင် သတ္တဝါတို့သည် တွေဝေမှု'မောဟ' နှောင်ကြိုးဖြင့် ဖွဲ့အပ်ကုန်၏။ ထိုသူတို့အား ကချေသည်သည် ပွဲအလယ်သဘင်အလယ်၌ တွေဝေမှုကိုဖြစ်စေတတ်သော တရားတို့ကိုအတိုင်းထက်အလွန် ရှေးရှုဆောင်၏။ ထိုကချေသည်သည် မိမိကိုယ်တိုင် ယစ်မူးမေ့လျော့လျက် သူတစ်ပါးတို့ကို ယစ်မူးမေ့လျော့စေရကား ခန္ဓာပျက်ကြွေသေသည်မှနောက်၌ မဟာသမည်သောငရဲသို့ရောက်ရ၏' လို့ မိန့်တော်မူပါတယ်။

ဒါကြောင့် ဘုရားပွဲတွေမှာ လောဘ၊ ဒေါသ၊ မောဟတွေ ပွားများစေတဲ့ သီချင်းတွေ၊ ဇာတ်ပွဲတွေ၊ လောင်းကစားဝိုင်းတွေကို မထည့်သင့်၊ မထည့်ထိုက်ပါဘူး။ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပါရမီတော်တွေ ဖြည့်ကျင့်ပြီးသတ္တဝါတွေ လောဘ၊ ဒေါသ၊ မောဟတွေ ချုပ်ငြိမ်းဖို့ရာ တရားရေအေး အမြိုက်ဆေးတိုက်ကျွေးတော်မူတဲ့ ဘုရားရှင်ရဲ့အထိမ်းအမှတ် စေတီတော်ပွဲတွေမှာ လောဘ၊ ဒေါသ၊ မောဟ တိုးပွားရာတိုးပွားကြောင်း အလုပ်တွေပြုလုပ်ကြတာဟာ ဘုရားရှင်ကို မလေးစားရာရောက်သလို စော်ကားရာလည်းရောက်ပါတယ်။ တိတ်ဆိတ်ငြိမ်သက်မှုကို လိုလား နှစ်သက်တော်မူတဲ့ ဘုရားရှင်ရဲ့အထိမ်းအမှတ်ပွဲမှာ ဆူဆူညံညံ လုပ်နေကြတာဟာ ဘုရားရှင်ကို ကန့်လန့်တိုက်ပြီး အကြီးအကျယ် စော်ကားမော်ကားလုပ်တာနဲ့ အတူတူပါပဲ။ ဘုရားရှင်ရဲ့တပည့်သား ဗုဒ္ဓဘာသာဝင်တွေဆိုပြီး ဘုရားရှင်ကို

စော်ကားနေတာဟာ မဖြစ်သင့်ပါဘူး။ ဘာသာခြား၊ လူမျိုးခြားတွေရဲ့ အမြင်မှာလည်း အထင်သေးဖွယ်ရာကြီး ဖြစ်နေပါတယ်။ အချိန်ကုန်ငွေကုန် လူပန်းပြီးရရှိတဲ့ အကျိုးကငရဲဆိုတော့ ဒီလိုမျိုးလုပ်ကိုမလုပ်သင့်ပါဘူး။ တကယ်တော့ ဘုရားပွဲဆိုတာ ဘုရားရှင်ကို ဆွမ်း၊ ရေချမ်း၊ ဆီမီး၊ ပန်းတွေကပ်ပြီး၊ နံနက်အခါမှာ သံဃာတော်အရှင်သူမြတ်တွေကို တိတ်ဆိတ်ငြိမ်သက်စွာဖြင့် မုန့်ဆွမ်းခဲဖွယ် ချိုချဉ်အရသာ အဖြာဖြာတို့ ဆက်ကပ်လှူဒါန်းပြီး အနန္တသတ္တဝါအပေါင်းတို့ကို ကုသိုလ်အမျှပေးဝေခြင်းသည် သာလျှင် ဘုရားအလိုတော်ကျ ပူဇော်ခြင်းဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ တစ်ချိန်တစ်ခါတုန်းက ပွဲကျောင်းဂိုဏ်းဆိုတာ ရှိခဲ့ပါတယ်။ ပွဲကျောင်းဂိုဏ်းဟာ ထေရဝါဒဗုဒ္ဓဘာသာ မဟုတ်ပါဘူး။ မဟာယာနဗုဒ္ဓဘာသာ ဖြစ်ပါတယ်။ စလေ ဦးပုညကတော့ ပွဲကျောင်းဂိုဏ်းဘုန်းကြီးတွေကို 'ရှေးအတီတေပုဂံ ပြည်တွင် ဆံကေသာလက်လေးသစ်၊ မုတ်ဆိတ်မွေးဗရပျစ်၊ မည်းညစ်သည့် စီဝရံနှင့် တာတေလံအကျင့်ဆိုးသော ရှင်သိုးတကာ့ ခေါင်ကြီး ရှင်မထီးတို့ကဲ့သို့' လို့ သရုပ်ဖော်ခဲ့ပါတယ်။ ပန်းဦးအဆက်ခံတယ်ဆိုတာလည်း ပွဲကျောင်းဂိုဏ်းဘုန်းကြီးတွေပါပဲ။ မြန်မာနိုင်ငံကို ထေရဝါဒဗုဒ္ဓဘာသာမရောက်ခင် မဟာယာနဗုဒ္ဓဘာသာက အရင် ရောက်ခဲ့တာပါ။ နောင်အခါမှာတော့ အနော်ရထာ စတဲ့ မင်းကောင်းမင်းမြတ်တွေက နှိမ်တာကြောင့် တဖြည်းဖြည်း အင်အားနည်းပြီး အင်းဝခေတ်လောက်မှာ အပြီးတိုင် ပျောက်ကွယ်သွားခဲ့ပါတယ်။

ပွဲကျောင်းဂိုဏ်းဘုန်းကြီးတွေဟာ သီခြင်းကခုန်ခြင်း၊ လိုင်ဆက်ဆံခြင်း၊ လက်ဝှေ့ထိုးခြင်းစတဲ့ ရဟန်းတွေနဲ့ မအပ်စပ်တဲ့ အလုပ်မှန်သမျှ အကုန်လုပ်ပါတယ်။ စကားစပ်လို့ ဗဟုသုတ ပြောပြချင်ပါတယ်။ အင်းဝခေတ်က အောင်စည်းခုံသံဃာ့ရာဇာ ဆိုတဲ့ ဘုရင်ကိုးကွယ်တဲ့ ပွဲကျောင်းဘုန်းကြီးတစ်ပါး ရှိပါတယ်။ မင်းကြီးခေါင်လက်ထက် အုန်းဘောင်စော်ဘွားက လက်ဝှေ့သတ် အင်မတန်ကောင်းသော ရှမ်းပြည်နယ်မှ ရှမ်းကြီးတစ်ယောက်ကို အင်းဝနေပြည်တော်ကို ခေါ်ခဲ့ပါတယ်။ ရည်ရွယ်ချက်က အင်းဝမှာ အထူးစိန်ခေါ်ပွဲတွေ ကျင်းပဖို့ပါ။ ဒါပေမဲ့ စစ်ကိုင်းအင်းဝတစ်ကြောမှာ ရှမ်းကြီးနဲ့ယှဉ်ထိုးသတ်ဝံ့သူ တစ်ယောက်မှ မရှိပါဘူး။

ဒီအကြောင်းကိုကြားသိရတဲ့ ပွဲကျောင်းဘုန်းကြီး အောင်စည်းခုံ သံဃာ့ရာဇာက ရှမ်းကြီးနဲ့ ယှဉ်ထိုးဖို့ လက်ခံလိုက်ပါတယ်။ လက်ဝှေ့ပွဲကို မင်းမျူးမတ်အစုံအညီ တက်ရောက် ကြည့်ရှုကြပါတယ်။

'ငါသည် ရှေးမင်းများလက်ထက်က လူပျိုလူရွယ်ဖြစ်၍ ကျော်စောရုံမျှသာ ထိုးသတ်ခဲ့သည်။ အခု ငါ့အသက် ၆၉ နှစ်ရှိ နေပြီဖြစ်လို့ ပြိုင်ဘက်ကို

သေအောင်ထိုးသတ်တော့မယ်’ လို့ မင်းမျိုးမတ်တွေကိုပြောကြားပါတယ်။ ဒီအခါမှာ အုန်းဘောင်စော်ဘွားက ‘သေအောင်မသတ်ပါနဲ့ တန်ရုံသတ်ပါ’ လို့ ပြန်ပြောပါတယ်။ အောင်စည်းခုံသံဃာ့ရာဇာဟာ ရှမ်းကြီးကို ခြေဖြင့် ခတ်ယောင်ခြောက်ပြီး ညာဘက်လက်နဲ့ ထိုးသတ်လိုက်ရာ ရှမ်းကြီးရဲ့မျက်နှာဟာ ကျောဘက်ကိုရောက်သွားပြီး နောက်စေ့ဟာ ရင်ဘတ်ကိုရောက်သွားပါတယ်။ ဒါကို မြင်လိုက်ရတဲ့ အုန်းဘောင်စော်ဘွားက ‘သေသော်ပင် အမြင်ကောင်းပါသေးတယ်။ အခုကား အမြင်မကောင်းတော့’ လို့ ပြောဆိုတာကြောင့် ဘယ်ဘက်လက်နဲ့ ထိုးသတ်လိုက်ရာ ရှမ်းကြီးရဲ့ဦးခေါင်းဟာ မူလအတိုင်းပြန်ပြီး နေရာမှန်သွားခဲ့ပါတယ်။

ပွဲကျောင်းဂိုဏ်းဘုန်းကြီးတွေဟာ ဘုရားရှင်ကို အယောင်မျှသာ ကိုးကွယ်ပြီး အဝလောကိတေရသလို့ခေါ်တဲ့ အရိမေတ္တေယျဘုရားအလောင်းနဲ့ နတ်များကို အဓိကကိုးကွယ်ကြပါတယ်။ ‘**ဥုံမဏိပဒ္မေဟုံ**’ ဆိုတာ ပွဲကျောင်းဂိုဏ်းရဲ့ မူပိုင်ဘုရားရှိခိုးစာပါ။ ပွဲကျောင်းဂိုဏ်းဘုန်းကြီးတွေဟာ ဘုရားရှင်ကို ပူဇော်တဲ့ ဘုရားပွဲတွေမှာ အတီးအမှုတ်၊ အကအခုန်တွေနဲ့ ကြီးကျယ်ခမ်းနားစွာ ပူဇော်ကြပါတယ်။ ဒါကြောင့်မို့ သူတို့တွေကို မဟာယာနဂိုဏ်းလို့ မခေါ်ကြတော့ဘဲ လွယ်လွယ်ကူကူပွဲကျောင်းဂိုဏ်းလို့ ခေါ်ဆိုခဲ့ကြတာဖြစ်ပါတယ်။ အခုအခါမှာ ပွဲကျောင်းဂိုဏ်းရဲ့ ဒီအမွေဆိုးကို ထေရဝါဒဗုဒ္ဓဘာသာက ဆက်ခံယူကျင့်သုံးနေကြခြင်းပါ။

အချုပ်အားဖြင့် ဆိုရသော် အချိန်ကုန်ငွေကုန် လူပန်းပြီး ဘုရားရှင်မကြိုက်တဲ့ ငရဲရောက်စေနိုင်ပြီး ပတ်ဝန်းကျင်ကိုပါ အနှောင့်အယှက်ဖြစ်တဲ့ အလုပ်ကြီးကို ထေရဝါဒဗုဒ္ဓဘာသာဝင်များအနေနဲ့ စွန့်လွှတ်ကြဖို့၊ နောင်မလုပ်ကြဖို့ အလေးအနက်တိုက်တွန်းအပ်ပါတယ်။

***The Voice Daily***

***Vol.1, No.272***

***Wednesday, February 19, 2014***

✪✪✪✪✪

# တိုင်းပြည် မဆုတ်ယုတ်ကြောင်း တရား



ဝေသာလီ တိုင်းပြည်ပျက်တာ ဘုရားရှင်ရဲ့အမှား မဟုတ်ပါဘူး
မြတ်စွာဘုရားရှင် မိန့်ကြားချက်များကို ခြုံငုံသုံးသပ် ကြည့်လိုက်မယ် ဆိုရင်
တိုင်းပြည်အုပ်ချုပ်သူတွေဟာ ညီညီညွတ်ညွတ် စည်းစည်းလုံးလုံး မှန်မှန်ကန်ကန်
အလုပ်လုပ်ပြီး တရားဥပဒေကို အုပ်ချုပ်သူလူတန်းစားများကိုယ်တိုင်
လေးစားလိုက်နာရင် တိုင်းပြည်ဟာ ဖွံ့ဖြိုးတိုးတက်မယ်လို့ မိန့်တော်မူလိုရင်းဖြစ်တယ်

## တိုင်းပြည် မဆုတ်ယုတ်ကြောင်း တရား

စင်ကာပူနိုင်ငံရောက် အင်ဂျင်နီယာလေးတစ်ဦးက ဘုရားရှင်ဟာ 'သဗ္ဗညုတဘုရားရှင်ဖြစ်ပြီးမှ အမှားလုပ်မိသေးလား' လို့ မေးပါတယ်။ 'မလုပ်မိဘူး' လို့ဖြေတော့ 'ဝေသာလီတိုင်းပြည်ဟာ ဘုရားရဲ့အမှားကြောင့် ပျက်စီးခဲ့ရတာ မဟုတ်ဘူးလား' လို့ ပြန်ပြောပါတယ်။ စာကို သေချာဖတ်မထားရင်၊ စာပေကျမ်းဂန် နှံ့နှံ့စပ်စပ် ဖတ်မထားသူမှန်ရင် သူထင်သလိုပဲထင်ကြမှာပါပဲ။ သူက အရှင်အာနန္ဒာနဲ့ ဘုရားရှင်တို့ အပြန်အလှန်ပြောတဲ့ စကားတွေကြောင့် ဝေသာလီပြည်ပျက်စီးရတယ်လို့ ထင်မှတ်နေတာဖြစ်ပါတယ်။

ဒီကိစ္စဟာ သာသနာတော်အတွက် ဖြေရှင်းပေးသင့်တဲ့ကိစ္စဖြစ်သလို မြန်မာနိုင်ငံကြီးကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နေရာမှာလည်း ဒီအချက်အလက်တွေဟာ အထောက်အကူပြုနိုင်တာကြောင့် ရေးသားတင်ပြပေးချင်ပါတယ်။

ဝေသာလီပြည်နဲ့ ရာဇဂြိုဟ်ပြည်အကြားမှာ တစ်နှစ်လျှင် အခွန်ငွေ တစ်သိန်းထွက်ရှိတဲ့ ဆိပ်ကမ်းရွာလေးတစ်ရွာ ရှိပါတယ်။ အဲဒီရွာကလေးဟာ ရွာတစ်ဝက်က ဝေသာလီနယ်နိမိတ်ထဲပါဝင်ပြီး တစ်ဝက်က ရာဇဂြိုဟ်နယ်နိမိတ်ထဲပါဝင်နေပြီး တိုင်းပြည်နှစ်ခု သူပိုင်ငါပိုင် အငြင်းပွားနေတဲ့ ရွာကလေးပါ။ အခွန်ကောက်ချိန်ရောက်ရင် ဝေသာလီက အရင်ရောက်လာရင် ရွာသူကြီးက ဝေသာလီကို ပေးလိုက်ပါတယ်။ ရာဇဂြိုဟ် အရင်ရောက်လာရင်လည်း ရာဇဂြိုဟ်ကို ပေးလိုက်ပါတယ်။

စည်းကမ်းရှိတာက ဝေသာလီကို ပေးလိုက်ရင်လည်း ရာဇဂြိုဟ်က ရွာသူကြီးကို ပြဿနာမရှာပါဘူး။ ရာဇဂြိုဟ်ကို ပေးလိုက်တဲ့နှစ်မှာလည်း ဝေသာလီက ပြဿနာမရှာပါဘူး။ ပြည်နယ်အချို့မှာ လက်နက်ကိုင်က အခွန်ကောက်လိုက်၊

အစိုးရက အခွန်ကောက်လိုက်ဖြစ်နေတာကို ပြည်သူတွေကို ထောက်ထားသော အားဖြင့် ပြန်လည်စဉ်းစားသင့်တယ်လို့ ထင်မြင်မိပါတယ်။

တစ်နှစ်တော့ ဝေသာလီက အရင်ရောက်လာတာမို့ ရာဇဂြိုဟ်လာတဲ့အခါမှာ ဝေသာလီကိုပေးလိုက်ပြီဖြစ်ကြောင်း ရွာသူကြီးက တင်ပြပါတယ်။ ဝေသာလီက အခွန်ငွေတစ်သိန်းကို နှစ်နှစ်ဆက်တိုက် ရရှိသွားပါတယ်။

ရာဇဂြိုဟ်အဖွဲ့ဟာ နေပြည်တော်ပြန်ပြီး အဇာတသတ်မင်းကို အကြောင်းစုံ တင်လျှောက်ပါတယ်။ တင်ပြမှုအဆုံးမှာ အဇာတသတ်မင်းဟာ ဒေါသခြောင်းခြောင်း ထွက်ပြီး 'ဝေသာလီကို အပြုတ်တိုက်ပြီး ဝဇ္ဇီမင်းမျိုးတွေကို မျိုးတုံးသတ်မယ်' လို့ပြောပြီး ဝေသာလီကို စစ်သွားတိုက်ဖို့ ဆိုင်ရာစစ်သူကြီးတွေကို စစ်အင်္ဂါလေးပါး ပြင်နိုင်းပါတယ်။

စစ်ချီဖို့ အဆင်သင့် ဖြစ်နေပြီဆိုတဲ့အကြောင်း ဆိုင်ရာစစ်သူကြီးများက တင်ပြတဲ့အခါမှာ အဇာတသတ်မင်းဟာ သတိပြန်ကပ်ပြီး 'တိုင်းတစ်ပါးကို စစ်တိုက်ခြင်းကား အလွန်ဝန်လေး၏။ ပညာရှိတို့နှင့် အရင်တိုင်ပင်သင့်၏။ ဤလောက၌ ဘုရားတည်းဟူသော ပညာရှိမည်သည် မရှိ။ အကယ်၍ ငါစစ်ထိုး၍ အကျိုးရှိမည် ဖြစ်လျှင် ဘုရားရှင်သည် ဆိတ်ဆိတ်နေလိမ့်မယ်။ အကျိုးမရှိလျှင် စစ်တိုက်လို့ ဘာအကျိုးရှိမှာလဲလို့ မိန့်တော်မူလိမ့်မယ်လို့ ကြံစည်စဉ်းစားပြီး ဝေဿကာရအမတ်ချုပ်ကြီးကို ဘုရားရှင်ဆီ စေလွှတ်ပြီး အကြောင်းစုံ လျှောက်ထားခိုင်းပါတယ်။

ဝေဿကာရ အမတ်ချုပ်ကြီးရဲ့လျှောက်ထားချက်ကို ကြားသိရတဲ့ ဘုရားရှင်ဟာ အမတ်ချုပ်ကြီးကို ဘာမှမပြောဘဲ အနားမှာ ယပ်ခတ်ပေးနေတဲ့ အရှင်အာနန္ဒာ မထေရ်ကို မေးခွန်းများ မေးတော်မူပါတယ်။

၁။ 'ချစ်သားအာနန္ဒာ၊ ဝဇ္ဇီမင်းတို့သည် မကြာမကြာ စည်းဝေးကုန်၏လော။ အကြိမ်များစွာ စည်းဝေးကုန်၏လော။ သင်ချစ်သား အဘယ်သို့ ကြားရကုန်သနည်း'

'မြတ်စွာဘုရား၊ ဝဇ္ဇီမင်းတို့သည် မကြာမကြာ စည်းဝေးကုန်၏။ အကြိမ်များစွာ စည်းဝေးကုန်၏ဟု တပည့်တော် ကြားသိရပါသည်'

'အာနန္ဒာ၊ ဝဇ္ဇီမင်းတို့ မကြာမကြာ စည်းဝေးကုန်လျက် ကြိမ်ဖန်များစွာ စည်းဝေးနေကြသမျှ ကာလပတ်လုံး ဆုတ်ယုတ်ပျက်စီးရန် အကြောင်းမရှိ။ ကြီးပွား တိုးတက်ရန်သာ အကြောင်းရှိ၏'

၂။ 'ချစ်သားအာနန္ဒာ၊ ဝဇ္ဇီမင်းတို့သည် အညီအညွတ် စည်းဝေးကုန်လော။ အညီအညွတ် အစည်းအဝေးမှ ထကြကုန်၏လော။ တိုင်းရေးပြည်ရာကိစ္စများကို အညီအညွတ် ဆောင်ရွက်ကြကုန်၏လော'

'မြတ်စွာဘုရား၊ ဝဇ္ဇီမင်းတို့သည် အညီအညွတ်စည်းဝေးကုန်၏။ အညီအညွတ် အစည်းအဝေးမှ ထကြကုန်၏။ တိုင်းရေးပြည်ရာကိစ္စများကို အညီအညွတ် ဆောင်ရွက်ကုန်၏'

'အာနန္ဒာ၊ အညီအညွတ် စည်းဝေးကြကုန်လျက်၊ အညီအညွတ်အစည်းအဝေးမှထကြကုန်လျက် တိုင်းရေးပြည်ရာကိစ္စများကို အညီအညွတ်ဆောင်ရွက်နေကြသမျှ ကာလပတ်လုံး ပျက်စီးဆုတ်ယုတ်ရန် အကြောင်းမရှိ။ ကြီးပွားတိုးတက်ရန်သာ အကြောင်းရှိ၏'

၃။ 'ချစ်သားအာနန္ဒာ၊ ဝဇ္ဇီမင်းတို့သည် မပညတ်ခဲ့သောအရာကို မပညတ်ဘဲရှိကုန်၏လော။ ပညတ်ပြီးသောအရာကို မပယ်ဖျက်ဘဲ ရှိကုန်၏လော။ ပညတ်ထားသမျှသော ကျင့်ထုံးဥပဒေတို့ကို လိုက်နာကြကုန်၏လော'

'မြတ်စွာဘုရား၊ ဝဇ္ဇီမင်းတို့သည် မပညတ်ခဲ့သောအရာကို မပညတ်ကြကုန်။ ပညတ်ပြီးသောအရာကိုလည်း မပယ်ဖျက်ကြကုန်။ ပညတ်ထားသမျှသော ကျင့်ထုံးဥပဒေတို့ကိုလည်း လိုက်နာကြကုန်၏'

'အာနန္ဒာ၊ ဝဇ္ဇီမင်းတို့သည် မပညတ်ခဲ့သောအရာကို မပညတ်ကြဘဲ၊ ပညတ်ပြီးသောအရာကိုလည်း မပယ်ဖျက်ဘဲ၊ ပညတ်ထားသမျှသော ကျင့်ထုံးဥပဒေတို့ကိုလည်း လိုက်နာနေကြသမျှ ကာလပတ်လုံး ပျက်စီးဆုတ်ယုတ်ရန် အကြောင်းမရှိ။ ကြီးပွားတိုးတက်ရန်သာ အကြောင်းရှိ၏'

ဒီအမေးအဖြေမှာ မပညတ်ခဲ့သောအရာကို မပညတ်ကြဘဲ ဆိုတာက ရှေးမင်းများလက်ထက် အခွန်အတုတ် မကောက်ယူခဲ့တဲ့ အရာဌာနတွေကို အခွန်ကောက် ယူခြင်းမယူခြင်းကို မေးမြန်းလိုတာ ဖြစ်ပါတယ်။ ပညတ်ပြီးသောအရာကိုလည်း မပယ်ဖျက်ဘဲဆိုတာက ရှေးမင်းများလက်ထက် ကောက်ယူခဲ့တဲ့ အခွန်အတုတ်တွေကို မှန်မှန်ကန်ကန် ကောက်ယူရဲ့လားလို့ မေးမြန်းလိုရင်းဖြစ်ပါတယ်။

၄။ 'ချစ်သားအာနန္ဒာ၊ ဝဇ္ဇီမင်းတို့သည် အသက်ကြီးကုန်သော ဝဇ္ဇီမင်းတို့ကို အရိုအသေပြုကြကုန်၏လော။ အလေးပြုကြကုန်၏လော။ မြတ်နိုးကုန်၏လော။ ပူဇော်ကုန်၏လော။ ထိုအသက်ကြီးသူတို့၏ စကားကိုလည်း နာယူသင့်သည်ဟု ထင်မှတ်ကြကုန်၏လော'

'မြတ်စွာဘုရား၊ ဝဇ္ဇီမင်းတို့သည် အသက်ကြီးကုန်သော ဝဇ္ဇီမင်းတို့ကို အရိုအသေပြုကြကုန်၏။ အလေးပြုကြကုန်၏။ မြတ်နိုးကုန်၏။ ပူဇော်ကုန်၏။ ထိုအသက်ကြီးသူတို့၏ စကားကိုလည်း နာယူသင့်သည်ဟု ထင်မှတ်ကြကုန်၏'

'အာနန္ဒာ၊ ထိုသို့ဖြစ်လျှင် ဝဇ္ဇီမင်းတို့သည် ပျက်စီးဆုတ်ယုတ်ရန် အကြောင်း

မရှိ။ ကြီးပွားတိုးတက်ရန်သာ အကြောင်းရှိ၏'

၅။ 'ချစ်သားအာနန္ဒာ၊ ဝဇ္ဇီမင်းတို့သည် အမျိုးသမီးကြီးငယ်တို့ကို အတင်းဆွဲငင်၍ အနိုင်အထက် မသိမ်းပိုက်ဘဲရှိကြကုန်၏လော'

'မြတ်စွာဘုရား၊ ဝဇ္ဇီမင်းတို့သည် အမျိုးသမီးကြီးငယ်တို့ကို အတင်းဆွဲငင်၍ အနိုင်အထက် မသိမ်းပိုက်ကြပါကုန်'

'အာနန္ဒာ၊ ထိုသို့ဖြစ်လျှင် ဝဇ္ဇီမင်းတို့သည် ပျက်စီးဆုတ်ယုတ်ရန် အကြောင်းမရှိ။ ကြီးပွားတိုးတက်ရန်သာ အကြောင်းရှိ၏'

၆။ 'ချစ်သားအာနန္ဒာ၊ ဝဇ္ဇီမင်းတို့သည် မြို့တွင်းမြို့ပြင်ရှိ နတ်ကွန်းတို့ကို အရိုအသေပြုကြကုန်၏လော။ အလေးပြုကြကုန်၏လော။ မြတ်နိုးကုန်၏လော။ ပူဇော်ကုန်၏လော။ ထိုနတ်ကွန်းတို့ကို ရှေးက ပေးလှူမြဲ ပြုမြဲဖြစ်သောတရားနှင့် မဆန့်ကျင်သည့် ဗလိနတ်စာကိုလည်း မဆုတ်ယုတ်စေဘဲ ရှိကုန်၏လော'

'မြတ်စွာဘုရား၊ ဝဇ္ဇီမင်းတို့သည် မြို့တွင်းမြို့ပြင်ရှိ နတ်ကွန်းတို့ကို အရိုအသေပြုကြကုန်၏။ အလေးပြုကြကုန်၏။ မြတ်နိုးကုန်၏။ ပူဇော်ကုန်၏။ ရှေးက ပေးလှူမြဲပြုမြဲဖြစ်သော တရားနှင့်မဆန့်ကျင်သည့် ဗလိနတ်စာကိုလည်း မဆုတ်ယုတ်စေကုန်'

'အာနန္ဒာ၊ ထိုသို့ဖြစ်လျှင် ဝဇ္ဇီမင်းတို့သည် ပျက်စီးဆုတ်ယုတ်ရန် အကြောင်းမရှိ။ ကြီးပွားတိုးတက်ရန်သာ အကြောင်းရှိ၏'

*(မြို့တွင်းမြို့ပြင်ရှိ နတ်ကွန်းတို့ကို အရိုအသေပြုကြကုန်၏။ အလေးပြုကြကုန်၏။ မြတ်နိုးကုန်၏။ ပူဇော်ကုန်၏။ ရှေးကပေးလှူမြဲ ပြုမြဲဖြစ်သောတရားနှင့် မဆန့်ကျင်သည့် ဗလိနတ်စာကိုလည်း မဆုတ်ယုတ်စေသော မင်းတို့အား နတ်တို့သည် အစောင့်အရှောက် ကောင်းစွာချထားမှု မပြုကြကုန်။ နတ်တို့သည် မဖြစ်သေးသော ဆင်းရဲဒုက္ခကို ဖြစ်စေရန် မစွမ်းနိုင်ကြကုန်သော်လည်း ဖြစ်နေသော နှာစေးခြင်း၊ ခေါင်းကိုက်ခြင်း စသောဆင်းရဲဒုက္ခတို့ကို တိုးပွားအောင် ပြုလုပ်နိုင်ကြကုန်၏။ ဗလိနတ်စာ တင်မြှောက်သောမင်းအား နတ်တို့သည် တတ်နိုင်သမျှ စောင့်ရှောက်ကြကုန်၏။ ဖြစ်နေသော ချောင်းဆိုး၊ ခေါင်းကိုက်စသော ရောဂါဝေဒနာတို့ကိုလည်း လျင်မြန်စွာပျောက်ကင်းအောင် လုပ်ပေးကြကုန်၏။ စစ်ဖြစ်သောအခါမှာ မိမိတိုင်းပြည်မှ တပ်တို့သည် ရှိရင်းထက် နှစ်ဆသုံးဆသဖွယ် တစ်ဖက်ရန်သူ အမြင်မှားရအောင် ဖန်ဆင်းပေးကြကုန်၏။ တစ်ဖက်ရန်သူတို့ ကြောက်မက်ဖွယ်ရာ အဆင်းသဏ္ဌာန်တို့ ဖန်ဆင်းပြကုန်ကြ၏လို့ ဒီအမေးအဖြေနဲ့ပတ်သက်လို့ မဟာဗုဒ္ဓဝင်ကျမ်းမှာ မင်းကွန်းဆရာတော်ဘုရားကြီးက အကျယ်တဝင့် ရှင်းလင်းပေးထားပါတယ်။)*

၇။ ချစ်သားအာနန္ဒာ၊ ဝဇ္ဇီမင်းတို့သည် မကြွလာသေးသော ရဟန္တာတို့ကို ကြွလာစေခြင်းငှာ၊ ကြွလာပြီးသောရဟန္တာတို့ကိုလည်း ဝဇ္ဇီတိုင်း၌ ချမ်းသာစွာနေ ရခြင်းငှါ တရားနှင့်အညီ ကောင်းမွန်စွာ စောင့်ရှောက် ကာကွယ်ပေးကြကုန်၏လော'

'မြတ်စွာဘုရား၊ ဝဇ္ဇီမင်းတို့သည် မကြွလာသေးသော ရဟန္တာတို့ကို ကြွလာစေခြင်းငှာ၊ ကြွလာပြီးသောရဟန္တာတို့ကိုလည်း ဝဇ္ဇီတိုင်း၌ ချမ်းသာစွာနေရခြင်းငှာ တရားနှင့်အညီ ကောင်းမွန်စွာ စောင့်ရှောက်ကာကွယ်ပေးကြကုန်၏'

'အာနန္ဒာ၊ ထိုသို့ဖြစ်လျှင် ဝဇ္ဇီမင်းတို့သည် ပျက်စီးဆုတ်ယုတ်ရန်အကြောင်း မရှိ။ ကြီးပွားတိုးတက်ရန်သာ အကြောင်းရှိ၏'

ဘုရားရှင်ဟာ အရှင်အာနန္ဒာနဲ့ အမေးအဖြေပြုပြီးနောက်မှာ 'ဝဿကာရ၊ တစ်ခါတုန်းက ဝေသာလီပြည် သာရန္ဒဒနတ်ကွန်း၌နေစဉ် ဝဇ္ဇီမင်းတို့အား တိုင်းပြည် ကြီးပွားတိုးတက်ကြောင်း ဤ**အပရိဟာနိယတရား ခုနစ်ပါး**တို့ကို ငါဘုရား ဟော ကြားခဲ့လေပြီ။ ဝဇ္ဇီမင်းတို့သည် ဤအပရိဟာနိယတရားတို့ကို ကျင့်သုံးနေသမျှ ကာလပတ်လုံး ပျက်စီးဆုတ်ယုတ်ရန်အကြောင်း မရှိချေ' လို့ အမတ်ချုပ်ကြီးကို မိန့်တော်မူပါတယ်။

ဒီအခါမှာ အမတ်ချုပ်ကြီးက 'မြတ်စွာဘုရား၊ ဤ အပရိဟာနိယတရား တစ်ပါးပါးနဲ့ ပြည့်စုံနေလျှင်ပင် ဝဇ္ဇီမင်းတို့အဖို့ရာ ပျက်စီးဆုတ်ယုတ်ရန် အကြောင်း မရှိပါ။ ခုနစ်ပါးလုံး ကျင့်နေလျှင်ကား ဆိုဖွယ်ရာ မရှိပါ။ အဇာတသတ်မင်းသည် ဖြားယောင်းသွေးဆောင်မှုကိုဖြစ်စေ၊ အချင်းချင်း စိတ်ဝမ်းကွဲစေမှုကိုဖြစ်စေ မပြုလုပ်ဘဲ စစ်တိုက်လျှင် ဝဇ္ဇီတိုင်းပြည်ကို သိမ်းပိုက်နိုင်ဖွယ်ရာ မရှိပါ။ တပည့်တော်တို့ကို ခွင့်ပြုပါဦး။ တပည့်တော်တို့သည် ပြုလုပ်ဖွယ်ရာကိစ္စ များပြားကြပါကုန်၏' လို့ လျှောက်ထားကန်တော့ပြီး နန်းတော် ပြန်သွားပါတယ်။

ဘုရားရှင်ဟာ အရှင်အာနန္ဒာနဲ့ အမေးအဖြေစကားတို့ကို ဝဿကာရ ကြားသိပြီး ဝဇ္ဇီမင်းတို့ကို စစ်တိုက်ရန် ဗျူဟာ ရသွားမှာကို မသိမဟုတ်ပါဘူး။ သိပါတယ်။ သိရဲ့နဲ့ ဘာလို့ပြောတုံးဆိုတော့ အကယ်၍ ယခုလို မပြောဘဲနေရင် အဇာတသတ်မင်းက ဝဇ္ဇီမင်းတွေအုပ်ချုပ်တဲ့ ဝေသာလီကို စစ်သွားတိုက်တော့ မှာပါ။ အဇာတသတ်မင်းဟာ စစ်အင်အားအင်မတန်ကြီးမားတဲ့ စစ်ဘုရင်ကြီးမို့ အပရိဟာနိယတရားကို ဝဇ္ဇီမင်းတွေ ကျင့်သုံးနေပါသော်လည်း အဇာတသတ်ကို စစ်ရှုံးကြရမှာပါ။ အဲဒီခေတ်အခါမှာ အဇာတသတ်မင်းရဲ့ ဂုဏ်ထူးတစ်ခုက 'များသော စစ်အင်အားရှိသောမင်းကြီး' ဆိုတာ ဖြစ်ပါတယ်။ အခုလို မြတ်စွာဘုရားရဲ့ အမေးအဖြေ စကားကြောင့် အဇာတသတ်မင်းဟာ ဝဇ္ဇီမင်းတွေ အချင်းချင်း စိတ်ဝမ်းကွဲအောင်

လုပ်တာ သုံးနှစ်ကြာသွားတာမို့ ဝန်ကြီးဌာနက ဝန်ထမ်းအဖွဲ့ဝင်တွေ သုံးနှစ်ရှင်သန်ခွင့် ပိုရ သွားကြပါတယ်။ မြတ်စွာဘုရားသာ အမေးအဖြေ မလုပ်ရင် ဝန်ထမ်းတွေ ရက်ပိုင်း အတွင်းမှာ သေကုန်ကြရမှာပါ။

မြတ်စွာဘုရားဟာ လှည့်ပတ်ပြောဆိုရာ မကျဘူးလားလို့ မေးစရာရှိပါ တယ်။ လှည့်ပတ်ပြောဆိုရာ မကျပါဘူး။ အကယ်၍ စစ်အင်အားချင်းသာ ညီခဲ့ မယ်ဆိုရင် ဒီတရားခုနစ်ပါးကို ကျင့်သုံးတဲ့နိုင်ငံက သေချာပေါက် စစ်နိုင်မှာပါ။ မြတ်စွာဘုရားရှင်က သီအိုရီကို ပြောပြခြင်းမျှသာ ဖြစ်ပါတယ်။ ဒါကြောင့် ဝေသာလီ တိုင်းပြည်ပျက်တာ ဘုရားရှင်ရဲ့အမှား မဟုတ်ပါဘူး။

မြတ်စွာဘုရားရှင် မိန့်ကြားချက်များကို ခြုံငုံသုံးသပ် ကြည့်လိုက်မယ် ဆိုရင် တိုင်းပြည်အုပ်ချုပ်သူတွေဟာ ညီညီညွတ်ညွတ် စည်းစည်းလုံးလုံး မှန်မှန် ကန်ကန် အလုပ်လုပ်ပြီး တရားဥပဒေကို အုပ်ချုပ်သူလူတန်းစားများကိုယ်တိုင် လေးစားလိုက်နာရင် တိုင်းပြည်ဟာဖွံ့ဖြိုးတိုးတက်မယ်လို့ မိန့်တော်မူလိုရင်းဖြစ်တယ် ဆိုတာ သိသာထင်ရှားပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့ လူတန်းစားမရွေး တရားဥပဒေကို လေးစားလိုက်နာဖို့ရန် လိုအပ်ပါတယ်။

***The Voice Daily***

***Vol.1, No.258***

***Monday, February 3, 2014***

✪✪✪✪✪

# တိုင်းပြည်အတွက် ဆားလိုတယ်



လောကီရေးမှာပဲဖြစ်ဖြစ်၊ လောကုတ္တရာရေးမှာပဲဖြစ်ဖြစ်
ပညာတည်းဟူသော ဆားဟာ အင်မတန်မှ အရေးကြီးပါတယ်
ဆားမပါသော စားကောင်းသောက် ဖွယ်တို့သည် အဆင်းအနံ့နဲ့ ဘယ်လိုပဲပြည့်စုံပါစေ
ဆားမပါရင် မပြည့်စုံ မကောင်းမွန် နိုင်သလို ပညာမပါတဲ့ လုပ်ရပ်တိုင်းဟာလည်း
မပြည့်စုံ မကောင်းမွန်နိုင်ပါဘူး

## တိုင်းပြည်အတွက် ဆားလိုတယ်

တစ်ခါတုန်းက ရှင်တော်မြတ်ဘုရားက သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူပြီး အဂ္ဂသာဝကနှစ်ပါးဖြစ်တဲ့ အရှင်သာရိပုတ္တရာနဲ့ အရှင်မဟာမောဂ္ဂလာန်တို့က ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းမှာ သီတင်းသုံးနေထိုင်တော်မူကြပါတယ်။ ထိုအခါတုန်းက အရှင်သာရိပုတ္တရာဟာ အရှင်မဟာမောဂ္ဂလာန်ထံချဉ်းကပ်ပြီး ပဋိသန္ဓာရစကား ပြောဆိုပါတယ်။

'ငါ့ရှင် မောဂ္ဂလာန်၊ သင်၏ဣန္ဒြေတို့သည် ကြည်လင်ကုန်၏။ မျက်နှာအဆင်းသည် ဖြူစင်တောက်ပ၏။ ငါ့ရှင်သည် ယနေ့အေးချမ်းသောနေခြင်းဖြင့် နေခဲ့ဟန်ရှိပါသည်'

'ငါ့ရှင် သာရိပုတ္တရာ၊ ငါသည် ယနေ့ ကြမ်းတမ်းသောနေခြင်းဖြင့် နေခဲ့ပါသည်။ သို့သော် ငါ့အား တရားစကားပြောဆိုခြင်းသည်ကား ရှိခဲ့ပါသည်'

'အရှင်မောဂ္ဂလာန်အား မည်သူနှင့်တရားစကားပြောဆိုခြင်းသည် ဖြစ်ခဲ့ပါသနည်း'

'ငါ့ရှင် သာရိပုတ္တရာ၊ ငါ့အား မြတ်စွာဘုရားရှင်နှင့် တရားစကားပြောဆိုခြင်းသည် ဖြစ်ခဲ့ပါသည်'

'ငါ့ရှင် မောဂ္ဂလာန်၊ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေပါသည်။ အသို့ပါနည်း။ အရှင်မောဂ္ဂလာန်သည် မြတ်စွာဘုရားရှိရာသို့ တန်ခိုးဖြင့် သွားပါသလော။ သို့မဟုတ် မြတ်စွာဘုရားရှင်သည် အရှင်မောဂ္ဂလာန်ရှိရာသို့ တန်ခိုးဖြင့် ကြွလာပါသလော'

'ငါ့ရှင် သာရိပုတ္တရာ၊ ငါသည် မြတ်စွာဘုရားရှိသို့ တန်ခိုးဖြင့်မသွား၊

မြတ်စွာဘုရားသည်လည်း ငါရှိရာသို့တန်ခိုးဖြင့် ကြွမလာပေ။ စင်စစ်သော်ကား မြတ်စွာဘုရားကိုမြင်နိုင်၊ မြတ်စွာဘုရားအသံကို ကြားနိုင်လောက်သော အတိုင်းအတာ အားဖြင့် ငါ၏ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတသည် စင်ကြယ်ခဲ့၏။ ငါ့ကို မြင်နိုင်၊ ငါ့အသံကို ကြားနိုင်လောက်သော အတိုင်းအတာအားဖြင့် မြတ်စွာဘုရား၏ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတသည် စင်ကြယ်ခဲ့၏'

'ငါ့ရှင် မောဂ္ဂလာန်၊ အရှင်မောဂ္ဂလာန်အား အဘယ်သို့လျှင် မြတ်စွာဘုရားနှင့် တရားစကားပြောဆိုခြင်းသည် ဖြစ်ခဲ့ပါသနည်း'

'ငါ့ရှင် သာရိပုတ္တရာ၊ ငါသည် မြတ်စွာဘုရားအား 'အဘယ်မျှလောက်ဖြင့် ထက်သန်သော လုံ့လဝီရိယရှိသူဟူ၍ ဆိုအပ်ပါသနည်း'ဟု မေးလျှောက်ခဲ့၏။ 'မောဂ္ဂလာန်၊ ဤသာသနာ၌ ရဟန်းသည်စင်စစ် အရေအကြော အရိုးသာကြွင်းပါစေ၊ ကိုယ်၌ အသားအသွေး ခန်းခြောက်ပါစေ ယောကျ်ားတို့၏စွမ်းအား လုံ့လဝီရိယဖြင့် ရောက်သင့်ရောက်ထိုက်သော အဆင့်သို့ မရောက်ဘဲ ရပ်တန့်ခြင်း မဖြစ်စေအံ့ဟူ၍ ထက်သန်သော လုံ့လရှိသည် ဖြစ်၍နေ၏။ မောဂ္ဂလာန်၊ ထိုသို့နေသူအား ထက်သန်သော လုံ့လဝီရိယရှိသူဟူ၍ ဆိုအပ်၏'ဟု မြတ်စွာဘုရားက မိန့်တော်ကြားတော်မူခဲ့၏။ ငါ့ရှင် သာရိပုတ္တရာ၊ ဤသို့လျှင် ငါ့အား မြတ်စွာဘုရားနှင့် တရားစကား ပြောဆိုခြင်းသည် ဖြစ်ခဲ့ပါသည်'

'ငါ့ရှင် မောဂ္ဂလာန်၊ သေးငယ်သော ကျောက်စရစ်ခဲသည် ဟိမဝန္တာတောင်နှင့် မယှဉ်သာသကဲ့သို့ ထို့အတူ ကျွန်ုပ်တို့သည် အရှင်မောဂ္ဂလာန်နှင့် မယှဉ်သာပါ။ အရှင်မောဂ္ဂလာန်သည်ကား ကြီးမားသောတန်ခိုးအာနုဘော် ရှိပါသည်။ အလိုရှိခဲ့သော် အာယုကပ်ပတ်လုံး တည်နိုင်ရာပါ၏'

'ငါ့ရှင် သာရိပုတ္တရာ၊ သေးငယ်သောဆားခဲသည် ဆားအိုးကြီးနှင့် မနှိုင်းယှဉ်သာသကဲ့သို့ ထို့အတူ ကျွန်ုပ်တို့သည် အရှင်သာရိပုတ္တရာနှင့် မယှဉ်သာပါ'

'သံသရာတစ်ဖက်ကမ်းသို့ရောက်သော ရဟန်းဟူသမျှသည် သာရိပုတ္တရာသာလျှင် အမိုင်းအခြားရှိ၏။ သာရိပုတ္တရာသည်သာလျှင် သီလ၊ သမာဓိ၊ ပညာအားဖြင့် ထိုရဟန်းတို့ထက် သာလွန်၏ဟူ၍ မြတ်စွာဘုရားရှင်သည် ငါ့ရှင်သာရိပုတ္တရာအား ချီးမွမ်းပြောဆိုခဲ့ပါသည်'လို့ အဂ္ဂသာဝကနှစ်ပါးတို့ဟာ အချင်းချင်း ကောင်းစွာပြောဆိုအပ်သောစကားကို ထပ်တူထပ်မျှ ဝမ်းမြောက်ကြခဲ့ပါသည်။

အဘိညာဉ်တန်ခိုးသည် မြင့်တက်ခြင်းသဘောရှိသောကြောင့် အဘိညာဉ်တန်ခိုးအရာမှာ ဧတဒဂ်ရထားတဲ့ အရှင်မဟာမောဂ္ဂလာန်မထေရ်ကို အရှင်သာရိပုတ္တရာမထေရ်က ဟိမဝန္တာတောင်နဲ့ နှိုင်းယှဉ်ပြီး ချီးမွမ်းတော်မူခဲ့ဖြစ်ပါတယ်။ ဆားသည်

အရသာအားလုံး၌ ပျံ့နှံ့နိုင်သလို ပညာသည်လည်း တရားအားလုံး၌ ပျံ့နှံ့နိုင်ခြင်း သဘောရှိသောကြောင့် ပညာအရာမှာ ဧတဒဂ်ရရှိထားတဲ့ အရှင်သာရိပုတ္တရာမထေရ်ကို အရှင်မဟာမောဂ္ဂလာန်မထေရ်က ဆားနဲ့နှိုင်းပြီး ချီးမွမ်းတော်မူခြင်းဖြစ်ပါတယ်။

လောကီရေးမှာပဲဖြစ်ဖြစ်၊ လောကုတ္တရာရေးမှာပဲဖြစ်ဖြစ် ပညာတည်းဟူသော ဆားဟာ အင်မတန်မှ အရေးကြီးပါတယ်။ ဆားမပါသော စားကောင်းသောက်ဖွယ်တို့သည် အဆင်းအနံ့နဲ့ ဘယ်လိုပဲပြည့်စုံပါစေ ဆားမပါရင် မပြည့်စုံ မကောင်းမွန်နိုင်သလို ပညာမပါတဲ့ လုပ်ရပ်တိုင်းဟာလည်း မပြည့်စုံမကောင်း မွန်နိုင်ပါဘူး။ ဆားဟာ ဟင်းလျာတို့အတွက် မရှိမဖြစ်လိုအပ်သလို လောကီကြီးပွားရေး၊ လောကုတ္တရာကြီးပွားရေး ကိစ္စရပ်များမှာလည်း ပညာတည်းဟူသောဆားဟာ မရှိမဖြစ်လိုအပ်ပါတယ်။ ဒါကြောင့်မို့ ဘုရားအလောင်းတော်များဟာ ဘုရားဖြစ်ရန်အတွက် ပါရမီများဖြည့်ကျင့်တဲ့အခါမှာ 'ပညာပါရမီ'ကို မဖြစ်မနေ ဖြည့်ကျင့်တော်မူကြရပါတယ်။ ဘုရားရှင်ကိုယ်တော်၌က ပညာရှင်တွေကို ဦးစားပေးပါတယ်။ လက်ယာတော်ရံ၊ လက်ဝဲတော်ရံ ရာထူးပေးအပ်တဲ့အခါမှာလည်း ပညာကြီးမြင့်သူကိုသာ လက်ယာတော်ရံရာထူး ပေးအပ်ခဲ့ပါတယ်။ ရှင်တော်မြတ်ဘုရားကိုယ်တော်တိုင် လောကသုံးပါးမှာ ထိပ်ဆုံးပုဂ္ဂိုလ်အဖြစ် ရပ်တည်နိုင်ဟာလည်း ပညာကြောင့်သာ ဖြစ်ပါတယ်။

တစ်ခါတုန်းက နတ်သားတစ်ယောက်ရဲ့ **'လောကရဲ့ အရောင်အလင်းသည် ဘာပါလဲ'**လို့ မေးတဲ့အခါမှာ 'လောကရဲ့ အရောင်အလင်းသည် ပညာဖြစ်တယ်'လို့ ရှင်တော်မြတ်ဘုရားက ဖြေဆိုတော်မူခဲ့ပါတယ်။ နတ်သားတစ်ယောက်က 'မည်သို့ **အသက်မွေးသူကို မြတ်သောအသက်မွေးခြင်းရှိသူဟု ဆိုကြပါသနည်း'** လို့ မေးမြန်းရာမှာ 'ပညာဖြင့် အသက်မွေးသူကို မြတ်သော အသက်မွေးခြင်းရှိသူဟု ဆိုကြ၏' လို့ ဖြေကြားတော်မူပါတယ်။ သံယုတ္တနိကာယ် နေရာအနှံ့အပြားမှာ ဆိုရင်လည်း 'လူတို့၏ရတနာသည်ပညာဖြစ်သည်'လို့ မကြာခဏ ဟောကြားတော်မူခဲ့ပါတယ်။

'ရဟန်းတို့ ဇမ္ဗူဒိပ်ရှိ သစ်ပင်တို့တွင် သပြေပင်၊ တာဝတိံသာနတ်ပြည်ရှိ သစ်ပင်တို့တွင် ပင်လယ်ကသစ်ပင်၊ အသုရာပြည်ရှိ သစ်ပင်များတွင် သခွတ်ပင်၊ ဂဠုန်ပြည်ရှိ သစ်ပင်များတွင် လက်ပံပင်ကို အမြတ်ဆုံးဟု ဆိုအပ်သကဲ့သို့ ထို့အတူ ဗောဓိပက္ခိယတရားတို့တွင် ပညိန္ဒြေကို အမြတ်ဆုံးဟုဆိုအပ်၏' လို့ ဟောကြားတော်မူခဲ့ပါတယ်။

ကောသလမင်းကြီးဟာ မလ္လိကာမိဖုရားကြီးမှ သားယောက်ျားလေး ဖွားမြင်လာဖို့ ဆန္ဒပြင်းပြနေချိန်မှာ မိဖုရားကြီးက ဖွားမြင်တဲ့ကလေးဟာ သမီးမိန်းကလေးဖြစ်

နေခဲ့ပါတယ်။ ကောသလမင်းကြီးဟာ သမီးဖြစ်နေတာကြောင့် စိတ်မချမ်းမသာ ဖြစ်သွားပါတယ်။ ဒါကိုသိတဲ့ ရှင်တော်မြတ်ဘုရားက 'မင်းကြီး သင်သည် သမီးကို ကျေးမွေးပြုစုလော့။ 'အသိပညာ' အကျင့်သီလနှင့် ပြည့်စုံ၍ ယောက္ခမကို ရိုသေလေးစားသော၊ လင်ကိုပြုစုသော အမျိုးသမီးသည် မြင့်မြတ်၏။ ထိုအမျိုးသမီးမှ မွေးဖွားလာသော ရဲရင့်သည့် သားယောကျာ်းလေးသည် တိုင်းပြည်ကို အုပ်ချုပ်နိုင်၏' လို့ မိန့်ကြားတော်မူခဲ့ပါတယ်။

အနန္တစကြဝဠာမှာ ပညာတည်းဟူသောဆားနဲ့ မပျံ့နှံ့နိုင်သော အရာဆိုတာ မရှိပါဘူး။ ပညာဖြင့်မအောင်နိုင်သောအရာ မရှိပါဘူး။ ပညာနဲ့ သဲကန္တာရကြီးတွေကို သစ်တောကြီးတွေဖြစ်အောင် လုပ်နိုင်သလို ပင်လယ်ရေငန်တွေကို ရေချိုအဖြစ် ပြောင်းလဲနိုင်ပါတယ်။ မိုးမရွာတဲ့ အရပ်ဒေသကို ပညာနဲ့မိုးရွာအောင် ပြုလုပ်နိုင်ပါတယ်။ ပြင်းပြင်းထန်ထန် တိုက်ခိုက်နေတဲ့ စစ်ပွဲကြီးတွေကို ပညာနဲ့သာ ရပ်တန့်နိုင်ပါတယ်။ ယနေ့ ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော တိုင်းပြည်များဟာ ပညာတည်းဟူသော ဆားများကြောင့် ဖွံ့ဖြိုးတိုးတက်နေတာဖြစ်ပြီး မွဲတေနေတဲ့ နိုင်ငံတိုင်းဟာလည်း ပညာတည်းဟူသော ဆားများချို့တဲ့နေတာကြောင့် ဖြစ်ပါတယ်။ လောကီအရေးမှာပဲဖြစ်ဖြစ်၊ လောကုတ္တရာအရေးမှာပဲဖြစ်ဖြစ် ပညာနဲ့မစွမ်းဆောင်နိုင်သော အရာ ဘာမှမရှိပါဘူး။

သတ္တဝါတိုင်းကို ဖုံးလွှမ်းထားတဲ့ လောဘ၊ ဒေါသ၊ မောဟ၊ အဝိဇ္ဇာဆိုတဲ့ အမိုက်တိုက်ကြီးများကိုလည်း ပညာကသာလျှင် ဖြိုခွင်းနိုင်ပါတယ်။ ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက **ပညာသမာ အာဘာ နတ္ထိ = ပညာနှင့်တူသော အလင်းရောင်မည်သည်မရှိ** လို့ ဟောကြားတော်မူခဲ့တာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့လထဲက မြစ်ကြီးနားက မိမိဒကာ၊ ဒကာမများ ရောက်လာတာကြောင့် ဘုရားဖူးလိုက်ပို့ပေးတော့ သူတို့ဆန္ဒအရ ကျိုက်ထီးရိုးစေတီတော်ကိုလည်း လိုက်ပို့ပေးဖြစ်ပါတယ်။ အခါတိုင်းလည်းရောက်နေပေမဲ့ လူရှုပ်နေတာဆိုတော့ အမှုမဲ့ အမှတ်မဲ့ပါပဲ။ ဒီတစ်ခေါက်တော့ လူရှင်းနေတာမို့ သတိထားမိလိုက်တာလေးတစ်ခု ရှိပါတယ်။ ကျိုက်ထီးရိုးစေတီတော် အောက်ဘက်ကနေ တက်လာတော့ ကျောင်းစိမ်းဝတ်စုံလေးတွေနဲ့ အသက်ကိုးနှစ် ဆယ်နှစ်အရွယ် ကလေးမလေးတွေဘုရားဖူးတွေ စေတီတော်ကို မီးပူဇော်ပြီး မီးငြိမ်းလေးကျန်ရှိနေတဲ့ ဖယောင်းတိုင် အတိုအစလေးတွေကို ကောက်ယူနေကြပါတယ်။ 'ကလေးတို့ ဘာလုပ်ဖို့လဲ' လို့ မေးကြည့်တော့ 'ည စာကျက်ဖို့ပါ' လို့ ပြန်ဖြေကြပါတယ်။ ကြားလိုက်ရတဲ့ မိမိမှာစိတ်မကောင်းဖြစ်ရပါတယ်။

မိမိတို့ဘာဝ၊ မိမိတို့ပတ်ဝန်းကျင်၊ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေချင်တယ်ဆို ရင် ပညာရှင်တည်းဟူသော ဆားပွင့်ဆားခဲများ များပြားသထက် များပြားလာအောင် ကြိုးစားကြရမှာဖြစ်ပါတယ်။ ကျွဲကူး ရေပါဆိုသလို ပညာရှင်တည်းဟူသော ဆားပွင့် ဆားခဲတွေ များပြားလာတာနဲ့အမျှ မိမိတို့ဘဝ၊ မိမိတို့ပတ်ဝန်းကျင်၊ မိမိတို့နိုင်ငံကြီး ဟာ ဖွံ့ဖြိုးတိုးတက်လာမှာ မလွဲဧကန်ပါ။ မိမိတို့နိုင်ငံတော်ကြီးကို အမှန်တကယ် ဖွံ့ဖြိုးတိုးတက်စေချင်တယ်ဆိုရင် မိမိတို့တတ်နိုင်သလောက် ကလေးငယ်များ အေးအေးချမ်းချမ်း ပညာသင်ကြားနိုင်အောင် ကူညီထောက်ပံ့ပေးကြရပါမယ်။ မိမိတို့နိုင်ငံတော်ကြီးကို ဆင်းရဲတွင်းကနေ ဆွဲထုတ်မယ့်သူတွေဟာ ပညာရှင်တည်း ဟူသော ဆားပွင့် ဆားခဲတွေသာ ဖြစ်ပါတယ်။

✪✪✪✪✪

# ပညာဉာဏ်ဖြင့် လှူဒါန်းပါ



အမှန်တကယ် မလိုအပ်ပါဘဲ ဘုရားဒကာနာမည်ခံချင်ရုံသက်သက်နဲ့
အုတ်စေတီတည်မယ့် ငွေကြေးတွေကို တိုင်းပြည်အတွက်အမှန်တကယ် လိုအပ်နေတဲ့
ဆေးရုံများ၊ စာသင်ကျောင်း များ၊ မိဘမဲ့ဂေဟာများ စတဲ့ မိဘကမရှိ ဆင်းရဲတာကြောင့်
ကျောင်းမနေနိုင်တဲ့ ကလေးသူငယ်များကို ကျောင်းထားပေးနေတဲ့ အသင်းအဖွဲ့များစတဲ့
လောကကို ကောင်းကျိုး ပြုနေတဲ့ နေရာတွေမှာ လှူဒါန်းလိုက်ကြဖို့ကောင်းပါတယ်

## ပညာဉာဏ်ဖြင့် လှူဒါန်းပါ

မိမိနဲ့စပ်ဆိုင်ရာ ဒကာ၊ ဒကာမများက ဖုန်းဆက်လာပါတယ်။ ဘုရားတည်ချင်လို့ပါတဲ့။ ဘယ်ဒေသမှာတည်မှာလဲဆိုတော့ သူတို့နေတဲ့ဒေသမှာပဲ တည်မှာပါတဲ့။ သေသေချာချာ ရှင်းပြပြီးတော့ မတည်နဲ့လို့ တားမြစ်လိုက်ရပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ဒေသမှာက စေတီပုထိုးတွေက မနည်းပါဘူး။ စေတီပုထိုးတွေရှိနေပါရဲ့နဲ့ ထပ်မတည်သင့်ပါဘူး။ ဘုရားဒကာ နာမည်ခံချင်ရုံသက်သက်လေးနဲ့တော့ မတည်သင့်ပါဘူး။ ဗုဒ္ဓဘာသာဝင်တွေအနေနဲ့လည်း သူသူကိုယ်ကိုယ် ဘုရားဒကာဖြစ်ချင်ကြမှာပါ။ ဘုရားဒကာဖြစ်ချင်သူတွေအနေနဲ့ကတော့ ဗောဓိညောင်ပင်တွေစိုက်ပါ။ ဗောဓိညောင်ပင်စိုက်သူဟာလည်း ဘုရားဒကာပါပဲ။

များသောအားဖြင့် ရှင်တော်မြတ်ဘုရားက သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာပဲ သီတင်းသုံးတော်မူပါတယ်။ အကြောင်းကတော့ ချေချွတ်ရမယ့် ဝေနေယျသတ္တဝါအများစုက သာဝတ္ထိမှာ နေကြလို့ပါ။ တစ်ခါတစ်ရံ အဝေးအရပ်ဒေသတွေမှာ ချေချွတ်ရမယ့် သတ္တဝါတွေရှိလို့ ရက်ခြည်းကြွတော်မူရတဲ့အခါမျိုးတွေ ရှိပါတယ်။ ဒီအခါမှာ ဘုရားရှင် မရှိမှန်း မသိတာကြောင့် ပန်းနံ့သာစသော ပူဇော်ဖွယ်တို့ဖြင့် ဘုရားဖူးလာ ရောက်ကြကုန်သော မြို့သူမြို့သားတွေဟာ ဘုရားရှင်ကိုလှူဖို့ယူလာတဲ့ လှူဖွယ် ဝတ္ထုတွေကို ဂန္ဓကုဋိတိုက်တော်တံခါးမှာ ချထားခဲ့ကြပါတယ်။

ထိုအကြောင်းကိုသိတဲ့ ကျောင်းဒကာ အနာထပိဏ်သူဌေးကြီးက "ဘုရားရှင် ဒေသစာရီ ကြွချီတော်မူသည်ရှိသော် ဤကျောင်းတော်သည် အထောက်အပံ့ကင်းသည်ဖြစ်၏။ ရောက်လာကြကုန်သော ဘုရားဖူးများ ဘုရားရှင်ကိုယ်စား ပူဇော်ဖို့အတွက် တစ်စုံတစ်ရာ မရှိပါ။ အရှင်ဘုရား တောင်းပန်ပါ၏။ ဘုရားသခင်အား

ဤအကြောင်းကို လျှောက်ထား၍ ဘုရားရှင် ကိုယ်စားအဖြစ်ဖြင့် ပူဇော်အပ်သော အရာကို ညွှန်ပြတော်မူပါဟု လျှောက်ထားပေးပါလော့' လို့ အရှင်အာနန္ဒာမထေရ်ကို တောင်းပန်လျှောက်ထားပါတယ်။ 'ကောင်းပြီ' လို့ အရှင်အာနန္ဒာမထေရ်က ကတိပေးပြီး ဘုရားရှင်ကို ပြန်လည်လျှောက်ထားပါတယ်။

'ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဘုရားရှင်၏ ကိုယ်စားအဖြစ်ဖြင့် သတ္တဝါများ ပူဇော်ကိုးကွယ်ထိုက်သော စေတီတို့သည် အဘယ်မျှရှိကုန်ပါသနည်း'

'အာနန္ဒာ စေတီသည် သုံးပါးတို့တည်း'

'အရှင်ဘုရား၊ အဘယ် သုံးပါးတို့ပါနည်း'

'အာနန္ဒာ၊ စေတီတို့သည် ဘုရားရှင်၏ခန္ဓာကိုယ်မှဖြစ်သော ဆံတော်၊ သွားတော်၊ စွယ်တော်၊ ဓာတ်တော်များကို ဌာပနာ၍ တည်ထားသော ဓာတုစေတီ။ ဘုရားရှင်ရဲ့ အသုံးအဆောင်ဖြစ်သော သပိတ်၊ သင်္ကန်း၊ ဗောဓိပင်စသော ပရိဘောဂစေတီ။ ဘုရားရှင်ကို ရည်မှန်း၍ ထုလုပ်အပ်သော ဆင်းတုတော် စသော ဥဒ္ဒိဿစေတီတို့တည်း'

'မြတ်စွာဘုရား၊ မြတ်စွာဘုရားသက်တော်ထင်ရှား ရှိတော်မူစဉ် ထိုစေတီ သုံးပါးတို့ကို ပြုခြင်းငှာ တတ်ကောင်းပါ အံ့လော'

'အာနန္ဒာ၊ ဓာတုစေတီကို ပြုခြင်းငှါ မတတ်ကောင်း။ ဓာတုစေတီသည် ဘုရားရှင်တို့ ပရိနိဗ္ဗာန်ပြုပြီးသော ကာလ၌သာ ပြုခြင်းငှါ တတ်ကောင်း၏။ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီတို့ကား ဘုရားရှင်တို့ထင်ရှားရှိစဉ်ပင် ပြုခြင်းငှါ တတ်ကောင်း၏။ ဘုရားရှင်တို့ အသုံးအဆောင်ဖြစ်သော မဟာဗောဓိပင်သည် ဘုရားရှင်တို့ထင်ရှားရှိကုန်သော်လည်း ဘုရားရှင်ရဲ့ ကိုယ်စားအဖြစ်ဖြင့် ကိုးကွယ်ပူဇော်အပ်သော စေတီသာလျှင်တည်း။'

'မြတ်စွာဘုရား၊ မြတ်စွာဘုရားတို့သည် ဒေသစာရီ ကြွတော်မူသည်ရှိသော် ဇေတဝန်ကျောင်းတော်သည် ကိုးကွယ်ရာ မရှိသည်ဖြစ်၍ လူများသည် ပူဇော်အပ်သော အရာကို မရပါ။ မဟာဗောဓိပင်မှ မျိုးစေ့ကိုယူ၍ ဇေတဝန်ကျောင်းတော် တံခါး၌ စိုက်ပါအံ့။ ခွင့်ပြုတော်မူပါ'

'အာနန္ဒာ၊ ကောင်းပြီ စိုက်လော့။ ဤသို့ စိုက်သည်ရှိသော် ဇေတဝန်ကျောင်းတော်၌ ငါဘုရားအမြဲနေသကဲ့သို့ ဖြစ်လတ္တံ့' လို့ မိန့်တော်မူခဲ့ပါတယ်။ အရှင်အာနန္ဒာလည်း မြတ်စွာဘုရားရှင်ရဲ့ ခွင့်ပြုအချက်အရ စိုက်ပျိုးခဲ့ပါတယ်။

*(မိမိရှိသေမြတ်နိုးလေးစားအပ်သော ပုဂ္ဂိုလ်များနှင့် စကားပြောဆိုတဲ့အခါမှာ*

*လောကုတ္တရာယဉ်ကျေးမှုဂန္ထဝင်အရ တစ်ပါးတည်းပင်ဖြစ်သော်လည်း အများကိန်း ဗဟုဝုစ်နဲ့ သုံးနှုန်းရပါတယ်။ ဒါကြောင့် အရှင်အာနန္ဒာမထေရ်မြတ်က 'မြတ်စွာဘုရား တို့သည်' လို့ သုံးနှုန်းရခြင်းဖြစ်ပါတယ်။)*

တစ်ခါတုန်းက နတ်သားတစ်ပါးက '**အဘယ်သူတို့အား နေ့၌လည်း ကောင်း၊ ညဉ့်၌လည်းကောင်း အခါခပ်သိမ်း ကောင်းမှုသည် တိုးပွားပါသနည်း။ အဘယ်သူတို့သည် တရား၌လည်းကောင်း၊ သီလ၌လည်းကောင်း တည်ကုန်သည် ဖြစ်၍ နတ်ပြည်သို့ သွားပါကုန်သနည်း**' လို့ ဘုရားရှင်ထံ ချဉ်းကပ်၍ လျှောက်ထား မေးမြန်းပါတယ်။

'အကြင်သူတို့သည် သီးပင် ပန်းပင် အရိပ်ရသော သစ်ပင်တို့ကို စိုက်ကုန်၏။ တံတားခင်းကုန်၏။ ရေအိုးစင်၊ ရေတွင်း၊ အိမ်၊ ကျောင်း၊ ဇရပ်တို့ကို လှူကုန်၏။ ထိုသူတို့အား နေ့၌လည်းကောင်း၊ ညဉ့်၌လည်းကောင်း အခါခပ်သိမ်းကောင်းမှုသည် တိုးပွား၏။ ထိုသူတို့သည် တရား၌လည်းကောင်း၊ သီလ၌လည်းကောင်း တည်ကုန် သည်ဖြစ်၍ နတ်ပြည်သို့သွားရကုန်၏' လို့ ဘုရားရှင်က ဖြေကြားတော်မူခဲ့ပါတယ်။

အုတ်ဖြင့် တည်ထားသော စေတီပုထိုးတည်ထားရင် ပန်းရန်နဲ့ စကားပြောရ ဆိုရတဲ့ အကြောင်းကြောင်းတွေကြောင့် ကုသိုလ်ကို အကုသိုလ်စွက်နိုင်ပါသေးတယ်။ ဗောဓိပင်စိုက်ပျိုးမယ်ဆိုရင်တော့ အုတ်စေတီတည်တာလောက် အကုသိုလ်မစွက်ပါ ဘူး။ ငွေကုန်ကြေးကျလည်း အင်မတန်သက်သာပါတယ်။ ဘုရားဒကာအမည်လည်း ခံယူလို့ရပါတယ်။ နေ့နေ့ညညမှာလည်း ကုသိုလ်တွေ တိုးပွားနေမှာပါ။

ဒါ့အပြင် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာလည်း ရောက်ပါတယ်။ အခြားအပင်တွေစိုက်ရင်မှ ထင်းခုတ်သစ်ထုတ်မှာကို စိုးရိမ်ရပါသေးတယ်။ ဗောဓိပင် ကိုတော့ ဘယ်သူကမှ ဘာမှမလုပ်ရဲပါဘူး။ ဘာကြောင့်လဲဆိုတော့ ဗောဓိပင်ခုတ်တာ ဟာ ဘုရားရှင်ရဲ့ခန္ဓာကိုယ်ကို သွေးစိမ်းတည်အောင်လုပ်တာနဲ့အတူတူပဲ ဆိုတာ သိနေကြလို့ဖြစ်ပါတယ်။ နောက်ပြီးတော့ ညောင်သားဆိုတာ ထင်းစိုက်လို့လည်း မကောင်းသလို သစ်ထုတ်လို့လည်း မရပါဘူး။ နောက်ပြီးတော့ လူအများကိုလည်း စိတ်အေးချမ်း၊ ကိုယ်အေးချမ်းအောင် လုပ်ပေးတာနဲ့ အတူတူပါပဲ။ သူသူကိုယ်ကိုယ် အရိပ်အာဝါသကောင်းတဲ့ သစ်ပင်ကြီးတွေအောက်ဝင်လိုက်ရရင် ကိုယ်စိတ်နှစ်ပါး ငြိမ်းချမ်းသွားကြသည်ချည်းပါပဲ။

ဘုရားစေတီတည်ထားရာ၌ ကုသိုလ်ရသည်ကား မှန်ပါ၏။ သို့သော် အကျိုးရသင့်သမျှ အပြည့်အစုံရဖို့ စဉ်းစဉ်းစားစား တည်ထားသင့်ကြသည်။ မဟာဝဂ္ဂ သံယုတ် ဝိဟာရဝဂ္ဂ အဋ္ဌကထာ၌ သမ္မာဒိဋ္ဌိဖြစ်ပုံကို ပြရာဝယ်'**အပ္ပ တိဋ္ဌိတောဒိသာ**

**ဘာဂေစေတိယ ပတိဋ္ဌာပနံ = စေတီမတည်ရသေးသောအရပ်(မြို့ရွာ)တို့၌ စေတီတည်ထားခြင်းကို သမ္မာဒိဋ္ဌိ = အယူမှန်ခြင်း**' ဟုဆိုအံ့။ စေတီရှိပြီးနေရာ၌ ထပ်၍တည်ခြင်းကို အဋ္ဌကထာ မလိုလားကြောင်းမှာလည်း ဉာဏဝိဘင်္ဂ အဋ္ဌကထာ၌ '**ကောသို ဝိဟာရေ ဒွိန္နံ စေတိယာနံပိ လာဘာသက္ကာရော ဥဋ္ဌာရော နဟောတိ = တစ်ကျောင်း တစ်တိုက်ဝယ် စေတီတော်နှစ်ဆူရှိရာ၌ လာဘ်ပူဇော်မှုများ(မကောင်း) နိုင်**' ဟူသောစကားဖြင့် သိသာ၏။


ထို အဋ္ဌကထာစကားကို လက်ရှိအခြေအနေကလည်း ထောက်ခံလျက်ရှိ၏။ စေတီတော်များပြားသည့်အတွက် မည်သည့်စေတီတော်မျှ အစောင့်အရှောက်ကျကျနနနှင့် သားနားသပ္ပါယ်အောင်၊ စေတီတော်ကိုရောက်သွားလျှင် စိတ်ကြည်နူးအောင် ကိုးကွယ်ထားသည်ကို မတွေ့ရ။ မဟာမုနိ၊ ရွှေတိဂုံစေတီတော်များ၏ ရင်ပြင်တော်၌သော်မှလည်း လူများ၏ ခြေရာတွေနှင့် ချွေးမစင်၊ ပန်းအမှိုက်စည်းများကို တွေ့ရပါသေးသည်။ ဟု ကျေးဇူးတော်ရှင် ဘာသာဋီကာကျမ်းပြုအကျော် အမရပူရ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး ရေးသားအပ်သော '**အနာဂတ်သာသနာကျမ်း**' မှာ မှတ်သားဖွယ်ရာ ဖော်ပြပါရှိပါတယ်။

မိမိတို့နိုင်ငံတော်ကြီးဟာ လိုအပ်ချက်တွေ၊ ချို့ယွင်းချက်တွေ ဗရပွနဲ့ နိုင်ငံတော်ကြီးပါ။ ဒီနိုင်ငံတော်ကြီးကို ပြန်လည်ပြုပြင်တည်ဆောက်ဖို့ရာ ပြည်သူပြည်သားတိုင်းမှာ တာဝန်ရှိပါတယ်။ ဒါကြောင့် မိမိတို့အနေနဲ့ အမှန်တကယ် မလိုအပ်ပါဘဲ ဘုရားဒကာနာမည်ခံချင်ရုံသက်သက်နဲ့ အုတ်စေတီတည်မယ့် ငွေကြေးတွေကို တိုင်းပြည်အတွက်အမှန်တကယ် လိုအပ်နေတဲ့ ဆေးရုံများ၊ စာသင်ကျောင်းများ၊ မိဘမဲ့ဂေဟာများ စတဲ့ မိဘက မရှိဆင်းရဲတာကြောင့် ကျောင်းမနေနိုင်တဲ့ ကလေးသူငယ်များကို ကျောင်းထားပေးနေတဲ့ အသင်းအဖွဲ့များစတဲ့ လောကကို ကောင်းကျိုးပြုနေတဲ့ နေရာတွေမှာ လှူဒါန်းလိုက်ကြဖို့ကောင်းပါတယ်။

ဒီလိုလှူဒါန်းခြင်းအားဖြင့် မိမိတို့လည်းကုသိုလ်ရ၊ ဆင်းရဲချို့တဲ့သူများကိုလည်း မိမိအလှူကိုအမှီပြုပြီး ကောင်းကျိုးခံစားကြရတာမို့ အလွန်မွန်မြတ်လှပါတယ်။ ကုသိုလ်ပြုတဲ့အခါမှာ မိမိလည်းကုသိုလ်ရ၊ ပတ်ဝန်းကျင်လည်း မိမိအလှူဒါနရဲ့အကျိုးခံစားရတဲ့ ကုသိုလ်မျိုးပြုတာက အကောင်းဆုံးပါပဲ။ ဘုရားဒကာနာမည်ခံချင်လို့ကတော့ အုတ်စေတီမတည်ဘဲ ဗောဓိပင်စိုက်ပျိုးခြင်းက အကောင်းဆုံးပါပဲ။

✪✪✪✪✪

မြင့်မြတ်သော လူသားများ



ဘုရားရှင်ကလည်း Gay တွေကို
ကိုယ့်ကိုလေသာ ကိုယ်ထိန်းနိုင်တဲ့ Gay ဆိုရင် ရဟန်းဝတ်ခွင့် ပြုခဲ့ပါတယ်
ဒါဟာ Gayတွေကို ဘုရားရှင်ကိုယ်တော်တိုင်က နားလည်လက်ခံပြီး
အသိအမှတ်ပြုတဲ့သဘော၊ လူတစ်ယောက်အတွက် ရသင့် ရထိုက်တဲ့
အခွင့်အရေးကို ပေးတဲ့သဘောဖြစ်ပါတယ်
သိမ်ထဲမှာ "သင်ဟာ ယောကျ်ားစင်စစ် ကောန်ဖြစ်ရဲ့လား" ဆိုတဲ့
မေးခွန်းကြောင့် အချို့က Gay တွေကို
လုံးဝရဟန်းပြုခွင့် မရှိလို့ ထင်မှတ်နေတတ်ကြတယ်

## မြင့်မြတ်သော လူသားများ

မနက်က ဆွမ်းခံအိမ်က ဟင်းမကျက်တကျက် ဖြစ်နေတာကြောင့် ငါးမိနစ်လောက် စောင့်ပေးပါဘုရားဆိုလို့ စောင့်နေတုန်းမှာ ဘေးအိမ်ကဖခင်ဖြစ်သူက ၁၆၊ ၁၇ အရွယ်လောက်ရှိဦးမယ့် သားဖြစ်သူကို သားရေခါးပတ်နဲ့ ပယ်ပယ်နယ်နယ်ဆော်နေတာကို မြင်လိုက်ရပါတယ်။ ကလေးကလည်း ထွက်မပြေးပါဘူး ပေခံနေပါတယ်။ နောက် မအေလုပ်သူက သားဖြစ်သူကို သူ့ကိုယ်နဲ့ ဝင်ကွယ်ပေးတော့မှပဲ ဖအေလုပ်သူက ရိုက်တာကို ရပ်လိုက်ပါတယ်။ စိတ်မကောင်းစရာပါပဲ။ ကိုယ် စိတ်ဝင်စားတာကို ရိပ်မိလို့ထင်ပါတယ်၊ ဆွမ်းခံအိမ်က ဒကာမကြီးက ဆွမ်းလောင်းရင်းနဲ့ 'ကလေးက ခပ်ခြောက်ခြောက်လေးဖြစ်နေလို့ ဖအေလုပ်သူက ရိုက်တာဘုရား။ တပည့်တော်တို့လည်း အိမ်ချင်းက ကပ်နေတော့ စိတ်မချမ်းသာဘူး' လို့ လျှောက်ပါတယ်။ အကြောင်းစုံသိရတော့ ကိုယ်လည်းစိတ်မကောင်းဖြစ်မိပါတယ်။ တကယ်တော့ ဒီပြဿနာဟာ ရိုက်ရုံနဲ့ ဖြေရှင်းလို့ရတဲ့ ပြဿနာလည်း မဟုတ်ပါဘူး။

'ယောက်ျားချင်း ချစ်ကြိုက်တဲ့သူ၊ မိန်းမချင်း ချစ်ကြိုက်တဲ့သူတွေဟာ ကမ္ဘာဦးကာလ လူ့အသက်တမ်း ငါးရာရှည်စဉ်တုန်းက စတင်ပေါ်ပေါက်ခဲ့တယ်' လို့ ဘုရားရှင်က ပါထိကဝဂ္ဂပါဠိတော် အဂ္ဂညသုတ်မှာ ဟောကြားခဲ့ပါတယ်။ ကမ္ဘာဦးကတည်းက ရှိလာခဲ့တဲ့အရာကို အခုချိန်ထိ လက်မခံနိုင်သေးတာဟာ လူ့အတ္တကြောင့်ဖြစ်တယ်လို့ ထင်မြင်မိပါတယ်။ လက်ခံချင်သည်ဖြစ်စေ၊ လက်မခံချင်သည်ဖြစ်စေ တချို့သောအရာက မဖြစ်မနေကို လက်ခံပေးရမှာပါ။ ဒီလိုမှမဟုတ်ရင် ငြိမ်းချမ်းနိုင်မှာ မဟုတ်ပါဘူး။

၁။ ကာမေသုမိစ္ဆာစာရကံ အားကြီးသောသူ၌ မလိုမုန်းထားသူ ပေါများခြင်း။
၂။ မုန်းရုံမက ရန်သူလည်း များခြင်း။
၃။ လာဘ်ပစ္စည်းများ ရှားပါးတိတ်ဆိတ်ခြင်း။
၄။ ချမ်းသာမှ ကင်းဆိတ်ခြင်း။
၅။ မိန်းမ ဖြစ်ရခြင်း။
၆။ မိန်းမမဟုတ်၊ ယောက်ျားမဟုတ် ပဏ္ဍုက်ဖြစ်ရခြင်း။
၇။ ယောက်ျားဖြစ်လျှင်လည်း အမျိုးယုတ်၌ ဖြစ်ရခြင်း။
၈။ မျက်နှာပျက်၍ အရှက်ကွဲရတတ်ခြင်း။
၉။ အင်္ဂါလက္ခဏာ ဣန္ဒြေတို့ ယွင်းသွေချို့ သေးသိမ်ခြင်း။
၁၀။ စိုးရိမ်ကြောင့်ကြ အားကြီးရခြင်း။
၁၁။ ချစ်သူနှင့် ကွေကွင်းရခြင်းဆိုတဲ့ ဆိုးကျိုးတွေကိုကာမေသုမိစ္ဆာစာရကံ ကျူးလွန်သူများဟာ ဝဋ်အနေနဲ့ ခံစားရတယ်လို့ ရှင်တော်မြတ်ဘုရားက ဟောကြားတော်မူခဲ့တယ်။

ဒီဟောကြားချက်ကြောင့် မိန်းမဖြစ်သူတိုင်း၊ Gay ဖြစ်နေသူတိုင်းဟာ ကာမေသုမိစ္ဆာစာရကံ ကျူးလွန်ခဲ့သူတွေဖြစ်တယ်လို့ တထစ်ချ ထင်မှတ်နေကြကာ ယုတ်ညံ့သူများအဖြစ် သတ်မှတ်ထားကြပါတယ်။ တကယ်တော့ ဘုရားရှင်က ကာမေသုမိစ္ဆာစာရကံ ကျူးလွန်ကြသူများ ဒီအကျိုးဆက်တွေကို ဝဋ်အနေနဲ့ ခံစားရတတ်တယ်လို့သာ ဟောကြားလိုရင်း ဖြစ်ပါတယ်။ မိန်းမဖြစ်နေသူတိုင်း၊ Gay ဖြစ်နေသူတိုင်းဟာ ကာမေသုမိစ္ဆာစာရကံကြောင့်သာ ဖြစ်နေကြရတယ်လို့ ဟောကြားလိုရင်း မဟုတ်ပါဘူး။

- အကြင်မိန်းမသည် မိမိ၏မိန်းမဣန္ဒြေ၊ မိန်းမအမူအရာ၊ မိန်းမအသွင်အပြင်၊ မိန်းမမာန်၊ မိန်းမဆန္ဒ၊ မိန်းမအသံ၊ မိန်းမအဝတ်တန်ဆာတို့ကို နှလုံးသွင်း၏။ ထိုမိန်းမဣန္ဒြေ စသည်တို့၌ တပ်မက်မွေ့လျော်၏။ ယောက်ျား၏ ယောက်ျားဣန္ဒြေတို့၌လည်း တပ်မက်မွေ့လျော်၏။ ယောက်ျားနှင့် ပေါင်းဖော်ရန် အလိုရှိ၏။ ထိုမိန်းမသည် မိန်းမအဖြစ်(မိန်းမဘာဝ)ကို မလွန်မြောက်ချေ။
- အကြင်မိန်းမသည်ကား မိမိ၏မိန်းမဣန္ဒြေ စသည်တို့ကို နှလုံးမသွင်း၊ မိန်းမဣန္ဒြေစသည်တို့၌ တပ်မက်မွေ့လျော်ခြင်းမရှိ၊ ယောက်ျား၏ယောက်ျားဣန္ဒြေ စသည်တို့ကိုလည်း နှလုံးမသွင်း တပ်မက်နှစ်သက်ခြင်း မရှိ၊ ယောက်ျားနှင့် ပေါင်းဖော်ရန်လည်း အလိုမရှိ၊ ထိုမိန်းမသည်ကားမိန်းမ

အဖြစ်ကို လွန်မြောက်၏(မိန်းမဘာဝမှ ယောက်ျားဘာဝသို့ ပြန်လည်ရရှိ၏)။

- အကြင်ယောက်ျားသည် မိမိ၏ယောက်ျားဣန္ဒြေ၊ ယောက်ျားအမူအရာ စသည်တို့ကို နှလုံးသွင်း၏။ ထိုယောက်ျားဣန္ဒြေ စသည်တို့၌ တပ်မက်မွေ့လျော်၏။ ထိုမိန်းမဣန္ဒြေစသည်တို့ကိုလည်း တပ်မက်မွေ့လျော်၏။ မိန်းမနှင့် ပေါင်းဖော်ရန်လည်း အလိုရှိ၏။ ထိုယောက်ျားသည် ယောက်ျားအဖြစ်ကို မလွန်မြောက်ချေ။
- အကြင်ယောက်ျားသည် မိမိ၏ယောက်ျားဣန္ဒြေ စသည်တို့ကို နှလုံးမသွင်း၊ အကြင်ယောက်ျားသည် မိမိ၏ယောက်ျားဣန္ဒြေ စသည်တို့၌ တပ်မက်မွေ့လျော်ခြင်း မရှိ။ ထိုမိန်းမဣန္ဒြေ စသည်တို့ကိုလည်း နှလုံးမသွင်း၊ ထိုမိန်းမဣန္ဒြေ စသည်တို့၌လည်း တပ်မက်မွေ့လျော်ခြင်း မရှိ။ မိန်းမနှင့် ပေါင်းဖော်ရန်လည်း အလိုမရှိ။ ထိုယောက်ျားသည်ကား ယောက်ျားအဖြစ်ကို လွန်မြောက်၏လို့ အင်္ဂုတ္တိုရ်ပါဠိတော် သံယောဂသုတ်တော်မှာ ဟောကြားတော်မူခဲ့ပါတယ်။ (နောင်ဘဝ ယောက်ျားမဖြစ်တော့ဘဲ သူ့နှစ်သက်ရာ မိန်းမ၊ Gay စသည်ဖြစ်သွား၏-ဟူလို)

ဒီဟောကြားချက်နှစ်ခုကို နှိုင်းယှဉ်သုံးသပ်ကြည့်လိုက်ရင် မိန်းမတိုင်းဟာ၊ Gayတိုင်းဟာ ကာမေသုကံကြောင့် ဖြစ်နေရတာ မဟုတ်ဘူး။ အချို့က ကာမေသုကံကြောင့်၊ အချို့က မိန်းမဖြစ်ရတာကို Gayဖြစ်ရတာကို ကြိုက်နှစ်သက် တပ်မက်တဲ့ စိတ်ဆန္ဒကြောင့် မိန်းမဖြစ်နေရတယ်၊ Gayဖြစ်နေရတယ်ဆိုတာ ထင်ရှားပါတယ်။

ယသော်ဓရာဟာ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကာလပတ်လုံး မိန်းမချည်းပဲဖြစ်ခဲ့ရတာ ကာမေသုမိစ္ဆာစာရကံကြောင့် မဟုတ်ပါဘူး။ ဘုရားအလောင်းကိုချစ်တဲ့ အချစ်စိတ်ကြောင့် မိန်းမဖြစ်ရတာပါ။ ဘုရားအလောင်းတော်ဟာ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကာလပတ်လုံး ယောက်ျားပဲဖြစ်တော့မှာပါ။ ဒီတော့ ဘုရားအလောင်းတော်ကို ချစ်မိသွားပြီး ဘဝဆက်တိုင်း ဘုရားအလောင်းတော်နဲ့ အတူ လက်တွဲနေထိုင်လိုတဲ့ ယသော်ဓရာအဖို့ မိန်းမဘာဝမှတစ်ပါး ရွေးချယ်စရာနည်းလမ်းမရှိတော့ပါဘူး။ Gayတွေလည်း ဒီသဘောတရားအတိုင်းပဲ ဖြစ်နိုင်ပါတယ်။

မယ်တော်မာယာ၊ မိထွေးတော်ဂေါတမီ၊ ယသော်ဓရာ၊ ခေမာထေရီ၊ ဥပ္ပလဝဏ်ထေရီ၊ ဓမ္မဒိန္နာထေရီ၊ ဝိသာခါ စတဲ့ အကျော်အမော် ပညာရှိသူတော်ကောင်းအမျိုးသမီးကြီးများဟာ ယောက်ျားဖြစ်ခဲ့တယ်လို့ ကျမ်းဂန်များမှာ မတွေ့ရှိရ

ပါဘူး။ သူတို့လို ပညာရှိသူတော်ကောင်း အမျိုးသမီးကြီးတွေ မိန်းမဘာဝချည်းပဲ ဖြစ်နေကြတာ ကာမေသုကံကြောင့် မိန်းမဖြစ်နေကြရတာမဟုတ်ဘဲ မိန်းမဘာဝကို သူတို့ကိုယ်တိုင်က ကြိုက်နှစ်သက်လို့ မိန်းမဖြစ်နေကြရတယ်ဆိုတာ ထင်ရှားပါတယ်။

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဟာ ကာမေသုကံကြောင့် မိန်းမဖြစ်တယ်၊ Gay ဖြစ်တယ် ဆိုပါစို့။ သူဟာ အထက်မှာ ဘုရားရှင်ဟောခဲ့သလို မိန်းမဖြစ်ရတာကို မကြိုက်ဘူး၊ မနှစ်သက်ဘူး။ Gay ဖြစ်ရတာကို မကြိုက်ဘူး၊ မနှစ်သက်ဘူးဆိုရင် ကာမေသုကံ အကျိုးဆက်ကုန်တာနဲ့ သူအလိုရှိတဲ့ဘာဝကို ပြန်လည်ရရှိမှာဖြစ်ပါတယ်။ ဒီလိုမဟုတ်ဘဲ မိန်းမဖြစ်ရတာ ကြိုက်တယ်၊ နှစ်သက်တယ်။ Gay ဖြစ်ရတာ ကြိုက်တယ်၊ နှစ်သက်တယ်ဆိုရင်တော့ ကာမေသုမိစ္ဆာစာရကံရဲ့ အကျိုးဆက်ကုန်သွားပေမဲ့လည်း သူ့စိတ်ဆန္ဒအရ သူကြိုက်နှစ်သက်ရာဘာဝကို ဆက်ဖြစ်နေဦးမယ်ဆိုတဲ့ သဘောပါပဲ။

**သတ္တာနာမ ဝဋ္ဋေ ဝိစရန္တာ နိစ္စကာလံ အပ္ပမတ္တော ဟုတွာ ပုညကမ္မမေဝ န ကရောန္တိ, ပမာဒိနော ဟုတွာ ပါပကမ္မမ္ပိ ကရောန္တိ၊ သံသရာဝဋ်၌ ကျင်လည်ကျက်စားနေကြကုန်သော သတ္တဝါတို့သည် အမြဲတစေ မမေ့မလျော့သော သတိတရားဖြင့် ကောင်းမှုချည်းပဲ ပြုလုပ်နေကြကုန်သည်မဟုတ်။ တစ်ရံတစ်ခါ မေ့လျော့သည်ဖြစ်၍ မကောင်းမှုကိုလည်း ပြုမိတတ်ကြကုန်၏** လို့ ရှင်တော်မြတ်ဘုရားဟောကြားတော်မူခဲ့တဲ့အတိုင်း အရှင်အာနန္ဒာမထေရ် အလောင်းလျာဟာလည်း တစ်ခုသော ရှေးကုန်သည် သူဌေးသားဖြစ်စဉ်မှာ ကာမေသုမိစ္ဆာစာရကံအမှုကို မက်မက်စက်စက် ကျူးလွန်ပြုကျင့်ခဲ့ပါတယ်။

အဲဒီ ကျူးလွန်ခြင်းရဲ့ အကျိုးဆက်အနေနဲ့ ငရဲရောက်ပါတယ်။ ငရဲလွတ်တော့ ဆိတ်၊ နွား၊ မျောက်ဖြစ်ပြီး ဝှေးစေ့ထုတ်ခံရ၊ သင်းကွပ်ခံရ စတဲ့ အကျိုးဆက်ကို ခံစားရတယ်။ ပြီးတော့ Gay ဖြစ်ပြန်တယ်။ ပြီးတော့ သိကြားမင်းရဲ့မိဖုရားငါးဘဝဆက် ဖြစ်တယ်။ ပြီးတော့ နတ်သားတစ်ယောက်ရဲ့မိဖုရား ဖြစ်ပြန်တယ်။ ပြီးတော့ အင်္ဂတိမင်းကြီးရဲ့သမီးတော် ရုစာမင်းသမီး ဖြစ်ပြန်တယ်။ ရုစာမင်းသမီးဘဝပြီးတော့ ယောကျ်ားပြန်ဖြစ်တယ်။ အရှင်အာနန္ဒာ အလောင်းလျာဟာ ကာမေသုကံကြောင့် မိန်းမဖြစ်တယ်၊ Gay ဖြစ်တယ်။ ဒါပေမဲ့ အဲဒီဘာဝတွေကို သူ မသာယာ မနှစ်သက်ဘူး။ ဒါကြောင့် ကံရဲ့အကျိုးဆက်ကုန်တာနဲ့ ယောကျ်ား ပြန်ဖြစ်တယ်။ အကယ်၍ အဲဒီဘာဝတွေကို နှစ်သက်တပ်မက်သွားမယ်ဆိုရင် သူဟာ ကာမေသုကံရဲ့ အကျိုးဆက်ကုန်သော်လည်း သူနှစ်သက်တဲ့ အဲဒီဘာဝတွေကို သူ့စိတ်ဆန္ဒအရ ဆက်

ဖြစ်နေဦးမှာပါပဲ။ တကယ်တော့ ကာမေသုကံဆိုတာ မိန်းမဖြစ်ရခြင်း၊ Gay ဖြစ်ရခြင်း အကြောင်းရင်းများစွာထဲက တစ်ခုသာ ဖြစ်တယ်။ မိန်းမတိုင်း၊ Gay တိုင်းဟာ ကာမေသုကံကြောင့်ချည်း ဖြစ်နေရတာ မဟုတ်ပါဘူး။

နောက်ပြီးတော့ ဘဝသံသရာခရီးရှည်ကြီးကို လျှောက်လှမ်းနေစဉ်မှာ လိင်မပြန်တော့တဲ့သူဆိုလို့ သေချာပေါက် သဗ္ဗညုဘုရားဖြစ်လိမ့်မယ်လို့ သက်တော်ထင်ရှား သဗ္ဗညုဘုရားရှင်ဆီကနေ နိယတဗျာဒိတ်တော် ရပြီးထားတဲ့ ဘုရားအလောင်းတော်များကလွဲရင် သတ္တဝါတိုင်းဟာ လိင်ပြန်နိုင်ပါသေးတယ်။ ဒါကြောင့် လက်ရှိပစ္စက္ခ အခြေအနေလေးကိုပဲ ကြည့်ပြီး ငါယောကျ်ားပဲဆိုပြီး လိင်အပေါ်မှာ အမှိုပြုပြီး မာန်တက်နေစရာ မလိုပါဘူး။ ဒီဘဝ ယောကျ်ားဖြစ်နေပေမဲ့ နောက်ဘဝမှာ မိန်းမ၊ Gay ဖြစ်သွားနိုင်ပါတယ်။

ဘုရားရှင်ကလည်း Gay တွေကို ကိုယ့်ကိလေသာ ကိုယ်ထိန်းနိုင်တဲ့ Gay ဆိုရင် ရဟန်းဝတ်ခွင့် ပြုခဲ့ပါတယ်။ ဒါဟာ Gay တွေကို ဘုရားရှင်ကိုယ်တော်တိုင်က နားလည်လက်ခံပြီး အသိအမှတ်ပြုတဲ့သဘော၊ လူတစ်ယောက်အတွက် ရသင့်ရထိုက်တဲ့ အခွင့်အရေးကို ပေးတဲ့သဘောဖြစ်ပါတယ်။

သိမ်ထဲမှာ 'သင်ဟာ ယောကျ်ားစင်စစ် ဧကန်ဖြစ်ရဲ့လား ဆိုတဲ့ မေးခွန်းကြောင့် အချို့က Gay တွေကို လုံးဝရဟန်းပြုခွင့် မရှိလို့ ထင်မှတ်နေတတ်ကြတယ်။ ဒါနဲ့ပတ်သက်လို့ ဝိနယပိဋကတ မဟာဝါပါဠိတော်ကနေ ထုတ်နုတ်ပြီး ရှင်းပြလိုပါတယ်။

ဘုရားရှင်လက်ထက်တော်က ပဏ္ဍုက်တစ်ယောက်ဟာ ရဟန်းပြုတယ်။ ရဟန်း ပြုပြီး သူ့ရာဂစိတ်ကို သူ မထိန်းနိုင်တော့ ညအခါမှာ ရဟန်းငယ်တွေဆီသွားပြီး သူ့ကိုလိင်မှုကိစ္စ ပြုလုပ်ပေးဖို့ တောင်းဆိုတယ်။ ရဟန်းငယ်တွေက နှင်ထုတ်လိုက်တယ်။ ဒီတော့ ကိုရင်ကြီးတွေဆီသွားပြီး တောင်းဆိုပြန်တယ်။ ကိုရင်ကြီးတွေကလည်း မလိုက်လျောဘူး။ ဒါနဲ့သူဟာ ကြံရာမရတဲ့အဆုံး မြင်းထိန်းတွေဆီသွားပြီး တောင်းဆိုတယ်။ မြင်းထိန်းတွေက သူ့ဆန္ဒ ဖြည့်ဆည်းပေးလိုက်တယ်။ မြင်းထိန်းတွေဟာ နောက်နေ့ကျတော့ ဘုရားသား ရဟန်းသာမဏေဆိုသူတွေဟာ ယောကျ်ား မဟုတ်ကြဘူး၊ အခြောက်တွေပဲဆိုပြီး ကဲ့ရဲ့ကြတယ်။ ဒါကြောင့် ဘုရားရှင်က Gay တွေကို ရဟန်းခံမပေးနဲ့လို့ တားမြစ်ခဲ့တာဖြစ်တယ်။ ပြီးတော့ ရဟန်းခံခါနီးမှာ ယောကျ်ားစင်စစ် ဧကန်ဖြစ်ရဲ့လားလို့လည်း မေးခိုင်းခဲ့တာဖြစ်တယ်။ ပဏ္ဍုက် ငါးမျိုးရှိတယ်။ ဘုရားရှင်ရဲ့တားမြစ်ချက်ဟာ ငါးမျိုးလုံးကို တားမြစ်ခဲ့တာ မဟုတ်ဘူး။

၁။ **အာသိတ္တပဏ္ဍုက်** = သူတစ်ပါးရဲ့ အင်္ဂါဇာတ်ကို ပါးစပ်ဖြင့် သုက်သွေးအား

စုပ်ယူရမှ ကိလေသာပူပန်မှု ငြိမ်းအေးသောသူ။

၂။ **ဥသူယပဏ္ဍုက်** = သူတစ်ပါး မှီဝဲပေါင်းဖော်နေတာကို ချောင်းမြောင်း ကြည့်ရမှ ကိလေသာပူပန်မှု ငြိမ်းအေးသောသူ။

၃။ **ဩပက္ကမိကပဏ္ဍုက်** = ဝှေးစေ့ကို သင်းကွပ် ထုတ်ပစ်ထားသောသူ။

၄။ **ပက္ခပဏ္ဍုက်** = အကုသိုလ် ဝိပါက်အာနုဘော်ကြောင့် လဆုတ်ပက္ခမှာ ကိလေသာ ထကြွသောင်းကျန်း၍ လဆန်းပက္ခမှာ ငြိမ်းအေးတဲ့သူ။ လဆန်း ပက္ခမှာ ကိလေသာ ထကြွသောင်းကျန်း၍ လဆုတ်ပက္ခမှာ ငြိမ်းအေးသူ။

၅။ **နပုံသကပဏ္ဍုက်** = မိန်းမအင်္ဂါဇာတ်၊ ယောကျ်ားအင်္ဂါဇာတ် နှစ်ပါးလုံး ထင်ထင်ရှားရှား မပါသောသူ။ လို့ ပဏ္ဍုက်ငါးမျိုး ရှိတယ်။

ဒီငါးမျိုးမှာ နံပါတ်တစ် နှစ်ဖြစ်တဲ့ အာသိတ္တပဏ္ဍုက်နဲ့ ဥသူယပဏ္ဍုက် ကို ရဟန်းပြုပေးကောင်းတယ်။ ရဟန်းဝတ်လိုက ဝတ်နိုင်တယ်။ နံပါတ်သုံး၊ ငါး ဖြစ်တဲ့ ဩပက္ကမိကပဏ္ဍုက်နဲ့ နပုံသကပဏ္ဍုက်က လုံးဝရဟန်း မဝတ်ကောင်းဘူး။ ရဟန်းလည်း ပြုမပေးကောင်းဘူး။ အကယ်၍ မသိလို့ ရဟန်းပြုပေးမိခဲ့တယ် ဆိုရင်တောင် သိတဲ့အချိန်မှာချက်ချင်းပဲ လူထွက်စေရမယ်။ နံပါတ်သုံးဖြစ်တဲ့ ပက္ခ ပဏ္ဍုက်ကတော့ သူကိလေသာငြိမ်းအေးတဲ့ပက္ခမှာ ရဟန်းပြုပေးကောင်းတယ်။ ဝတ်ကောင်းတယ်။ ရဟန်းမပြုကောင်းတဲ့ ပဏ္ဍုက်နှစ်မျိုးကတော့ ရဟန်းမှ မဟုတ် ဘူး၊ ကိုရင်ခေါ် သာမဏေလည်း မပြုကောင်းဘူး။ ပဏ္ဍုက်တွေကို ဘာလို့ ရဟန်း မပြုစေတာလဲဆိုတော့ ကိလေသာကို မထိန်းသိမ်းနိုင်လို့ ဖြစ်တယ်။ ကိလေသာကို ထိန်းနိုင်ရင် ရဟန်းဝတ်နိုင်ပါတယ်။

ယောကျ်ားစင်စစ် ဖေကြဲဖြစ်ရဲ့လားဆိုတဲ့မေးခွန်းက ဩပက္ကမိကပဏ္ဍုက် = ဝှေးစေ့ကို သင်းကွပ်ထုတ်ပစ်ထားသောသူနဲ့ နပုံသကပဏ္ဍုက် = မိန်းမ အင်္ဂါဇာတ်၊ ယောကျ်ားအင်္ဂါဇာတ် နှစ်ပါးလုံး ထင်ထင်ရှားရှားမပါသောသူ နှစ်ဦးကိုသာ ရည်ရွယ် ပြီးမေးရင်းဖြစ်တယ်။

တကယ်တော့ ဗုဒ္ဓဘာသာအလိုအရ ယောကျ်ားဖြစ်နေသူတိုင်းဟာ မမြင့် မြတ်သလို၊ မိန်းမဖြစ်နေသူတိုင်း၊ လိင်ပြန်နေသူတိုင်းဟာလည်း ယုတ်ညံ့သူများ မဟုတ်ကြပါဘူး။ မြင့်မြတ်ခြင်း၊ ယုတ်ညံ့ခြင်းဟာ လိင်နဲ့ အသွင်သဏ္ဌာန်နဲ့ မဆိုင် ပါဘူး။ အပြုအမူ အပြောအဆို စိတ်နေသဘောထားနဲ့သာ သက်ဆိုင်ပါတယ်။ ဒါကြောင့် ယောကျ်ားချင်း ချစ်ကြိုက်နေသူ၊ မိန်းမချင်း ချစ်ကြိုက်နေသူတိုင်းဟာ ယုတ်ညံ့သူ တွေလို့ထင်နေရင် အဲဒီထင်မြင်မှုဟာ မှားယွင်းသောထင်မြင်မှု သက်သက် သာဖြစ်ပါတယ်။

မဃဒေဝလင်္ကာသစ် ကျမ်းပြုအကျော် ကျေးဇူးတော်ရှင် မန်လည်ဆရာတော် ဘုရားကြီးကတော့ **'အနှစ်ပညာ မရှိပါက၊ အင်္ဂါခြေလက်၊ ယောကျ်ားလျက်လည်း၊ မိန်းမထက်သာ၊ ယုတ်မာဆိုးရွား၊ မိုက်လုံးထွားသည်၊ နွားနှင့်ကျွားနှင့်၊ အတူတူတည်း။'** လို့ စပ်ဆိုတော်မူခဲ့ပါတယ်။

ဒီနေ့ ဒီအချိန်အခါဟာ လိင်ခွဲခြားဆက်ဆံပြုမူရမယ့် အချိန်အခါ မဟုတ်တော့ဘူး။ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ၊ Gay ဖြစ်စေ သူတော်ကောင်းပညာရှိမှန်ရင် နိုင်ငံတော်တိုးတက်ဖို့အတွက်နေရာပေးပြီး အလေးထားဆက်ဆံရတော့မယ့် အချိန်အခါပါ။ ပြီးခဲ့တဲ့ ဆီးဂိမ်းပွဲတော်ကြီးဟာ ယောကျ်ား၊ မိန်းမ၊ Gay တို့ စည်းလုံးညီညွတ်စွာနဲ့ လက်တွဲပြီး လုပ်ကိုင်ဆောင်ရွက်ခဲ့ကြတာကြောင့် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး နိုင်ငံသူနိုင်ငံသားများ ကမ္ဘာ့အလယ်မှာ ဂုဏ်ယူဝင့်ကြွားနိုင်ခဲ့ကြတယ်ဆိုတာကို မေ့မထားသင့်ပါဘူး။ လူသားအားလုံးက တန်ဖိုးရှိတဲ့သူတွေချည်းပါပဲ။

ဒါကြောင့် ကိုယ့်မိသားစုထဲမှာ လိင်တူချင်း ချစ်ကြိုက်သူပါလာခဲ့ရင် ဖိနှိပ်ဖုံးကွယ်မထားဘဲ နားလည်လက်ခံပေးပြီး သူ့ကိုတန်ဖိုးရှိတဲ့ သူတော်ကောင်းပညာရှိ လူကောင်းသူကောင်းဖြစ်အောင် ပြုစုပျိုးထောင်ပေးပြီး၊ လူတစ်ယောက်ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို ပေးကြရပါမယ်။ အတ္တကို လျှော့ချလိုက်ပါ။ ဒါဆိုရင် သေချာပေါက် နားလည်လက်ခံနိုင်မှာပါ။

*The Voice Daily*

*Vol.1, No.248*

*Wednesday, January 23, 2014*

✪✪✪✪✪

# မဖြုန်းတီးပါနှင့်



တကယ်တော့ မြန်မာလူမျိုးအများစုဟာ သားကိုရှင်ပြုပေးချင်တာထက်
ဂုဏ်တုဂုဏ်ပြိုင်ပြုလုပ်လိုတာ ကြွားချင် ဝါချင်တာက ခပ်များများပါ
သားရှင်ပြု ပေးရုံသက်သက်ဆိုရင် ရှိတာလည်းမကုန် ကြွေးလည်းမတင်ပါဘူး
ဆိုင်းတွေ၊ ဗျောတွေ၊ ဆင်တွေ၊ မြင်းတွေ၊ အကျွေးအမွေး မဏ္ဍပ်ကြီးတွေဆောက်ပြီး
အလှူပေးမှ ကိုရင်ဖြစ်တာ မဟုတ်ပါဘူး

## မဖြုန်းတီးပါနှင့်

မကြာခင် ဆောင်းကုန်လို့ နွေရောက်တော့မှာပါ။ နွေအခါရောက်ပြီ ဆိုတော့ တောသူတောင်သားအများစု ငွေပေါ်ပြီမို့ အလှူပွဲတွေ ပြုလုပ်ကြတော့မှာပါ။ အလှူပွဲအများစုကတော့ အဆင်ခြင်အမြော်မြင်ဉာဏ်ကင်းမဲ့စွာနဲ့ ပြုလုပ်ကြမှာပါ။

*သားကြီးရှင်ဖြစ် ကျွန်တော်စစ်၊ ညစ်၍လှူခဲ့တယ်။*

*ကွမ်းဆေးလက်ဖက် ဆီစက်စက်၊ ဝက်နှင့်ကြက်သား ကျွေးခဲ့တယ်။*

*သည်ကိုပဲကို ကြွပါဆို၊ ဗျိုဗျာမစဲ ခေါ်ခဲ့တယ်။*

*ကျွန်တော့်အလှူ ကြွေးတွေပူ၊ ကူငွေကိုသာ မျှော်မိတယ်။*

*ကူငွေနှင့်သာ ငါလှူတာ၊ ထေမိပါမှ ကာတော့မယ်'*

ဆိုတဲ့ အမတ်ကြီးဦးပေါ်ဦးရေးခဲ့တဲ့ သံပေါက်လင်္ကာထဲကလို အလှူရှင်တွေ အများစုက ကုသိုလ်ရရေးထက် ဝမရှိဘဲ ဝိလုပ်ကြလုပ်လို့ ကြွေးပိကြမယ့်သူတွေက ခပ်များများပါ။

တစ်နှစ်ပတ်လုံး နွားနဲ့ကျွဲနဲ့ဖက်ရုန်းပြီး ရလာတဲ့ ငွေကလေးတွေကို အဆင်ခြင်မဲ့စွာ ပေးလှူပြီး ကုန်ခန်းမသွားရအောင် တတ်သိနားလည်တဲ့ လူကြီးသူမများ၊ နယ်ခံဆရာတော်များအနေနဲ့ တားမြစ်ပေးသင့်ပါတယ်။ 'အလှူလုပ်တာကို မလှူဖို့တားမြစ်ရင် ငရဲကြီးမှာပေါ့' လို့ တွေးမိကြပါလိမ့်မယ်။ မကြီးပါဘူး။ မပေးလှူစေချင်တဲ့ စိတ်ယုတ်မာနဲ့ တားမြစ်တာမဟုတ်ဘဲ ရေရှည်အကျိုးစီးပွားကြည့်ပြီး ကောင်းရာကောင်းကြောင်းအတွက် တားမြစ်တာမို့ ငရဲမကြီးပါဘူး။ သာကေအနေနဲ့ ထုတ်ပြပေးပါ့မယ်။

သာသနာတော်မှာ ရွှေကျင်နိကာယ ဒုတိယသာသနာပိုင် မန္တလေးမြို့

အဘယာရာမ ရွှေဂူဆရာတော်ကြီးရဲ့ညီအရင်း မောင်ဖိုးထင်နဲ့ နှမအရင်း မဖွားမယ်တို့ ကမွေးသော သားများရဲ့ ရှင်ပြုအလှူပွဲကို ကြွရောက်ဖို့ရန် ဗလုံရွာဘုန်းကြီးက အဘယာရာမ ဆရာတော်ဘုရားကြီးကို လာရောက်ပင့်ဖိတ်ပါတယ်။ ဒီအခါမှာ ဆရာတော်ဘုရားကြီးက 'ငါတို့ ခရီးထွက်နေလျှင် စာချပျက်မည်ဖြစ်၍ အလှူကိစ္စအတွက် မလာနိုင်။ ဖွားမယ် စီးပွားရေးချောင်သူဖြစ်၍ လှူသော်လည်း သူ့စေတနာကိုလည်း ထိခိုက်မည်မဟုတ်။ ဖိုးထင်မှာ ကြွေးယူ၍ လှူရမည်ဖြစ်၍ လှူလည်းပြီးရော သူ့စေတနာလည်းပျက် ဖြစ်မှာပဲ။ ဒါကြောင့် ဖွားမယ် လှူလိုက လှူစေ။ ဖိုးထင် မလှူစေနဲ့' လို့ တားမြစ်တော်မူခဲ့ပါတယ်။

သဒ္ဓါတရားကောင်းပေမဲ့ ပစ္စည်းဥစ္စာ အရမ်းချို့တဲ့ဆင်းရဲနေတဲ့ အိမ်များကို ဆွမ်းမခံရကြဖို့၊ အဲဒီအိမ်ကို ဆွမ်းမခံရတဲ့အိမ်အဖြစ် ရဟန်းတော်များက သိမ်ထဲမှာ စုရုံးကာ ကမ္မဝါဖတ်၍ သတ်မှတ်ကြဖို့ တတိယပါဠိဒေသ နိယသိက္ခာပုဒ်မှာ ရှင်တော်မြတ်ဘုရားက ဒကာဒကာမတွေရဲ့ ရှေ့ရေးကို မျှော်ကြည့်ပြီး ပညတ်တော်မူခဲ့ပါတယ်။ ရှင်းအောင်ပြောရရင် အဲလိုအိမ်ပေါက်မှာ ရဟန်းတော်များက သပိတ်ပိုက်ပြီး သွားမရပ်ကောင်းပါဘူး။ ကိုယ့်ဘာသာ သပိတ်ပိုက်ပြီး သူတို့အိမ်ရှေ့လမ်းက သွားနေတုန်း သူတို့က ထွက်ပင့်ရင်သာ ဆွမ်းခံကောင်းတာပါ။

တကယ်တော့ မြန်မာလူမျိုးအများစုဟာ သားကိုရှင်ပြုပေးချင်တာထက် ဂုဏ်တုဂုဏ်ပြိုင်ပြုလုပ်လိုတာ ကြွားချင် ဝါချင်တာက ခပ်များများပါ။ သားရှင်ပြုပေးရုံသက်သက်ဆိုရင် ရှိတာလည်းမကုန် ကြွေးလည်းမတင်ပါဘူး။ ဆိုင်းတွေ၊ ဗျောတွေ၊ ဆင်တွေ၊ မြင်းတွေ၊ အကျွေးအမွေး မဏ္ဍပ်ကြီးတွေဆောက်ပြီး အလှူပေးမှ ကိုရင်ဖြစ်တာ မဟုတ်ပါဘူး။ အဲဒါတွေပြုလုပ်ခြင်းအားဖြင့် ကုသိုလ်ပွဲအကြောင်းပြုပြီး အကုသိုလ်တိုးရုံသက်သက်ပဲ အကျိုးရှိပါတယ်။ တောရွာတွေမှာဆိုရင် ပိုဆိုးပါတယ်။ အလှူပွဲမှာ ကျွေးဖို့မွေးဖို့အတွက် ကြက်သတ်ရ၊ ဝက်သတ်ရ၊ နွားသတ်ရနဲ့ အကုသိုလ်တွေချည်းပါပဲ။ အကုသိုလ်တွေကို ငွေပေးဝယ်ယူလိုက်တာနဲ့ အတူတူပါပဲ။ ဒီလို အလှူပွဲမျိုးကို ဘုရားရှင်လည်း မကြိုက်နှစ်သက်ပါဘူး။

သားတော်ရာဟုလာမင်းသားလေး ကိုရင်ဝတ်တော့ ဘယ်ဆိုင်း၊ ဘယ်ဗျော၊ ဘယ်အကျွေးအမွေးမဏ္ဍပ်မှ မပါခဲ့သလို ဘယ်ဆင်ဘယ်မြင်းကိုမှလည်း မစီးခဲ့ပါဘူး။ ဘယ်ဘိသိက်မှ မကျင်းပသလို ဘယ်နတ်ကိုမှလည်း မပြခဲ့ပါဘူး။ အရှင်သာရိပုတ္တရာ မထေရ်မြတ်ရဲ့ညီတော် အရှင်ရေဝတ ကိုရင်ဝတ်တုန်းကလည်း ရာဟုလာမင်းသားနည်းတူပါပဲ။ ဘုန်းကြီးကျောင်းသွား ဆံချပြီး သင်္ကန်းဆီးလိုက်တာပါပဲ။ ရိုးရိုးရှင်းရှင်းလေးနဲ့ အချိန်မကုန် ငွေမကုန် လူမပန်းသလို အကုသိုလ်မဖက် ကုသိုလ်သက်သက်

သာရရှိစေတဲ့ ဗုဒ္ဓအလိုကျ ရှင်ပြုနည်းပါပဲ။

မိမိအသက် ဆယ်နှစ်အရွယ် ရောက်ရှိတဲ့အခါမှာ အဖေနဲ့အမေ ရှင်ပြုပွဲအတွက် တိုင်ပင်ဆွေးနွေးကြပါတယ်။ အမေကတော့ တောထုံးစံအတိုင်း ဆိုင်းတွေ၊ ဗျောတွေ၊ ဆင်တွေ၊ မြင်းတွေ၊ အကျွေးအမွေးမဏ္ဍပ်တွေနဲ့ ပြုလုပ်ချင်တာပါ။ အဖေကတော့ ဘုရားဟောတရားတော်များကို လေ့လာထားသူပီပီ အဲဒီအတိုင်းမလုပ်ဖို့ ကန့်ကွက်ပါတယ်။ အမေကလည်း မကျေနပ်သလို မိမိကလည်း မကျေနပ်ပါဘူး။ မိမိကတော့ အခြားကလေးတွေနည်းတူ ဆင်းစီးမြင်းစီးချင်တာ သက်သက်ကြောင့် မကျေနပ်တာပါ။ တစ်ရက်မှာ ငှက်ပျောငါးဖီး၊ အုန်းတစ်လုံး၊ ဆန်တစ်ပြည်နဲ့ ပြင်ဆင်ထားတဲ့ ကန်တော့ပွဲကို အမေကရွက်၊ အဖေကဆွမ်းချိုင့်ဆွဲလို့ သားမိသားဖ သုံးယောက် ဘုန်းကြီးကျောင်းသွားပြီး မိမိကို ကိုရင်ဝတ်ပေးခဲ့ပါတယ်။ မိမိကိုရင်ဝတ်မယ့်ကျောင်းက သိမ်ဆောက်နေတာမို့ သိမ်ဆောက်တဲ့ထဲကို အလှူအထိမ်းအမှတ်အဖြစ် တတ်နိုင်သလောက် ထည့်ဝင်လှူဒါန်းလိုက်ပါတယ်။ ကလေးဘဝတုန်းက အဖေ့ကို စိတ်ဆိုးခဲ့ပေမဲ့ စာပေကျမ်းဂန်များ သင်အံလေ့လာပြီးတဲ့ အခုအခါမှာတော့ အဖေ့ကို သိပ်ကျေးဇူးတင်မိပါတယ်။ မိမိလည်း အဲဒီကတည်းက တစ်ခါမှ လူမထွက်ဖြစ်ခဲ့ပါဘူး။ ကိုရင်ဝတ်ပြီး နောက်တစ်ရက်မှာ ဘုန်းတော်ကြီးက စစ်ကိုင်းက စာသင်တိုက်ကို ပို့ပေးလိုက်ပါတယ်။

၁။ ထကြွလုံ့လပြု၍ တရားသဖြင့်ရသော စည်းစိမ်ဥစ္စာတို့ဖြင့် မိမိနှင့်တကွ မိဘ သားမယား ကျေးကျွန်အလုပ်သမားတို့ကို ချမ်းသာပြည့်ဖြိုးစေရန်။
၂။ မိတ်ဆွေ လုပ်ဖော်ကိုင်ဖက်တို့ကို ချမ်းသာပြည့်ဖြိုးစေရန်။
၃။ မီး၊ ရေ၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်အပ်သော အမွေခံ သားဆိုးသမီးဆိုး ဟူသော ဘေးရန်ငါးပါး ဖြစ်ပေါ်လာသည့်အခါ မိမိကိုယ်ကို ကာကွယ်စောင့်ရှောက်ရန်။
၄။ ဆွေမျိုးတို့အားပေးကမ်းထောက်ပံ့ခြင်း 'ဉာတိဗလိ'၊ ဧည့်သည်တို့အား ကျွေးမွေးခြင်း 'အတိထိဗလိ'၊ ကွယ်လွန်သွားသော ဆွေမျိုးတို့အတွက် ပေးလှူခြင်း 'ပုဗ္ဗပေတဗလိ'၊ မင်းအားအခွန်ဆက်ခြင်း 'ရာဇဗလိ'၊ နတ်တို့အား တင်မြှောက်ပူဇော်ခြင်း 'ဒေဝတာဗလိ' ဟူသော ပူဇော်ခြင်းငါးပါးကို ပြုလုပ်နိုင်ရန်။
၅။ ရဟန်း၊ ပုဏ္ဏားတို့အား မြတ်သောအလှူပေးလှူစေနိုင်ရန်ဆိုတဲ့ ရည်ရွယ်ချက်ငါးမျိုးနဲ့ စည်းစိမ်ဥစ္စာတို့ကို ရယူရမယ်။


ရယူပြီးတဲ့ စည်းစိမ်ဥစ္စာတွေကို ဒီငါးမျိုးအတွက် သုံးစွဲရမယ်လို့ ရှင်တော်

မြတ်ဘုရားက အင်္ဂုတ္တိုရ်ပါဠိတော် အာဒိသုတ်တော်မှာ ဟောကြားတော်မူခဲ့ပါတယ်။ ဒါကြောင့် တစ်နှစ်တာပတ်လုံး ခါးချည့်အောင် ရှာဖွေထားရတဲ့ ပစ္စည်းဥစ္စာတွေကို ရက်ပိုင်းအတွင်း မလိုအပ်ဘဲ အချည်းနှီး သုံးဖြုန်းမပစ်သင့်ပါဘူး။

ဂုဏ်တုဂုဏ်ပြိုင်လုပ်ချင် ကြွားချင်ဝါချင်တာကြောင့် 'ဝ'မရှိဘဲ 'ဝိ'လုပ်ပြီး ဆိုင်းတွေဗျောတွေ၊ ဆင်တွေမြင်းတွေ၊ အကျွေးအမွေးမဏ္ဍပ်ကြီးတွေနဲ့ အလှူ လုပ်လို့လည်း ကုသိုလ်က ပိုမရပါဘူး။ ကုသိုလ် ပိုမရတဲ့အပြင် အကုသိုလ်ကိုပါ တိုးစေသလို အကြွေးပိပြီး မွဲသထက်မွဲသွားစေရုံအပြင် ဘာအကျိုးမှ မရှိပါဘူး။ ရှေ့ရေးကို မျှော်တွေးပြီး စနစ်တကျ အလှူပေးတတ်ဖို့လိုပါတယ်။

✪✪✪✪✪

# မျိုးစောင့်ဥပဒေပြဋ္ဌာန်းလိုမှုအား ဝေဖန်သုံးသပ်ခြင်း



ဘုန်းတော်ကြီးတွေအနေနဲ့ သံဃာ့အဖွဲ့အစည်းကို ဦးစွာပထမ ပြုပြင်ပြီးကာမှ လူ့အဖွဲ့အစည်းကို ပြုပြင်သင့်ပါတယ်။ သံဃာ့အဖွဲ့အစည်းကို အရင်မပြုပြင်ဘဲ လူ့အဖွဲ့အစည်းကိုသွားပြီး အလျှင်လိုစွာ ပြုပြင်ခြင်းကြောင့် အခုအခါမှာ အရှုပ်ဆိုး အကျည်းတန်စရာတွေ အကြောင်းတွေ များလာတာကို မြင်တွေ့နေရပါပြီ အမြဲတစေ စည်းလုံးညီညွတ်လာကြတဲ့ သံဃာထုအတွင်းမှာတောင်မှ အကြောင်းရာတွေ ပေါ်လာနေပါပြီ

## မျိုးစောင့်ဥပဒေပြဋ္ဌာန်းလိုမှုအား ဝေဖန်သုံးသပ်ခြင်း

မပြောဝံ့ဝံ့ ပြောဝံ့ဝံ့နဲ့ သာသနာ့ထိပ်ခေါင်တင် အကျော်အမော်ဆရာတော်ဘုရားကြီးတွေနဲ့ ရဟန်းတော်များပါဝင် ဖွဲ့စည်းထားတဲ့ အမျိုးဘာသာသာသာသနာတော်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ရဲ့ မျိုးစောင့်ဥပဒေပြဋ္ဌာန်းရေးကိစ္စနဲ့ ပတ်သက်ပြီးကိုယ့်ရဲ့ထင်မြင်ယူဆချက်လေးတွေနဲ့ အကြံပြုချင်တာလေးတွေကို ပြောပြချင်ပါတယ်။ လူတိုင်းက ဒီထင်မြင်ယူဆချက်တွေကို အကြံပြုချက်တွေကို လက်ခံချင်မှ လက်ခံပါလိမ့်မယ်။ လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ အယူအဆတစ်ခုကို ချပြတဲ့အနေနဲ့ ပြောပြရခြင်းဖြစ်ပါတယ်။

အမျိုးဘာသာ သာသနာတော် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့လို့ခေါ်တဲ့ 'မဘသ'မှ ထိပ်သီးတာဝန်ရှိသူများဟာ မျိုးစောင့်ဥပဒေပြဋ္ဌာန်းဖို့ ကြေညာချက်မထုတ်ခင်မှာ နိုင်ငံရေးပါတီခေါင်းဆောင်များနဲ့ တပ်မတော်ကိုပါ ဖိတ်ကြားပြီး တံခါးပိတ်အစည်း အဝေးကျင်းပ၍ အကျေအလည် ဆွေးနွေးပြီးကာမှ ကြေညာချက်ထုတ်သင့်ပါတယ်။ ဒါပေမဲ့ မဘသအဖွဲ့ဟာ ဘုန်းကြီးတွေ အကုန်ပါရင်ရတယ်၊ လူထုကို တို့တစ်တွေ စည်းရုံးနိုင်တယ်ဆိုတဲ့ သဘောမျိုးနဲ့ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး တပ်မတော်တို့နဲ့ နိုင်ငံရေးပါတီများကို ဦးစွာတိုင်ပင်ဆွေးနွေးခြင်းမရှိဘဲ ဘုန်းကြီးတွေပဲ ဆွေးနွေး ပြောဆိုပြီးလုပ်သွားတာဟာ မဘသအဖွဲ့ ချို့ယွင်းချက်တစ်ခုဖြစ်တယ်လို့ ထင်မြင်မိပါတယ်။ ပြောခဲ့တဲ့ အဖွဲ့အစည်းတွေနဲ့သာ အကျေအလည်ဆွေးနွေးပြီးမှ ပြဋ္ဌာန်းရေးကိစ္စကို လုပ်ဆောင်မယ်ဆိုရင် ဘုန်းကြီးတွေနဲ့ နိုင်ငံရေးပါတီများ၊ ဘုန်းကြီးတွေနဲ့ ဒကာဒကာမများ၊ ဘုန်းကြီးအချင်းချင်း အငြင်းပွားစရာ စိတ်ဝမ်းကွဲစရာ မလိုတော့ဘူးလို့ ထင်မြင်မိပါတယ်။

နောက်တစ်ခုက မျိုးစောင့်ဥပဒေပြဌာန်းရေးဟာ အုန်းအုန်းကျွက်ကျွက် မလုပ်သင့်တဲ့ ကိစ္စတစ်ခုဖြစ်ပါတယ်။ အုန်းအုန်းကျွက်ကျွက် မလုပ်သင့်တာကို အုန်းအုန်းကျွက်ကျွက် လုပ်ခြင်းဟာ သိပ်ကိုမှားပါတယ်။ ဒီလိုလုပ်လိုက်တဲ့အတွက် နိုင်ငံတကာက အမြင်စောင်းစရာတွေ ဖြစ်လာပါတယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆိုရင် နိုင်ငံတကာရဲ့ ကြည်ဖြူမှုရမှုဖြစ်မယ်ဆိုတာလည်း မမေ့သင့်ပါဘူး။

မြန်မာနိုင်ငံအနေနဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး နည်းပညာစသဖြင့် အဘက်ဘက်က ချွတ်ခြုံကျနေတာမို့ နိုင်ငံတကာက ပြိုင်ငင်စရာဖြစ်စေမယ့် အပြုအမူတွေကို တတ်နိုင်သမျှရှောင်ကြဥ်ရမှာပါ။ ဒါမှသာလျှင် မိမိတို့နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လိုအပ်တဲ့အကူအညီတွေကို နိုင်ငံတကာဆီကနေ ရရှိနိုင်မှာ ဖြစ်ပါတယ်။ လိုအပ်တဲ့အကူအညီတွေ နိုင်ငံတကာဆီမှ ရရှိမှသာလျှင် မိမိတို့နိုင်ငံတော်ကြီးဟာ ဖွံ့ဖြိုးတိုးတက်နိုင်မှာဖြစ်ပါတယ်။ ဘုန်းကြီးတွေအနေနဲ့ ဒါကိုလည်း နားလည်သင့်ပါတယ်။

ဥပမာအားဖြင့် YMBA လို အသင်းအဖွဲ့ကို အသက်ပြန်သွင်းပြီး ဘုန်းကြီးတွေက နောက်ကွယ်ကနေ ကြိုးကိုင်လှုပ်ရှားရမှာကို ရှေ့ထွက်ပြီး ရပ်လုံးပြလိုက်တာဟာလည်း ချို့ယွင်းချက်လို့ ထင်မြင်မိပါတယ်။ ဘုန်းကြီးတွေအနေနဲ့ YMBA ကို စနစ်တကျ ပြန်လည်ဖွဲ့စည်းကာ အသက်သွင်း၍ပဲဖြစ်ဖြစ်၊ အဆိုပါအသင်းကြီးကဲ့သို့သော အသင်းမျိုးဖြစ်ပေါ်လာအောင် လုပ်ဆောင်၍ပဲဖြစ်ဖြစ် မိမိတို့ဆန္ဒကို အကောင်အထည်ဖော်ကြမယ်ဆိုရင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နဲ့ ထိပ်တိုက်တွေ့မှာကိုလည်း တွေးပူနေစရာမလိုတော့သလို အက်ကြောင်းတွေဖြစ်ပေါ်လာမှာကိုလည်း စိုးရိမ်ပူပန်နေဖို့ မလိုတော့ပါဘူး။ မြန်မာနိုင်ငံအတွင်း၌ ဂိုဏ်းကြီးကိုးဂိုဏ်းမှအပ ကျန်သံဃာ့အဖွဲ့အစည်းအသစ်များ ထပ်မံမဖွဲ့စည်းရဆိုတဲ့ ဥပဒေပုဒ်မနဲ့လည်း ငြိစွန်းနေစရာအကြောင်း မရှိတော့ပါဘူး။

နောက်ပြီးတော့ မဘသအဖွဲ့ကြီးမှ ထိပ်ပိုင်းခေါင်းဆောင်တချို့ဟာ လူမှုကွန်ရက်များဖြစ်ကြတဲ့ Facebook မှာပဲဖြစ်ဖြစ်၊ အခြားလူမှုကွန်ရက်များမှာပဲဖြစ်ဖြစ် မျိုးစောင့်ဥပဒေကို သဘောမတူသူတွေရဲ့ ဝေဖန်ပြစ်တင် ဆဲဆိုမှုတွေကို သည်းခံပြီး စိတ်အေးအေးထားကာ လုပ်ငန်းစဉ်တွေကို ရှင်းပြရမယ့်အစား ဆတ်ဆတ်ထိ မခံမျိုးချစ်စိတ်ဓာတ် မရှိတဲ့သူတွေ၊ မျိုးမစောင့်တဲ့သူတွေ စသဖြင့် စကားလုံးကြမ်းကြမ်းတွေနဲ့ တုံ့ပြန်နေတာတွေဟာလည်း မှားယွင်းမှုတစ်ခုလို့ မြင်မိပါတယ်။

ဖြစ်သင့်တာက ကိုယ့်လုပ်ငန်းစဉ်ကို စနစ်တကျရှင်းပြပေးပြီး တစ်ဖက်သား နားလည်လက်ခံချင်လာအောင် ပြောဆိုရမှာပါ။ သေချာရှင်းပြရဲ့နဲ့ လက်မခံဘူး

ဆိုရင်လည်း ဥပေက္ခာ ပြုထားလိုက်ရမှာပါ။ ရဟန်းတော်တွေဖြစ်တာကြောင့် စကားလုံးကြမ်းကြမ်းတွေနဲ့ မတုံ့ပြန်သင့်ပါဘူး။ အဲဒီလိုတုံ့ပြန်မှုတွေကြောင့် ကြားနေပုဂ္ဂိုလ်အချို့တောင် ဘုန်းကြီးတွေကို စိတ်ပျက်သွားတာတွေ ရှိပါတယ်။

အောင်ဆန်းတောရ တပ်ဦးမှာကျင်းပတဲ့ ပထမအကြိမ်အစည်းအဝေးကြီးမှာ မဘသအဖွဲ့ကြီးရဲ့ အတွင်းရေးမှူးဖြစ်တဲ့ မော်လမြိုင်မြစေတီဆရာတော်က မျိုးစောင့်ဥပဒေကို လွှတ်တော်ကို ပြဋ္ဌာန်းတဲ့အခါမှာ သဘောမတူတဲ့အမတ်ကို မဲမပေးအောင် စည်းရုံးမယ်လို့ ခြိမ်းခြောက်ခဲ့တာဟာလည်း မှားယွင်းချက်တစ်ခုလို့ ထင်မြင်မိပါတယ်။ လုပ်တာမလုပ်တာနောက်ထား ရဟန်းတော်တစ်ပါးအနေနဲ့ ခြိမ်းခြောက်တဲ့စကားကို တရားဝင် ထုတ်မပြောသင့်တာကတော့ သေချာပါတယ်။ ဘယ်သူဖြစ်နေနေ မိမိကို သူတစ်ပါးက ခြိမ်းလားခြောက်လား လာလုပ်တာကို မကြိုက်နှစ်သက်ကြပါဘူး။ လူတိုင်းမှာ မခံချင်စိတ်တို့ မာနတို့ရှိကြပါတယ်။

သံဃာ့အဖွဲ့အစည်းကြီးဟာ အောက်ခြေကနေ ခေါင်အထိ ပျက်စီးချင်တိုင်း ပျက်စီးနေတာတွေ အများကြီးပါ။ လူပုဂ္ဂိုလ်တွေ မသိမမြင်ဘဲရဟန်းတော်ချင်းသာ သိမြင်တဲ့ ပျက်စီးမှုတွေလည်း ရှိနေပါတယ်။ ထင်ရှားတဲ့ ပြုပြင်စရာတွေကတော့ ရဟန်းတုရဟန်းယောင်တွေ ပေါများလာတာ၊ လက်ဖက်ရည်ဆိုင် ဈေးကားဂိတ် ရထားဘူတာ ကားပေါ် ရထားပေါ်တို့ကို သင်္ကန်းဝတ်အများအပြား အရက်ခိုးတွေဝေ့နေတဲ့ မျက်နှာတွေနဲ့ ဓားပြတိုက်သလိုပိုက်ဆံအလှူခံနေတာ၊ မလှူရင်ဘဲဖြစ်ဖြစ် လှူတာနည်းရင်ပဲဖြစ်ဖြစ် ညစ်ညမ်းစွာဆဲဆိုကြိမ်းမောင်းသွားတာ၊ ဘောလုံးပွဲဒိုင်ချဲဒိုင်ခံတာ၊ လူမြင်ကွင်း လက်ဖက်ရည်ဆိုင်တွေမှာ နေ့လွဲညစာတွေ ထိုင်စားတာ၊ အရက်သေစာ သောက်စားနေကြတာ၊ နယ်စပ်မှ သယ်ဆောင်လာတဲ့ ကားမှောင်ခိုးသမားတွေဆီက ခေါက်ကြေးပိုက်ဆံရယူပြီး မှောင်ခိုကားတွေ သယ်ပေးနေကြတာတွေ ဖြစ်ပါတယ်။

ဘုန်းတော်ကြီးတွေအနေနဲ့ သံဃာ့အဖွဲ့အစည်းကို ဦးစွာပထမ ပြုပြင်ပြီးကာမှ လူ့အဖွဲ့အစည်းကို ပြုပြင်သင့်ပါတယ်။ သံဃာ့အဖွဲ့အစည်းကို အရင်မပြုပြင်ဘဲ လူ့အဖွဲ့အစည်းကိုသွားပြီး အလျှင်လိုစွာ ပြုပြင်ခြင်းကြောင့် အခုအခါမှာ အရုပ်ဆိုးအကျည်းတန်စရာတွေ အက်ကြောင်းတွေ များလာတာကို မြင်တွေ့နေရပါပြီ။ အမြဲတစေ စည်းလုံးညီညွတ်လာကြတဲ့ သံဃာထုအတွင်းမှာတောင်မှ အက်ကြောင်းရာတွေ ပေါ်လာနေပါပြီ။ အထူးသဖြင့် မဘသအဖွဲ့ကြီးမှ ထိပ်သီးတာဝန်ရှိသူအချို့ ပါတီနိုင်ငံရေးကို တရားဝင်စွက်ဖက်တဲ့ ပြင်းပြင်းထန်ထန် စကားလုံးတွေကြောင့် အက်ကြောင်းရာတွေက ပိုမိုကြီးမားလာပါတယ်။ ဘုန်းတော်ကြီးတွေအနေနဲ့ မြေပါ

လည်းဆုံး၊ သားလည်းဆုံး အဖြစ်မျိုးမရောက်အောင် ခေါင်းအေးအေးနဲ့ စဉ်းစား ဆင်ခြင်ကြဖို့ လိုပါတယ်။

နိုင်ငံတိုင်းဟာ မိမိတို့နိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားကို ရှေ့တန်းတင်ကြ တာ မှန်ပါတယ်။ မိမိတို့နိုင်ငံအနေနဲ့လည်း မိမိတို့အမျိုးသားအကျိုးစီးပွားကို ရှေ့တန်းတင်ကြရမှာပါပဲ။ ဒါပေမဲ့ အခြေအနေ အချိန်အခါကိုတော့ နားလည်သဘော ပေါက်ဖို့ လိုပါတယ်။ နိုင်ငံတကာကို လက်ဖြန့်ခံတောင်းနေရတဲ့ မိမိတို့နိုင်ငံအနေနဲ့ အမျိုးသားအကျိုးစီးပွားကို ရှေ့တန်းတင်ရာမှာ နိုင်ငံတကာက မျက်စိစပါးမွေးစူးမနေ ဖို့ လိုအပ်ပါတယ်။ ပိကျိပိကျိ အော်ရမယ့်အချိန်မှာ ကတော်ကတော် အော်ရင် ရိုက်သတ်ခံရတတ်တယ်ဆိုတာ ဘုန်းတော်ကြီးတွေလည်း အသိဖြစ်ပါတယ်။ နိုင်ငံ တကာရဲ့အကူအညီကို လက်ဖြန့်ခံနေရတဲ့ မိမိတို့နိုင်ငံအနေနဲ့၊ ဘာသာခြားနိုင်ငံများမှာ လူဦးရေသိန်းဂဏန်းအထိ အလုပ်သွားလုပ်နေရတဲ့ မိမိတို့နိုင်ငံအနေနဲ့ ကတော် ကတော်အော်ဖို့ အချိန်မကျသေးပါဘူး။

လွန်ခဲ့တဲ့ ၅ နှစ်လောက်က တရုတ်နိုင်ငံ Xian Jiang မှာ Uhier တရုတ် လူမျိုး မွတ်ဆလင်တွေရဲ့ ထကြွမှုကို တရုတ်အစိုးရက စစ်ဆင်ရေးပုံစံလုပ်ပြီး အပြတ်အသတ်နှိပ်ကွပ်ခဲ့တာကို ဘယ်မွတ်ဆလင်နိုင်ငံကမှ အသံမထွက်ခဲ့ပါဘူး။ မွတ်ဆလင်နိုင်ငံတွေထဲမှာ သဘောထားတင်းမာလှတဲ့ Iran လည်း တရုတ်ဆီက အကြွေးမကင်း၊ ပါကစ္စတန်နိုင်ငံဆိုလည်း အကြွေးမကင်းတာကြောင့် တုတ်တုတ်မျှ မလှုပ်ဝံ့ပါဘူး။ တရုတ်နိုင်ငံဟာ နိုင်ငံရေးမှာ တစ်ပါတီတည်းအာဏာရှင်ဆန်ဆန် အုပ်ချုပ်ပေမဲ့ နိုင်ငံနဲ့လူမျိုးကို ဖွံ့ဖြိုးတိုးတက်ပြီး အင်အားတောင့်တင်းအောင် လုပ်ချင် တဲ့စိတ်ရှိပြီး နိုင်ငံကို အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်ပြီး အင်အားတောင့်တင်းတဲ့ Super Power အဖြစ် ရပ်တည်လာနိုင်တော့ ဘယ်အင်အားကြီးနိုင်ငံကမှ လူ့အခွင့် အရေး ဆိုတာကြီးနဲ့ မဖိနှိပ်ဝံ့ပါဘူး။

အကယ်၍ အခုနေအခါမှာ မြန်မာနိုင်ငံသာ တရုတ်နိုင်ငံလို အမျိုးသားရေး အကျိုးစီးပွားကို ပြောင်ရှေ့တန်းတင်လိုက်မယ်ဆိုရင် နိုင်ငံတစ်စစီ ဖြစ်သွားနိုင်ပါ တယ်။ ဘုန်းတော်ကြီးတွေအနေနဲ့ အခြေအနေအချိန်အခါကို နားလည်ပြီး ဘယ်လို လုပ်သင့်တယ်ဆိုတာကို စဉ်းစားကြဖို့ ကောင်းပါတယ်။

ပြီးတော့ ဘာသာခြား၊ လူမျိုးခြားကို လက်ထပ်ရယူကြတာဟာ အချစ် ကြောင့်၊ ဖြားယောင်းသွေးဆောင်မှုကြောင့်ဆိုတာတွေထက် အစာအိမ်ကြောင့် လက်ထပ် ကြရတာတွေက များပါတယ်။ ရှင်းအောင်ပြောရရင် ဘာသာခြား၊ လူမျိုးခြားနဲ့ အိမ် ထောင်ပြုလိုက်ရင် စားဝတ်နေရေးလေး အဆင်ပြေလိမ့်နိုးနိုးနဲ့ လက်ထပ်ရယူကြတာ

ပါ။ စားဝတ်နေရေး အဆင်ပြေအောင် ဖြေရှင်းမပေးနိုင်ရင် မျိုးစောင့်ဥပဒေကလည်း ဒီရောဂါဆိုးကြီးကို ကုစားနိုင်မှာမဟုတ်ပါဘူး။ မူးယစ်ဆေးဝါး မရောင်းဝယ်ရလို့ ထိန်းချုပ်ထားပေမဲ့ စားဝတ်နေရေးအတွက်ကြောင့် ကူးသန်းရောင်းဝယ်နေကြတာ တွေကို ကြည့်ခြင်းအားဖြင့် သိသာထင်ရှားပါတယ်။

ငတ်မွတ်နေတဲ့ လူတစ်ယောက်က ဘာကိုမဆို ပြုလုပ်ရဲပါတယ်။ ဘယ် ဥပဒေကိုမဆို ချိုးဖောက်ရဲပါတယ်။ အကယ်၍ မျိုးစောင့်ဥပဒေကိုလွှတ်တော်က ပြဋ္ဌာန်းလိုက်ရင်တောင် စားဝတ်နေရေးက အဆင်မပြေဘူးဆိုရင် ဒီပြဿနာက ဆက်ရှိနေဦးမှာပါပဲ။ အဲဒီအခါကျရင် ဗုဒ္ဓဘာသာကိုစွန့်လွှတ်သူတွေ ပိုများလာနိုင်ဖွယ် ရှိပါတယ်။ တရားဝင်မယူရရင် တရားမဝင်ယူကြမှာမို့ ဗုဒ္ဓဘာသာမြန်မာမိန်းကလေး အများစု ဘာသာခြားလူမျိုးခြားရဲ့ တရားမဝင် ပျော်တော်ဆက်မယားဘဝကို ရောက် သွားနိုင်ဖွယ်ရှိပါတယ်။ စားဝတ်နေရေးကြောင့်ဖြစ်လာတဲ့ ပြဿနာတွေမို့ စားဝတ် နေရေး အဆင်ပြေအောင် ပြုလုပ်ပေးခြင်းသည်သာလျှင် အကောင်းဆုံးဖြေရှင်းနည်း လို့ ထင်မြင်မိပါတယ်။

မိမိတို့နိုင်ငံဟာ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်ဖို့အတွက် နိုင်ငံတကာရဲ့ အကူအညီကိုရယူနေရတဲ့ အခြေအနေအချိန်အခါမှာ နိုင်ငံတကာရဲ့ ပြစ်တင်ရှုတ်ချမှုကိုခံရနိုင် တဲ့ ဒီဥပဒေကို အစိုးရနဲ့လွှတ်တော်တို့က သဘောကျရင်တောင်မှ အတည်ပြုပေးဖို့က ခက်ခဲပါတယ်။ ဒါကို ဘုန်းကြီးအုပ်စုက ပြင်းပြင်းထန်ထန်ထပ်ပြီး ဖိအားပေးမယ် ဆိုရင်တော့ ရလဒ်တွေက မတွေးဝံ့စရာပါပဲ။ ဒါကြောင့် ဘုန်းတော်ကြီးတွေအနေနဲ့ ပြည်တွင်းပြည်ပမှ ကျွမ်းကျင်ပညာရှင်များနဲ့ တိုင်ပင်ညှိနှိုင်းကာ ရှုပ်လည်းရှုပ်ထွေးလှသော၊ ပြဿနာလည်းစုံလှသော အခြေအနေကို ဖော်ဆောင်သင့်တယ်လို့ ထင်မြင်မိပါတယ်။


***The Voice Daily***

***Vol.1, No.282***

***Monday, March 3, 2014***

✪✪✪✪✪

ရင်လေးဖွယ်ရာ အနာဂတ်သာသနာ



ပါရာဇိကကျတဲ့ ရဟန်းဟာ
ဒီဘဝမှာ ဘုရားအမှူးရှိသော ရဟန္တာအပါးတစ်သောင်းနဲ့
သိမ်ထဲမှာ ကမ္မဝါဖတ်ရင်တောင်မှ
သူဟာ ရဟန်းမဖြစ်နိုင်တော့ပါဘူး။ ပါရာဇိက အာပတ်သင့်တာကို
ရဟန်းတွေက ပါရာဇိကကျတယ်လို့ ခေါ်ဝေါ်သုံးစွဲကြ ပါတယ်
အချို့ သောခေတ်ရဟန်းငယ်တွေကတော့ "ဇိသွားပြီ" လို့ ပြောကြပါတယ်

## ရင်လေးဖွယ်ရာ အနာဂတ်သာသနာ

တစ်နေ့က 'ဘဂဝါယူနိုက်တက်စ်အက်ဖ်စီ' လို့ နာမည်တပ်ထားတဲ့ အီးလ်မေးလ်တစ်စောင် ဦးပဉ္စင်းဆီရောက်လာပါတယ်။ ဖွင့်ကြည့်လိုက်တော့ မြန်မာနိုင်ငံအနှံ့အပြားက ရဟန်းငယ်လေးတွေ ကြိုးစားပမ်းစား ဘောလုံးကန်နေကြတာကို ရိုက်ထားတဲ့ပုံတွေပါ။ ရေးထားတဲ့ စာကတော့ 'ဒီပုံတွေကိုတပည့်တော်ရိုက်ကူးထားတာ မဟုတ်ပါဘူး။ မြန်မာနိုင်ငံကို အလည်အပတ်လာရောက်ကြတဲ့နိုင်ငံခြားသားများမှ ရိုက်ကူးပြီး အင်တာနက်မှာ တင်ပေးထားကြတာတွေ့လို့ ကူးယူပြီးတော့ အရှင်ဘုရားဆီကို ပို့လိုက်တာပါ။ ဓာတ်ပုံတွေနဲ့အတူ ရေးတင်ထားတဲ့စာသားများကို ဖတ်ရှုလိုက်ရတဲ့ ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ ဝမ်းနည်းကြေကွဲရပါတယ်။ တာဝန်ရှိ ဘုန်းကြီးတွေက ကိုယ့်တပည့်တွေကို မဆုံးမကြတာလား၊ ဆုံးမပါရဲ့နဲ့ မလိုက်နာကြတာလားဆိုတာ သိချင်ပါတယ်။ ဘောလုံးကန်တာဟာ ဝိနည်းတော်နဲ့ ညီ မညီဆိုတာလည်း သိချင်ပါတယ်။' ဆိုပြီးရေးသားထားပါတယ်။

တစ်လောတုန်းကလည်း မန္တလေးဆေးရုံကြီးမှာ တာဝန်ထမ်းဆောင်နေတဲ့ တပည့်ဆရာဝန်လေး တစ်ဦးက 'မန္တလေးဆေးရုံကြီး သံဃာတော်ဆောင်ကို အရက်မူးပြီးတော့ လူနာသတင်းလာမေးကြတဲ့ ဦးပဉ္စင်းတွေ၊ အရက်မူးပြီး ဆရာဝန်တွေ သူနာပြုတွေကို မိုက်မိုက်ရိုင်းရိုင်းပြောဆိုကြတဲ့ လူနာစောင့် ဦးပဉ္စင်းတွေ တစ်လတစ်လ မနည်းဘူး။ သံဃာတော်ဆောင်ဘက်ကို တာဝန်ကျမှာကို သေမလောက်ကြောက်နေရတယ်' ဆိုပြီး ဖုန်းဆက်ပြောပါတယ်။

မြောက်ဒဂုံမြို့နယ်မှာနေတဲ့ ဒကာမတစ်ဦးကလည်း မိမိကိုဆေးပစ္စည်းများ လာရောက်လှူဒါန်းရင်း–

'တပည့်တော် မြောက်ဒဂုံမနေခင် အရင်နေခဲ့တဲ့ မြို့နယ်မှာတုန်းက တစ်နေ့ တစ်နေ့ နေကုန်အားနေတာနဲ့ ယောက်မလေးတွေနဲ့ အပျင်းပြေ အသုပ်စုံဆိုင် ဖွင့် ရောင်းတယ်။ တပည့်တော်တို့အိမ်နားမှာက ဘုန်းကြီးကျောင်းတွေ အများကြီးရှိ တယ်။ တချို့ဦးပဉ္ဇင်းတွေက အရက်ပုလင်းတွေ၊ ဘီယာပုလင်းတွေ ဝယ်လာပြီး တပည့်တော်တို့ဆိုင်က အသုပ်မှာပြီးတော့ ဆိုင်ထဲမှာသောက်ကြတယ်။ ပြောလည်း မပြောရဲ၊ ကိုယ်ပါအကုသိုလ်ဖြစ်မှာ ကြောက်တာနဲ့ ဆိုင်ကိုပိတ်ပစ်လိုက်ရတယ်။ တပည့်တော့်အမျိုးသားကဆိုရင် ဆွမ်းလောင်းချင်ရင် အမေ့အိမ်ဘက်သွားလောင်း။ အိမ်မှာ မလောင်းနဲ့။ ဘုန်းကြီးတွေကလည်း ယုံရတော့တာ မဟုတ်ဘူး။ အနုကြမ်း စီးခံနေရဦးမယ်ဆိုပြီး ပြောထားတော့ ဆွမ်းလောင်းချင်ရင်တောင် ယောက္ခမအိမ်ဘက် သွားလောင်းရတယ်' လို့ ပြောပြသွားပါတယ်။

မန္တလေးက အင်ဂျင်နီယာလေး တစ်ဦးကတော့-

'တပည့်တော်ကတော့ ဘုန်းကြီးတွေ ညစာစားတာ နားလည်ခွင့်လွှတ် ပေးလို့ ရပါတယ်။ တပည့်တော်လည်း မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ **ဘုရားဥပဒေ တော်ကြီးကျမ်း** ဖတ်ထားတော့ အပြစ်အတိမ်အနက်ကို သိနားလည်ပါတယ်။ ဒါပေမဲ့ ဘုရား ကိုယ့်ကျောင်းမှာပဲ သိုသိုသိပ်သိပ်လေး စားသင့်ပါတယ်။ အခုဟာ လွန်ကို လွန်တယ်ဘုရား။ ညနေ ခုနစ်နာရီလောက်ဆိုရင် လက်ဖက်ရည်ဆိုင်တွေမှာ ဘုန်းကြီး တွေချည်းပဲ။ လူမြင်ကွင်းကြီးမှာ နန်းကြီးသုပ်၊ ထမင်းကြော်၊ ထမင်းဆီဆမ်းတွေကို ပလုတ်ပလောင်း အားပါးတရစားနေကြတာ။ ဆိုင်ထဲလူတွေ ဝင်လာလို့လည်း ရှက် သွားတဲ့ အမူအရာလေးတောင် မရှိဘူး။

'တပည့်တော် သူငယ်ချင်းတွေထဲမှာက ဘာသာခြားတွေလည်း ပါနေတော့ အရမ်းအရှက်ရတယ်။ သူတို့က ဘာမှမပြောပေမဲ့ သူတို့မျက်လုံး ကြည့်လိုက်ရင် ကိုယ့်ဘုန်းကြီးတွေကို ဘယ်လိုမြင်နေတယ်ဆိုတာ သိနေရတယ်။ သူများဘာသာက ဘုန်းကြီးတွေက လူမြင်ကွင်းမှာ ဘာမှ ကိုးရိုးကားရားလုပ်တာ မတွေ့ရဘူး။' ဆိုပြီး ညည်းညည်းညူညူနဲ့ ပြောပြပါတယ်။

မိမိအပေါ်မှာ လွန်စွာကျေးဇူးကြီးမားတော်မူတဲ့ ဝါတော်ခြောက်ဆယ်ကျော် မထေရ်ကြီးတစ်ပါးကို ပြီးခဲ့တဲ့အပတ်ထဲက သွားရောက်ကန်တော့ပါတယ်။ ဆရာ တော်ကြီးက ခန်းနေဦးပဉ္ဇင်းနှစ်ပါး၊ ကပ္ပိယတစ်ဦးနဲ့အတူ နေတာပါ။ မိမိနဲ့ ပဋိသန္ထာရ စကားပြောရင်း-

'အရင်လက ငါ့ကျောင်းကို တောင်ကိုးရီးယားနိုင်ငံက မဟာယာန ဘုန်း ကြီးတစ်ပါး ဒုလ္လဘရဟန်း လာဝတ်တယ်။ သူက အခါတိုင်းတော့ ချမ်းမြေ့ရိပ်သာမှာ

ဝတ်တယ်လို့ပြောတယ်။ အခုကတော့ မြန်မာနိုင်ငံကဘုန်းကြီးတွေ ဘယ်လိုနေသလဲ ထိုင်သလဲဆိုတာ သိချင်လို့ အပြင်ကျောင်းမှာ ဝတ်ချင်တယ်ပြောလို့ စကားပြန်က ငါ့ကျောင်း ခေါ်လာတာ။ ခုနစ်ရက် ဝတ်သွားတယ်။ ခုနစ်ရက်လုံးလည်း ဆွမ်းခံထွက်တယ်။ ဘေးကျောင်းတွေမှာလည်း သူက ဝင်ထွက်ပြီးလေ့လာတယ်။

'သိက္ခာချပြီး ပြန်မယ့်နေ့ကတော့ ငါ့ကိုကန်တော့ပြီး ဘုန်းကြီးတွေအများစုက အတော်ဆိုးတာပဲ။ ဘုရားတောင် တစ်နေ့တစ်ခါ မရှိခိုးကြဘူး။ စားလိုက်အိပ်လိုက်၊ တီဗွီကြည့်လိုက်၊ ဘောပွဲလောင်းလိုက်နဲ့ အချိန်ကုန်နေတာကို တွေ့ရတယ်။ မဟာယာနဘုန်းကြီးတွေထက်တောင် ထေရဝါဒဘုန်းကြီးတွေက ဆိုးနေတာ တွေ့ရတယ်။ အရှင်ဘုရားနဲ့ ကပ္ပိယကြီးကတော့ ဘုရားရှိခိုးလိုက်၊ တရားထိုင်လိုက်၊ တိရစ္ဆာန်လေးတွေကို တစ်နေ့နှစ်ခါ အစားကျွေးလိုက်နဲ့ တစ်နေ့တာကို ကုန်ဆုံးကြတာမို့ ကြည်ညိုမိပါတယ်။ ဘာပဲလိုလို အလှူခံပါဆိုပြီး သူ့ဖုန်းနံပါတ်တွေ၊ အီးမေးလ်လိပ်စာတွေ ပေးသွားတယ်။ သူက တစ်နှစ်ကို မြန်မာနိုင်ငံကို နှစ်ခေါက်လောက်ပုံမှန်ရောက်နေတာမို့ ရောက်တိုင်း ဝင်ကန်တော့မယ်လို့လည်း ပြောသွားတယ်။

'တို့ဘုန်းကြီးတွေက အကြည်ညိုခံနိုင်လောက်တဲ့ အနေအထား မရှိကြတာက များနေပြီ။ ငါကလည်း အသက်ကြီးနေပြီဆိုတော့ ကြောင်အို ကြွက်မလေးဖြစ်နေပြီ။ ပြောလည်း နားမထောင်ကြတော့ဘူး။' ဆိုပြီး မိန့်တော်မူပါတယ်။

မိမိအနေနဲ့ ဒီအကြောင်းတွေကို လုံးဝမရေးချင်ပါဘူး။ ဒါပေမဲ့ အခုနောက်ပိုင်း မိမိဆီ လာရောက်ကြတဲ့ ဒကာ ဒကာမအများစုက ရဟန်းတွေရဲ့အပြုအမူတွေနဲ့ပတ်သက်ပြီး လျှောက်ထားမေးမြန်းကြလွန်းလို့ ရေးသားရခြင်း ဖြစ်ပါတယ်။ အချို့ကတော့ 'ဒီကောင်ကွာ လူသိရှင်ကြား အရှက်ခွဲနေတယ်' လို့ တွေးမိကြပါလိမ့်မယ်။ အဲလို မတွေးစေချင်ပါဘူး။ ဘာလို့လဲဆိုတော့ လူမသိ သူမသိကိစ္စတွေကို မိမိက ရေးနေတာ မဟုတ်ဘူး။ လူသိသူသိဖြစ်ပြီး လူတွေက လာလျှောက်ထားကြလို့ ဆင်ခြင်စဉ်းစားကြဖို့အတွက် သတိပေးတဲ့အနေနဲ့ ရေးသားလိုက်ရတာပါ။

လူတွေဟာ ထုတ်မပြောကြပေမဲ့ သာသနာတော်အပေါ်ကို တစ်စတစ်စ အကြည်ညိုကင်းမဲ့နေပြီ၊ သာသနာတော်ကို အယုံအကြည်ကင်းမဲ့လာတဲ့ လူငယ်လေးတွေ များနေပြီဆိုတာ သိစေချင်တာပါ။ အတိတ်က လူငယ်လေးတွေက အနေအထိုင်ကောင်းတဲ့ ရဟန်းတော်တွေကို တွေ့မြင်ခဲ့ကြရပြီး သာသနာတော်ကို ကြည်ညိုလေးစားရင်းရှိတာကြောင့် သူတို့တွေ လူကြီးဖြစ်တဲ့အခါမှာလည်း ဆက်လက်လှူဒါန်းနေကြလို့ ယနေ့ရဟန်းတွေ စားဝတ်နေရေးအတွက် မပူပင်မကြောင့်ကြရဘဲ သာသနာအလုပ်တွေကို လုပ်နေနိုင်ကြတာပါ။ ယနေ့လူငယ်တွေ အနေအထိုင်မကောင်းတဲ့

ရဟန်းတွေကို မြင်တွေ့နေကြရတာကြောင့် သာသနာတော်ကို မကြည်ညို မလေးစားကြတော့ရင် အနာဂတ်သာသနာအတွက် အလွန်ရင်လေးဖွယ်ရာ အခြေအနေပါ။ ရဟန်းတော်တွေအနေနဲ့ ဒါကို ကောင်းကောင်းကြီး သဘောပေါက်ဖို့ လိုပါတယ်။

အာပတ်သင့်တယ်ဆိုတဲ့စကားကို လူအတော်များများ ကြားဖူးကြပါတယ်။ အာပတ်ဆိုတဲ့စကားက 'အာပတ္တိ' ဆိုတဲ့ ပါဠိစကားကနေ ဆင်းသက်လာတဲ့ ပါဠိပျက်စကား ဖြစ်ပါတယ်။ **'အာပတ္တိ = အာပတ် = ရဟန်းတော်များရောက်ထိုက်သောအပြစ်'** လို့ အဓိပ္ပာယ်ရှိပါတယ်။ ထိုအာပတ်ဟာ-

၁။ ပါရာဇိကအာပတ်
၂။ သံဃာဒိသေသ်အာပတ်
၃။ ထုလ္လစ္စဉ်းအာပတ်
၄။ ပါစိတ်အာပတ်
၅။ ပါဋိဒေသနီယအာပတ်
၆။ ဒုက္ကဋ်အာပတ်
၇။ ဒုဗ္ဘာသိတအာပတ်

ဆိုပြီး အာပတ် ခုနစ်မျိုး ရှိပါတယ်။ ရဟန်းတစ်ပါးဟာ ပါရာဇိကအာပတ် မသင့်မခြင်း ကျန် ဘယ်အာပတ်ပဲ သင့်ရောက်နေပါစေ ရဟန်းပါပဲ။ သို့သော် သီလမစင်ကြယ်တဲ့ ခပ်ဆိုးဆိုးရဟန်းတစ်ပါးပေါ့။

ပါရာဇိကအာပတ် သင့်ရောက်တဲ့ **အကြောင်းအခြင်းအရာ လေးမျိုး** ရှိပါတယ်။

၁။ ခြေလေးချောင်းထဲက အောက်ထစ်ဆုံးအားဖြင့် ကြောင်၊ ခြေနှစ်ချောင်းထဲက အောက်ထစ်ဆုံးအားဖြင့် ကြက်၊ အခြေမရှိသောသတ္တဝါထဲက အောက်ထစ်ဆုံးအားဖြင့် ငါးတို့ရဲ့ ကျင်ကြီးပေါက်၊ ကျင်ငယ်ပေါက်၊ ပါးစပ်ပေါက်ဆိုတဲ့ အပေါက်သုံးခုမှာ ဘယ်အပေါက်နဲ့မှ လိင် မဆက်ဆံရပါဘူး။ လိင်ဆက်ဆံရင် ပါရာဇိကအာပတ်သင့်ပါတယ်။

၂။ တစ်မတ်နဲ့ တစ်မတ်အထက် ငွေကြေးကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ ခိုးယူရင် ပါရာဇိကအာပတ် သင့်ပါတယ်။

၃။ လူသတ်ရင် ပါရာဇိကအာပတ် သင့်ပါတယ်။ အောက်ထစ်ဆုံးအားဖြင့် ကိုယ်ဝန်ပျက်ဆေး ပေးရင်တောင်မှ ပါရာဇိကအာပတ် သင့်ပါတယ်။ တိရစ္ဆာန်တွေကို သတ်ရင်တော့ ပါဏာတိပါတ ကံတော့ ထိုက်ပေမဲ့ ပါရာဇိကအာပတ်တော့ မသင့်ပါဘူး။ ပါစိတ်အာပတ်ပဲ သင့်ပါတယ်။

၄။ ရှာန်မဂ်ဖိုလ် မရရှိပါဘဲ ရှာန်မဂ်ဖိုလ်ရရှိပါတယ်လို့ မဟုတ်မမှန် ပြောရင် ပါရာဇိက အာပတ်သင့်ပါတယ်။

**ပါရာဇိကအာပတ် = သာသနာတော်မှ ဆုံးရှုံးသွားစေတတ်သောအပြစ်**လို့ အဓိပ္ပာယ်ရှိပါတယ်။ ပြောခဲ့တဲ့ စည်းမျဉ်းလေးခုထဲက တစ်ခုခုကို ကျူးလွန်မိတဲ့ ရဟန်းဟာ သီလတည်းဟူသော ဦးခေါင်းပြတ်ကျသွားပြီဖြစ်တဲ့အတွက်ကြောင့်၊ သူ့မှာ လုံးဝသီလမရှိတော့အတွက်ကြောင့် ရဟန်း မဟုတ်တော့ပါဘူး။ လူ ဖြစ် သွားပါပြီ။ လူမှ ရိုးရိုးလူ မဟုတ်တော့ပါဘူး။ လူဖြစ်ရှုံးတဲ့လူပါ။ ဘာကြောင့်လဲဆို တော့ ပါရာဇိကကျတဲ့ ရဟန်းဟာ ဒီဘဝမှာ ဘုရားအမှူးရှိသော ရဟန္တာအပါးတစ် သောင်းနဲ့ သိမ်ထဲမှာ ကမ္မဝါဖတ်ရင်တောင်မှ သူဟာ ရဟန်းမဖြစ်နိုင်တော့ပါဘူး။ ပါရာဇိက အာပတ်သင့်တာကို ရဟန်းတွေက ပါရာဇိကကျတယ်လို့ ခေါ်ဝေါ်သုံးစွဲကြ ပါတယ်။ အချို့သောခေတ်ရဟန်းငယ်တွေကတော့ "ဇိသွားပြီ" လို့ ပြောကြပါတယ်။

*(ရဟန်းတော်များ လိုက်နာကျင့်သုံးရသော ဝိနည်း ခေါ် ကျင့်ဝတ်စည်းမျဉ်း စည်းကမ်းများကို တိတိကျကျ သိရှိနားလည်လိုကြသောသူများ မြန်မာစကားပြေများ ဖြင့် ရေးသားထားသော* ***ဘုရားဥပဒေတော်ကြီးကျမ်း*** *သို့မဟုတ်* ***ရဟန်းကျင့်ဖွယ် နှစ်ရာနှစ်ဆယ့်ခုနစ်သွယ်*** *စာအုပ်များတွင် လေ့လာကြည့်ရှုကြပါရန်)*

ဘောလုံးကန်ခြင်း၊ ညစာစားခြင်း၊ အရက်သောက်ခြင်း၊ ဗေဒင်ဟောခြင်း၊ ဆေးကုပေးခြင်း ဆိုတာတွေက ကျန်အာပတ်ခြောက်မျိုးထဲ အကျုံးဝင်တာမို့ အဲဒီ အမှုတွေကို ကျူးလွန်နေပေမဲ့လည်း ပါရာဇိကမကျတာကြောင့် ရဟန်းပါပဲ။ ဒါ ကြောင့်လည်း ရဟန်းတွေ အတော်များများက ကျန်အာပတ်ခြောက်မျိုးကို ရဲရဲဝံ့ဝံ့ ချိုးဖောက်နေကြခြင်း ဖြစ်ပါတယ်။ ပါရာဇိက မကျဘူးဆိုပေမဲ့ ကျန်အာပတ်ခြောက် မျိုးထဲက ဘယ်အာပတ်ပဲသင့်နေပါစေ အာပတ်ပြေအောင် တရားအားလျော်စွာ မကု စားဘဲနေရင် ဘယ်လောက်ပဲ ဝီရိယတွေ ထက်သန်စွာနဲ့ တရားအားထုတ်ပါစေ၊ အဲဒီရဟန်းဟာ မဂ်ဖိုလ်နိဗ္ဗာန်ကို မရရှိနိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ သူဟာ သီလမစင်ကြယ်သော ရဟန်းမို့လို့ပါ။ မဂ်ဖိုလ်နိဗ္ဗာန်ဆိုတာ သီလမစင်ကြယ်ရင် မရရှိနိုင်တဲ့အရာတွေပါ။ နောက်ပြီးတော့ ဒီအာပတ်တွေဟာ ကျူးလွန်တဲ့ရဟန်းကို ရဟန်းဘဝ မဆုံးရှုံးစေနိုင်ပေမဲ့ ဒီအာပတ်တွေကိုမကုစားဘဲ အာပတ်တန်းလန်းနဲ့ သေရင်တော့ အပါယ်ဘုံ သက်ရောက်စေနိုင်ပါတယ်။

၁။ ကောင်းပါပြီဘုရားဟု စကားတော်ကို လက်ခံနိုင်ခြင်း အကျိုး။
၂။ သံဃာတော်အများ၏ ချမ်းသာစွာနေထိုင်ရခြင်း အကျိုး။
၃။ အလဇ္ဇီဒုဿီလ(ရဟန်းယုတ်)များကို နှိမ်နင်းနိုင်ခြင်း အကျိုး။

၄။ သီလချစ်ခင် သူတော်စင်ရဟန်းတို့ ချမ်းသာစွာနေထိုင်နိုင်ခြင်း အကျိုး။
၅။ ယခုဘဝ၌ ဘေးရန်အန္တရာယ်တို့ကို စောင့်ရှောက်ပြီးဖြစ်ခြင်း အကျိုး။
၆။ နောင်တမလွန်ဘဝ၌ ဘေးရန်အန္တရာယ်ကို ပယ်နိုင်ခြင်း အကျိုး။
၇။ သာသနာတော်ကို မကြည်ညိုကြသေးသူများ ကြည်ညိုလာစေခြင်း အကျိုး။
၈။ ကြည်ညိုပြီးသူများ ယုံကြည်မှုသဒ္ဓါတရား တိုးပွားစေခြင်း အကျိုး။
၉။ သူတော်ကောင်းတရား ရေရှည်တည်တံ့နိုင်စေခြင်း အကျိုး။
၁၀။ ဝိနည်းကိုယ်ကျင့်တရားများကို ချီးမြှောက်ခြင်း အကျိုး


ဆိုတဲ့ **အကျိုးဆယ်မျိုး** ရရှိစေဖို့အတွက် ရှင်တော်မြတ်ဘုရားက ဝိနည်းဥပဒေတော်ကို ပညတ်ထားတော်မူခြင်းဖြစ်ပါတယ်။

ဘောလုံးကန်ခြင်း၊ ညစာစားခြင်း၊ အရက်သောက်ခြင်း၊ ဗေဒင်ဟောခြင်း၊ ဆေးကုပေးခြင်း ဆိုတာတွေက ပါရာဇိက မကျပေမဲ့ သာသနာတော်ကို ကြည်ညိုပြီးသူများ အကြည်ညိုပျက်စေနိုင်သလို၊ မကြည်ညိုသေးသူများရဲ့ ကဲ့ရဲ့အတင်းစကားဆိုမှုကို ခံရစေပါတယ်။ ရဟန်းမှန်ရင် ဒီလိုတွေချည်းနေမှာပဲဆိုပြီး ရဟန်းကောင်းတွေကိုပါ ထိခိုက်နစ်နာစေပါတယ်။ သာသနာတော်ကို အကြည်ညိုပျက်ပြီဆိုတာနဲ့ သာသနာတော်ကို ထောက်ပံ့ပေးကမ်း လှူဒါန်းကြတော့မှာ မဟုတ်ပါဘူး။ သစ်တစ်ပင်ဟာ ရေမြေဆီဩဇာ မရရှိရင် ကောင်းစွာ မစည်ပင်နိုင်ခြင်း၊ ခြောက်ကပ်ညှိုးနွမ်းပြီး သေဆုံးရခြင်းဆိုတဲ့ အကျိုးတရားများကို ဖြစ်စေသလို ဒကာဒကာမများရဲ့ ထောက်ပံ့ပေးကမ်းလှူဒါန်းမှုကို မရရှိတော့တဲ့ သာသနာတော်ကြီးအနေနဲ့ စင်စင်ကြယ်ကြယ် ရေရှည်တည်တံ့နိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် သာသနာတော်ကြီးကို အမှန်တကယ်ချစ်မြတ်နိုးကြတယ်ဆိုရင် ဒီအမှုတွေကို ပြုထိုက်မပြုထိုက်၊ လိုက်နာထိုက်၊ မလိုက်နာထိုက် ဆိုတာကို ရဟန်းတော်တွေအနေနဲ့ လေးလေးနက်နက် ဆင်ခြင်စဉ်းစားသင့်ပါတယ်။

***The Voice Daily***
***Vol.1, No.260***
***Wednesday, February 5, 2014***

✪✪✪✪✪

## ရဟန်း၊ သံဃာကို ဝေဖန်ကောင်းပါသလား



သောတာပန်အရိယာများဖြစ်ကြတဲ့ ဃောသကာသူဌေးကြီးတို့ ဦးဆောင်သော
ကောသမ္ဗီမြို့က ဒကာဒကာမတွေဟာ အကျင့်သီလအင်မတန် စင်ကြယ်ကြတဲ့
ရဟန်းတော်များ အတ္တမာနကို အခြေခံပြီးဖြစ်တဲ့ စိတ်ဝမ်းကွဲပြားမှု ကို
ပြန်လည်ညီညွတ်စေဖို့အတွက် ဝါတွင်းသုံးလပတ်လုံး ဆွမ်းလောင်းလှူခြင်း မရှိဘဲ
ရဟန်းတော်တွေကို အကျပ်ကိုင်ကာ ညီညွတ်စွာနေထိုင်ကြအောင် ပြုလုပ်ခဲ့ ဖူးပါတယ်

## ရဟန်း၊ သံဃာကို ဝေဖန်ကောင်းပါသလား

သြစတြေးလျနိုင်ငံရောက် ဆရာဝန်တစ်ဦးက 'ဘုန်းကြီးတွေ ဝေဖန်ရင် ငရဲကြီးတယ်၊ အပြစ်ဖြစ်တယ် ဆိုတာဟုတ်သလား။ လူပုဂ္ဂိုလ်တွေက ဘုန်းကြီးတွေကို လုံးဝဝေဖန်ပိုင်ခွင့် မရှိဘူးလား' ဆိုပြီး မေးမြန်းပါတယ်။ မေးသင့်မေးထိုက်တဲ့ မေးခွန်းဖြစ်ပြီး အဖြေကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်ဆွေးနွေးဖြေကြားပေးမှ ကောင်းမယ်လို့ ထင်မြင်မိပါတယ်။ ဘာကြောင့်လဲဆိုတော့ ဘာသာရေးနဲ့ ပတ်သက်ပြီး ဝေဖန်ပြောဆိုရမှာကို ဗုဒ္ဓဘာသာဝင်အများစုဟာ ကြောက်ရွံ့ထိတ်လန့်တတ်ကြသလို ဝေဖန်သူရှိရင်တောင် မိစ္ဆာဒိဋ္ဌိတစ်ဦးသဖွယ် ရှုမြင်တတ်ကြလို့ပါ။ ဗုဒ္ဓဘာသာဝင်မှန်ရင် ကလေးဘဝတည်းက ငရဲကြီးလိမ့်မယ်ဆိုတဲ့ စကားနဲ့ ကြီးပျင်းလာခဲ့ရတာမို့ ဗုဒ္ဓဘာသာဝင်မှန်ရင် အားလုံးနီးပါးက ငရဲကြီးမှာကြောက်ကြတာ ဆန်းတော့လည်း မဆန်းပါဘူး။

မြတ်စွာဘုရားရှင်က ဝိတဏ္ဍဝါဒတော်ရှိပေမဲ့ ရှင်ရဟန်းတွေပဲဖြစ်ဖြစ်၊ ဘာသာဝင်တွေပဲဖြစ်ဖြစ် ကိုယ်တိုင်ဝေဖန်ရေးလုပ်ရမှာကိုလည်း သေမလောက် ကြောက်ကြသလို အဝေဖန်ခံလိုက်ရပြီဆိုရင်လည်း ငါ့ကိုကောင်းစေချင်လို့ အပြုသဘောဝေဖန်တာလား၊ ဂုဏ်သိက္ခာညှိုးနွမ်းအောင်လို့ အပျက်သဘော ကဲ့ရဲ့အတင်းဆို ရှုတ်ချပြီး ပြောတာလားဆိုတာကို မဝေခွဲတော့ဘဲ 'မင်းကတော့ ဘယ်လောက်ကောင်းနေလို့လဲ' ဆိုတဲ့ စကားလုံးကြမ်းကြမ်းတွေနဲ့ ပြန်လည်တုံ့ပြန်တတ်ကြပါတယ်။ မညှာမတာဝေဖန်ရရင် ဒါဟာ ပညာမဲ့ခြင်းရဲ့ အစဖြစ်ပြီး လူမိုက်တွေရဲ့လက္ခဏာလည်း ဖြစ်ပါတယ်။

ပုဗ္ဗာရုံ ကျောင်းအမကြီး ဝိသာခါဟာ ထေရဝါဒဗုဒ္ဓသာသနာတော်မှာ

နေလိုလလို ထင်ရှားကျော်ကြားပါတယ်။ ဝိသာခါကျောင်းအမကြီးဟာ ခုနစ်နှစ်သမီး အရွယ်မှာ သောတာပန်ဖြစ်ခဲ့ပြီး ဝိသာခါကျောင်းအမကြီးဟာ ရဟန်းတော်တွေကို အစ်ကိုလို၊ မောင်လို၊ သားလို လေးစားကြည်ညို ချစ်ခင်မြတ်နိုးတတ်သူတစ်ဦး ဖြစ်သလို ရဟန်းတော်တွေ သာသနာ့ဝန်ကို အားသွန်ကြိုးပမ်းထမ်းရွက်နိုင်အောင် အဘက်ဘက်က လိုလေသေးမရှိ ထောက်ပံ့လှူဒါန်းသူတစ်ဦးလည်း ဖြစ်ပါတယ်။ ဝိသာခါကျောင်းအမကြီးဟာ လှူဒါန်းစရာရှိရင်လည်း လိုလေသေးမရှိလှူဒါန်းတတ်ပြီး ရဟန်းတော်တွေကို ဆုံးမစရာရှိရင် ဆုံးမတတ်သလို၊ ဝေဖန်စရာရှိရင်လည်း ဘွင်းဘွင်းကြီး အားမနာတမ်း ဝေဖန်တတ်သူဖြစ်ပါတယ်။

ဝိသာခါဟာ သားသမီးမြေးမြစ်ပေါများပြီး အသက်လည်း ရှည်တာကြောင့် 'အလွန်မင်္ဂလာရှိသောသူ' လို့ မြို့သူမြို့သားများက အသိအမှတ်ပြုပြီး ဘာသာခြားတို့ကအစ လက်ထပ်မင်္ဂလာ စသောကိစ္စတို့၌ ပင့်ဖိတ်ပြီး ဦးစွာကျွေးမွေးဧည့်ခံကာ 'ဤသတို့သားနဲ့ သတို့သမီးသည် အရှင်မကဲ့သို့ အသက်ရှည်စွာ အနာကင်း၍ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေ' လို့ ဆုတောင်းကြပါတယ်။ တစ်နေ့မှာတော့ ဖိတ်ကြားထားတဲ့ မင်္ဂလာဆောင်အိမ်အရောက်မှာ ဥဒါယီဆိုတဲ့ ရဟန်းတစ်ပါးဟာ သတို့သမီးနဲ့ အတူ အခန်းတစ်ခန်းတည်းမှာ နှစ်ယောက်တည်း စကားပြောနေတာကို မြင်လိုက်ရပါတယ်။ မြင်လျှင်မြင်ချင်းပဲ အခန်းထဲဝင်သွားကာ 'အရှင်ဘုရား မာတုဂါမနဲ့ နှစ်ယောက်တည်း မဖွယ်ရာပြုနိုင်တဲ့နေရာမှာ စကားပြောနေတာဟာ မသင့်တော်ပါဘူး။ အရှင်ဘုရားက ရိုးရိုးသားသား ပြောဆိုနေတာဆိုရင်တောင် လူအများက အရှင်ဘုရားတို့ ရိုးရိုးသားသား ပြောဆိုနေတယ်ဆိုတာ ယုံကြည်ကြမှာ မဟုတ်ပါဘူး' လို့ ပြောဆို ဆုံးမပါတယ်။

ဥဒါယီရဟန်းဟာ ပြောစကား နားမထောင်တာကြောင့် ဝိသာခါဟာ လမ်းထွက်ပြီး 'ဥဒါယီကိုယ်တော်ဟာ မိန်းကလေးနဲ့အတူ ဆိတ်ကွယ်ရာအရပ်မှာ နှစ်ယောက်တည်း ထိုင်စကားပြောနေပါတယ်' ဆိုပြီး လမ်းပေါ်သွားနေတဲ့ ရဟန်းမှန်သမျှကို လျှောက်ထားပါတယ်။ ရဟန်းတွေကလည်း ဘုရားကို ပြန်လျှောက်ကြပါတယ်။ ဒီအခါမှာ ဘုရားရှင်က သိက္ခာပုဒ် ပညတ်တော်မူပါတယ်။ ဝိသာခါဟာ ပြောဆိုဆုံးမ ဝေဖန်စရာရှိရင် ရဟန်းတွေကိုလည်း အကြွေးမထားဘဲ ပြောဆိုဆုံးမ ဝေဖန်တတ်ပါတယ်။

ဘုရားရှင်လက်ထက်တော်က မစ္ဆိကာသဏ္ဍမြို့မှာ စိတ္တသူကြွယ်ဆိုတာ ရှိခဲ့ပါတယ်။ သူက ပဉ္စဝဂ္ဂီအပါးတွင် ပါဝင်သော မဟာနာမ်ထေရ်ထံမှာ တရားနာပြီး သောတာပန်တည်ခဲ့သူပါ။ မဟာနာမ်မထေရ်က သူလှူတဲ့ကျောင်းမှာ သီတင်း

မသုံးတာမို့ သုဓမ္မအမည်ရှိတဲ့ ရဟန်းတစ်ပါးကို တင်လှူကိုးကွယ်ပါတယ်။ တစ်နေ့ တော့ အဲဒီမြို့လေးကို အရှင်သာရိပုတ္တရာ မထေရ်နဲ့ အရှင်မဟာမောဂ္ဂလာန် မထေရ်တို့ဟာ နောက်ပါရဟန်း တစ်ထောင်နဲ့အတူ ရောက်ရှိခဲ့ပါတယ်။ စိတ္တသူကြွယ်ဟာ အရှင်သာရိပုတ္တရာ မထေရ်ထံမှာ တရားနာကြားပြီး အနာဂါမ် ဖြစ်သွားပါတယ်။ တစ်ရက်မှာ သူကြွယ်က အဂ္ဂသာဝကနှစ်ပါးကို အိမ်ဆွမ်းစားကြွဖို့ ပင့်ဖိတ်ပါတယ်။ ပြီးမှ ကျောင်းထိုင်ဖြစ်တဲ့ သုဓမ္မရဟန်းကို ပင့်ဖိတ်ပါတယ်။ သုဓမ္မရဟန်းဟာ သူ့ကို အရင်မပင့်ဖိတ်လို့ စိတ်ဆိုးကာ ငြင်းလွှတ်လိုက်ပါတယ်။

သုဓမ္မရဟန်းဟာ နောက်နေ့ဆွမ်းစားချိန်ကျတော့ စိတ္တသူကြွယ်အိမ်ကို သွားပါတယ်။ အိမ်ရောက်လာတဲ့ သုဓမ္မရဟန်းကို စိတ္တသူကြွယ်က ကောင်းမွန်ချိုသာစွာနဲ့ 'အရှင်ဘုရား ဒီနေရာမှာ သီတင်းသုံးပါ' လို့ လျှောက်ထားတဲ့အခါမှာ 'ငါ ဆွမ်းစားလာတာ မဟုတ်ဘူး။ လှူဖွယ်ဝတ္ထုတွေကို လာကြည့်တာ' လို့ ပြောပြီး ဟိုဟိုသည်သည် တစ်ခဏမျှကြည့်ကာ 'ဒကာ သင့်လှူဖွယ်ဝတ္ထုတို့သည် များပြားပေစွ။ သို့သော်ကား နှမ်းကြွပ်မုန့်ကား မပါချေ' ဆိုပြီး စိတ္တသူကြွယ် စိတ်ဆင်းရဲအောင် ပြောပါတယ်။ စိတ္တသူကြွယ်တို့မျိုးရိုးက နှမ်းကြွပ်မုန့်သည်တွေပါ။ 'အရှင်သုဓမ္မ အရှင်ကား တစ်ခဏမျှပင်နား၍ ရှုသော်လည်း အကုန်အစင် မြင်တတ်သော ကျီးကန်းနဲ့ တူပါပေတယ်' လို့ စိတ္တသူကြွယ်က ပြန်ပြောလိုက်တဲ့အခါမှာ စိတ်ဆိုးပြီး 'ဒီသူကြွယ်ရဲ့ကျောင်းမှာ ငါမနေဘူး' လို့ တွေးပြီး ရာဇဂြိုဟ်က ဘုရားရှင်ဆီ သွားပါတယ်။

မိမိဆီလာရောက်တဲ့ သုဓမ္မရဟန်းကို ဘုရားရှင်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဘာကြောင့် ရာဇဂြိုဟ်ကို ပြောင်းရွှေ့ခဲ့တာလဲ ဆိုတာကို မေးမြန်းတော်မူပါတယ်။ သုဓမ္မရဟန်းကလည်း ဖြစ်ကြောင်းကုန်စင် လျှောက်ထားပါတယ်။ ဒီအခါမှာ ဘုရားရှင်က 'စိတ္တသူကြွယ်ရဲ့အပြစ်မဟုတ်၊ သင်ရဲ့အပြစ်သာ ဖြစ်တယ်။ စိတ္တသူကြွယ်ကို သွားတောင်းပန်ချေ' ဆိုပြီး မိန့်တော်မူခဲ့ပါတယ်။ သုဓမ္မရဟန်းလာတောင်းပန်တာကို စိတ္တသူကြွယ်က သုဓမ္မရဟန်း မာနကျစေလိုတာကြောင့် ခွင့်မလွှတ်ပါဘူး။ ဒီအခါမှာ သုဓမ္မရဟန်းက ဘုရားရှင်ဆီ ပြန်ပြီး လျှောက်ထားရပါတယ်။ ဘုရားရှင်ကလည်း ပြန်သွားပြီး တောင်းပန်ခိုင်းပါတယ်။ ဒီလိုနဲ့ သုံးကြိမ်သုံးခါ သွားလိုက်ပြန်လိုက်လုပ်ပြီးမှ ခွင့်လွှတ်ပေးပါတယ်။ သုဓမ္မရဟန်းလည်း သိပ်မကြာခင်မှာ ရဟန္တာဖြစ်သွားခဲ့ပါတယ်။

တစ်ခါမှာလည်းပဲ သောတာပန်အရိယာများဖြစ်တဲ့ ဃောသကသူဌေးကြီးတို့ ဦးဆောင်သော ကောသမ္ဗီမြို့က ဒကာဒကာမတွေဟာ အကျင့်သီလအင်မတန်

စင်ကြယ်ကြတဲ့ ရဟန်းတော်များ အတ္တမာနကို အခြေခံပြီးဖြစ်တဲ့ စိတ်ဝမ်းကွဲပြားမှုကို ပြန်လည်ညီညွတ်စေဖို့အတွက် ဝါတွင်းသုံးလပတ်လုံး ဆွမ်းလောင်းလှူခြင်း မရှိဘဲရဟန်းတော်တွေကို အကျပ်ကိုင်ကာ ညီညွတ်စွာနေထိုင်ကြအောင် ပြုလုပ်ခဲ့ဖူးပါတယ်။

အထက်ပါ ဝတ္ထုတွေကို ထောက်ဆပြီးတော့ သာသနာတော်ကြီး စင်ကြယ်စေဖို့အတွက် အပြုသဘောဆောင်တဲ့ စိတ်ကောင်းစိတ်မြတ်များနဲ့ဆိုရင် ရဟန်းသံဃာတွေကို ဝေဖန်ရှုံ့ချမှုမက လိုအပ်ရင် အကျပ်ကိုင်ပြီးတောင် ဆုံးမနိုင်တယ်ဆိုတာ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားလှပါတယ်။ ရဟန်းသံဃာတွေကို ကောင်းစေလို၍ အပြုသဘောဆောင်တဲ့ ဝေဖန်မှုမျိုးပြုလုပ်တာဟာ အပြစ်မရှိသလို ငရဲလည်းမကြီးပါဘူး။ ဒကာဒကာမတွေအနေနဲ့ ဤကဲ့သို့ ဝေဖန်မှုမျိုးကို ပြုလည်းပြုလုပ်သင့်ကြပါတယ်။ ဒါမှသာလျှင် သာသနာတော်ကြီးဟာ စင်စင်ကြယ်ကြယ်နဲ့ အဓွန့်ရှည်တည်တံ့နိုင်မှာ ဖြစ်ပါတယ်။

ဒုတိယ ရွှေကျင်သာသနာပိုင် ဘာသာဋီကာ ကျမ်းပြုအကျော် အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးတော်ရှင် အမရပူရ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးက 'ဤဝိသာခါဝတ္ထုကို မှတ်ချက်ထား၍ ယခုကာလ၌လည်း သာသနာသန့်ရှင်းစေလိုသောသဘောဖြင့် မတော်မတည့် ပြုကျင့်သူများကို ယဉ်ကျေးစွာ ပြောဆိုတားမြစ်နိုင်ကဲ့ရဲ့ရှုတ်ချနိုင်၏။ ထိုသို့ ကဲ့ရဲ့ရှုတ်ချမှုကြောင့် တစ်စုံတစ်ခုမျှ အပြစ်မရှိချေ' လို့ ဘုရားဥပဒေတော်ကြီးကျမ်းမှာ ရေးသားတော်မူခဲ့ပါတယ်။ ဒါကြောင့် ရဟန်းသံဃာတွေကို ကောင်းစေလိုတာကြောင့် အပြုသဘောဆောင်တဲ့ ဝေဖန်မှုပြုလုပ်ခြင်းကြောင့် အပြစ်မဖြစ်သလို ငရဲလည်းမကြီးဆိုတာ သိမှတ်နားလည်ထားကြရပါမယ်။ ယုတ်မာသော စိတ်နေသဘောထားနဲ့ အပြစ်မရှိအပြစ်ရှာပြီး ဆဲဆိုရှုတ်ချ ဝေဖန်တာမျိုးကတော့ အပြစ်ရှိပါတယ်။ ငရဲကြီးပါတယ်။

***The Voice Daily***

***Vol.1, No. 254***

***Wednesday, January 29, 2014***

✪✪✪✪✪

# ရဟန်းတော်များ
# နိုင်ငံရေး လုပ်ကောင်းပါသလား



ဘုရားရှင်ဟာ ကိုယ့်အလုပ်ကိုလုပ်ရင်း သမာသမတ်ကျကျပဲ ရပ်တည်ခဲ့တာပါ
ဘုရားရှင်ကို နိုင်ငံရေးလုပ်တယ်လို့ ပြောဆိုသူတွေအနေနဲ့
မိမိတို့လက်ညှိုးထိုးပြနေတဲ့ သမိုင်းတွေ ကို သေချာ ပြန်လည်သုံးသပ်သင့်ပါတယ်

## ရဟန်းတော်များ နိုင်ငံရေး လုပ်ကောင်းပါသလား

ရဟန်းတော်များ နိုင်ငံရေး လုပ်ကောင်းသလားဆိုရင် ငယ်လတ်ကြီးမှာ ဝိနည်းကို ဟုတ်တိပတ်တိ သင်ယူခဲ့ဖူးသူတိုင်း၊ ဓမ္မာစရိယတန်း သီလက္ခန်သင်ဖူးတဲ့သူတိုင်း မလုပ်ကောင်းဘူးဆိုတဲ့ အဖြေကိုသိကြမှာပါ။ နို့ပေမဲ့ ဘုရားရှင်တောင် လုပ်သေးတာပဲဆိုပြီး မြစ်ရေလုပွဲကိုအကြောင်းပြုပြီး စစ်ပွဲဖြစ်လို့ ဘုရားရှင် သွားတရားဟောတာတွေ၊ ဝိဋူဍဘက သာကီဝင်မင်းတွေ သွားစစ်ထိုးတော့ ဘုရားရှင်က တားမြစ်တာတွေကို ထုတ်ပြပြီး လုပ်ကောင်းသယောင် ပြောကြဆိုကြ ရေးကြဟောကြ ပြန်ပါတယ်။

ရောဟိနီမြစ်ရေကို သူ့နိုင်ငံကပဲ အသုံးပြုသင့်တယ်၊ ငါ့နိုင်ငံကပဲ အသုံးပြုသင့်တယ်ဆိုပြီး ငြင်းခုံရာကနေ နှစ်နိုင်ငံစစ်တိုက်မယ်အထိ ဖြစ်သွားခဲ့ပါတယ်။ ရောဟိနီမြစ်ကမ်းမှာ နှစ်နိုင်ငံ စစ်ဖြစ်လုဆဲဆဲအချိန်မှာ ဘုရားရှင်က ကြွလာပြီး ခိုက်ရန်ဖြစ်ခြင်းရဲ့အပြစ်၊ ညီညွတ်ခြင်းရဲ့ အကျိုးကျေးဇူးတွေကိုပဲ ဟောကြားတော်မူခဲ့ပါတယ်။ ဒါလည်း စစ်ပွဲဖြစ်မှာ မဖြစ်မှာထက် စစ်တိုက်မယ့် နှစ်နိုင်ငံက မင်းသားငါးရာဟာ ရဟန္တာဖြစ်မယ့် သူတွေမို့ စစ်ပွဲထဲအထိကြွပြီး ညီညွတ်ရေးတရားဟောကြားတော်မူတာပါ။ မဟုတ်ရင် ဘုရားရှင် မကြွပါဘူး။ ကောသလမင်းနဲ့ အဇာတသတ်မင်းတို့ တခြိမ်းခြိမ်းစစ်တိုက်နေကြတာပါပဲ။ ဘုရားရှင် စစ်ပွဲထဲသွားပြီး တစ်ခါမှ တရားမဟောပါဘူး။

တစ်ခါ ဝိဋူဍဘကနေ ဘုရားရှင်ရဲ့ တိုင်းပြည်ဖြစ်တဲ့ ကပိလဝတ်ကို စစ်ထိုးသွားရာမှာ ဘုရားရှင်က ကပိလဝတ်နယ်နိမိတ်ထဲမှာရှိတဲ့ အရိပ်ကျိုးတိုးကျဲတဲဖြစ်နေတဲ့ ဆီးပင်လေးအောက်မှာ သီတင်းသုံးနေတဲ့ ဘုရားရှင်ကို တွေ့လိုက်

ရပါတယ်။ ဒါနဲ့ ဘုရားရှင်ဆီသွားပြီး သူ့စိုးမိုးအုပ်ချုပ်ရာ မဂဓတိုင်း နယ်နိမိတ်ထဲမှာ ပေါက်နေတဲ့ နေပြောက်မထိုးနိုင်အောင် အရိပ်ဝေဖြာနေသော ညောင်ပင်အောက်မှာ သီတင်းသုံးဖို့ လျှောက်ပါတယ်။ ဒီအခါမှာ ဘုရားရှင်က 'ဆွေမျိုးအရိပ်က အေးချမ်းတယ်' လို့ ပြန်ပြောပါတယ်။ ဒီစကားအပြင် အခြားဘာစကားကိုမှ ဘုရားရှင် လုံးဝမပြောခဲ့ပါဘူး။ စောင်းပါးရိပ်ခြည်သဘောနဲ့ စစ်ဖြစ်ခြင်းရဲ့ ဆိုးအကျိုးတရားတွေတောင် ဘုရားရှင် မဟောခဲ့ပါဘူး။ ဝိဋူဍူဘဘာသာ သဘောပေါက်ပြီး စစ်ချီလာတာကို ပြန်သိမ်းသွားခဲ့တာပါ။

ကောသလမင်းကြီးက ဘုရားရှင်နဲ့ အမျိုးတော်ချင်တာကြောင့် ကပိလဝတ်က သာကီဝင်မင်းတွေဆီကို သာကီဝင်မင်းသမီးတစ်ယောက် သူ့ကို မိဖုရားအဖြစ်ပေးဖို့ လှမ်းတောင်းပါတယ်။ ဒါကို ဘုရားရှင်က သာကီဝင်မင်းတွေဆိုတာ အခြားဆွေမျိုးမတော်သူတွေနဲ့ အိမ်ထောင်မပြုရတာကြောင့် ဒကာတော်မင်းကြီး မတောင်းယူပါနဲ့ စသဖြင့် ဝင်ရောက်စွက်ဖက်တာမျိုး မရှိခဲ့ပါဘူး။ ကပိလဝတ်က သာကီဝင်မင်းတွေ ကောသလမင်းကြီးရဲ့ တောင်းဆိုမှုကြောင့် ဘေးကျပ်နံကျပ်ဖြစ်နေတဲ့အချိန်မှာလည်း ဘယ်လိုလုပ်လိုက်ဆိုပြီး ဝင်ရောက်ပြောဆိုတာမျိုး ဘုရားရှင် လုံးဝမလုပ်ခဲ့ပါဘူး။

သာကီဝင်မင်းသမီး မပေးရင် စစ်တိုက်ရတော့မှာမို့ သာကီဝင် မဟာနာမ်မင်းကြီးက သူနဲ့ ကိုယ်လုပ်တော်နဲ့ ရထားတဲ့ ဝါသဘခတ္တိယဆိုတဲ့ မိန်းမပျိုလေးကို ပေးလိုက်ပါတယ်။ ကောသလမင်းကြီးဟာ ဝါသဘခတ္တိယကို သာကီဝင်မင်းသမီးအထင်နဲ့ မိဖုရားကြီးမြှောက်ပါတယ်။ သူနဲ့ ဝါသဘခတ္တိယမိဖုရားကြီးနဲ့ ရတဲ့ ဝိဋူဍူဘကို အိမ်ရှေ့မင်းအရာ ပေးပါတယ်။ နောင်တစ်ချိန်မှာ ဝါသဘခတ္တိယဟာ သာကီဝင်မင်းသမီး မဟုတ်ဘူးဆိုတာ သိသွားတော့ ကောသလမင်းကြီးက မိဖုရားကြီးအရာက ချပါတယ်။ ဝိဋူဍူဘကိုလည်း အိမ်ရှေ့မင်းအရာက ရုပ်သိမ်းပါတယ်။

ဘုရားရှင်က နန်းတွင်းဆွမ်းစားကြွတော့ ဝါသဘခတ္တိယမိဖုရားကြီး မမြင်လို့ မေးတော့ ဒီလိုဒီအကြောင်းကြောင့် မိဖုရားကြီးအရာကနေ ချထားကြောင်း လျှောက်ပါတယ်။ ဒီအခါမှာ ဘုရားရှင်က 'မွေးလာတဲ့ ကလေးဟာ အဖေက အဓိကပြဋ္ဌာန်းကြောင်း၊ ဝါသဘခတ္တိယဟာ သာကီဝင်မဟာနာမ်မင်းကြီးရဲ့ သမီးရင်းဖြစ်တာမို့ အမေဖြစ်သူက သာကီဝင်မဟုတ်ပေမဲ့ သာကီဝင် မင်းသမီးဖြစ်ကြောင်း' ရှင်းပြပါတယ်။ ဝါသဘခတ္တိယကို မိဖုရားကြီးအရာချတာနဲ့ ပတ်သက်ပြီး ကောင်းခြင်းဆိုးခြင်းကို မပြောသလို မိဖုရားကြီးအရာကို ပြန်ပေးဖို့လည်း တစ်ခွန်းမှ မပြောခဲ့ပါဘူး။

ဗန္ဓုလစစ်သူကြီးရဲ့တူကို ဗန္ဓုလစစ်သူကြီးသေလို့ စစ်သူကြီးရာထူး ပေးစဉ် မှာလည်း 'မင်းကြီးကို တစ်ချိန်ကျရင် ဘုရင့်ရာထူးက ဖြုတ်ချမယ့်သူ ဖြစ်တယ်။ ဒါကြောင့် စစ်သူကြီးရာထူးမခန့်နဲ့' လို့ ဝင်ရောက်တားမြစ်တာမျိုး မရှိခဲ့ပါဘူး။ တစ်ချိန်ကျရင် ဝိဋူဋဘဟာ သာကီဝင်မင်းတွေကို လူမျိုးတုံး သတ်ဖြတ်မယ်ဆိုတာ လည်း ဘုရားရှင် ကြိုသိပါတယ်။ ဒါပေမဲ့ ဝိဋူဋဘကို အိမ်ရှေ့မင်းရာထူးပေးတော့ မပေးဖို့ ဝင်ရောက်စွက်ဖက်တာမျိုး မလုပ်ခဲ့ပါဘူး။

ဘုရားရှင်ဟာ ဘုရင်ကိုပဲဖြစ်ဖြစ်၊ ဝန်ကြီးစစ်သူကြီးကိုပဲဖြစ်ဖြစ်၊ လမ်းဘေး က ဖုန်းတောင်းယာစကာကိုပဲဖြစ်ဖြစ် အကြောင်းတိုက်ဆိုင်တိုင်း၊ ဆုံးမစရာကြုံ တိုင်း ဆုံးမပါတယ်။ ဒါပေမဲ့ ဆုံးမတဲ့စကားဟာ ဓမ္မကနေပဲဖြစ်ဖြစ်၊ ကျင့်ဝတ်စည်း မျဉ်းကနေပဲဖြစ်ဖြစ် သွေဖည်သွားခြင်း လုံးဝမရှိခဲ့ပါဘူး။ ငါ့အမျိုးရင်းချာတွေ ဆိုပြီး ဓမ္မကို သွေဖည်ပြီး အမျိုးဘက်က ပါခဲ့တာမျိုး လုံးဝမလုပ်ခဲ့ပါဘူး။ ဘုရားရှင်ဟာ ကိုယ့်အလုပ်ကိုလုပ်ရင်း သမာသမတ်ကျကျပဲ ရပ်တည်ခဲ့တာပါ။ ဘုရားရှင်ကို နိုင်ငံရေးလုပ်တယ်လို့ ပြောဆိုသူတွေအနေနဲ့ မိမိတို့လက်ညှိုးထိုးပြနေတဲ့ သမိုင်းတွေ ကို သေချာ ပြန်လည်သုံးသပ်သင့်ပါတယ်။ ကျင့်ဝတ်နဲ့ မသွေဖည်တဲ့ ကိုယ့်အလုပ် ကို ကိုယ်လုပ်တာကို နိုင်ငံရေးလုပ်တယ်လို့ သတ်မှတ်တာဆိုရင်တော့ မပြောတတ် တော့ပါဘူး။

**ရာဇကထာ**-မင်းအစိုးရကို အကြောင်းပြု၍ ပြောဆိုအပ်သောစကား၊ **မဟာမတ္တကထာ**-အမတ်ကြီး ဝန်ကြီးများ၏ ကောင်းကြောင်းမကောင်းကြောင်း၊ **သေနာကထာ**-စစ်တပ်၏ အရည်အချင်းရှိကြောင်းမရှိကြောင်းကို ရဟန်းတော်တွေ မပြောဆိုရဘူးလို့ အတိအလင်း ဟောကြားခဲ့ပါတယ်။

အကယ်၍ မဖြစ်မနေပြောဖို့ အကြောင်းဖန်လာခဲ့ရင်တောင် ကျင့်ဝတ်ကို သွေဖည်ပြီး တိုင်းပြည်ကိုမအုပ်ချုပ်ဖို့၊ ကျင့်ဝတ်ကိုသွေဖည်ပြီး အုပ်ချုပ်ရင် သံသရာ ခရီးအတွက် မကောင်းဘူး စသဖြင့် တရားနဲ့ယှဉ်စပ်ပြီး ပြောကြားရမယ်လို့ မိန့်တော် မူခဲ့ပါတယ်။ ပုဂ္ဂိုလ်ရေးကို ဦးတည်ပြီး ဓမ္မမပါဘဲ အသားလွတ်ကြီး မပြောရပါဘူး။ ဘုရားရှင်ဟာ ကျင့်ဝတ်ကနေ၊ ဓမ္မကနေသွေဖည်ပြီး နိုင်ငံရေးလုပ်လည်းမလုပ်ခဲ့သလို ပြောလည်းမပြောခဲ့ပါဘူး။ ရဟန်းတော်တွေအနေနဲ့လည်း ကျင့်ဝတ်ကနေ၊ ဓမ္မလမ်း ကြောင်းကနေ သွေဖည်ပြီး ဟိုပါတီကို ထောက်ခံတယ်၊ ဒီပါတီကို မထောက်ခံဘူး စသဖြင့် လုံးဝနိုင်ငံရေး မလုပ်ကောင်းပါဘူး။

တစ်ခါတုန်းက ရန်သူစစ်တပ်တွေကို သွားရောက်နှိမ်နင်းဖို့ရန် ကောသလ မင်းကြီးဟာ မိမိစစ်တပ်ကြီးနဲ့အတူ နန်းတော်ကနေ စစ်ချီလာတာကို ဆဗ္ဗဂ္ဂီရဟန်း

တွေက သွားကြည့်ကြပါတယ်။ ရဟန်းတွေ လာကြည့်ကြတာကို မြင်ရတဲ့ ကောသလမင်းကြီးက ခေတ္တရပ်ပြီး အမတ်တစ်ဦးကို ရဟန်းတွေ သွားပင့်ခိုင်းပါတယ်။ ရဟန်းတွေ ရောက်လာတဲ့အခါမှာ 'ဘာလာလုပ်ကြတာပါတုံး' လို့ မေးပါတယ်။ 'မဟာရာဇာကို လာကြည့်တာပါ' လို့ ပြန်ဖြေတဲ့အခါမှာ '**ကိံ ဘန္တေ မံ ဒိဋ္ဌေန ယုဒ္ဓါဘိနန္ဒနံ** = စစ်တိုက်မှုကို လွန်စွာနှစ်သက်သော ဒကာတော်ကို ကြည့်ရခြင်းဖြင့် **ဘာအကျိုးရှိမှာလဲဘုရား။ နနု ဘဂဝါ ပဿိတဗ္ဗာ = ဘုရားရှင်ကိုဖူးမြင်ပြီး နေထိုက်သည် မဟုတ်ပါလော**' လို့ ပြောလွှတ်လိုက်ပါတယ်။ ဒီအခါမှာ စစ်သားတွေကလည်း ရဟန်းတွေဖြစ်ပြီး စစ်ချီတာကို ကြည့်ရကောင်းလားဆိုပြီး ကဲ့ရဲ့ကြပါတယ်။

ဒါကို ကြားသိရတဲ့ ဘုရားရှင်က '**ဆွေမျိုးစစ်သား၏ မကျန်းမမာ ဖြစ်နေခြင်း စသော ထိုသွားထိုက်သော အကြောင်းမရှိဘဲ တိုက်ဖို့ရန်ထွက်လာသော စစ်တပ်ကို ကြည့်ရှုဖို့ရန် သွားသောရဟန်းမှာ ပါစိတ်အာပတ် သင့်၏လို့**' သိက္ခာပုဒ် ပညတ်တော်မူခဲ့ပါတယ်။

သာဝတ္ထိမြို့သား ဆဗ္ဗဂ္ဂီရဟန်းရဲ့ ဆွေမျိုးတော်တဲ့ စစ်သားတွေ မကျန်းမာဖြစ်တာကြောင့် စစ်တပ်ထဲကိုလာဖို့ ပင့်ဖိတ်တာကြောင့် ဆဗ္ဗဂ္ဂီရဟန်းတွေဟာ စစ်တပ်ထဲကို သွားရောက် တွေ့ဆုံကြပါတယ်။ ပြီးတော့ စစ်တပ်ထဲမှာ လေးငါးခြောက်ရက် နေထိုင်ကြပါတယ်။ ဒါကို အခြားစစ်သားတွေက 'ငါတို့မှာ ဝမ်းရေးအတွက် သားကျွေးမှု မယားကျွေးမှုအတွက်ကြောင့် စစ်တပ်မှာ နေကြရတယ်။ ငါတို့မှာ လူ့ဘဝ အရမတော်ကုန်။ ငါတို့မှာ လူဖြစ်ရကျိုး မနပ်ကုန်။ ရဟန်းတော်တွေကား ဒီအပူတွေမရှိဘဲနဲ့ ဘာကြောင့် စစ်တပ်ထဲမှာ နေကြရတာလဲ' ဆိုပြီး ကဲ့ရဲ့ကြပါတယ်။ ဒီ ကဲ့ရဲ့စကားကို ပြန်ကြားရတဲ့ ဘုရားရှင်က **အကြောင်းကိစ္စရှိလို့ စစ်တပ်ထဲသွားခဲ့ရင် သုံးရက်သုံးညထက် ပိုနေရင် ပါစိတ်အာပတ်သင့်၏လို့ သိက္ခာပုဒ်ပညတ်တော်မူခဲ့ပါတယ်။** အခုကာလမှာ ရဟန်းအချို့ နိုင်ငံရေးလုပ်နေတာကို လူတွေ မကြိုက်နှစ်သက်တာကြောင့် ကဲ့ရဲ့ အတင်းဆိုနေကြပါတယ်။ အကယ်၍ ဘုရားရှင် သက်တော်ထင်ရှား ရှိခဲ့နေဦးမယ်ဆိုရင် ဒီအဖြစ်အပျက်တွေကို ထောက်ဆပြီးတော့ နိုင်ငံရေးမလုပ်ဖို့ သိက္ခာပုဒ်ပညတ်မယ်ဆိုတာ သေချာသလောက် ရှိပါတယ်။

တကယ်တော့ ဘုရားရှင်ရဲ့တပည့်သားဖြစ်တဲ့ ရဟန်းသံဃာဆိုတာ ဘုရားရှင်နည်းတူ ဆိုဆုံးမ၍ လမ်းမှန်ပြသသူသာ ဖြစ်ပါတယ်။ ဆိုဆုံးမ၍ လမ်းမှန်ပြတဲ့အခါမှာလည်း ဓမ္မလမ်းကြောင်းကနေ၊ ကျင့်ဝတ်ကနေ သွေဖည်ပြီး ဆိုဆုံးမခြင်းကို မပြုလုပ်ရပါဘူး။ ဓမ္မလမ်းကြောင်းပေါ်ကနေပဲ ချစ်ခြင်းမုန်းခြင်းကင်းစွာနဲ့ ဆိုဆုံးမရမယ်။ ဘုရားရှင်ဟာ ဆူပူနေတဲ့အရာတွေကို ငြိမ်းအေးအောင် ဓမ္မနဲ့ ပြုလုပ်

ခဲ့တာပါ။ ရဟန်းတော်တွေအနေနဲ့လည်း ဆူပူနေတဲ့ လောကကြီးကို ဆူသထက်ဆူ၊ ပူသထက်ပူအောင် မီးလောင်ရာ လေပင့် မလုပ်သင့်ပါဘူး၊ မလုပ်ကောင်းပါဘူး။ ဓမ္မနဲ့အညီသာ ငြိမ်းအေးအောင် ပြုလုပ်ရကြမှာပါ။

ရဟန်းသံဃာဆိုတာ အစိုးရအပေါ်မှာဖြစ်ဖြစ်၊ အတိုက်အခံအပေါ်မှာပဲဖြစ်ဖြစ် ကျောသားရင်သားမခွဲခြားဘဲ သာတူညီမျှ စိတ်နေသဘောထားနဲ့ ပြောဆိုဆက်ဆံကြရမှာပါ။ အကယ်၍ ဒီဝတ္ထုသာဓက ထောက်ပြီး ဘုရားရှင်နိုင်ငံရေးလုပ်ခဲ့တယ်ဆိုတာ မှန်ခဲ့ရင်တောင် အခု မိမိတို့လုပ်နေတဲ့နိုင်ငံရေးနဲ့ ဘုရားရှင်လုပ်ခဲ့တဲ့ နိုင်ငံရေးက တူညီရဲ့လား၊ ဘာတွေ ကွာခြားနေလဲဆိုတာ နဖူးပေါ်လက်တင်ပြီး အေးဆေးဆေးဆေး စဉ်းစားပါလို့ တိုက်တွန်းပါတယ်။ အကယ်၍ ကိုယ်က ဝါသနာပါလွန်းလို့ မလုပ်ရမနေနိုင်လို့ နိုင်ငံရေးလုပ်နေတာ ဆိုရင်တောင် 'နိုင်ငံရေး မလုပ်ကောင်းဘူးဆိုတာ သိနေပါရဲ့နဲ့ ဘုရားရှင်တရားတော်ကို ပြောင်းပြန်လုပ်ပြီး နိုင်ငံရေး လုပ်ကောင်းတယ်'လို့ မပြောဆိုသင့်ပါဘူး။ အဲဒီလို ပြောဆိုတဲ့သူတွေဟာ အင်္ဂုတ္တိုရ်ပါဠိတော် ဒုကနိပါတ် အဋ္ဌာစိက္ခနသုတ်တော်အရ ဘုရားရှင်ကို မဟုတ်မမှန် မတရားစွပ်စွဲသူတွေသာ ဖြစ်ပါတယ်။ ဘုရားရှင်ကို မဟုတ်မမှန် လုပ်ကြံစွပ်စွဲသူတွေဟာ ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သော ဘဝတွေမှာ ချမ်းသာခြင်းမှ ကင်းဆိတ်ရမယ်ဆိုတာကို သတိပြုမိစေချင်ပါတယ်။


***The Voice Daily***
***Vol.1, No. 270***
***Monday, February 17, 2014***

✪✪✪✪✪

# လူငယ်နှင့် နေရာ



"ငါလဲ လုပ်နိုင်တယ်။ ငါလဲ လုပ်မယ်" ဆိုတဲ့ အတ္တတွေကို လျှော့ချ ပြီး
အမှန်တကယ် စွမ်းဆောင်နိုင်တဲ့ လူငယ်တွေကို နေရာပေးခြင်းသည်သာလျှင်
လောကကို နိုင်ငံနဲ့လူမျိုးကို အမှန်တကယ်ချစ်မြတ်နိုးတဲ့သူ ဖြစ်ပါတယ်
လူကြီး လူကောင်းပီသသူ ဖြစ်ပါတယ်



## လူငယ်နှင့် နေရာ

အရှင်ကောဏ္ဍညမထေရ်ဆိုရင် လူတွေထဲက ပဌမဦးဆုံး အရိယာ ဖြစ်သူအဖြစ် ဗုဒ္ဓဘာသာဝင်တိုင်း သိကြပါတယ်။ သာသနာတော်မှာ အရှင်ကောဏ္ဍညမထေရ်မြတ်ကြီးဟာ ဘုရားပြီးရင် ဝါတော်အကြီးရင့်ဆုံးပါပဲ။ အရှင်မြတ်ကြီးဟာ လူငယ်တွေရဲ့တန်ဖိုးကို သိမှတ်နားလည်ပြီး လူငယ်တွေကို အစွမ်းကုန်အလုပ်လုပ်နိုင်အောင် ပံ့ပိုးပေးခဲ့တဲ့သူဆိုလည်း မမှားပါဘူး။ လူငယ်တွေရဲ့တန်ဖိုးကို သိပြီး လူငယ်တွေ အရည်အချင်းရှိသလောက် အလုပ်လုပ်နိုင်စေဖို့အတွက် သူ့နေရာကို စွန့်ပစ်ဖို့အတွက်ဆိုရင်လည်း မထေရ်မြတ်ကြီးက ဝန်မလေးခဲ့ပါဘူး။

အရှင်ကောဏ္ဍညမထေရ်ဟာ ဘုရားအလောင်းတော် နာမည်မှည့်တဲ့နေ့မှာ ကောဏ္ဍညပုဏ္ဏားပညာရှိအဖြစ်နဲ့ 'ကေန်စင်စစ် သဗ္ဗညုဘုရားဖြစ်လိမ့်မယ်' လို့ ဟောကိန်းထုတ်ကာ ရသေ့ဝတ်၍တောထွက်ပြီး အလောင်းတော်မင်းသား တောထွက်တရားကျင့်မယ့်အချိန်ကို စောင့်နေခဲ့ပါတယ်။ အလောင်းတော်မင်းသား တောထွက်တရားကျင့်တဲ့အခါမှာလည်း အလောင်းတော်မင်းသား တရားကျင့်ခြင်းကိစ္စ အောင်မြင်စေရန်အတွက် သူတတ်နိုင်သမျှကို အစွမ်းကုန် ပံ့ပိုးကူညီပေးခဲ့ပါတယ်။ နောင်အခါအလောင်းတော်မင်းသား ဘုရားဖြစ်လို့ သံသရာဝဋ်မှ ကျွတ်လွတ်ကြောင်း တရားဦးဓမ္မစကြာတရားတော်ကို ဟောကြားတဲ့အခါမှာ လူသတ္တဝါတွေထဲက ပဌမဦးဆုံးအရိယာဖြစ်ခဲ့ပြီး သာသနာတော်မှာ ပဌမဦးဆုံး ရဟန်းအဖြစ်ကို ရရှိခဲ့တဲ့သူပါ။ '**အညာသိ ဝတ ဘော ကောဏ္ဍညော** = အိုး ကောဏ္ဍညသည် သစ္စာလေးပါးတရားကို ထိုးထွင်း၍ သိမြင်လေပြီတကား' ရယ်လို့ ရှင်တော်မြတ်ဘုရားရဲ့ ဥဒါန်းကျူးရင့်ခြင်းကို ခံခဲ့ရတဲ့ အရှင်မြတ်ကြီးတစ်ပါးလည်း ဖြစ်ပါတယ်။ အရှင်မြတ်ကြီးဟာ

မဟာသက္ကရာဇ်(၁၀၃)ခုနှစ် ဝါဆိုလပြည့်နေ့မှာ သောတာပန်ဖြစ်ပြီး မဟာသက္ကရာဇ် (၁၀၃)ခုနှစ် ဝါဆိုလပြည့်ကျော်ငါးရက်နေ့မှာ ရဟန္တာ ဖြစ်တော်မူခဲ့ပါတယ်။

မဟာသက္ကရာဇ်(၁၀၃)ခုနှစ် တပို့တွဲလဆန်းတစ်ရက်နေ့မှာ အရှင်သာရိပုတ္တရာ အလောင်းနဲ့ အရှင်မဟာမောဂ္ဂလာန်အလောင်းဖြစ်ကြတဲ့ သူငယ်ချင်းနှစ်ဦး ရဟန်းပြုရန်အတွက် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းကို ရောက်ရှိလာခဲ့ကာ ရဟန်းပြုခဲ့ကြပါတယ်။ လဆန်း ခုနစ်ရက်နေ့မှာ အရှင်မဟာမောဂ္ဂလာန် ရဟန္တာဖြစ်ပြီး တပို့တွဲ လပြည့်နေ့မှာ အရှင်သာရိပုတ္တရာ ရဟန္တာဖြစ်ခဲ့ပါတယ်။ ဒါကြောင့် အဂ္ဂသာဝက နှစ်ပါးတို့ဟာ အရှင်ကောဏ္ဍညမထေရ်အောက် ဝါငယ်ကြပါတယ်။

မြတ်စွာဘုရားရှင်နဲ့ ရဟန္တာအရှင်မြတ်များ အတူတကွ ဆွမ်းခံကြွတော်မူတဲ့ အခါမှာ မြတ်စွာဘုရား၊ အရှင်ကောဏ္ဍည၊ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန် ပြီးမှ ကျန်အရှင်မြတ်များ ဝါစဉ်အလိုက် ကြွတော် မူကြပါတယ်။ ရှင်တော်မြတ်ဘုရား တရားဟောတော်မူတဲ့အခါမှာတော့ အလယ်ဗဟို တန်ဆာဆင်ထားအပ်သော ဗုဒ္ဓါသနမွေပလ္လင်ထက်မှာ မြတ်စွာဘုရားထိုင်တော်မူပြီး ရှင်တော်မြတ်ဘုရားရဲ့ လက်ယာနံပါးဘေးမှာ အရှင်သာရိပုတ္တရာမထေရ်၊ လက်ဝဲနံပါးဘေးမှာ အရှင်မဟာမောဂ္ဂလာန်မထေရ်တို့ ထိုင်တော်မူကြပါတယ်။ အဂ္ဂသာဝကနှစ်ပါး နောက်ကျောဘက်မှာ အရှင်ကောဏ္ဍညမထေရ် ထိုင်တော်မူရပြီး ကျန်ရဟန်းမှန်သမျှကတော့ အရှင်မြတ်ကြီးကို ဝန်းရံပြီးတော့ ထိုင်ကြရပါတယ်။

ဒီအခါမှာ အဂ္ဂသာဝကနှစ်ပါးဟာ အရှင်မြတ်ကြီးက သာသနာတော်မှာ အစဦးဆုံး သစ္စာလေးပါးတရားတော်ကို သိမြင်တော်မူသောသူ ဖြစ်သောကြောင့်လည်းကောင်း၊ အရွယ်တော်အားဖြင့် ကြီးမားတော်မူသောသူ ဖြစ်သောကြောင့်လည်းကောင်း၊ အရှင်မြတ်ကြီးကို ရိုသေလေးစားခြင်းရှိကြကုန်ရကား အရှင်မြတ်ကြီးကို မဟာဗြဟ္မာကြီးကဲ့သို့လည်းကောင်း၊ မီးပုံကြီးကဲ့သို့လည်းကောင်း၊ အဆိပ်ပြင်းထန်သော နဂါးမင်းကြီးကဲ့သို့လည်းကောင်း အောက်မေ့လေးစား မှတ်ထင်ခြင်းရှိကုန်ရကား မိမိတို့က နေရာဦးမှာ ထိုင်နေရခြင်းကို မဝံ့မရဲဖြစ်ကာ အရှင်မြတ်ကြီးကို ရှက်နိုးအားနာတော်မူကြပါတယ်။

ဒါကိုသိတော်မူတဲ့ အရှင်မြတ်ကြီးက 'ဤအဂ္ဂသာဝက မထေရ်မြတ်နှစ်ပါးတို့သည် နေရာဦးအကျိုးငှါ တစ်အသချေနဲ့ ကမ္ဘာတစ်သိန်းကြာ ပါရမီတို့ကို ဖြည့်ဆည်းပူးအပ်ကုန်ပြီ။ ထိုအဂ္ဂသာဝကနှစ်ပါးသည် ယခုအခါ နေရာဦး၌ ထိုင်နေကြရသော်လည်း မဝံ့မရဲ ရှိတော်မူကြကုန်၏။ ငါ့ကို ရှက်နိုးအားနာတော်မူကြကုန်၏။ အဂ္ဂသာဝက မထေရ်မြတ်နှစ်ပါးတို့ ချမ်းသာစွာနေနိုင်အောင် ငါပြုလုပ်မည်' လို့

ကြံစည် စဉ်းစားတော်မူပါတယ်။

ဒါ့အပြင် အရှင်မြတ်ကြီးဟာ ဘုန်းကံ အင်မတန်ကြီးမားတော် မူပါတယ်။ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူးသတင်းကောင်းများနည်းတူ အရှင်မြတ်ကြီးရဲ့ ဂုဏ်ကျေးဇူးသတင်းကောင်းများသည်လည်း ဤစကြဝဠာရှိ လူတို့နှင့်တကွ စကြဝဠာတိုက်တစ်သောင်း၌ နေထိုင်ကြသော နတ်ဗြဟ္မာများထိတိုင်အောင် ပျံ့နှံ့ ကျော်ကြားတော်မူပါတယ်။ ဒါကြောင့်မို့ လူနတ်ဗြဟ္မာတို့ဟာ ရှင်တော်မြတ်ဘုရား ထံသို့ သွားရောက်၍ ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်ပြီးလျှင် အရှင်မြတ်ကြီးကိုပါ သွားရောက် ပူဇော်ကန်တော့ကြပါတယ်။ မိမိထံမှောက် လာရောက်ကြ သူတို့အား သင့်တင့်လျောက်ပတ်သော တရားစကားဟောကြားမှု၊ အစေ့အစပ်စကား ပြောကြား မှု တစ်ခုခုကို ပြုလုပ်ရမယ့် ဝတ္တရားကလည်း သာသနာ့ထုံးစံအရ ရှိနေပြန်တာမို့ ဖလသမာပတ်ဝင်စားပြီး အေးအေးလူလူ နေလိုပေမဲ့ ပြောရဟောရပြန်ပါတယ်။ ဒါကိုလည်း မထေရ်မြတ်ကြီးက ငြီးငွေ့တော်မူပါတယ်။

ဒါကြောင့်မို့ အရှင်မြတ်ကြီးဟာ 'ငါ့တူ ပုဏ္ဏလုလင်သည် ရှင်ရဟန်းပြု၍ သာသနာတော်၌ မြတ်သောဓမ္မကထိကတစ်ပါး ဖြစ်လိမ့်မည်' လို့ ဆင်ခြင် သိမြင်တော် မူ၍ ဒေါဏဝတ္ထုပုဏ္ဏားရွာကို ကြွတော်မူကာ ပုဏ္ဏလုလင်ကို ရဟန်းပြုပေးပြီး 'ငါ့တူ ပုဏ္ဏရဟန်းသည် မြတ်စွာဘုရားတို့၏အနီးထံပါး၌ နေရစ်လိမ့်မည်' လို့ ထပ်မံ ကြံစည်တော်မူကာ တူတော်ပုဏ္ဏရဟန်းကို မြတ်စွာဘုရားရှင်၏ အနီးနေတပည့် ဖြစ်အောင် ပြုလုပ်ပါတယ်။ ပြီးခါမှ မြတ်စွာဘုရားရှင်ထံ ချဉ်းကပ်ကာ 'ဘုန်းတော် ကြီးမားတော်မူသော မြတ်စွာဘုရား၊ တပည့်တော်၏အဖို့ရာ ရွာနီးကျောင်းသည် သပ္ပါယမဖြစ်ပါ။ လူသူလေးပါးတို့နှင့် ရောပြွမ်း၍ ချမ်းသာစွာနေရန် မစွမ်းနိုင်ပါ။ ထို့ကြောင့် တပည့်တော်သည် ဟိမဝန္တာတောတွင်းရှိ မဏ္ဍာကိနီ ဆဒ္ဒန်ရေအိုင်ကြီးသို့ သွားရောက်နေထိုင်ခွင့် ပြုတော်မူပါဘုရား' လို့ လျှောက်ထား တောင်းပန်ပါတယ်။ ရှင်တော်မြတ်ဘုရားကလည်း ခွင့်ပြုတော်မူခဲ့ပါတယ်။

အရှင်မြတ်ကြီးဟာ ပရိနိဗ္ဗာန် စံသည့်တိုင်အောင် တစ်ဆယ့်နှစ်နှစ်ကြာ ကာလပတ်လုံး မဏ္ဍာကိနီ ဆဒ္ဒန်အိုင်မှာပဲ သီတင်းသုံးတော် မူသွားခဲ့ပါတယ်။ မဏ္ဍာကိနီ ဆဒ္ဒန်အိုင်မှာ ရှေးရှေးသောကာလများ၌ ပစ္စေကဗုဒ္ဓါများကို ပြုစုလုပ်ကျွေး ဖူးသော၊ နတ်ကဲ့သို့အသက်ရှည်သော၊ ဘုန်းတန်ခိုး အာနုဘော်လည်းကြီးမားကြသော ဆင်ပေါင်းရှစ်ထောင် ရှိပါတယ်။ အဲဒီဆင်များက အရှင်မြတ်ကြီးကို တစ်ဆယ့်နှစ် နှစ်ကြာကာလပတ်လုံး ပြုစုလုပ်ကျွေးကြပါတယ်။

အရှင်မြတ်ကြီးဟာ မဏ္ဍာကိနီဆဒ္ဒန်အိုင်မှာ သီတင်းသုံးနေထိုင်တော်မူတာ

တစ်ဆယ့်နှစ်နှစ်မြောက်သောနေ့မှာ မိမိရဲ့ အာယုသင်္ခါရ-ဇီဝိတသန္တာန်အစဉ်ကို ဆင်ခြင်ကြည့်တော်မူတဲ့အခါမှာ မိမိရဲ့ အာယုသင်္ခါရ ကုန်နေပြီဆိုတာကို သိမြင်တော်မူ၍ 'ငါသည် အဘယ်အရပ်၌ ပရိနိဗ္ဗာန် စံဝင်ရပါအံ့နည်း' လို့ ဆက်လက်ဆင်ခြင်တော်မူလေသော် 'ငါ့ကို တစ်ဆယ့်နှစ်နှစ်ကြာ ကာလတို့ပတ်လုံး ပြုစုလုပ်ကျွေးကြသော ဤဆင်ပေါင်း ရှစ်ထောင်တို့သည် ပြုနိုင်ခဲ့သည်ကို ပြုအပ်ခဲ့လေပြီ။ ထိုဆင်တို့၏ကျေးဇူးကား အလွန်များလှ၏။ ငါသည် မြတ်စွာဘုရားထံမှောက်သို့ သွားရောက်ကာ ပရိနိဗ္ဗာန်စံရန် ခွင့်ပန်လျှောက်ထားပြီးနောက် ဤဆင်တို့၏အနီးထံပါး ဤကမ္ဘဋ္ဌာန်းကျောင်းမှာပင် ပရိနိဗ္ဗာန်စံဝင်ပေတော့အံ့' လို့ ဆုံးဖြတ်ချက်ချမှတ်ကာ ကောင်းကင်ခရီးဖြင့် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူတဲ့ ရှင်တော်မြတ်ဘုရားထံ ကြွရောက်ဆည်းကပ်ပြီး ရှင်တော်မြတ်ဘုရားခြေတော်တို့ကို ဦးခေါင်းဖြင့် ထိတွေ့ဦးတိုက်၍ ရှင်တော်မြတ်ဘုရားရဲ့ခြေချောင်းတော်တို့ကို ခံတွင်းဖြင့် စုပ်တော်မူကာ 'ဘုန်းတော်ကြီးမားတော်မူသော မြတ်စွာဘုရား အကျွန်ုပ်ကား ကောဏ္ဍည ဖြစ်ပါသည်။ ကောင်းသောစကားကို မိန့်ကြားတော်မူသော မြတ်စွာဘုရား အကျွန်ုပ်ကား ကောဏ္ဍညဖြစ်ပါသည်' လို့ မိမိအမည်ကို ထုတ်ဖော်လျှောက်ထားပါတယ်။

ဒီလို ထုတ်ဖော်လျှောက်ထားရတာ အကြောင်းမဲ့မဟုတ်ပါဘူး။ အရှင်မြတ်ကြီးဟာ ရဟန်းတစ်ဝါအရမှာ အင်္ဂသာဝကနှစ်ပါးကို ငဲ့ညှာထောက်ထားသောအားဖြင့် ရှင်တော်မြတ်ဘုရားအနားက ထွက်ခွာခဲ့တာမို့ ရဟန်းငယ်အများစုက အရှင်ကောဏ္ဍည မထေရ်မြတ်ကြီးကို အမည်သာကြားဖူးကြပေမဲ့ မမြင်ဖူးကြပါဘူး။ အကယ်၍များ အရှင်မြတ်ကြီးကသာ မိမိရဲ့အမည်ကို ထုတ်ဖော်လျှောက်ထားခြင်း မပြုရင် ရဟန်းငယ်တွေက 'ယခုမြတ်စွာဘုရားရှင်နဲ့ ပဋိသန္ထာရ စကားပြောကြားနေသည့် ခေါင်းဖြူခါးကုန်း သွားပြုန်းယွင်းယို ဤရဟန်းအိုကြီးကား အဘယ်သူနည်း' လို့ စိတ်နေဖောက်ပြား ပြစ်မှားကြံစည်ကြရင် အပါယ်ငရဲလားရောက်မှာမို့ မိမိရဲ့အမည်ကို ထုတ်ဖော်လျှောက်ထားခြင်း ဖြစ်ပါတယ်။

အရှင်မြတ်ကြီးဟာ ရှင်တော်မြတ်ဘုရားနဲ့ ပဋိသန္ထာရစကားပြောကြားပြီးလျှင် 'ဘုန်းတော်ကြီးမားတော်မူသော မြတ်စွာဘုရား၊ တပည့်တော်၏ အာယုသင်္ခါရတို့ကား ကုန်ခဲ့ပါပြီ။ တပည့်တော်သည် ပရိနိဗ္ဗာန် စံဝင်တော့ပါမည် ဘုရား' လို့ လျှောက်ထားပါတယ်။ ရှင်တော်မြတ်ဘုရားက 'ချစ်သား သင်အဘယ်အရပ်၌ ပရိနိဗ္ဗာန်ဝင်စံမည်နည်း' လို့ မေးမြန်းတော်မူတဲ့အခါမှာ 'ဘုန်းတော်ကြီးမားတော်မူသော မြတ်စွာဘုရား အကျွန်ုပ်ကို တစ်ဆယ့်နှစ်နှစ်ကြာ ပြုစုလုပ်ကျွေးကြသော ဆင်ပေါင်း

ရှစ်ထောင်တို့သည် ပြုနိုင်ခဲ့သည်ကို ပြအပ်ခဲ့ကြပါကုန်ပြီ။ ထို့ကြောင့် တပည့်တော်သည် ထိုဆင်တို့၏အနီးအပါး ဆဒ္ဒန်အိုင်မှာပင် ပရိနိဗ္ဗာန်စံပါမည်ဘုရား' လို့ လျှောက်ထားတဲ့အခါမှာ မြတ်စွာဘုရားရှင်က ဆိတ်ဆိတ်နေတော်မူပါတယ်။

အရှင်မြတ်ကြီးဟာ ရှင်တော်မြတ်ဘုရား ဆိတ်ဆိတ်နေခြင်းဖြင့် သဘောတူသည်ကို သိတော်မူတာကြောင့် 'မြတ်စွာဘုရား ရှေးအခါ ဒုက္ကရစရိယာ ကျင့်တော်မူစဉ် အရှင်ဘုရားတို့အား ပြုစုလုပ်ကျွေးစဉ် မိဂဒါဝုန်တော၌ ပထမ ဖူးမြော်ခြင်းသည် ရှိပါ၏။ ထိုဖူးမြော်ရခြင်းသည် ရှေးဦးစွာ ဖူးမြော်ရခြင်းဖြစ်ပါသည်ဘုရား။ ဤယခု ဖူးမြော်ရခြင်းသည် နောက်ဆုံးဖူးမြော်ရခြင်းဖြစ်ပါသည်ဘုရား' လို့လျှောက်ထား၍ လူအပေါင်းငိုကြွေးနေစဉ်မှာပဲ ရှင်တော်မြတ်ဘုရားကို ရှိခိုးကန်တော့ပြီး ရှေ့တော်မှ ထွက်ခဲ့ကာ တံခါးမုခ်၌ရပ်တည်ပြီး 'မစိုးရိမ်ကြလင့်၊ မငိုကြွေးကြလင့် မြတ်စွာဘုရားများပင်ဖြစ်ဖြစ်၊ သာဝကများပင်ဖြစ်ဖြစ် ဖြစ်တိုင်းဖြစ်တိုင်းသော သင်္ခါရတို့သည် မပျက်စီးဘဲတည်မြဲနေခြင်းမည်သည် မရှိကုန်' လို့ ဆုံးမဩဝါဒ ပေးတော်မူပြီး ကောင်းကင်သို့ပျံတက်ကာ ဆဒ္ဒန်အိုင်ကြီးမှာပဲ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ပါတယ်။

တကယ်တော့ အရှင်မြတ်ကြီးရဲ့ နောက်ဆုံးဩဝါဒတော်အတိုင်း ဒီကမ္ဘာလောကကြီးထဲမှာ တည်မြဲနေတဲ့အရာဆိုတာ ဘာဆိုဘာမှ မရှိပါဘူး။ အချိန်တန်ရင် အားလုံးကို ပျက်စီးပျောက်ကွယ်သွားကြရမှာပါ။ မပျက်စီး မပျောက်ကွယ်ဘဲ ကျန်ရစ်ခဲ့တာဆိုလို့ ဂုဏ်သတင်းမျှသာ ရှိပါတယ်။ ဒါကြောင့် ပျက်စီးပျောက်ကွယ်မသွားခင် အခိုက်အတန့်လေးမှာ ကောင်းတာတွေကြံ၊ ကောင်းတာတွေပြော၊ ကောင်းတာတွေလုပ်ပြီး သာယာအေးချမ်းတဲ့ လူ့ပတ်ဝန်းကျင်တစ်ခုကို တည်ထောင်ထားရှိခဲ့ကြဖို့ပဲ လိုပါတယ်။ တည်ငြိမ်အေးချမ်းတဲ့ လူ့ပတ်ဝန်းကျင် တည်ဆောက်ရာမှာ လိုအပ်လာရင် ကိုယ့်နေရာ ကိုယ့်ပိုင်ဆိုင်မှုကို စွန့်သင့်လာရင်လည်း အရှင်မြတ်ကြီးလို ရက်ရက်ရောရော စွန့်ဝံ့ဖို့လိုပါတယ်။ စွန့်ရဲတဲ့သတ္တိရှိအောင်လည်း အားထုတ်ကြရပါမယ်။

အချို့လူကြီးတွေက 'ငါတို့က အသက်ကြီးတယ်၊ အတွေ့အကြုံရှိတယ်' ဆိုပြီး လုပ်ဆောင်နိုင်ခြင်းစွမ်းရည်ရှိတဲ့ လူငယ်တွေကို နေရာမပေးချင်ကြပါဘူး။ တကယ်တော့ အဲဒီ စိတ်နေသဘောထားကို စွန့်ပစ်သင့်ပါတယ်။ လုပ်ဆောင်နိုင်ခြင်းစွမ်းရည်ဟာ အသက်ငယ်ခြင်းကြီးခြင်း၊ အတွေ့အကြုံရှိခြင်း မရှိခြင်းနဲ့ပဲ သက်ဆိုင်နေတာမဟုတ်ပါဘူး။ ပါရမီနဲ့လည်း သက်ဆိုင်ပါတယ်။ တချို့က အသက်ငယ်ပေမဲ့ အသက်ကြီး၊ အတွေ့အကြုံရှိတဲ့ လူကြီးတွေထက် စွမ်းဆောင်နိုင်ကြတဲ့ လူငယ်တွေ အများအပြား ရှိပါတယ်။ တည်ငြိမ်အေးချမ်းတဲ့ လူ့ပတ်ဝန်းကျင်ကို ဘယ်သူပဲ

တည်ဆောက် တည်ဆောက် ဖြစ်မြောက်အောင်မြင်ဖို့သာ လိုရင်းပါ။ ဒါကြောင့်မို့ လူကြီးတွေအနေနဲ့ အတ္တတွေကိုလျှော့ချပြီး အရည်အချင်းရှိတဲ့ လူငယ်လေးတွေ အတွက် နေရာ ဖယ်ပေးသင့်ပါတယ်။

စွမ်းဆောင်နိုင်ရည်ရှိတဲ့ လူငယ်လေးတွေကို သူတို့နဲ့ ထိုက်တန်တဲ့နေရာကို ပေးဖို့အတွက် မိမိတို့က ဘေးဖယ်ပြီး နေသင့်ရင် နေပေးရပါမယ်။ ဒီလို ပြုမူဆောင်ရွက်ခြင်းသည်သာ သူတော်ကောင်းတို့ရဲ့ လမ်းစဉ် ဖြစ်ပါတယ်။ 'ငါပဲ လုပ်နိုင်တယ်။ ငါပဲ လုပ်မယ်' လို့ ငါတကောကောနေခြင်းဟာ သူတော်ကောင်းတို့ရဲ့လမ်းစဉ် မဟုတ်ပါဘူး။ 'ငါပဲ လုပ်နိုင်တယ်။ ငါပဲ လုပ်မယ်' ဆိုတဲ့ အတ္တတွေကို လျှော့ချပြီး အမှန်တကယ် စွမ်းဆောင်နိုင်တဲ့ လူငယ်တွေကို နေရာပေးခြင်းသည်သာလျှင် လောကကို၊ နိုင်ငံနဲ့လူမျိုးကို အမှန်တကယ်ချစ်မြတ်နိုးတဲ့သူ ဖြစ်ပါတယ်။ လူကြီးလူကောင်းပီသသူ ဖြစ်ပါတယ်။

***The Voice Weekly***

***Vol.10, No.6***

***Monday, February 17-23, 2014***

✪✪✪✪✪

# ကတိတွေ လွယ်လွယ်မပေးပါနှင့်



နိုင်ငံအုပ်ချုပ်သူအကြီးအကဲများအနေနဲ့ သစ္စာကတိတည် ကြည်သော
ပြည်သူပြည်သားတွေရဲ့ မိတ်ကောင်းဆွေကောင်းအဖြစ် ရပ်တည်နိုင်ဖို့အတွက်
စကားကို လွယ်လွယ်မပြောဖို့၊ ကတိတွေ လွယ်လွယ်မပေးဖို့ လိုပါတယ်

## ကတိတွေ လွယ်လွယ်မပေးပါနှင့်

တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူတွေ ရာထူးလက်ခံပြီးစမှာ ကတိသစ္စာစကား ပြောကြားကြပါတယ်။ ဘုရင်တွေထဲမှာတော့ ရာထူးလက်ခံမရယူမီက တိုင်းသူပြည်သားကိုပေးတဲ့ ကတိသစ္စာကို တည်ကြည်ခဲ့သူအဖြစ် သာလွန်မင်းတရားကြီးက ကျော်ကြားထင်ရှားပါတယ်။ သာလွန်မင်းတရားကြီးဟာ ဘုရင်ရာထူး ရယူခါစမှာ တိုင်းသူပြည်သားများ စိုးရိမ်ပူပန် တုန်လှုပ်ချောက်ချားနေတာကြောင့် စိတ်နှလုံးငြိမ်းအေးစေရန်အတွက် ပြည်သူပြည်သားတွေကို ကတိသစ္စာပေးတဲ့အနေနဲ့ -

'*ပျိုးသည့်၊ စိုက်သည့်၊ ပြင်သည့်၊ လုပ်သည့် ဥယျာဉ်သဖွယ်ဖြစ်၏။ ငါ့တွင်မူကား မသန်သည်ကို သန်အောင်၊ မပွင့်သည်ကို ပွင့်အောင်၊ မသီးသည်ကို သီးအောင်၊ မစည်သည်ကို စည်အောင်၊ မပွားသည်ကို ပွားအောင်၊ အစွတ်သင့်သည်ကို အစွတ်နှင့်၊ အခြောက်သင့်သည်ကို အခြောက်နှင့်၊ ခါးသည့်အပင်ကို မသက်ရအောင်၊ ချိုသည့်အပင်ကို မပျက်ရအောင်၊ အမြစ်ယုက်ရင် ဩဇာပေ့ါသည်၊ ပျက်သည်များကို အမြစ်အပင်မယုက်ရအောင် တတ်လှသောဥယျာဉ်သည် သုတ်သင်သိမ်းပိုက်စိုက်ပျိုးသကဲ့သို့၊ သာသနာတော်စီးပွား၊ ပြည်သူလူတကာသတ္တဝါအပေါင်းတို့စီးပွား၊ မိမိပြည်နိုင်ငံ၌ ရှိသော လူအပေါင်းတို့ကို ကတိတည်စွာ၊ ငယ်သသူကို ကြီးသာအောင်၊ ကြီးသသူကို အိုသာအောင်၊ အိုသသူကို ချမ်းသာစွာ သေရအောင်*'ရယ်လို့ ကြေညာချက်တစ်ခု ထုတ်ပြန်ခဲ့ပါတယ်။ သူပေးတဲ့ ကတိကိုတည်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ယနေ့ခေတ် ဒီမိုကရေစီနိုင်ငံ သမ္မတတွေဟာလည်း စတင်တာဝန်ထမ်းဆောင်ခါစမှာ မိန့်ခွန်းပြောပြီး ပြည်သူပြည်သားတွေကို ကတိသစ္စာပေးကြတာကို

တွေ့ရပါတယ်။ အုပ်ချုပ်သူနဲ့ ပြည်သူပြည်သားဟာ တစ်ဖက်နဲ့တစ်ဖက် ယုံကြည်မှု ရှိဖို့ လိုအပ်ပါတယ်။ ဒီအတွက် မဖြစ်မနေလိုအပ်တဲ့အရာကတော့ ကတိသစ္စာ တည်ကြည်မှုပါ။ ကတိသစ္စာဟာ လောကီအရေးကိစ္စမှာဖြစ်ဖြစ်၊ လောကုတ္တရာ အရေးကိစ္စမှာပဲ ဖြစ်ဖြစ် မဖြစ်မနေ လိုအပ်တဲ့အရာပါ။ သဗ္ဗညုဘုရားဖြစ်ဖို့အတွက် ပါရမီဖြည့်ရမှာလည်း ဘုရားအလောင်းတော်တွေဟာ သစ္စာပါရမီကို မဖြစ်မနေ ဖြည့်ကျင့်ကြရပါတယ်။ ကတိသစ္စာဟာ ဒီလောက်အထိကို အရေးကြီးတာပါ။

ကျေးဇူးတော်ရှင် ဘာသာဋီကာကျမ်းပြုအကျော် အမရပူရ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးက 'လိမ်၍ပြောခြင်း၊ ပြောသည့်အတိုင်း မလုပ်ခြင်းကား လူများကို အထင်မှားအောင် လှည့်စားခြင်းမည်၏။ ထို့ကြောင့် လူတစ်ယောက်ကို ဖြစ်စေ၊ အများကိုဖြစ်စေ အထင်မမှားအောင် မုသားလည်းမပြော၊ ကြွားဝါ၍လည်း မပြောဘဲ ပြုလုပ်နိုင်သလောက် ပြော၍၊ ပြောသည့်အတိုင်း ပြုလုပ်ခြင်းသည် သစ္စာပါရမီတည်း' လို့ **ဗုဒ္ဓဝင်အမေးအဖြေကျမ်း**မှာ ရေးသားတော်မူခဲ့ပါတယ်။ ဒီဖွင့်ဆိုချက်အရ ကတိသစ္စာပေးပြီး ပေးတဲ့ကတိသစ္စာအတိုင်းဖြစ်အောင် မပြုလုပ် နိုင်ခြင်းသည် လိမ်လည်ခြင်း သာဖြစ်ပါတယ်။ လိမ်လည်ခြင်းကို ပါဠိလို မုသာဝါဒလို့ သုံးနှုန်းပါတယ်။

**'သစ္စာတရားတစ်ခုကိုကျော်လွန်၍ မုသားစကားကို ပြောဆိုလေ့ရှိသော သူအား မပြုလုပ်ဝံ့သော မကောင်းမှု ဒုစရိုက်အမှုသည် မရှိပေ'**လို့ ရှင်တော်မြတ် ဘုရားက ဓမ္မပဒပါဠိတော်မှာ ဟောကြားတော်မူခဲ့ပါတယ်။ 'ဘုရားအလောင်းတော် သည် ပါရမီမရင့်သေးမီက ပါဏာတိပါတ စသော ပြစ်မှုများကို ပြုတန်သလောက် ပြုမည်ဖြစ်သော်လည်း မုသားကိုကား သူတစ်ပါးအကျိုး ပျက်ပြားအောင် သစ္စာဖျက်၍ မည်သည့်အခါမျှ မဆိုခဲ့ပေ' လို့ ဗုဒ္ဓဝင်အမေးအဖြေကျမ်းမှာ သစ္စာတရားအရေးကြီး ပုံနှင့် စပ်၍ မှတ်ချက်စကား ရေးသားတော်မူခဲ့ပါတယ်။

သစ္စာဟူသည် မြန်မာဝေါဟာရအားဖြင့် 'ဖြောင့်မှန်ခြင်း' 'ဖြစ်၏'။ 'မှန်ခြင်း'ဟူ၍လည်း ဆို၏။ မှန်ခြင်းတွင် ဖြောင့်မတ်ခြင်းသဘောပါဝင်၏။ ထို့ကြောင့် သစ္စာကိုဖြောင့်မှန်ခြင်းဟူ၍ ဆိုခြင်းဖြစ်၏။ ဖြောင့်မှန်ခြင်းသည် နှစ်မျိုးရှိပြန်၏။ အပြောနှင့်အလုပ် ရှေ့နောက်ညီခြင်းသည် ဖြောင့်မှန်ခြင်းတစ်မျိုးဖြစ်၏။ ယင်းကို '**ဥဇု**'ဟူ၍ ပါဠိဝေါဟာရဖြင့် ဆို၏။ ကံအားဖြင့် ဆိုရလျှင် ကာယကံနှင့် ဝစီကံတို့ ရှေ့နောက်ညီခြင်း၊ တစ်ဖြောင့်တည်းကျခြင်း ဖြစ်၏။ ကာယကံ၊ ဝစီကံ၊ မနောကံ တည်းဟူသော ကံသုံးပါးတို့ ရှေ့နောက်ညီခြင်းသည် အခြားသောဖြောင့်မှန်ခြင်း တစ်မျိုးဖြစ်၏။ ယင်းဖြောင့်မှန်ခြင်းကို '**သုဟုဇု**'ဟူ၍ ပါဠိဝေါဟာရအားဖြင့် ဆို

၏။ ဥဇုကို ဖြောင့်မှန်ခြင်းဟုဆိုလျှင် သုဟုဇကိုအလွန်ဖြောင့်မတ်ခြင်းဟူ၍ ဆိုရ၏။ အမှန်အားဖြင့် **ကာယကံနှင့် ဝစီကံ ရှေ့နောက် တစ်ဖြောင့်တည်းကျခြင်းကိုပင် သစ္စာဟူ၍ ဆိုပါ၏။ ယင်းကိုပင် ပြောသည့်အတိုင်းလုပ်ခြင်း၊ လုပ်သည့်အတိုင်း ပြောခြင်းဟူ၍ ကျမ်းဂန်များ၌ ဆိုပါ၏။**' လို့ ဆရာကြီး ဦးရွှေအောင် (ဝဋ္ဋသကာနှင့် သိရောမဏိ)က ကိုယ်ကျင့်ဗုဒ္ဓဝင်မှာ သစ္စာကို ရှင်းလင်းဖွင့်ပြထားပါတယ်။

ဗုဒ္ဓစာပေကျမ်းဂန် အနံ့အပြားမှာဆိုရင်လည်း ကတိသစ္စာတရားဖြင့် အသက်ကို ကယ်တင်နိုင်ခဲ့သော ဖြစ်ရပ်များ၊ မီးဘေးရေဘေးတို့ကို တားမြစ်နိုင်ခဲ့သော ဖြစ်ရပ်များ၊ ကပ်ရောဂါဘေးဆိုးတို့ကို တားမြစ်နိုင်ခဲ့သော ဖြစ်ရပ်များ စသဖြင့် ကတိသစ္စာတရား တည်ကြည်မှုဖြင့် အခက်အခဲပေါင်းများစွာကို ကျော်လွှန်နိုင်ခဲ့တဲ့ ဖြစ်ရပ်တွေကို တွေ့ရှိရပါတယ်။ ကတိသစ္စာတည်ကြည်မှုဖြင့် မကျော်လွှားနိုင်သော အရာ ဘာတစ်ခုမှ ဒီလောကကြီးထဲမှာ မရှိပါဘူး။ ဒါကြောင့် ရှေးသူတော်ကောင်း ပညာရှိများဟာ သစ္စာတရားကို မြတ်နိုးနှစ်သက်ကြပြီး မိမိ၏အသက်ဘေးဟူသော အကြောင်းကြောင့်တောင်မှ သစ္စာတရားကို မချိုးဖျက်ခဲ့ကြပါဘူး။

ကတိသစ္စာတရားနဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ ပြယုဂ်တွေ ဗုဒ္ဓစာပေကျမ်းဂန် အနံ့အပြားမှာ တွေ့ရှိနိုင်ပါတယ်။ အထင်ရှားဆုံးပြယုဂ်ကတော့ **မဟာသုတသောမမင်း**ပဲ ဖြစ်ပါတယ်။

ပေါရိသာဒဆိုတဲ့ ဘုရင်တစ်ပါးဟာ အမှတ်မထင် လူသားစားမိပြီး အရသာကို စွဲလမ်းကာ လူတွေကိုသတ်စားတာကြောင့် ပြည်သူပြည်သားများက တိုင်းပြည်ကနေ သူ့ရဲ့စားဖိုမှူးနဲ့အတူ နှင်ထုတ်လိုက်ပါတယ်။ နန်းကျဘုရင် ပေါရိသာဒဟာ လူသားရှာမရတော့တဲ့အဆုံးမှာ စားဖိုမှူးကို သတ်စားလိုက်ပြန်ပါတယ်။ တစ်နေ့တော့ ပေါရိသာဒဟာ အခြံအရံကျေးကျွန်တွေနဲ့ ခရီးထွက်လာတဲ့ လူချမ်းသာတစ်ဦးကို ဝင်ဖမ်းပြီး ထမ်းပြေးရင်း ခြေဖဝါးငုတ်စူးမိတာကြောင့် ဖမ်းလာတဲ့လူကို ချထားခဲ့ပြီးတော့ လူချမ်းသာရဲ့ကျေးကျွန်တွေက ဗိုင်းလိုက်တာမို့ ခြေဦးတည့်ရာ ပြေးရင်း ညောင်ပင်ကြီးတစ်ပင်အောက် ရောက်သွားပါတယ်။

'သူ့အနာရောဂါကို ပျောက်ကင်းအောင် ကူညီစောင့်မပေးရင် ဘုရင်တစ်ရာရဲ့လည်ချောင်းသွေးနဲ့ ပူဇော်ပသပါမယ်' လို့ ဆုတောင်းစကားပြောပြီး အနာရှိန်ကြောင့် အိပ်ပျော်သွားပါတယ်။ သူအိပ်ပျော်တာက ခုနစ်ရက်တောင်ကြာပါတယ်။ မေ့မြောသွားတဲ့ သဘောပါပဲ။ ပြန်နိုးလာတော့ ရက္ခစိုး၏တန်ခိုးကြောင့် မဟုတ်ဘဲ သူ့အလိုလို အနာက ကျက်နေပါတယ်။

ပေါရိသာဒဟာ သူ့ခံဝန်စကားကို အကောင်အထည်ဖော်ဖို့ နိုင်ငံအသီးသီးက ဘုရင်တွေကို အလစ်အငိုက်မှာ ဖမ်းဆီးပါတယ်။ တစ်ရာမြောက်ဘုရင်အဖြစ် မဟာသုတသောမမင်းကို ဖမ်းပါတယ်။

'ငါသည် ငါ့ပြည်တော်သို့ ခေတ္တပြန်လိုသည်။ ပြန်လိုသည့်အကြောင်းမှာ ဥယျာဉ်တော်သို့ ထွက်လာစဉ် လမ်းခရီးမှာ နန္ဒပုဏ္ဏားက အဖိုးတစ်ရာထိုက်တန်တဲ့ တရားလေးဂါထာ ဟောလိုကြောင်း လျှောက်ထားသည်တွင် ဥယျာဉ်တော်ကအပြန်မှ နာကြားမည်။ စောင့်ဆိုင်းပါပဟု ချိန်းချက်ကာ စကားအကြွေးတင် ထားခဲ့သည်။ ဤတရားကိုနာ၍ ငါ့စကားကြွေးကို ပြေလည်အောင် ဆပ်ပြီးလျှင် သင့်ထံသို့ ငါပြန်ခဲ့ပါမည်' လို့ မဟာသုတသောမမင်းက ပေါရိသာဒကို ခွင့်တောင်းတဲ့အခါမှာ-

'အသင်သည် သေမင်းလက်မှ လွတ်မြောက်သွားပြီး နောက်တစ်ဖန် သေမင်းထံ ပြန်လာပါဦးမည် ဟူသကဲ့သို့ ပြောဆိုလေသည်။ ထိုစကားကို ကျွန်ုပ် မယုံကြည်နိုင်' လို့ ငြင်းပယ်ပါတယ်။

ထိုအခါ မဟာသုတသောမမင်းက-

'အဆွေတော် ပေါရိသာဒ၊ လောက၌ စင်ကြယ်သောသီလရှိ၍ သေရခြင်းက မြတ်၏။ ယုတ်မာသောသဘောရှိ၍ အသက်ရှည်ရခြင်းသည် သူတစ်ပါးတို့ ကဲ့ရဲ့အပ်သည်သာ ဖြစ်၏။ မမှန်မကန် ပြောဆိုအပ်သောစကားသည် သေသည့်နောက် အပါယ်ဒုဂ္ဂတိဘေးမှ စောင့်ရှောက်မည်မဟုတ်။ အဆွေတော် ပေါရိသာဒ၊ လောက၌ လေကြမ်းသည် မြေပြင်ရှိ ကျောက်တောင်ကြီးများကို ကောင်းကင်သို့ ပျံတက်သွားအောင် တိုက်ခတ်လိုက်သည် ဟူ၍လည်းကောင်း၊ လနှင့်နေတို့သည် ကောင်းကင်သို့ ကြွေကျသည် ဟူ၍လည်းကောင်း၊ အလုံးစုံသော မြစ်တို့သည် အညာသို့သာ ရေဆန်ကြကုန်သည် ဟူ၍လည်းကောင်း၊ တစ်စုံတစ်ယောက်က ပြောဆိုငြားအံ့။ သင်ယုံပါလေ။ မဟာသုတသောမမင်း မုသားစကားကို ပြောဆိုသည်ဟု တစ်စုံတစ်ယောက်က ပြောဆိုလာလျှင် အသင် မယုံပါလေလင့်' ဤသို့ စသဖြင့် အာမခံစကားပြောကြားပေမဲ့ ပေါရိသာဒက မယုံကြည်ပြန်သဖြင့်-

'အဆွေတော် ပေါရိသာဒ၊ ငါ နန္ဒပုဏ္ဏားနှင့် စကားကြွေးမရှိအောင် တရားတော်ကိုနာပြီးနောက် သစ္စာကိုစောင့်ရှောက်သောအားဖြင့် သင့်ထံသို့ ပြန်လာခဲ့ပါမည်။ ငါ မဟုတ်မမှန်ပြောခဲ့သော် မင်းမျိုး၌ နောက်ထပ်တစ်ဖန် မဖြစ်ပါစေသား' လို့ ကျိန်စာဆိုပြလိုက်မှ ပေါရိသာဒက လွှတ်ပေးခဲ့ပါတယ်။

မဟာသုတသောမမင်းဟာ နန္ဒပုဏ္ဏားဆီက တရားတော်ကို နာကြားပြီးတော့ ကတိသစ္စာတည်ကြည်သောအားဖြင့် သူ့ကိုသတ်မယ့် ပေါရိသာဒထံကို

ပြန်လာခဲ့ပါတယ်။ သူ့မှာရှိတဲ့ စစ်တပ်ကြီးနဲ့ ပေါရိသာဒကို အနိုင်မကျင့်ပါဘူး။ သူ့ကတိစကားကို သူ တန်ဖိုးထားပါတယ်။ ဒီလို ကတိသစ္စာတည်ကြည်သော အားဖြင့် ပြန်လာသောကြောင့် မင်း ၉၉ ပါးအသက်ကို ကယ်တင်ပေးနိုင်ခဲ့သလို ပေါရိသာဒကိုလည်း သူတော်ကောင်းဖြစ်အောင် ပြန်လည်ပြုပြင်ပေးနိုင်ပြီး သူ့တိုင်းပြည်မှာ ဘုရင်အဖြစ် ထီးနန်းတင်ပေးနိုင်ခဲ့ပါတယ်။ ကတိသစ္စာတည်ကြည်ခြင်းရဲ့ အကျိုးတရားတွေပါပဲ။

ဒါကြောင့်မို့ ရှင်တော်မြတ်ဘုရားက-

**'ယေ ကေစိ မေ အတ္ထိ ရသာပထဗျာ သစ္စံ တေသံ သာဒုတရံ ရသာနံ =** မြေပြင်အဝှမ်း၌ အလုံးစုံသော အရသာမျိုးတို့ရှိကြရာ ထိုအရသာတို့တွင် သစ္စာသည်သာလျှင် အချိုမြိန်ဆုံးသောအရသာဖြစ်သည်' ဟူ၍ ဟောကြားတော်မူခဲ့ပါတယ်။ သစ္စာတရားဖြင့် မအောင်နိုင်သောအရာ ဒီကမ္ဘာလောကကြီးထဲမှာ ဘာတစ်ခုမှ မရှိပါဘူး။ ရှင်တော် မြတ်ဘုရားကိုယ်တိုင်လည်း မာရ်နတ်မင်းရန်ကို သစ္စာဖြင့်သာ အောင်နိုင်ခဲ့တာပါ။

၁။ **အညဒတ္ထုဟရ** = မိမိ၏ အကျိုးကိုသာ ငဲ့ကွက်တတ်သောသူ။
၂။ **ဝစီပရမ** = နှုတ်ဖြင့်သာ ပေးတတ်သူ။
၃။ **အနုပိယဘာဏ** = မချစ်ပါဘဲနဲ့ ချစ်ဟန်ဆောင်၍ နေသောသူ။
၄။ **အပါယသဟာယ** = အကျိုးမရှိသောအရာ၌ (အရက်သောက်မှုစသည်၌) အဖော်ပြုပေးတတ်သူ။ လို့ သိင်္ဂါလောဝါဒသုတ်မှာ **ခင်ပွန်းယုတ်ရဲ့ လက္ခဏာလေးပါး** ပြထားပါတယ်။

**'မိမိက ပြုပေးပါမည် လုပ်ပေးပါမည်ဆိုပြီး မပေးဘဲ ကတိသစ္စာ ဖျက်သူသည် 'လူယုတ်မာထက် ယုတ်မာသောသူ ဖြစ်သည်။ ထိုသူ၏ လားရာ ဒုတိယမြောက်ဘဝသည် အပါယ်ငရဲဖြစ်သည်'** လို့ ရှင်တော်မြတ်ဘုရားက ဇာတက ပါဠိတော် သိဝိဇာတကမှာ ဟောကြားတော်မူခဲ့ပါတယ်။

ဒါကြောင့် နိုင်ငံအုပ်ချုပ်သူအကြီးအကဲများအနေနဲ့ သစ္စာကတိတည်ကြည်သော ပြည်သူပြည်သားတွေရဲ့ မိတ်ကောင်းဆွေကောင်းအဖြစ် ရပ်တည်နိုင်ဖို့အတွက် စကားကို လွယ်လွယ်မပြောဖို့၊ ကတိတွေ လွယ်လွယ်မပေးဖို့ လိုပါတယ်။ လုပ်နိုင်သလောက် ပြောပြီးပြောသလောက်လည်း လုပ်ပေးမှသာလျှင် သစ္စာကတိတည်ကြည်သော ပြည်သူပြည်သားတွေရဲ့ မိတ်ကောင်းဆွေကောင်း ဖြစ်မှာပါ။ ပြည်သူပြည်သားတွေ တစ်ခဏပန်းလေး စိတ်ချမ်းသာဖို့အတွက် အမှန်တကယ် လုပ်မပေးနိုင်ပါဘဲ စကားချိုချိုလေးပြောပြီး မနှစ်သိမ့်သင့်ပါဘူး။ အဲဒီလို နှစ်သိမ့်ပေးတာ

ဟာလည်း သူတော်မဟုတ် သူယုတ်တွေရဲ့ အပြုအမူဆိုတာ နားလည်သိမှတ်ရပါ မယ်။ မိမိရဲ့ သံသရာခရီးလမ်းဟာလည်း မဖြောင့်နိုင်တော့ပါဘူး။

**The Pyi Myanmar Daily**

*အတွဲ(၁)၊ အမှတ်(၂၁၁)*

*၁၃.၂.၂၀၁၄၊ ကြာသပတေးနေ့။*

✪✪✪✪✪

# သည်းခံခြင်းနှင့် ငြိမ်ခံခြင်း



ဘဝဆိုတာက တစ်ဖြောင့်တည်းသွားနေတဲ့မျဉ်း မဟုတ်ပါဘူး
အနိမ့်အမြင့် အတက်အကျ အကောက်အကွေ့တွေ သိပ်များပါတယ်
ကျွန်ုပ်ရှိုးခိုက်မှာ ဘယ်သူကမှ အပေါင်းအသင်း အဆက်အဆံ မလုပ်ချင်ကြပေမဲ့
အောင်မြင်နေတဲ့ အခိုက်အတန့်မှာ တော့ မြှောက်ထိုးပင့်ကော်လုပ်မယ့်
သာပေါင်းညာစားတွေက အများသားပါ

## သည်းခံခြင်းနှင့် ငြိမ်ခံခြင်း

လူအတော်များများက ငြိမ်ခံတာနဲ့ သည်းခံတာကို မကွဲပြားကြပါဘူး။ ငြိမ်ခံတာကို သည်းခံတာလို့ ထင်နေကြပါတယ်။ ပြဿနာတွေဖြစ်တဲ့အခါမှာ ပြဿနာကို ပြေလည်ရာပြေလည်ကြောင်း မရှင်းလင်းပါဘဲ တစ်ဖက်က စွပ်စွဲပြောဆိုနေသမျှ ငြိမ်ခံနေတာကိုသည်းခံနေတာလို့ ထင်နေတတ်ကြပါတယ်။ အမှန်က သည်းခံတာနဲ့ ငြိမ်ခံတာ မတူပါဘူး။

သည်းခံခြင်းမှာ မတုန်လှုပ်ခြင်း၊ မြောက်ကြွမြောက်ကြွမဖြစ်ခြင်း၊ ဒေါသမာနအတ္တတို့ကင်းမဲ့ခြင်း၊ တစ်ဖက်သား၏အင်အား ကြီးသည်ငယ်သည်နဲ့ မဆက်စပ်ခြင်း၊ မတုန်လှုပ်ခြင်း၊ စိတ်ဓာတ်ခွန်အားကြီးမားခြင်း စတဲ့ အကြောင်းတရားတွေနဲ့ ပေါင်းစပ်ဖွဲ့စည်းထားပါတယ်။ သည်းခံခြင်းမှာ မကျေနပ်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ လက်စားချေလိုခြင်း၊ အားမတန်လို့မာန်လျှော့ရခြင်း၊ ဝမ်းနည်းပူဆွေးခြင်းများ မရှိပါဘူး။ ငြိမ်ခံခြင်းကတော့ သည်းခံခြင်းနဲ့ ပြောင်းပြန်ပါပဲ။ သည်းခံခြင်းဆိုတာ အင်မတန်မြင့်မြတ်တဲ့အရာပါ။ စိတ်ဓာတ်ခွန်အား သေးသိမ်သူတွေ၊ ဉာဏ်ပညာနည်းသူတွေဟာ သည်းမခံနိုင်ကြပါဘူး။ အများစုက သည်းခံတယ်ဆိုတာကို လူဖျင်းလူညံ့တွေရဲ့ အလုပ်လို့ မှတ်ယူနေတတ်ကြပါတယ်။ ပြီးတော့ သည်းခံခြင်းလို့ ပြောဆိုလိုက်တာနဲ့ အဆိုးလောကဓံနဲ့ ကြုံတွေ့နေရခြင်းကိုပဲ သွားပြီးမြင်ယောင်တတ်ကြပါတယ်။ သည်းခံခြင်းဆိုတာ အဆိုးလောကဓံသက်သက်နဲ့ပဲ သက်ဆိုင်နေတဲ့အရာ မဟုတ်ပါဘူး။

တစ်ခါတုန်းက တာဝတိံသာနတ်တွေနဲ့ အသုရာတွေ စစ်ဖြစ်ရာမှာ တာဝတိံသာနတ်တွေက အနိုင်ရရှိပြီး အသုရာတို့ရဲ့အကြီးအမှူးဖြစ်သော ဝေပစိတ္တိအသုရိန္ဒကို လက်ရဖမ်းနိုင်ခဲ့ပါတယ်။ သိကြားမင်းက လက်ရဖမ်းဆီးနိုင်ခဲ့တဲ့ ဝေပစိတ္တိကို

သုခမ္မာနတ်သဘင်မှာ တုပ်နှောင်ထားပါတယ်။ ဝေပစိတ္တိဟာ သိကြားမင်း သုဓမ္မာ သဘင်ထဲကို ဝင်တိုင်းထွက်တိုင်း အမျိုးမျိုးအဖုံဖုံ မကြားဝံ့မနာသာ ဆဲဆိုကြိမ်းမောင်း ပါတယ်။ သိကြားမင်းကတော့ အေးအေးပါပဲ။ ဒါကိုမြင်နေကြားနေရတဲ့ မာတလိက 'ဒါလောက် ဆဲဆိုနေတာကို ဘာကြောင့် သည်းခံနေပါလဲ။ ကြောက်ခြင်းကြောင့် လော၊ ခွန်အားနည်းခြင်းကြောင့်လော' ဟု သိကြားမင်းကို မေးမြန်းလာတဲ့အခါမှာ 'ငါကဲ့သို့သော ပညာရှိသည် သူမိုက်နှင့် ဘယ်မှာဖက်ပြိုင်ပါအံ့နည်း' လို့ပြန်လည် ဖြေကြားခဲ့ပါတယ်။

'အရှင်သိကြားမင်း၊ သူမိုက်ကို တားဆီးနှိပ်ကွက်ခြင်း မပြုလျှင် ထိုသူ မိုက်သည် ပို၍ ဆိုးလာနိုင်ပါသည်။ ထို့ကြောင့် ပညာရှိသည် သူမိုက်ကို ပြင်းထန် သောအပြစ်ဒဏ်ဖြင့် တားဆီးနှိပ်ကွပ်သင့်ပါသည်'

'မာတလိ၊ တစ်ပါးသူ၏ အမျက်ထွက်သည်ကို သိလျှင် ပြန်၍အမျက် မထွက်ဘဲ သတိဖြင့် မိမိစိတ်ကိုထိန်းသိမ်းလျက် အေးချမ်းစွာနေခြင်းဖြင့်သာလျှင် လူမိုက်ကို တားဆီးနှိပ်ကွပ်သည်မည်၏'

'အရှင်သိကြားမင်း၊ ကျွန်ုပ်ကတော့ သည်းခံခြင်း၌ အပြစ်ကိုသာ မြင်ပါ သည်။ သူမိုက်သည် မိမိအားကြောက်၍ သည်းခံသည်ဟု ထင်မှတ်သောအခါ ပြေးသောနွားကို အခြားသောနွားတို့က လိုက်သကဲ့သို့ ပညာရှိကို အလွန်လွှမ်းမိုး တတ်၏။ ကျွန်ုပ်သည် သည်းခံခြင်း၌ ဤသို့သောအပြစ်ကိုသာ မြင်ပါ၏'

'မာတလိ၊ မိမိအားကြောက်၍ သည်းခံသည်ဟုထင်သည်ဖြစ်စေ၊ မထင် သည်ဖြစ်စေ မိမိ၏ အကျိုးပြီးစီးခြင်းသည်သာ ပဓာနဖြစ်၏။ သည်းခံခြင်းထက် သာလွန်သောတရားကား မရှိချေ။ **ခွန်အားရှိသူဖြစ်လျက် ခွန်အားနည်းသူအား သည်းခံ ခြင်းကိုသာ မြတ်သောသည်းခံခြင်းဟူ၍ ဆိုကြ၏။** ခွန်အားနည်းသူသည်ကား အမြဲ သည်းခံနေရသည်သာ ဖြစ်၏။ လူမိုက်၏ မိုက်အားသည် စင်စစ် ခွန်အားမဟုတ်ချေ။ အမျက်ထွက်သူအား ပြန်၍ အမျက်ထွက်ခြင်းသည် ယုတ်မာမှုပင်ဖြစ်၏။ အမျက် ထွက်သူအား ပြန်၍အမျက်မထွက်သူသည် အောင်နိုင်ခဲသောစစ်ပွဲကိုအောင်မြင်၏။ တစ်ပါးသူက အမျက်ထွက်သည်ကိုသိလျှင် ပြန်၍အမျက်မထွက်ဘဲ သတိဖြင့် ထိန်း သိမ်းလျက် အေးချမ်းစွာနေသူသည် မိမိသူတစ်ပါး နှစ်ဦးသားလုံး၏ အကျိုးစီးပွား ကို ကျင့်သူဖြစ်၏။ တရား၌ မလိမ္မာသူတို့ကား ထိုကဲ့သို့သောသူကိုပင် လူမိုက်ဟု ထင်မှတ်ကြလေသည်'

'ရဟန်းတို့၊ နတ်တို့၏ အရှင်ဖြစ်သော သိကြားမင်းသည်ပင် သည်းခံခြင်း၏ ဂုဏ်ကျေးဇူးကို ဆိုတုံ့ဘိသေး၏။ ကောင်းစွာ ဟောကြားအပ်သော သာသနာ၌

ရဟန်းပြုသော သင်တို့သည် သည်းခံသူတရား၌ မွေ့လျော်သူဖြစ်ကြမှသာ တင့်တယ်ကုန်ရာ၏' လို့ ရှင်တော်မြတ်ဘုရားက သိကြားမင်းတို့အကြောင်းခြင်းရာကို ပြောပြီးတဲ့အဆုံးမှာ ရဟန်းတွေကို ဆုံးမတော်မူခဲ့ပါတယ်။

တစ်ခါတုန်းက ရှင်တော်မြတ်ဘုရားဟာ နောက်ပါ ရဟန်းငါးရာနဲ့အတူ ရာဇဂြိုဟ်ကနေ နာဠန္ဒာမြို့သို့ ဒေသစာရီ ကြွချီတော်မူပါတယ်။ တိုက်တိုက်ဆိုင်ဆိုင် သုပ္ပိယပရိဗိုဇ်လည်း အနီးနေ တပည့်ကြီးဖြစ်တဲ့ ဗြဟ္မဒတ္တလုလင်နဲ့အတူ ရာဇဂြိုဟ်ကနေ နာဠန္ဒာမြို့သို့ ခရီးထွက်ခဲ့ပါတယ်။ ရှင်တော်မြတ်ဘုရားနဲ့ ရဟန်းငါးရာက ရှေ့က၊ သုပ္ပိယတို့ ဆရာတပည့်က နောက်ကပါ။ ထူးခြားတာက သုပ္ပိယတပည့်ဖြစ်တဲ့ ဗြဟ္မဒတ္တလုလင်ဟာ မိမိတို့ရှေ့ကနေ ကြွချီနေတဲ့ ဘုရား၊ တရား၊ သံဃာရတနာသုံးပါးရဲ့ ဂုဏ်တော်ကျေးဇူးတော်တွေကို ဥပမာ ဥပမေယျ အမျိုးမျိုးနဲ့ ချီးမွမ်းစကားပြောကြားပါတယ်။ ဆရာဖြစ်တဲ့ သုပ္ပိယကတော့ တပည့်ဖြစ်သူနဲ့ ဆန့်ကျင်ဘက်အဖြစ် ရပ်တည်ပြီး အကြောင်းအမျိုးမျိုးပြပြီး ရတနာသုံးပါးကို ကဲ့ရဲ့အတင်းဆိုစကား ပြောကြားပါတယ်။ ခရီးသွားရင်း ညချမ်းအချိန် ရောက်တဲ့အခါမှာ ရှင်တော်မြတ်ဘုရားနဲ့ ရဟန်းငါးရာဟာ မင်းဥယျာဉ်ဖြစ်တဲ့ အမ္ဗလဋ္ဌိက ဥယျာဉ်မှာ ခရီးတစ်ထောက်နားတော်မူပါတယ်။ ဒီအခါမှာ ရဟန်းတွေက သုပ္ပိယတို့ဆရာတပည့်နှစ်ဦးရဲ့ ပြောစကားတွေကို ရှင်တော်မြတ်ဘုရားကို ပြန်လည် လျှောက်ထားကြပါတယ်။

ရဟန်းတော်တွေရဲ့ တင်ပြလျှောက်ထားမှုကို ကြားသိရတဲ့ ရှင်တော်မြတ်ဘုရားက 'ရဟန်းတို့ သင်တို့သည် ရတနာသုံးပါးကို အတင်းဆို ကဲ့ရဲ့စကား ကြားသိရတဲ့အခါမှာ သတိလက်လွတ်ဖြစ်ပြီး စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်း၊ စိတ်နှလုံး မသာမယာဖြစ်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်းများ မဖြစ်ကြကုန်လင့်။ သင်တို့သည် ထိုသူများပေါ်၌ စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်း၊ စိတ်နှလုံးမသာမယာဖြစ်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်းများ ဖြစ်ကုန်အံ့။ ထိုသို့ဖြစ်ခြင်းသည် သင်တို့၏ အကျိုးစီးပွားဖြစ်သော ဈာန်မဂ်ဖိုလ်၏ အန္တရာယ်ဖြစ်၏။ တစ်စုံတစ်ယောက်သောသူက ရတနာသုံးပါးအပေါ်၌ မဟုတ်မမှန် စွပ်စွဲ၍ ကဲ့ရဲ့အတင်းစကား ပြောကြားနေခြင်းကို သင်တို့ကြားသိရအံ့။ စိတ်မဆိုးဘဲ၊ အမျက်မထွက်ဘဲ၊ နှလုံးမသာမယာမဖြစ်ဘဲ၊ ရန်ငြိုးမထားဘဲ တည်ငြိမ်အေးချမ်းသော စိတ်နေသဘောထားဖြင့် 'သင် စွပ်စွဲပြောဆိုနေတဲ့အတိုင်း မဟုတ်ပါ'ဟုသာ ငြင်းဆို ဖြေရှင်းကြလော့'

'ရဟန်းတို့၊ သင်တို့သည် ရတနာသုံးပါး၏ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆိုစကား ကြားရတဲ့အခါမှာ သတိလက်လွတ်ဖြစ်ပြီး ဘူးတောင်းများ ရေ၌ပေါ်နေသလို မြောက် ကြွမြောက်ကြွဖြစ်၍ မဖြစ်ကြကုန်လင့်။ ဝမ်းသာရယ်မော တသောသော မဖြစ်

ကြကုန်လင့်။ သင်တို့သည် ချီးမွမ်းစကားပြောကြားခံရခြင်းကြောင့် ဘူးတောင်းများရေ၌ ပေါ်နေသလို မြောက်ကြွမြောက်ကြွဖြစ်၍ ဖြစ်ကြကုန်အံ့။ ဝမ်းသာရယ်မော တသော သော ဖြစ်ကြကုန်အံ့။ ထိုသို့ဖြစ်ခြင်းသည် သင်တို့၏ အကျိုးစီးပွားဖြစ်သော ဈာန် မဂ်ဖိုလ်၏အန္တရာယ်ဖြစ်၏။ တစ်စုံတစ်ယောက်သောသူက ရတနာသုံးပါး၏ ဂုဏ် ကျေးဇူးကို ချီးမွမ်းပြောဆိုစကား ကြားသိရအံ့။ ဝမ်းသာရယ်မော တသောသော ဖြင့် မြောက်ကြွမြောက်ကြွမဖြစ်ဘဲ တည်ငြိမ်အေးချမ်းသော စိတ်နေသဘောထား ဖြင့် 'သင်တို့ ပြောဆိုနေတဲ့အတိုင်း ဟုတ်မှန်ပါပေ၏လို့ ဝန်ခံသဘောတူညီခြင်း ပြုကြလော့' ဟု ဆုံးမတော်မူခဲ့ပါတယ်။

အထက်ပါ အကြောင်းအရာနှစ်ခုကို ဆက်စပ်ကြည့်လိုက်တဲ့အခါမှာ ဖြေရှင်း ရမယ့် ပြဿနာတစ်စုံတစ်ရာ ကြုံလာခဲ့သည်ရှိသော် ပြဿနာကိုတည်တည်ငြိမ် ငြိမ် ရဲရဲဝံ့ဝံ့ ဖြေရှင်းရမယ်။ ဖြေရှင်းနေစဉ်မှာ တစ်ဖက်သားက မကြားဝံ့မနာသာ စိတ်ဆိုးအမျက်ထွက်ဖွယ်ရာ အပြုအမူ၊ အပြောအဆိုတွေ ပြုလုပ်လာတဲ့အခါမှာ သူရဲ့ အပြုအမူ၊ အပြောအဆိုတွေကို သူနဲ့ထပ်တူ ပြန်လည်တုံ့ပြန်ခြင်းမပြုဘဲ သည်းခံကာ တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်း ပြဿနာကိုပြေလည်အောင် ဖြေရှင်းရမယ် ဆိုတဲ့ သဘောအဓိပ္ပာယ် ထွက်ရှိပါတယ်။

ဘဝမှာ အောင်မြင်ချိန်ဆိုတာ ရှိသလို ကျရှုံးချိန်ဆိုတာလည်း ရှိပါတယ်။ ဘဝဆိုတာက တစ်ဖြောင့်တည်းသွားနေတဲ့မျဉ်း မဟုတ်ပါဘူး။ အနိမ့်အမြင့် အတက် အကျ အကောက်အကွေ့တွေ သိပ်များပါတယ်။ ကျရှုံးခိုက်မှာ ဘယ်သူကမှ အပေါင်း အသင်း အဆက်အဆံ မလုပ်ချင်ကြပေမဲ့အောင်မြင်နေတဲ့ အခိုက်အတန့်မှာတော့ မြှောက်ထိုးပင့်ကော်လုပ်မယ့် သာပေါင်းညာစားတွေကအများသားပါ။ ဘဝရဲ့မတည် မြဲတဲ့ အောင်မြင်မှုကိုမက်မောခုံမင်ပြီး မြောက်ကြွမြောက်ကြွဖြစ်နေတဲ့အခိုက် ဘေးက လာမြှောက်တာနဲ့ အဆမတန်မြှောက်တက်သွားပြီး မပြုမှု မပြောဆိုသင့်တာတွေ ပြုမှုပြောဆိုမိပြီး အဖတ်ပြန်ဆယ်လို့ မရနိုင်တဲ့ အမှားကြီးတွေ မှားသွားတတ်ကြပါ တယ်။ ဒါကြောင့်မို့ ရှင်တော်မြတ်ဘုရားက အကောင်းလောကဓံနဲ့ ကြုံရင်ပဲဖြစ် ဖြစ်၊ အဆိုးလောကဓံနဲ့ ကြုံရင်ပဲဖြစ်ဖြစ် လောကဓံကို သည်းခံကြဖို့ ရဟန်းတွေကို ဆုံးမခဲ့တာ ဖြစ်ပါတယ်။

မိမိရဲ့ကျေးဇူးရှင်ဆရာတော်ကြီးကတော့ '**သည်းခံတယ်ဆိုတာ မူလစိတ်နေ စိတ်ထားလေး ပျက်မသွားတာကို ပြောတာ။ အကောင်းနဲ့ ကြုံတွေ့နေတဲ့အခါမှာ ဖြစ်ဖြစ်၊ အဆိုးနဲ့ကြုံတွေ့နေတဲ့အခါမှာဖြစ်ဖြစ် ကိုယ့်ရဲ့ မူလစိတ်နေသဘောထား လေး တုန်လှုပ်ဖောက်ပြန် ပျက်စီးမသွားတာကို သည်းခံတာလို့ ခေါ်တယ်။**

**သည်းခံစိတ်မွေးကြ။ သူတော်ကောင်းတွေရဲ့ အင်အားဆိုတာ သည်းခံခြင်းပဲ။ သည်းခံနိုင်သူဟာ မင်္ဂလာရှိတဲ့သူပဲ**'လို့ မိန့်တော်မူခဲ့ဖူးပါတယ်။

သဗ္ဗညုဘုရားဖြစ်ရန်အတွက် ဘုရားအလောင်းတော်တို့ ပါရမီတော်များကို ဖြည့်ကျင့်ရာမှာ ခန္တီပါရမီလည်း တစ်ခုအပါအဝင် ဖြစ်ပါတယ်။ ဘုရားရှင်ရဲ့ ခန္တီပါရမီဖြည့်ခြင်းအကြောင်းကို ပြောဆိုရေးသားကြတဲ့အခါမှာ အများအားဖြင့် **ခန္တီဝါဒီဇာတက** နဲ့ **မဟာကပိဇာတက**တို့ကို ကိုးကားလေ့ရှိကြပါတယ်။

တစ်ခါတုန်းက ဗာရာဏသီပြည်ကိုအုပ်ချုပ်တဲ့ ကလာဗုမင်းကြီးဟာ ဥယျာဉ်ထွက်ပြီး အပန်းဖြေရင်း ဥယျာဉ်ထဲမှာတွေ့တဲ့ ရသေ့တစ်ပါးကို 'မည်သည့်ဝါဒ ရှိသနည်း'လို့ မေးမြန်းပါတယ်။ ရသေ့က 'ခန္တီဝါဒ ရှိတယ်'လို့ ဖြေကြားတဲ့အခါမှာ တကယ်ခန္တီဝါဒ ရှိ၊ မရှိ သိကြသေးတာပေါ့ဆိုပြီး လူသတ်သမားကိုဆင့်ခေါ်ပြီး ဆူးကြိမ်လုံးနဲ့ အချက်ပေါင်းများစွာ ရိုက်နှက်စေပါတယ်။ အဲဒီလို ရိုက်နှက်တာကို ရသေ့က စိတ်မဆိုး၊ အမျက်မထွက်ဘဲ တည်တည်ငြိမ်ငြိမ် ဖြစ်နေတာကို မြင်ပြီး နား၊ နှာခေါင်း၊ လက်ချောင်း စသည်တို့ကို ဖြတ်စေပြန်ပါတယ်။ ဖြတ်ရင်းဖြတ်ရင်းနဲ့ ရသေ့ဟာ သေဆုံးခြင်းရောက်သည်တိုင်အောင် စိတ်မဆိုး အမျက်မထွက်ပါဘူး။

လယ်သမား ပုဏ္ဏားတစ်ယောက်ဟာ နွားတို့ကို ထွန်မှဖြုတ်ပြီး ပေါက်တူးတစ်ချောင်းနဲ့ သူလုပ်စရာရှိတာတွေကို လုပ်ကိုင်နေပါတယ်။ အလုပ်လုပ်ပြီးတဲ့အခါမှာ နွားတွေက မရှိတော့ပါဘူး။ သူဟာ နွားတွေလိုက်ရှာရင်းနဲ့ တောထဲမှာ မျက်စိလည်လမ်းမှားပြီး တောထဲက ပြန်မထွက်တတ်တော့ပါဘူး။ ဗိုက်ဆာတာကြောင့် တည်သီးပင်ပေါ် တည်သီးတက်ခူးတဲ့အခါမှာ ကိုင်းကျိုးပြီး ချောက်ထဲ ပြုတ်ကျသွားပါတယ်။ သူဟာ ပြန်မတက်နိုင်ပါဘူး။ ၁၀ ရက်မြောက်နေ့မှာ အစာရှာလာတဲ့ မျောက်တစ်ကောင်က သူ့ကိုတွေ့သွားပြီး ချောက်ထဲဆင်းကာ ကုန်းပိုးပြီး ချောက်ကမ်းပါးပေါ်ကို ပြန်တင်ပေးပါတယ်။ မျောက်ဟာ လယ်သမား ကုန်းပိုးပြီး ချောက်ကမ်းပါးကို တွယ်တက်ခဲ့ရတာကြောင့် အလွန်ပင်ပန်းလွန်းတာမို့ လယ်သမားပေါင်ကို ခေါင်းအုံးပြီး အိပ်ပျော်သွားပါတယ်။

လယ်သမားဟာ ဗိုက်ဆာလွန်းတာကြောင့် အကြံဆိုးကို ကြံစည်ပြီး အနားရှိတဲ့ ကျောက်ခဲနဲ့ မျောက်ရဲ့ဦးခေါင်းကို ထုသတ်ပါတယ်။ ဒါပေမဲ့ အားသိပ်မရှိတော့ မျောက်ကမသေဘဲ လန့်နိုးပြီး သွေးစက်လက်နဲ့ သစ်ပင်ပေါ် တက်ပြေးပါတယ်။ သစ်ပင်ပေါ်ရောက်တဲ့အခါမှာ မျက်ရည်များနဲ့ လယ်သမားကိုကြည့်ကာ သူ၏ဦးခေါင်းမှကျသော သွေးစက်များကို ခြေရာခံကာ သူ့နောက်လိုက်ခဲ့ဖို့ပြောပြီး တောအပြင်ဘက်က အိမ်ပြန်လမ်းကို ရောက်ရှိသည့်တိုင်အောင် လိုက်ပို့ပေးခဲ့ပါတယ်။

ရသေ့ရော၊ မျောက်ပါ ဘုရားအလောင်းတော်ပါ။

- ခန္တီဝါဒီဇာတ်၌ ရှင့်ရသေ့၏ သည်းခံနိုင်မှုသည် မူလပင်ကိုစိတ်ကို အားဖြည့်သော ဘာဝနာ၏ စွမ်းအားကြောင့် ဖြစ်၏။
- မဟာကပိဇာတ်၌ မျောက်မင်း၏ သည်းခံနိုင်မှုကား ဘာဝနာကြောင့် သည်းခံနိုင်မှုမဟုတ်။ မူလပင်ကိုစိတ်ဖြင့် သည်းခံနိုင်မှုသာဖြစ်၏။

ထို့ကြောင့် မျောက်မင်းသည် တုန်လှုပ်၏။ တုန်လှုပ်သော်လည်း အားတင်း၍ သည်းခံ၏။ မျောက်မင်းသည် သစ်ပင်ပေါ်ကနေ၍ လယ်သမားပုဏ္ဏားကို ကြည့်ရင်း မျက်ရည်တွေ ကျရှာ၏။ အဘယ်မျှ ကြေကွဲနေသည်ကို မှန်းဆနိုင်၏။ ဒေါသနှင့် အဒေါသတို့၏ သူကနိုင်လိုက်၊ ကိုယ်ကနိုင်လိုက်ဖြင့် အချင်းချင်း အားပြိုင်မှုများကို သိနိုင်၏။ နောက်ဆုံး၌ အဒေါသက ဒေါသအပေါ် အနိုင်ယူလိုက်၏။ ဤသို့ အဒေါသက ဒေါသအပေါ် အနိုင်ယူခြင်းကိုပင် ခန္တီပါရမီဟူ၍ခေါ်ဆိုရ၏။ ဤလောက၌ ခန္တီပါရမီသည် ကျင့်ရန်ခက်ပါ၏။ ခက်သော်လည်း မဟာကပိဇာတ်အရ ကျင့်နိုင်လျှင် ရနိုင်ကြောင်း တွေ့ရပါ၏လို့ ဆရာကြီးဦးရွှေအောင် (ဝင်္ကသကာနှင့်သိရောမဏိ) က သူ၏ ကိုယ်ကျင့်ဗုဒ္ဓဝင်မှာ ကောက်ချက်ချ ရေးသားခဲ့ပါတယ်။

တစ်ခါတစ်ခါမှာတော့ လယ်သမားပုဏ္ဏားလို လူတွေနဲ့ ဆက်ဆံပြောဆိုရတဲ့အခါမှာ ပုထုဇဉ်လူသားတွေမို့ သူသူကိုယ်ကိုယ် စိတ်ထဲမှာဗလောင်ဆူပြီး မနောကံအားဖြင့် သည်းခံဖို့ရန်ခက်ခဲမှာပါ။ ဒါပေမဲ့ မနောကံရဲ့ သည်းမခံနိုင်မှုတွေကို ဝစီကံ၊ ကာယကံတွေနဲ့ အကောင်အထည်မဖော်ဆောင်မိအောင် ကြိုးစားပြီးသည်းခံကြရပါမယ်။ ယနေ့ နယ်ပယ်အသီးသီးမှာ အောင်မြင်ကျော်ကြားတဲ့နေတဲ့ သူတွေဟာ အကောင်းလောကဓံကိုပဲဖြစ်ဖြစ်၊ အဆိုးလောကဓံကိုပဲဖြစ်ဖြစ် သည်းခံနိုင်ကြတဲ့သူတွေပါ။ သူတို့တွေဟာ အကောင်းလောကဓံနဲ့ တွေ့ကြုံရတဲ့အခါမှာလည်း မတုန်လှုပ်သလို အဆိုးလောကဓံနဲ့ ကြုံတွေ့နေရတဲ့အခါမှာလည်း မတုန်လှုပ်ကြပါဘူး။ တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းနဲ့ လောကဓံကို သည်းခံနိုင်ကြ၊ ရင်ဆိုင်နိုင်ကြတဲ့သူတွေ ဖြစ်ပါတယ်။ တကယ်တော့ အောင်မြင်မှုရဲ့လျှို့ဝှက်ချက်ဟာ သည်းခံနိုင်ခြင်းပါပဲ။ သိကြားမင်းရဲ့ အယူအဆအတိုင်းပဲ ပတ်ဝန်းကျင်က ဘယ်လိုထင်ထင်၊ ဘယ်လိုမြင်မြင် မိမိတို့ရဲ့ဘဝခရီးလမ်းမှာ အောင်ပန်းတွေဝေဖို့အတွက် ကြိုးစားပြီး သည်းခံကြရပါမယ်။


ဘဝမှာအောင်ပန်းဝေဖို့အတွက် ငြိမ်မခံကြပါနဲ့။ သည်းခံကြပါ။

***The Voice Daily***

***Vol.1, No.261, Thursday, February 6, 2014***

✪✪✪✪✪

## သဖန်းသီးတွေ လျှော့စားပါ



အစာအိမ်က ဆန္ဒပြလာရင် သူ့ကိုငါလိုပုထုဇဉ်မပြောနဲ့
နိယတ ဗျာဒိတ်တော် ခံယူရရှိပြီးဖြစ်တဲ့ ဘုရားလောင်းအရှင့်အမာကြီးတောင်
သူတောင်းစား စားနေတဲ့ ထမင်းကို လုစားတာ
လူသတ်ပြီး လူသားစားခဲ့ရတာတွေ ရှိခဲ့ပါတယ်
ငတ်ပြတ်နေပြီဖြစ်တဲ့ လူတစ် ယောက်ဟာ
ဘာကိုမဆို ပြုလုပ်ရဲပါတယ်။ ပြုလုပ်ဖို့လည်း ဝန်မလေးပါဘူး။

## သဖန်းသီးတွေ လျှော့စားပါ

ဗုဒ္ဓဘာသာဝင်အမျိုးသမီးများ ဘာသာခြားနဲ့ လက်ထပ်ကြရခြင်းရဲ့ အဓိကအကြောင်းရင်းဟာ စားဝတ်နေရေးအတွက်ကြောင့်က အများဆုံးဖြစ်ပါတယ်။ အချစ်ကြောင့်၊ ဖြားယောင်းသွေးဆောင်မှုတို့ကြောင့်ဆိုတာ အနည်းငယ်မျှသာ ရှိပါတယ်။ ငါ့ဝမ်းပူဆာ မနေသာတာကြောင့် ဘာသာခြားကို ယူလိုက်ရင် အစာအိမ် တင်းနိုးနိုး မျှော်လင့်ချက်ကလေးနဲ့ လက်ထပ်ကြတာဖြစ်ပါတယ်။ အစာအိမ်က ဆန္ဒပြလာရင် သူလိုငါလိုပုထုဇဉ်မပြောနဲ့ နိယတ ဗျာဒိတ်တော် ခံယူရရှိပြီးဖြစ်တဲ့ ဘုရားလောင်းအရင့်အမာကြီးတောင် သူတောင်းစား,စားနေတဲ့ ထမင်းကို လုစားတာ၊ လူသတ်ပြီး လူသားစားခဲ့ရတာတွေ ရှိခဲ့ပါတယ်။ ငတ်ပြတ်နေပြီဖြစ်တဲ့ လူတစ်ယောက်ဟာ ဘာကိုမဆို ပြုလုပ်ရဲပါတယ်။ ပြုလုပ်ဖို့လည်း ဝန်မလေးပါဘူး။ ဒါကြောင့် ငတ်ပြတ်နေတဲ့သူတွေကို ဘယ်လိုဥပဒေမျိုးကမှ မထိန်းချုပ်နိုင်ပါဘူး။ ငတ်ပြတ်နေသူများကို ဝအောင်ကျွေးပြီး ထိန်းချုပ်ခြင်းကသာလျှင် ဘေးထွက်ဆိုးကျိုးမရှိသော အကောင်းဆုံးသော နည်းလမ်းမှန် ဖြစ်ပါတယ်။

ဗုဒ္ဓဘာသာဝင် တိုင်းရင်းသားတွေ ဆင်းရဲနွမ်းပါး ငတ်ပြတ်နေရတဲ့ အကြောင်းရင်း တရားနှစ်ခု ရှိပါတယ်။ တစ်ခုက တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူတွေရဲ့ အမြော်အမြင်ဉာဏ်ပညာမျက်စိ ကင်းမဲ့မှုကြောင့်ဖြစ်ပြီး တစ်ခုက ဗုဒ္ဓဘာသာဝင် တိုင်းရင်းသားများကိုယ်တိုင်က သဖန်းသီးစားတာ များလွန်းတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ မိန်းမတစ်ယောက်အနေနဲ့ တစ်ဝမ်းတစ်ခါးလှအောင်ထားနိုင်မယ့် လင်ယောကျ်ားကို ရွေးချယ်ကြရမှာပါပဲ။ ဒီတော့ ဗုဒ္ဓဘာသာဝင်အမျိုးသမီးတွေကို ဘာသာခြားလူမျိုးခြားတွေနဲ့ မယူစေချင်ရင် ဗုဒ္ဓဘာသာဝင်အမျိုးသားတွေက အမျိုး

သမီးတွေ လက်ထပ်နိုင်တဲ့ အနေအထားရှိအောင် သမ္ပဒါလေးပါးနဲ့အညီ ပြုမူနေထိုင်ကြရပါမယ်။

တစ်ခါတုန်းက ဒီဃဇာဏုပုဏ္ဏားကြီးက မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး 'အရှင်ဘုရား၊ တပည့်တော်တို့ လူဝတ်ကြောင်များသည် သားသမီးတို့ဖြင့် ကျဉ်းကျပ်သော အိပ်ရာနေရာ၌ နေကြရပါသည်။ တပည့်တော်တို့သည် ရွှေငွေကိုသာယာမက်မောပါသည်။ တပည့်တော်တို့အား မျက်မှောက်စီးပွားချမ်းသာကိုလည်း ဖြစ်နိုင်စေ၊ တမလွန်အကျိုးစီးပွားကိုလည်းဖြစ်နိုင်သော တရားစကားကို ဟောကြားပေးတော်မူပါ' လို့ လျှောက်ထားပါတယ်။

ထိုအခါမှာ မြတ်စွာဘုရားက 'ဒီဃဇာဏု မျက်မှောက်ဘဝမှာ ချမ်းသာလိုသောသူသည်-

၁။ ထကြွလုံ့လနှင့် ပြည့်စုံခြင်း = ဥဋ္ဌာနသမ္ပဒါ။
၂။ စောင့်ရှောက်မှုနှင့် ပြည့်စုံခြင်း = အာရက္ခသမ္ပဒါ။
၃။ မိတ်ကောင်းဆွေကောင်းရှိခြင်း = ကလျာဏမိတ္တတာ။
၄။ မျှတစွာအသက်မွေးခြင်း = သမဇီဝိတာဟူသော
တရားလေးပါးနဲ့ ပြည့်စုံရမယ်။'

'ဒီဃဇာဏု၊ ထိုလေးပါးတို့တွင် လယ်ယာအလုပ်၊ ကုန်သွယ်မှု၊ နွားကျောင်းနွားမွေးမှု၊ လေးအတတ် မင်းမှုထမ်းအလုပ်စသည့် မိမိ၏ အသက်မွေးဝမ်းကျောင်း အလုပ်၌ ကျွမ်းကျင်လိမ္မာ၍ မပျင်းရိခြင်းထိုအလုပ်များ၌ အကြောင်းအားလျော်စွာ စူးစမ်းတတ်သော ဉာဏ်ပညာနှင့် ပြည့်စုံ၍ ကိုယ်တိုင်လည်းလုပ်နိုင်သူ၊ သူတစ်ပါးကိုလည်း ခိုင်းစေတတ်ခြင်းသည် ထကြွလုံ့လနှင့် ပြည့်စုံခြင်း = ဥဋ္ဌာနသမ္ပဒါမည်၏'

'အမျိုးကောင်းသားသည် စည်းစိမ်ဥစ္စာတို့ကိုရရှိရန် ထကြွလုံ့လပြုသည်။ လက်ရုံးဖြင့် ကြိုးစားစုဆောင်းသည်။ ချွေးဒီးဒီးကျအောင် အပင်ပန်းခံသည်။ ဤသို့ကြိုးစားရာဖွေ၍ တရားသဖြင့်ရသောပစ္စည်းများကို မင်း၊ ခိုးသူ၊ မီး၊ ရေ၊ မချစ်မနှစ်သက်အပ်သော သားဆိုးသမီးဆိုးတို့ အချည်းနှီးအကျိုးမဲ့ မသုံးဖြုန်းစေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် စောင့်ရှောက်မှုနှင့် ပြည့်စုံခြင်း = အာရက္ခသမ္ပဒါမည်၏'

'အမျိုးကောင်းသားနေသော ရွာနိဂုံး၌ သဒ္ဓါ-(ဉာဏ်ပညာဖြင့် ချင့်ချိန်၍ ဘုရား၊ တရား၊ သံဃာကို ယုံကြည်ကိုးကွယ်ခြင်း)၊ သီလ(ကိုယ်ကျင့် တရားကောင်းမွန်ခြင်း)၊ သုတ(အကြားအမြင်ဗဟုသုတများခြင်း)၊ စာဂ( စွန့်လွှတ်နိုင်ခြင်း)၊ ပညာ (အကြောင်းအကျိုး အကောင်းအဆိုးကို ဝေဖန်ပိုင်းခြားတတ်ခြင်း)နှင့် ပြည့်စုံသည့်

သူများ ရှိပေလိမ့်မည်။ ထိုသူတို့တွင် အချို့သည် အသက်ငယ်သော်လည်း အကျင့်သီလအားဖြင့် ကြီးမြတ်သူများဖြစ်ပြီး၊ အချို့က အသက်လည်းကြီးပြီး အကျင့်သီလအားဖြင့်လည်း ကြီးမြတ်သူများ ဖြစ်ကြလိမ့်မည်။ **အမျိုးကောင်းသားသည်** ထိုကဲ့သို့သော ပုဂ္ဂိုလ်များနှင့်အတူတကွ နေထိုင်ခြင်း၊ စကားပြောဆိုခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်း ပြုရမည်။ ထိုသူတို့ကို အတုလိုက်ပြီး မိမိလည်း သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ စသည်တို့နှင့် ပြည့်စုံသူဖြစ်အောင် အားထုတ်ရမည်။ ဤသို့ပြုခြင်းသည် မိတ်ကောင်းဆွေကောင်းရှိခြင်း = ကလျာဏမိတ္တတာမည်၏'

'ပစ္စည်းများကို ချိန်တွယ်ရောင်းဝယ်ရာ၌ ချိန်ခွင်ကိုင်သမားသည် 'ဤမျှဖြင့် ချိန်ခွင်သည် အောက်ဘက်သို့ နိမ့်သွား၏။ ဤမျှဖြင့် ချိန်ခွင်သည် အထက်ဘက်သို့တက်သွား၏'ဟု သိသကဲ့သို့ ထို့အတူ အမျိုးကောင်းသားသည် 'ဤသို့ သုံးစွဲလျှင် ငါ့မှာ ဝင်ငွေက ထွက်ငွေထက် များလိမ့်မည်။ ဤသို့ သုံးစွဲလျှင် ငါ့မှာထွက်ငွေထက် ဝင်ငွေက များလိမ့်မည်' ဟုမိမိ၏ ဝင်ငွေထွက်ငွေကို ချင့်ချိန်၍ နေထိုင်သုံးစွဲမှု ပြုလုပ်ရမည်။ ဤသို့ ချင့်ချိန်၍ တင်းလည်းမတင်းလွန်း၊ လျော့လည်းမလျော့လွန်းသောနေထိုင်သုံးစွဲမှုကို ပြုခြင်းသည် မျှတသောအသက်မွေးခြင်း = သမဇီဝိတာမည်၏'

အမျိုးကောင်းသားသည် ဝင်ငွေနည်းသူဖြစ်ပါလျက် ကြီးကျယ်ခမ်းနားစွာ နေထိုင်သုံးစွဲပါက 'ဒီလူဟာ သဖန်းသီးစားသလို စည်းစိမ်ဥစ္စာတွေကို စားသုံးနေတာပဲ'ဟု ကဲ့ရဲ့ခံရတတ်သည်။ ဝင်ငွေများသူဖြစ်ပါလျက် ချို့တဲ့ ဆင်းရဲစွာ နေထိုင်သုံးစွဲပြန်လျှင်လည်း 'ဒီလူဟာ အားကိုးရာမဲ့ သေရမယ့်လူပဲ' ဟု ကဲ့ရဲ့ခံရတတ်သည်။ ထို့ကြောင့် မတင်းလွန်းမလျော့လွန်းဘဲ မျှတစွာအသက်မွေးခြင်းသည် မျက်မှောက်ဘဝ၌ ချမ်းသာကြောင်းတစ်ပါး ဖြစ်ပေသည်'

သဖန်းသီးစားသလို ဆိုသည်မှာ **သဖန်းသီးစားလိုသူသည် သဖန်းပင်ကို လှုပ်ချလိုက်၍ ကြွေကျလာသော သဖန်းသီးများအနက် စားလိုသည့် အသီးများကို ရွေးစားပြီး ထွက်သွားသည်။ ကျန်အသီးများကား အလကားဖြစ်ကုန်တော့သည်။** ထို့အတူ ဝင်ငွေထက်ပို၍ သုံးသူသည်လည်းရသမျှဥစ္စာများကို ဖြုန်းတီးပစ်ရာကျသည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

ဒီဃဇာဏု ရေကန်ကြီးတစ်ကန်၌ ရေဝင်ပေါက် လေးပေါက်နှင့် ရေထွက်ပေါက် လေးပေါက်ရှိရာ ရေဝင်ပေါက်များကို ပိတ်ထားပြီး ရေထွက်ပေါက်များကိုသာ ဖွင့်ထားရာ၏။ ထိုအချိန်၌ မိုးလည်း သဲသဲမဲမဲမရွာပါက ထိုရေကန်၌ ရေများ လျော့နည်းသွားဖို့သာ ရှိသည်။ တိုးလာဖို့ မရှိပေ။ ထို့အတူပင် အမျိုးကောင်းသားများရှာဖွေ ရရှိထားသော စီးပွားဥစ္စာတို့သည်လည်း-

၁။ မိန်းမကြူးခြင်း။

၂။ သေသောက်ကြူးခြင်း။

၃။ လောင်းကစားကြူးခြင်း။

၄။ ယုတ်မာသော အဆွေခင်ပွန်းရှိခြင်းဟူသော အကြောင်းလေးပါး ဆုံစည်းလာလျှင် ထိုသူသည် ဆုတ်ယုတ်ပျက်စီးရန်သာ အကြောင်းရှိသည်။ ကြီးပွားတိုးတက်ဖို့ရန် အကြောင်းမရှိပေ'

ဒီဃဇာဏု-

၁။ သဒ္ဓါနှင့်ပြည့်စုံခြင်း = သဒ္ဓါသမ္ပဒါ။

၂။ သီလနှင့်ပြည့်စုံခြင်း = သီလသမ္ပဒါ။

၃။ စာဂနှင့်ပြည့်စုံခြင်း = စာဂသမ္ပဒါ။

၄။ ပညာနှင့်ပြည့်စုံခြင်း= ပညာသမ္ပဒါ ဟူသောအကြောင်း တရားလေးပါးကား အမျိုးကောင်းသားအား တမလွန်ဘဝ၌ စီးပွားချမ်းသာကို ဖြစ်စေတတ်သော အကြောင်းတရားများဖြစ်သည်' လို့ မိန့်တော်မူခဲ့ပါတယ်။

ဗုဒ္ဓဘာသာဝင် တိုင်းရင်းသားများအနေနဲ့ မိမိတို့ဘဝ၊ မိမိတို့မိသားစုဘဝ၊ မိမိတိုင်းနိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန်၊ မိမိတို့မျိုးဆက်သစ်တွေ တိုင်းတစ်ပါးမှာ မျက်နှာအောက်ချပြီး အိမ်ဖော်သွားလုပ်ဖို့ မလိုစေရန်အတွက် မတည်သော ကတိစကားများကို မျှော်လင့်စောင့်စားမနေကြဘဲ၊ အလုပ်မပါတဲ့ အပြောချိုချိုလေးများထဲမှာ စီးမျောမနေကြဘဲ မိမိတို့နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်စေရန် အမှန်တကယ် အလုပ်လုပ်သော ပညာရှိများ အုပ်ချုပ်နိုင်အောင် ချင့်ချိန်ရွေးချယ်တတ်ကြဖို့ လိုအပ်သလို သဖန်းသီးစားတာတွေကိုလည်း လျှော့ချကြဖို့ လိုပါတယ်။

ပြည့်စုံချမ်းသာနေသူများအနေနဲ့လည်း 'အားကိုးရာမဲ့ မသေရအောင်' မိမိတို့လူမျိုး၊ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိဆင်းရဲသားများ ရေရှည်အကျိုးရှိစေနိုင်မယ့် ပေးကမ်းမှုတွေ ပြုလုပ်ကြဖို့ လိုပါတယ်။ မြန်မာတိုင်းရင်းသားများဟာ မွေးကတည်းက မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ပြီးသား သူတွေမို့ တိုင်းပြည်သာ ဖွံ့ဖြိုးတိုးတက်ပြီး စားဝတ်နေရေးချောင်လည်မယ်ဆိုရင် ဘာသာခြားလူမျိုးခြားကို လက်ထပ်မယ့်သူလည်း မရှိသလောက် နည်းသွားပါလိမ့်မယ်။

ရဟန်းတော်များအနေနဲ့လည်း မိမိတို့အမျိုးသာဘာ သာသနာတော်ကြီးကို အမှန်တကယ် ချစ်မြတ်နိုးတယ်ဆိုရင် ဒကာ၊ ဒကာမများရဲ့ ကလျာဏမိတ္တတာ အဖြစ် ရပ်တည်နိုင်အောင် အားထုတ်ကြဖို့ လိုအပ်ပါတယ်။ ဒါကြောင့် အထူးသဖြင့် ပရိယတ္တိ အခြေခံရပြီးဖြစ်ကြတဲ့ ဓမ္မာစရိယဘွဲ့ရ ရဟန်းတော်များအနေနဲ့လည်း

အင်္ဂလိပ်စာ၊ သင်္ချာ၊ သမိုင်း၊ ပထဝီ၊ ဓာတုဗေဒ၊ ကွန်ပျူတာ စသော လောကီပညာရေးများကို အားကြိုးမာန်တက်ကျွမ်းကျင်တတ်မြောက်အောင် သင်ယူကြပြီး ရပ်ကွက်များ၊ ကျေးလက်တောရွာများမှာ အခမဲ့ပညာဒါနကျောင်းများ ဖွင့်လှစ်သင်ကြားပေးမယ်ဆိုရင် ဒကာ၊ ဒကာမတွေအတွက် ကျုရှင်စရိတ်သက်သာစေပြီး အသက်ရှုချောင်စေနိုင်ပါတယ်။

မွှာစရိယာဘွဲ့ရပြီးရင် ရဟန်းကိစ္စပြီးလို့ သဘောထားကာ စားသောက်ပြီး သက်န်းခေါင်းမြီးခြုံ အိပ်မနေကြဘဲ ကာယကံမြောက် မေတ္တာတရားနဲ့ ဒကာဒကာမများကို ကူညီစောင့်ရှောက်ပေးကြမယ်ဆိုရင် သာသနာ့အကျိုး၊ လောကအကျိုး အတ္တဟိတ၊ ပရဟိတတို့ကို သယ်ပိုးဆောင်ရွက်ပြီး ဖြစ်ပါလိမ့်မယ်။

ကြီးပွားချမ်းသာနေတဲ့ လူမျိုးခြား၊ ဘာသာခြားတွေကို လေ့လာကြည့်မယ် ဆိုရင် ဒီသမ္မဒါလေးပါးနဲ့ ပြည့်စုံနေကြတာကြောင့် ကြီးပွားချမ်းသာနေကြတာကို တွေ့ရှိကြရမှာပါ။ သူတို့ဘာသာရေး ခေါင်းဆောင်များဟာလည်း သူတို့ဘာသာဝင်တွေရဲ့ မိတ်ကောင်းဆွေကောင်းအဖြစ် ရပ်တည်ပေးနေကြတာကို တွေ့ရှိကြရမှာပါ။

အချုပ်အားဖြင့်ဆိုရသော် အမြော်အမြင် ဉာဏ်ပညာမျက်စိ ရှိစွာဖြင့် တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်အောင် အုပ်ချုပ်နိုင်စွမ်းရှိသောပုဂ္ဂိုလ်များကို တိုင်းပြည်အုပ်ချုပ်သူအဖြစ် ရွေးချယ်တင်မြှောက်ပေးပြီး မိမိတို့ကိုယ်၌ကလည်း သမ္မဒါလေးပါးနှင့်အညီ ပြုမူဆောင်ရွက်ကြမယ်ဆိုရင် မိမိတို့တိုင်းပြည်ကြီးဟာ မကြာတော့မီ အချိန်ကာလအတွင်းမှာ တစ်ဟုန်ထိုး ကြီးပွားတိုးတက်လိမ့်မယ်ဆိုတာ မလွဲဧကန်ပါ။

***The Voice Daily***

***Vol.1, No.259***

***Tuesday, February 4, 2014***

✪✪✪✪✪

# သာသနာဖျက်မည့်သူ ဘယ်သူလဲ



တကယ်တမ်း သာသနာတော်ကြီးကို အသက်ရှည်စေချင်တယ်ဆိုရင်
ရဟန်းအလုပ် ရဟန်းလုပ်ဖို့လိုပါတယ်။ လူ့အလုပ် ဝင်မရှုပ်ရပါဘူး။ ပါးစပ်က–
"သာသနာတော်ကြီး အသက်ရှည်စေချင်လို့" ဆိုပြီး တဖွဖွပြောနေပေမယ့်လည်း
ရဟန်းက ရဟန်းအလုပ်၊ မလုပ်ဘဲ လူ့အလုပ် ဝင်လုပ်နေရင်
ထိုပုဂ္ဂိုလ် ကိုယ်တိုင်က သာသနာတော်ကို ဖျက်ဆီးနေသူပါ

## သာသနာဖျက်မည့်သူ ဘယ်သူလဲ

ပိဋကအနှံ့အပြားမှာ သာသနာပျောက်ကွယ်ရမယ့် အကြောင်းရင်းတွေကို ဘုရားဟောကြားထားတာကို တွေ့ရှိရပါတယ်။ လက်လှမ်းမီသလောက် ကျမ်းကိုးအနေနဲ့ ထုတ်ပြရရင် 'အင်္ဂုတ္တိုရ်ပါဠိတော် ပဉ္စကနိပါတ် ဆက္ကနိပါတ် သတ္တကနိပါတ်လာ ကိမိလသုတ်များ၌လည်းကောင်း၊ ပဉ္စကနိပါတ် သဒ္ဓမ္မသမ္မောသသုတ်သုံးသုတ်၌လည်းကောင်း၊ ပဉ္စကနိပါတ် အနာဂတဘယသုတ် လေးသုတ်၌လည်းကောင်း၊ နိဒါနဝဂ္ဂသံယုတ်ပါဠိတော် အာဏိသုတ် ကလိင်္ဂရသုတ် သဒ္ဓမ္မပဋိရူပကသုတ်တို့၌လည်းကောင်း၊ ဇာတကပါဠိတော် ကတ္တဋ္ဌဇာတ်တော်၌လည်းကောင်း လေ့လာ ကြည့်ရှုနိုင်ပါတယ်။ ရှေးဆရာတော်ကြီးများက သာသနာကွယ်ကြောင်းတရားတွေကို မှတ်ရလွယ်အောင် ယခုလို လင်္ကာရေးထိုးခဲ့ကြပါတယ်။

(က) အင်္ဂုတ္တိုရ်လာ၊ သာသနာကွယ်ကြောင်း၊
တရားပေါင်းကား၊ တရားမနာ၊
စာပေမသင်၊ နှုတ်တွင်မဆောင်၊
သိအောင်မမှတ်၊ ပဋိပတ်ကွာ
ဤငါးဖြာတည်း။

(ခ) နောက်လာထိုပြင်၊ စာသင်ပယ်လျှော့၊
ကျယ်မဟောကြ၊ ကျယ်မချနှင့်၊
ကျယ်စွမအံ၊ မကြံမစည်၊
ဤငါးမည်တည်း။

(ဂ) ဝါ-တစ်နည်းမှာ၊ အက္ခရာပုဒ်ပျက်

လေ့ကျက်သင်ကြ၊ ဆုံးမ မယူ
စာချသူရှား၊ လာဘ်များအောင်ကြံ
ခိုက်ရန်ကွဲပြား၊ ဤငါးပါးသည်
ဘုရားသာသနာ ကွယ်ကြောင်းတည်း။

(က) ၁။ တရားတော်ကို ရိုသေစွာမနာယူခြင်း၊ ၂။ ရိုသေစွာ မသင်ယူခြင်း၊ ၃။ ရိုသေစွာ ဆောင်မထားခြင်း၊ ၄။ ဆောင်ထားသောတရား၏ အနက်အဓိပ္ပာယ်ကို ရိုသေစွာ စူးစမ်းဆင်ခြင်မှု မပြုခြင်း၊ ၅။ တရားတော်၏ အနက်သဘောကိုသိသော်လည်း တရားနှင့်လျော်သောအကျင့်ကို ရိုသေစွာမကျင့်ခြင်း ဟူသောအကြောင်းတရား ငါးပါးသည် သူတော်ကောင်းတရား တည်းဟူသော သာသနာတော်ပျောက်ကွယ်ခြင်းရဲ့ အကြောင်းရင်းဖြစ်၏။

(ခ) ၁။ တရားတော်ကို မသင်ယူခြင်း၊ ၂။ နာကြား သင်ယူထားသောတရားကို သူတစ်ပါးတို့အား အကျယ်တဝင့် မဟောပြောခြင်း၊ ၃။ အကျယ်တဝင့်မပို့ချခြင်း၊ ၄။ အကျယ်တဝင့် မရွတ်ဖတ်ခြင်း၊ ၅။ ထပ်တလဲလဲ ဆင်ခြင်သုံးသပ်မှုမပြုခြင်းဟူသော အကြောင်းတရားငါးပါးသည် သူတော်ကောင်းတရား တည်းဟူသော သာသနာတော် ပျောက်ကွယ်ခြင်းရဲ့ အကြောင်းရင်းဖြစ်၏။

(ဂ) ၁။ မှားမှားယွင်းယွင်း သင်ယူထားသော တရားတော်ကို သဒ္ဒါနည်းမမှန် အဓိပ္ပာယ်တွနည်းမမှန်ဖြင့် သင်ယူခြင်း၊ ၂။ ရဟန်းတို့သည် ဆိုဆုံးမခက်၍ သည်းခံခြင်းတရားမှ ကင်းမဲ့နေခြင်း၊ ၃။ ကျမ်းဂန်တတ်ရဟန်းများက သူတစ်ပါးတို့အား ရိုသေစွာ ပြန်လည်ပို့ချ မပေးခြင်း၊ အကြီးအကဲရဟန်းတို့သည် ပေါ့လျော့သောအကျင့်သီလရှိ၍ လာဘ်လာဘပေါ်များရန်သာ အားထုတ်နေကြပြီး အကြီးအကဲရဟန်းတို့၏တပည့်များကလည်း အကြီးအကဲရဟန်းများ၏ လမ်းစဉ်သို့သာ လိုက်နေကြခြင်း။ ၅။ သံဃာဂိုဏ်းကွဲခြင်း ဟူသော အကြောင်းတရားငါးပါးသည် သူတော်ကောင်းတရားတည်းဟူသော သာသနာတော်ပျောက်ကွယ်ခြင်းရဲ့ အကြောင်းရင်းဖြစ်၏ လို့ ရှင်တော်မြတ်ဘုရားက သာသနာကွယ်ကြောင်းတရားတွေကို ဟောကြားတော်မူခဲ့ပါတယ်။

အိန္ဒိယနိုင်ငံမှာ သာသနာတော် ကွယ်ပျောက်သွားခြင်းရဲ့ အခြေခံအကြောင်းတရားကို သုံးသပ်ကြည့်လိုက်ရင် ဒီအကြောင်းတရားတွေအတိုင်း ရဟန်းတော်များပြုမူနေထိုင်ကြတာကြောင့် သာသနာတော်ကြီး ကွယ်ပျောက်ခဲ့ရတာပါ။ အိန္ဒိယနိုင်ငံမှာ သာသနာတော်ကြီး ကွယ်ပျောက်ခဲ့ရခြင်းနဲ့ ပတ်သက်ပြီး ဓမ္မာစရိယဦးဌေးလှိုင်ရဲ့ **ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ**စာအုပ်ပါ သုံးသပ်ချက်ကိုလည်း ပြောပြချင်ပါသေးတယ်။

အိန္ဒိယ၌ သာသနာကွယ်ပရခြင်းအကြောင်းရင်းမှာ အချက်အားဖြင့် သုံးချက်ရှိကြောင်း ကျွန်ုပ်တို့ လက်ခံအတည်ပြုကြ၏။ သုံးချက်ကား-

(၁) ရဟန်းတော်များ သီလ၊ မေတ္တာ၊ ခန္တီ စသော အခြေခံရဟန်းကျင့်ဝတ်များ၌ လျော့ပါးအားနည်းခြင်း၊ နောက်ဆုံး လုံးဝ သိက္ခာမရှိခြင်း။

(၂) အတ္တဝါဒသည် ခေါင်းဆောင်းအမျိုးမျိုး၊ ပုံစံအမျိုးမျိုးဖြင့် အတွင်းလိုက်၍ မွေခြင်း(နောက်ဆုံး ဗုဒ္ဓဘာသာအမည်မျှသာခံ၌ အတ္တကို မဏ္ဍိုင်ထားသော မဟာယာနရဟန်းများဖြစ်လာရခြင်း၊ ထိုမှတစ်ဆင့် ဂိုဏ်းဘုန်းကြီး မော်ဘုန်းကြီးအဖြစ်သို့ ရောက်ရှိသွားခြင်း)

(၃) နောက်ဆုံး ဘာသာခြားများတို့က အကြမ်းဖက်၍ နှိပ်စက်သတ်ဖြတ်ခြင်း။ (မကြာမီကာလက မဟာယာနတန်ခိုးထွားသော နိုင်ငံငယ်တစ်ခုလည်း အိန္ဒိယနိုင်ငံကဲ့သို့ ဖြစ်ရပြီ)

သဘာဝနှင့် သမိုင်းဖြစ်ရပ်ကို သိစေလို၍သာ ဝေဖန်ဖော်ပြခြင်း ဖြစ်ပါ၏။ 'လာမည့်ဘေး ပြေးတွေ့' ဟူသကဲ့သို့ ယနေ့ အချို့ရဟန်းများ အုံကျင်းဖွဲ့၍ လျှောက်နေသောလမ်းကြောင်းသည် မရှိုမပငိုပဒါ ကျ-မကျ စိစစ်၍ ဆင်ခြင်းသုံးသပ်နိုင်ရန်သာ ရည်ညွှန်းပါသည်။ ရာဇဝင်ကြောင်းလာ ရန်သူများအား မလိုမုန်းထားခြင်းလည်း မရှိ၊ ဝမ်းနည်းကြေကွဲ၍လည်း မဟုတ်။

စင်စစ် (၂-၃)အချက်များသည် လူသာမန်တို့အတွက် ဇာတိမာန်ခေါ် မာနဒေါသ ဣဿာမစ္ဆရိယကိုသာ ဖျိုးထောင်ပေးသော အပဓာနအကြောင်းများသာ ဖြစ်ကြ၏။ အကျိုးလည်းမများ၊ အကြောင်းရင်းလည်း မဟုတ်။ အကြောင်းရင်းပင်မ ပဓာနပဒဋ္ဌာန် အခြေခံမူလ ဇာစ်မြစ်ကျသော ယထာဘူတအကြောင်းကား 'ရဟန်းများ ရဟန်းလို မနေခြင်းပင်တည်း။' ထိုသို့ နေပါဘိမူ (၂)အချက် တရားတုလည်း မမွေနောက်နိုင်၊ (၃) အချက် ဓားလက်နက်လည်း မထိုးဖောက်နိုင်ချေတကား။ လို့ သုံးသပ်ပြထားပါတယ်။ ဆရာကြီးရဲ့သုံးသပ်ချက်ဟာ အတိတ်သမိုင်းဖြစ်ရပ်နဲ့ ကိုက်ညီမှုရှိသလို ဘုရားရှင်ရဲ့အလိုတော်နဲ့ မဆန့်ကျင်တဲ့ သုံးသပ်ချက်ဖြစ်ပါတယ်။

သီဟိုဠ်ခေတ်မှာ သာသနာတော်ကြီးထဲကို ဗုဒ္ဓဝါဒခေါင်းဆောင်းထားသော ဝါဒတုဝါဒယောင်များ၊ ဗုဒ္ဓသားတော်ရဟန်းတော် ဆိုင်းဘုတ်ချိတ်ထားသော ရဟန်းတုရဟန်းယောင်များရဲ့ ပူးသတ်ခြင်းကိုခံရသလို ဘာသာခြားဘုရင်များရဲ့ ဘုန်းကြီးခေါင်းတစ်လုံးလျှင် ဆုတော်ငွေတစ်ထောင်ထုတ်ပြီး ဓားလှံလက်နက်တွေနဲ့ ဖျက်ဆီးခြင်းကိုလည်း ခံခဲ့ရပါတယ်။ ၄င်းတို့ဘာသာထဲ မဝင်ရင် ပွက်ပွက်ဆူနေတဲ့ ထောပတ်အိုးကြီးထဲကို နှစ်သတ်ခြင်းလည်း ခံခဲ့ကြရပါတယ်။ ဒါပေမဲ့ သာသနာ့ဝန်ထမ်း

ရှင်ရဟန်းတို့ဟာ သီလ၊ သမာဓိ၊ ပညာ ကြီးမားစွာဖြင့် ဂန္ထဓုရ၊ ဝိပဿနာဓုရ ဟူသော ရဟန်းအလုပ်ကို ရဟန်းလုပ်ပြီး၊ ရဟန်းက ရဟန်းလိုနေကြတာကြောင့် သာသနာကြီး အသက်မထွက်ခဲ့ရပါဘူး။ သီဟိုဠ်ခေတ်မှာ သာသနာတော်အပေါ် ကျရောက်ခဲ့တဲ့ ဘေးအန္တရာယ်ဟာ အိန္ဒိယမှာကျရောက်ခဲ့တာထက် အဆမတန်ပြင်းထန်ပါတယ်။ ဒါပေမဲ့ အသက်မထွက်ခဲ့ပါဘူး။ အိန္ဒိယမှာ သာသနာတော်ကြီး အသက်ထွက်ခဲ့ရတာဟာ ရဟန်းတွေ ရဟန်းအလုပ် မလုပ်၊ ရဟန်းက ရဟန်းလိုမနေဘဲ ဗေဒင်ဘုန်းကြီး၊ မှော်ဘုန်းကြီး၊ ဆေးဘုန်းကြီးတွေ ဖြစ်သွားတာကြောင့်ပါ။

'ဝေဟပ္ပိုလ်ပြဟ္မာ့ဘုံတိုင်အောင် ကမ္ဘာကိုဖျက်ဆီးနိုင်သော မြေ၊ ရေ၊ လေ၊ မီး ဟူသော အင်အားအကြီးမားဆုံးသော ဓာတ်ကြီးလေးပါးတို့သည်ပင် သဗ္ဗညုဘုရားရှင် တည်ထောင်ထားအပ်သော သာသနာတော်ကြီးကို မဖျက်ဆီး မကွယ်ပျောက်စေနိုင်။ ဝါဒမတူသော ဘာသာခြားတို့ကား ဆိုဖွယ်ရာမရှိ။ သာသနာတော်ကို ပျက်စီးပျောက်ကွယ်သွားစေမည့် အချည်းနှီးသော ယောကျ်ားကား သံကို သံဖျက် သံချေးတက်ဟူသကဲ့သို့ ဤသာသနာတော်အတွင်း၌ပင် ရှိနေ၏။ သာသနာတွင်းသား ရဟန်းများကိုယ်တိုင် ရတနာသုံးပါး သီလ၊ သမာဓိ၊ သိက္ခာတရားတို့၌ လေးစားရိုသေမှုမရှိခြင်းကြောင့်သာလျှင် သာသနာတော်အသက်တို့၍ ကွယ်ပျောက်ရလိမ့်မည်' လို့ ရှင်တော်မြတ်ဘုရားက နိဒါနဝဂ္ဂသံယုတ်ပါဠိတော် သဒ္ဓမ္မပဋိရူပက သုတ်မှာ ဟောကြားတော်မူခဲ့ပါတယ်။

တကယ်တမ်း သာသနာတော်ကြီးကို အသက်ရှည်စေချင်တယ်ဆိုရင် ရဟန်းအလုပ် ရဟန်းလုပ်ဖို့လိုပါတယ်။ လူ့အလုပ် ဝင်မရှုပ်ရပါဘူး။ ပါးစပ်က-

'သာသနာတော်ကြီး အသက်ရှည်စေချင်လို့' ဆိုပြီး တဖွဖွပြောနေပေမယ့်လည်း ရဟန်းက ရဟန်းအလုပ်၊ မလုပ်ဘဲ လူ့အလုပ် ဝင်လုပ်နေရင် ထိုပုဂ္ဂိုလ်ကိုယ်တိုင်က သာသနာတော်ကို ဖျက်ဆီးနေသူပါ။ စာပေကျမ်းဂန်လာ ဘုရားဟော သာသနာအသက်ရှည်နည်းတွေကို မျက်ကွယ်ပြုပြီး ထင်တိုင်းကြဲနေလို့ကတော့ လတ်တလောသေစေတတ်တဲ့ အဆိပ်ဆေးသောက်ပြီး အသက်ရှည်ရပါလို၏လို့ ဆုတောင်းနေတဲ့သူနဲ့ အတူတူပါပဲ။

ရဟန်းအလုပ်တွေဖြစ်တဲ့ ဂန္ထဓုရ၊ ဝိပဿနာဓုရကို မလုပ်ပါဘဲ လမ်းပေါ် ဂဒီးဒီး ထွက်လျှောက်နေတာဟာ သာသနာတော်ကြီးကို အသက်မြန်မြန်တိုစေတဲ့ အကျိုးရလဒ်ပဲ ရရှိပါလိမ့်မယ်။ သာသနာတော်ကြီးကို အမှန်တကယ် အသက်ရှည်စေလိုသော ရဟန်းတော်များအနေနဲ့ ဘုရားရှင်ဟောကြားခဲ့တဲ့ သာသနာကွယ်ကြောင်းတရားတွေနဲ့ မိမိတို့လုပ်နေတဲ့ အလုပ်တွေကို ချိန်ထိုးပြီး 'ငါတို့တွေ လုပ်နေတဲ့

အလုပ်တွေဟာ သာသနာအသက်ရှည်ကြောင်းလား၊ အသက်တိုကြောင်းလား' ဆိုတာကို နဖူးပေါ်လက်တင်ပြီး အပြန်ပြန်အလှန်လှန် ဆင်ခြင်သုံးသပ်ကြဖို့ ကောင်းပါတယ်။ ပုဂ္ဂိုလ်ရေးကိုးကွယ်မှု ကင်းရှင်းစွာဖြင့် အတ္တကိုရှေ့တန်းမတင်ဘဲ သာသနာတော်ရှေ့ရေးကို မျှော်တွေးပြီး ဟုတ်တိုင်းမှန်စွာ ဆင်ခြင်သုံးသပ်တော်မူနိုင်ကြပါစေ။

*The Voice Daily*

*Vol.1, No.250*

*Friday, January 24, 2014*

✪✪✪✪✪

# အမျိုးသမီးများ ရရှိထိုက်သော အခွင့်အရေး



ကျိုက်ထီးရိုးစေတီတော် မန္တလေး မဟာမုနိဘုရားကြီးကို
အမျိုးသမီးများ ကိုယ်တိုင်ကိုယ်ကျ ရွှေသက်နှင်းကပ်ခွင့်မရှိတာ
ရွှေတိဂုံစေတီတော်အထက်ပစ္စယံ အမျိုးသမီးများ တက်ခွင့်မရှိတာဟာ
ထေရဝါဒဗုဒ္ဓဘာသာရဲ့ အယူအဆယဉ်ကျေးမှု မဟုတ်ပါဘူး
အရာရာကို အကဲဆတ်လွန်း၊ ပိုပိုသာသာရှိလွန်းတဲ့
မြန်မာလူမျိုးတွေရဲ့ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံသာ ဖြစ်ပါတယ်

## အမျိုးသမီးများ ရရှိထိုက်သော အခွင့်အရေး

ကိုယ်က ကလေးဘဝတည်းက စာဖတ်တာ၊ စာရေးတာ ဝါသနာပါသူဆိုတော့ Facebook ဟာ ကိုယ့်အတွက်တော့ တကယ်အဆင်ပြေစေပါတယ်။ သူများရေးတာတွေ ဖတ်လိုက်၊ ကိုယ်ရေးထားတာလေးတွေ တင်ပေးလိုက်နဲ့ပါ။ ဗုဒ္ဓဘာသာ/အတွေးအမြင်နာမည်နဲ့ ဘာသာရေး Page လေးတစ်ခု လုပ်ထားတာ Like လုပ်ထားသူနှစ်သောင်းကျော် သွားပါပြီ။ အများစုကတော့ အသက် ၃၅ နှစ်အောက် လူငယ်လေးတွေပါ။ လူငယ်လေးတွေ မေးမြန်းဆွေးနွေးသမျှကို စိတ်ရှည်လက်ရှည် ပြန်လည်ဆွေးနွေးပေးတာမို့ တချို့ဆိုရင် အပြင်မှာတောင် လာတွေ့ကြ၊ လက်ဆောင်တွေပေးကြနဲ့ မိတ်ကောင်းဆွေကောင်းတွေလို တရင်းတနှီး ဆက်ဆံလာကြပါတယ်။ တချို့ကကျတော့လည်း သူတို့ရဲ့ နေ့စဉ်လူနေမှုဘဝထဲက အဆင်မပြေတာတွေ၊ ပျော်ရွှင်ကြည်နူးရတာတွေကို ရင်ဖွင့်တတ်ကြပါတယ်။ ကိုယ်လည်း အတတ်နိုင်ဆုံးပြန်ပြီး နားထောင်သင့်တာနားထောင်၊ ထောက်ပြဝေဖန်သင့်တာ ထောက်ပြဝေဖန်ပေးဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဒီဇင်ဘာမှာ ကျိုက်ထီးရိုးဘုရားဖူးသွားပြီး ပြန်လာကြတဲ့ အမျိုးသမီးငယ်အချို့က စေတီတော်ကို ကိုယ်တိုင်ကိုယ်ကျ ရွှေသင်္ကန်းမကပ်ရတာနဲ့ ပတ်သက်ပြီး ဆွေးနွေးဝေဖန်ကြပါတယ်။ ဗုဒ္ဓဘုရားရှင်က လိင်ခွဲခြားခြင်းရှိသလားဆိုပြီး အများစုက မေးကြပါတယ်။

ကျိုက်ထီးရိုးစေတီတော်၊ မန္တလေး မဟာမုနိဘုရားကြီးကို အမျိုးသမီးများကိုယ်တိုင်ကိုယ်ကျ ရွှေသင်္ကန်းကပ်ခွင့်မရှိတာ၊ ရွှေတိဂုံစေတီတော်အထက်ပစ္စယံ အမျိုးသမီးများ တက်ခွင့်မရှိတာဟာ ထေရဝါဒဗုဒ္ဓဘာသာရဲ့ အယူအဆယဉ်ကျေးမှု မဟုတ်ပါဘူး။ အရာရာကို အကဲဆတ်လွန်း၊ ပိုပိုသာသာရှိလွန်းတဲ့ မြန်မာလူမျိုးတွေရဲ့

ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံသာဖြစ်ပါတယ်။ ကျိုက်ထီးရိုးစေတီတော်ကို အမျိုးသမီးများ ရွှေသင်္ကန်းကပ်ခွင့် မရှိတာနဲ့ပတ်သက်ပြီး ရှေးရှေးသော သာသနာ့ထိပ် ခေါင်တင်မထေရ်ကြီးများလည်း ဝေဖန်ဆွေးနွေးထောက်ပြခဲ့ဖူးပါတယ်။ ဒါပေမဲ့ ဒီနေ့အချိန်အထိ အမျိုးသမီးတွေ ကိုယ်တိုင်ကိုယ်ကျ ရွှေသင်္ကန်းကပ်ခွင့်မရကြသေးတာ ဝမ်းနည်းစရာပါပဲ။

'တို့ ငယ်ငယ်တုန်းက ကျိုက်ထီးရိုးတောင်ပေါ်ကို ရောက်သွားတယ်။ အဲဒီမှာ 'မိန်းမ,မဝင်ရ' လို့ ဆိုင်းဘုတ်ချိတ်ဆွဲထားတာ တွေ့ရတယ်။ တို့ ကြည့်နေတုန်းမှာ အဲဒီမိန်းမ,မဝင်ရဆိုတဲ့နေရာကို ခွေးမတစ်ကောင်ဝင်သွားတယ်။ အတော်ကြာ ပြန်ထွက်လာတာပဲ။ ဘာမှ ထွေထွေထူးထူး ဖြစ်လာတာ မတွေ့ရဘူး။ ဒီတော့ စဉ်းစားကြည့်ပေါ့။ ဒကာမတွေက ခွေးမထက် ယုတ်ညံ့ဦးမှာလား ဆိုတာ။ ဗုဒ္ဓဘာသာတွေဆိုပြီး မဟုတ်တဲ့နေရာတွေမှာ အယူသီးနေကြတာ တယ်သနားစရာကောင်းတယ်' ဆိုပြီး အမရပူရ မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ ကုံကူလက်လှည့်ငယ်ဆရာရင်း ဖြစ်တော်မူသော ဒသမမြောက် ရွှေကျင်သာသနာပိုင် မြောင်းမြဆရာတော်ဘုရားကြီးက မိန့်တော်မူခဲ့ဖူးတယ်။ ဒါ့အပြင် အခြားအခြားသော သာသနာ့ထိပ်ခေါင်တင် မထေရ်ကြီးတွေလည်း ဒီ ကျားမခွဲခြားတဲ့ကိစ္စနဲ့ ပတ်သက်ပြီး မလုပ်ဖို့ မိန့်တော်မူခဲ့ကြတာ အများအပြားရှိပါတယ်။ သို့ပေမဲ့ ကနေ့အထိ လူထုက မလိုက်နာသလို ဆိုင်ရာဂေါပကတွေကလည်း အရေးမလုပ်ကြပါဘူး။

ဘုရားလက်ထက်တော်က သေဆုံးသူတွေကို ပိတ်စကြီးနဲ့ပတ်ပြီး သုသာန်မြေမှာ ဒီအတိုင်း စွန့်ပစ်ထားကြတယ်။ တစ်နေ့သောအခါမှာ ပုဏ္ဏာအမည်ရှိတဲ့ ကျွန်မ အလောင်းမှာပတ်ထားတဲ့ လောက်တွေ တဖွေးဖွေးကပ်နေတဲ့ ပိတ်စကို ကိုယ်တော်တိုင် ခွာယူပြီး သင်္ကန်းချုပ် ဝတ်တော်မူတယ်။ နောက်တစ်ခါ ဘုရားရှင်ပရိနိဗ္ဗာန်ပြုတော်မူတော့ ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာဒေဝီက သူမ ဝတ်ရုံပြီးသား မဟာလတာဝတ်ရုံကြီးကို ဘုရားရှင်ရုပ်ကလာပ်တော်ကို သူမကိုယ်တိုင် ဝတ်ရုံပေးလိုက်တယ်။ ဘယ်ရဟန္တာ ဘယ်ဘုရင်ကမှ မတားမြစ်ကြဘူး။ အဲဒီတော့ကာ အခုမြန်မာနိုင်ငံမှာ ဘာသာရေးနဲ့ပတ်သက်လာရင် ကြက်တူရွေးကတော်တော် မယ်ဘော်ကကဲကဲ ဖြစ်နေကြတယ်။ နကုလမာတာ ဆိုရင်လည်း ဘုရားရှင်နဲ့ တွေ့တဲ့အခါမှာ ဘုရားရှင်ခြေထောက်တော်ကို ဖက်ကိုင်ကြတယ်။ ဘုရားရှင်က မတားပါဘူး။ သက်တော်ထင်ရှား ဘုရားရှင်ကိုတောင် အမျိုးသမီးတွေ ကိုင်ခွင့်ရခဲ့သေးရင် ကျိုက်ထီးရိုးစေတီတော်ကို အမျိုးသမီးတွေ ကိုယ်တိုင်ကိုယ်ကျ ရွှေသင်္ကန်း မကပ်ကောင်းစရာ အကြောင်းမရှိဘူး။ ရှိခဲ့ရင်လည်း အဲဒါဟာ ဗုဒ္ဓအလိုတော် မကျဘူး။

ဘုရားရှင်ဟာ အမျိုးသားတွေကို သင်္ကန်းဝတ်ခွင့်ပြုသလို အမျိုးသမီး

တွေကိုလည်း သက်န်းဝတ်ခွင့်ပြုခဲ့တယ်။ အမျိုးသားတွေကို အရည်အချင်းအလိုက် ဧတဒဂ်ရာထူး ချီးမြှင့်ခဲ့သလို အမျိုးသမီးတွေကိုလည်း ချီးမြှင့်ခဲ့တယ်။ အမျိုးသားတွေကို လက်ဝဲတော်ရံ၊ လက်ယာတော်ရံ ရာထူးခန့်အပ်ခဲ့သလို အမျိုးသမီးတွေကိုလည်း လက်ဝဲတော်ရံ၊ လက်ယာတော်ရံ ရာထူးခန့်အပ်ခဲ့တယ်။ ဒါကို ထောက်ဆသောအားဖြင့် ဘုရားရှင်က လိင်ခွဲခြားခြင်းမရှိခဲ့ဘူးဆိုတာ ထင်ရှားပါတယ်။

တစ်ခါတုန်းက ဘုရားအလောင်းတော်ဟာ ရွှေဟင်္သာမျိုးမှာ ဟင်္သာမင်းသွားဖြစ်တယ်။ သူရဲ့စစ်သူကြီးက အရှင်အာနန္ဒာအလောင်း သုမုခဖြစ်တယ်။ တစ်နေ့တော့ အကြောင်းတိုက်ဆိုင်လို့ သုမုခစစ်သူကြီးက မိန်းမ မကောင်းကြောင်းကို ပြောဆိုတယ်။ ဒီအခါမှာ ဘုရားအလောင်း ဟင်္သာမင်းက-

'အမောင်သုမုခ သင်သည် မိန်းမတို့၏ဂုဏ်ကျေးဇူးကို မသိ။ မိန်းမတို့၏ဂုဏ်ကျေးဇူးကို ပညာရှိတို့သည်သာလျှင် သိကြကုန်၏။ မိန်းမတို့ကို မကဲ့ရဲ့အပ်ကုန်။ မိန်းမတို့မည်သည်ကား များမြတ်သောဂုဏ်ကျေးဇူး ရှိကုန်၏။ **ကမ္ဘာဦးကာလ၌ မိန်းမတို့သည် ယောကျ်ားတို့အရင် ဖြစ်ပေါ်ခဲ့၏။** ဘုရား ပစ္စေကဗုဒ္ဓါ အရိယာသာဝက စကြဝတေးမင်း တို့သည် မိန်းမတို့ဝမ်း၌သာ ဖြစ်ပေါ်၏။ ဤကမ္ဘာ လောကကြီးအတွက် မိန်းမတို့သည် ပျော်ရွှင်ခြင်းလက်ဆောင်ကို ပေးကြ၏။ ဤကဲ့သို့ ကောင်းမြတ်သောဂုဏ်ကျေးဇူးအပေါင်းရှိသော မိန်းမတို့ကို အဘယ်မည်သောယောကျ်ားသည် ငြီးငွေ့နိုင်ပါလိမ့်မည်နည်း' လို့ အမျိုးသမီးများရဲ့ ဂုဏ်ကျေးဇူးတွေကို ပြောပြပေးပါတယ်။ မိန်းမတွေ ယုတ်ညံ့လို့ ရွှေသင်္ကန်း ကိုယ်တိုင်ကိုယ်ကျ မကပ်ကောင်းဘူးလို့ အယူမှားရှိသူများ လေးလေးနက်နက် ဆင်ခြင်ကြဖို့လိုပါတယ်။

*(မဟာဟံသ ဇာတက ပါဠိတော်)*

ကျေးဇူးတော်ရှင် မဃဒေဝလင်္ကာသစ် ကျမ်းပြုအကျော် မန်လည်ဆရာတော်ဘုရားကြီးကတော့ -

*'ယုတ်မြတ်ဟူကြ၊ ဤလောက၌၊ မိန်းမယောကျ်ား၊ သဘောအားဖြင့်၊ ခြားနားမရှိ၊ သားချစ်သိလော့၊ သတိပညာ၊ အရင်းသာတည့်၊ ပညာမည်ငြား၊ ဤတရားလည်း၊ ယောကျ်ား၌သာ၊ မဟူရာဘူး၊ အမရာဒေဝီ၊ ဘေရီမွေ၊ ဒိန္နာစသည်၊ အပွကဟူ၊ နည်းငယ် မူကား၊ လူဝယ်ထိုသို့၊ မိန်းမတို့လည်း၊ မချို့ပညာ၊ ရှိတတ်စွာ၏၊ မိစ္ဆာမိုက်ကျူး၊ ကျေးဇူးချေတတ်၊ မမြတ်စာရ၊ မောဟ ပြောထူ၊ မိန်းမဟူသည်၊ ယောဘုယျနည်း၊ ဖြစ်သတည်းရှင့်၊ သိမ်းဆည်းမှဲဘိ၊ ကင်းသတိနှင့်၊ အသိပညာဥ်၊ မယှဉ်သသူ၊ ထိုမျှလူတို့၊ ကျင့်မှုဖောက်ပြား၊ မတည်ကြားသည်။ မိန်းမယောကျ်ား မဟူတည်း'* လို့ စပ်ဆိုတော်မူခဲ့ပါတယ်။

'မိန်းမဟူသည့်၊ ထိုဣတ္ထိကား၊ မရှိမကောင်း၊ ရှိမကောင်းတည့်' ဆိုသည်မှာ မိန်းမတိုင်း မဟုတ်ပါဘူး။ ယေဘုယျသဘောအနေနဲ့ ဆရာတော်ကြီးက တချို့တချို့သော မိန်းမများအတွက်သာ စပ်ဆိုခဲ့တာပါ။ မိန်းမတိုင်းအတွက် မဟုတ်ပါဘူး။ ဒီလင်္ကာပိုဒ်ကို နှုတ်တိုက်ကျက်ပြီး ထင်တစ်လုံးနဲ့ မာနမိုးထိုးနေတဲ့ မဟာပုရိသဝါဒီများ ဆင်ခြင်နိုင်ပါစေ။

မန်လည်ဆရာတော်ဘုရားကြီးက မိန်းမတွေကို ယုတ်ညံ့တယ် ဆိုတဲ့ အယူဝါဒနဲ့ပတ်သက်ပြီး **'လူ့ရှာဌာန၊ လူ့လောကဉ်၊ မိန်းမတို့သာ၊ ကျင့်ယုတ်မာ၍၊ မိစ္ဆာဆိုးဝါး၊ မဟုတ်ပြောဘူး၊ ယောကျ်ားသည်လည်း၊ ပညာနည်းတို့၊ စောင့်စည်းမရှိ၊ မျိုးဣတ္ထိသို့၊ မသိကျေးဇူး၊ သူ့ဂုဏ်ထူးကို၊ ထိမ်မြှုးချေတတ်၊ ကျင့်မမြတ်တည့်။ အနှစ်ပညာ၊ မရှိပါက၊ အင်္ဂါခြေလက်၊ ယောကျ်ားလျက်လည်း၊ မိန်းမထက်သာ၊ ယုတ်မာဆိုးဝါး၊ မိုက်လုံးထွားသည်။ နွားနှင့် ကျားနှင့် အတူတည်း'** စသဖြင့် ယုတ်ညံ့ခြင်း၊ မြင့်မြတ်ခြင်းသည် လိင်နဲ့ မသက်ဆိုင်ကြောင်း စပ်ဆိုတော်မူခဲ့ပါတယ်။

ဗုဒ္ဓဘုရားရှင်လည်း အလိုမကျ၊ လောကအတွက် ပတ်ဝန်းကျင်အတွက်လည်း တစ်စုံတစ်ရာ အကျိုးမပြုတဲ့ ရိုးရာဓလေ့စရိုက်ဆိုးတွေကို လူ့ပတ်ဝန်းကျင် အေးချမ်းတည်ငြိမ်ဖို့၊ ပျော်ရွှင်ကြည်နူးဖွယ်ရာကောင်းသော လူ့ပတ်ဝန်းကျင်ကို တည်ဆောက်နိုင်ဖို့၊ သေချာပေါက်ရရှိသင့်တဲ့ အခွင့်အရေးတွေကို ကျားမ,မရွေး ရရှိနိုင်ဖို့ အတွက် တူးဖြိုခွန့်ပစ်ဖို့ရန် လူသားတိုင်းမှာ တာဝန်ရှိပါတယ်။ လိင်မခွဲခြားတဲ့ ထေရဝါဒဗုဒ္ဓသာသနာတော်ကို ဗန်းပြပြီး မဟာဖိုဝါဒကို ရှေ့တန်းတင်ထားတဲ့ လိင်ခွဲခြားမှုကိစ္စတွေကိုရပ်တန့်နိုင်ဖို့ အားလုံးက ကြိုးစားကြရမှာပါ။ ကျိုက်ထီးရိုးစေတီတော်၊ မန္တလေးမဟာမုနိရုပ်ရှင်တော်တို့ကို အမျိုးသမီးများ ကိုယ်တိုင်ကိုယ်ကျ ရွှေသင်္ကန်းကပ်ခွင့်မရှိတာ၊ ရွှေတိဂုံစေတီတော်အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင်တော်ကို တက်ရောက်ဖူးမြင်ခွင့်မရှိတာဟာ ဗုဒ္ဓဝါဒနဲ့ မကိုက်ညီပါဘူး။ မဟာဖိုဝါဒဂိုဏ်းဝင် ရှေးလူကြီးများရဲ့အတွေးများသာဖြစ်ပါတယ်။


ဒါကြောင့် ဆိုင်ရာတာဝန်ရှိ လူကြီးများဟာ ထေရဝါဒဗုဒ္ဓဘာသာဝင် စစ်စစ်များဆိုရင် ဗြဟ္မဏဝါဒရဲ့အစွယ်အပွားဖြစ်တဲ့ လိင်ခွဲခြားမှုကို ရပ်တန့်ပြီး ထေရဝါဒဗုဒ္ဓသာသနာတော်ကို အမှန်တကယ် သက်ဝင်ယုံကြည်ကြောင်း သက်သေပြသတဲ့အနေနဲ့ ကျိုက်ထီးရိုးစေတီတော်၊ မန္တလေးမဟာမြတ်မုနိ ရုပ်ရှင်တော်တို့ကို အမျိုးသမီးများ ကိုယ်တိုင်ကိုယ်ကျ ရွှေသင်္ကန်းကပ်ခွင့်၊ ရွှေတိဂုံစေတီတော် အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင်တော်ကို တက်ရောက်ဖူး မြင်ခွင့်ပေးထိုက်ပါတယ်။

***The Voice Daily***

***Vol.1, No.246, Monday, January 20, 2014***

✪✪✪✪✪

# တောင်းတဲ့ဆုနဲ့ ပြည့်စေဖို့



ယခုကာလမှာ အချို့သော ယောကျ်ားရင့်မာကြီးတွေဟာ ဣသဟာမစ္ဆရိယတရားများ မိန်းမတွေထက်တောင် ထကြွသောင်းကျန်းနေကြတာကို တွေ့ရှိရပါ တယ် အများပိုင်ပစ္စည်းတွေကို ပုဂ္ဂလိကပိုင်သဖွယ် အသုံးပြုနေကြတာကလည်း တိုင်းသိပြည်သိ ကျွန်ုပ်သိပါ။ ကာမရာဂသတင်းတွေကလည်း နံပေါက်နေတဲ့အထိ အနံ့ထွက်နေပါတယ်။ ဒီတရားသုံးပါးနဲ့ ပြည့်စုံတဲ့သူက ကျားကျားမမ သေရင် အပါယ်ငရဲကို လားရမယ်ဆိုတာ မလွဲကေန်ပါပဲ

## တောင်းတဲ့ဆုနဲ့ ပြည့်စေဖို့

သက်တမ်းကုန်ဆုံးဖို့ ရက်ပိုင်းသာလိုတော့တဲ့ မကြာခင်မှာ ရာထူးလက်လွှတ်ရတော့မယ့် သိကြားမင်းက ဘုရားရှင်ထံ ချဉ်းကပ်ပြီး 'မြတ်စွာဘုရား ရန်ငြိုးကင်းကုန်လျက်၊ ဒဏ်ကင်းကုန်လျက်၊ ရန်သူကင်းကုန်လျက်၊ စိတ်ဆင်းရဲခြင်းကင်းကုန်လျက်၊ အမျက်ထွက်ခြင်းကင်းကုန်လျက် ငါတို့သည် နေလိုပါကုန်၏။ နေပါရစေဟု နတ်လူ အသုရာနဂါးဂဠုန်တို့နှင့် အခြားအခြားသော သတ္တဝါတို့၏ သန္တာန်ဝယ် တောင့်တခြင်းပြင်းစွာ ဖြစ်ရှိကြပါသည်။ ယင်းသို့ တောင့်တခြင်းပြင်းစွာ ဖြစ်ကုန်ပါသော်လည်း ထိုသတ္တဝါတို့သည် ရန်ငြိုးရှိကုန်လျက်၊ ဒဏ်ရှိကုန်လျက်၊ ရန်သူရှိကုန်လျက်၊ စိတ်ဆင်းရဲခြင်းရှိကုန်လျက်၊ အမျက်ထွက်မှုရှိကြကုန်လျက် နေကြရပါသည်။ ဤသို့ နေကြရခြင်းသည် အဘယ့်ကြောင့်ပါနည်း' လို့ မေးမြန်းလျှောက်ထားပါတယ်။

'နတ်တို့သနင်း သိကြားမင်း ရန်ငြိုးကင်းကုန်လျက်၊ ဒဏ်ကင်းကုန်လျက်၊ ရန်သူကင်းကုန်လျက်၊ စိတ်ဆင်းရဲခြင်းကင်းကုန်လျက်၊ အမျက်ထွက်ခြင်း ကင်းကုန်လျက် ငါတို့သည်နေလိုပါကုန်၏။ နေပါရစေဟု နတ်လူ အသုရာ နဂါး ဂဠုန်တို့နှင့် အခြားအခြားသော သတ္တဝါတို့၏ သန္တာန်ဝယ် တောင့်တခြင်းပြင်းစွာ ဖြစ်ရှိပေ၏။ ယင်းသို့ တောင့်တခြင်းပြင်းစွာ ဖြစ်ကုန်ပါသော်လည်း ထိုသတ္တဝါတို့သည် ရန်ငြိုးရှိကုန်လျက်၊ ဒဏ်ရှိကုန်လျက်၊ ရန်သူရှိကုန်လျက်၊ စိတ်ဆင်းရဲခြင်း ရှိကုန်လျက်၊ အမျက်ထွက်မှုရှိကြကုန်လျက် နေကြရကုန်၏။ ဤသို့နေကြရခြင်းသည် ကိုယ့်ထက်သာသူကို မနာလိုခြင်း = ဣဿာ၊ ကိုယ်ကောင်းစားသလို သူတစ်ပါးအား မကောင်းစားစေလိုသော = မစ္ဆရိယတရားနှစ်ပါးကြောင့်ဖြစ်၏။' လို့ ရှင်တော်မြတ်ဘုရားက ဖြေကြားတော်မူခဲ့ပါတယ်။

ဒီအခါမှာ သိကြားမင်းက ဆက်ပြီးတော့ 'ထို **ဣဿာမစ္ဆရိယ** တရားနှစ်ပါးတို့သည် ဘေးရန်များ၍ မကြီးပွားစေနိုင်သောတရားများဖြစ်နေပါလျက် အဘယ်ကြောင့် မြွေပွေးကို ခါးပိုက် ပိုက်ထားသကဲ့သို့ သတ္တဝါတို့သည် မိမိတို့၏သန္တာန်၌ အဖြစ်ခံ၍ နေကြပါသနည်း' လို့ မေးမြန်း လျှောက်ထားပြန်ပါတယ်။

'နတ်တို့သနင်း သိကြားမင်း၊ သတ္တဝါတို့သည် မိမိချစ်ခင်မြတ်နိုးအပ်သော ပုဂ္ဂိုလ်အသင်းအပင်း၊ မချစ်ခင် မမြတ်နိုးအပ်သော ပုဂ္ဂိုလ်အသင်းအပင်းဟု ခွဲခြားသတ်မှတ်ကြခြင်းကြောင့် ဣဿာမစ္ဆရိယ တရားနှစ်ပါးတို့သည် ဖြစ်နေကြရသည်' လို့ ဖြေတော်မူပါတယ်။

သူတစ်ပါးတို့ရဲ့ စည်းစိမ်ကို မနာလိုမကြည်ဖြူ ငြူစူခြင်းဟာ ဣဿာဖြစ်ပါတယ်။ သူတစ်ပါးတို့ ရပြီးရလတ္တံ့သော စည်းစိမ်များ၌ မနာလိုမကြည်ဖြူ ငြူစူနေခြင်းဟာ ဣဿာဖြစ်နေခြင်းရဲ့ လက္ခဏာဖြစ်ပါတယ်။ သူတစ်ပါးတရားသဖြင့် ကောင်းစားထင်ပေါ်ကျော်ကြားနေတာကို မခံနိုင်မရပ်နိုင်ဖြစ်နေတာကလည်း ဣဿာ ပါပဲ။ သူတစ်ပါးဂုဏ်သတင်း ထင်ပေါ်ကျော်ကြားတာ၊ နောက်လိုက်အခြွေအရံ ပေါများတာကို မနာလို မကြည်ဖြူ ငြူစူနေတာဟာလည်း ဣဿာဖြစ်နေတာပါပဲ။ သူတစ်ပါးက ဟောပြောပွဲကြီးတွေ လုပ်တဲ့အခါမှာ လူဦးရေ ထောင်သောင်းချီတက်ရောက် နားထောင်တာကို မနာလို မကြည်ဖြူ ငြူစူတာဟာလည်း ဣဿာပါပဲ။ စိတ်ထဲမှာ မနာလိုလွန်းအားကြီးပြီး ကဖျက်ယဖျက်လုပ်ပြီး နှောင့်ယှက်တာကတော့ ကာယကံမြောက် ဝီတိက္ကမဣဿာ ဖြစ်ပါတယ်။ ဣဿာဖြစ်နေတဲ့ လူတစ်ယောက်အတွက် စိတ်ချမ်းသာခြင်း၊ ကိုယ်ချမ်းသာခြင်း ဘယ်သောအခါမှာ ရှိမလာနိုင်ပါဘူး။

မိမိစည်းစိမ်ချမ်းသာကို ဝန်တိုစေးနဲ့ နှမြောခြင်းဟာ မစ္ဆရိယ ဖြစ်ပါတယ်။ **မစ္ဆရိယငါးပါး** ရှိတယ်လို့ ကျမ်းဂန်များက ဆိုပါတယ်။ ထိုငါးပါးကတော့ -

၁။ **အာဝါသမစ္ဆရိယ** = မိမိ၏နေရာဖြစ်သော အိမ်၊ ကျောင်း၊ အာရာမ်ခြံဝင်း၊ တိုက်ခန်း အစရှိသော နေရာဌာန အရပ်ဒေသ အမျိုးမျိုး၌ ဝန်တိုနှမြောခြင်း။ သူတစ်ပါးတို့လာရောက်နေထိုင် အသုံးပြုမည်ကို မလိုလားခြင်း။

၂။ **ကုလမစ္ဆရိယ** = မိမိ၏ အခြွေအရံအသင်းအပင်း တပည့်တပန်း အမျိုးအဆွေများ သူတစ်ပါးတို့နှင့် ပြောဆိုဆက်ဆံကာ ရင်းရင်းနှီးနှီးနေမည်ကို ဝန်တိုနှမြောခြင်း။

၃။ **လာဘမစ္ဆရိယ** = ပစ္စည်းဥစ္စာ အာဏာ စသည်တို့၌ ဝန်တိုနှမြောခြင်း။ သူတစ်ပါးအား ခွဲဝေမပေးလိုခြင်း။ သူတစ်ပါးတို့ မိမိကဲ့သို့ မရရှိစေလိုခြင်း။

၄။ **ဝဏ္ဏမစ္ဆရိယ** = ရုပ်ရည်လှပခြင်း ဂုဏ်သတင်းထင်ပေါ်ကျော်ကြားခြင်း၌ ဝန်တိုနှမြောခြင်း။ မိမိလှသလို သူတစ်ပါးလှမှာကို မလိုလားခြင်း။ မိမိ ထင်ပေါ်ကျော်ကြားသလို သူတစ်ပါး ထင်ပေါ်ကျော်ကြားမှာကို စိုးရိမ်ခြင်း။

၅။ **ဓမ္မမစ္ဆရိယ** = အသိပညာဉာဏ်တို့၌ ဝန်တိုနှမြောခြင်း။ မိမိသိထားသလို တတ်ထားသလို သူတစ်ပါးတို့ တတ်မှာသိမှာကို မလိုလားခြင်း။ စိုးရိမ်ခြင်းတို့ ဖြစ်ပါတယ်။

ဒီ မစ္ဆရိယငါးပါး ဖြစ်သူအတွက် ခံစားရမယ့် အကျိုးဆက်တွေလည်း ရှိပါသေးတယ်။

- အာဝါသမစ္ဆရိယကြောင့် သေပြီးသည့်နောက်၌ ဘီလူးသော်လည်းကောင်း၊ ပြိတ္တာသော်လည်းကောင်းဖြစ်ပြီးလျှင် အာဝါသ၌ ငြိကပ်စွဲလမ်းမှု အလိုဆန္ဒ ယုတ်ညံ့မှုကြောင့် ထို မိမိ ဝန်တိုနှမြောခဲ့သည့် အာဝါသ၏ အမှိုက်သရိုက်များကို ဦးခေါင်းဖြင့် ချီရွက်၍ လှည့်လည်နေထိုင်ရတတ်ပါတယ်။
- ကုလမစ္ဆရိယကြောင့် 'ငါ၏ တပည့်ခြွေရံ အသင်းအပင်းတို့သည် ငါ့အား စွန့်ပစ်သွားကြကုန်ပြီ' လို့ တွေးတောပူပန်ကာ ရောဂါဆိုးများရရှိပြီး အသေဆိုးနဲ့ သေဆုံးရတတ်ပါတယ်။
- လာဘမစ္ဆရိယကြောင့် အများပိုင်ပစ္စည်းကို မိမိပိုင်ပစ္စည်းကဲ့သို့ ထင်မှတ်ကာ ပုဂ္ဂလိကအနေနဲ့ သုံးဆောင်ခံစားခြင်းကြောင့် သေလွန်သည့်နောက်၌ ဘီလူးသော်လည်းကောင်း၊ ပြိတ္တာသော်လည်းကောင်း၊ စပါးကြီး စသော ခန္ဓာကိုယ်ကြီးမားတဲ့ မြွေကြီးမျိုး၌လည်းကောင်း ဖြစ်ရတတ်ပါတယ်။
- ဝဏ္ဏမစ္ဆရိယကြောင့် ဘဝအဆက်ဆက် ရုပ်ရည်အဆင်း လှပတင့်တယ်ခြင်း၊ ထင်ပေါ်ကျော်ကြားခြင်း မရရှိတတ်ပါဘူး။
- ဓမ္မမစ္ဆရိယကြောင့် ဘဝအဆက်ဆက် ဉာဏ်ပညာထုံထိုင်းမှိုင်းအသော ဒုပ္ပညပုဂ္ဂိုလ် ဖြစ်ရတတ်ပါတယ်။

ဒီမစ္ဆရိယ ငါးပါးထဲက တစ်ပါးပါးဖြစ်သူဟာ ပစ္စုပ္ပန်မျက်မှောက်ဘဝမှာ အိပ်ကောင်းခြင်း မအိပ်ရ၊ စားကောင်းခြင်း မစားရ၊ အေးအေးချမ်းချမ်း မနေထိုင်ရဘဲ ပူပူလောင်လောင်နေထိုင်ရခြင်းဆိုတဲ့ အကျိုးဆက်တွေကို ခံစားရမှာဖြစ်ပါတယ်။ သေလွန်တဲ့အခါမှာလည်း တွေတွေဝေဝေဖြင့် သေဆုံးရမှာဖြစ်ပါတယ်။ ကြောက်စရာကောင်းလှပါတယ်။ ... ကြောက်တတ်မယ်ဆိုရင် လွန်စွာမှ ကြောက်လန့်ဖွယ်ရာ ကောင်းလှပါတယ်။

တစ်ခါတုန်းက အရှင်အနုရုဒ္ဓါ မထေရ်မြတ်က 'အရှင်ဘုရား တပည့်တော်သည် သေလွန်ပြီးနောက် အပါယ်ငရဲကျရောက်သော မာတုဂါမများကို ဒိဗ္ဗစက္ခု

အဘိဉာဏ်ဖြင့် တွေ့မြင်ရပါသည်။ အဘယ်မျှသောတရားတို့နှင့် ပြည့်စုံသော မာတုဂါမသည် သေလွန်သောအခါ အပါယ်ငရဲသို့ ကျရောက်ပါသနည်း' လို့ ရှင်တော်မြတ်ဘုရားကို မေးလျှောက်ပါတယ်။

ဒီအခါမှာ ရှင်တော်မြတ်ဘုရားက **'အနုရုဒ္ဓါ၊ ဤလောက၌ မာတုဂါမသည် နံနက်အချိန်၌ ဝန်တိုခြင်းမစ္ဆရိယ ထကြွသောစိတ်ဖြင့် အိမ်မှုကိစ္စတို့၌ စီမံခန့်ခွဲ၍ နေ၏။ နေ့လယ်အချိန်၌ မနာလိုခြင်းဣဿာထကြွသောစိတ်ဖြင့် အိမ်မှုကိစ္စတို့ကို စီမံခန့်ခွဲ၏။ ညချမ်းအချိန်၌ ကာမရာဂထကြွသောစိတ်ဖြင့် အိမ်မှုကိစ္စတို့ကိုစီမံခန့်ခွဲ၍ နေ၏။ အနုရုဒ္ဓါ၊ ဤသုံးပါးသောတရားတို့နှင့် ပြည့်စုံသောမာတုဂါမသည် သေလွန်သောအခါမှာ အပါယ်ငရဲသို့ ကျရောက်၏'** လို့ ဖြေကြားခဲ့ပါတယ်။

ဒီအမေးအဖြေမှာ အရှင်အနုရုဒ္ဓါက သူ့အမြင်ရ မိန်းမလို့ နာမည်တပ်မေးလို့ ဘုရားရှင်ကလည်း မိန်းမလို့ နာမည်တပ် ဖြေဆိုခဲ့ခြင်း ဖြစ်ပါတယ်။ အရှင်အနုရုဒ္ဓါသာ သက်တော်ထင်ရှား ရှိနေခဲ့သေးရင် 'မိန်းမ ယောကျ်ား' လို့ မေးဖြစ်မယ်ထင်ပါတယ်။

ယခုကာလမှာ အချို့သော ယောကျ်ားရင့်မာကြီးတွေဟာ ဣဿာမစ္ဆရိယတရားများ မိန်းမတွေထက်တောင် ထကြွသောင်းကျန်းနေကြတာကို တွေ့ရှိရပါတယ်။ အများပိုင်ပစ္စည်းတွေကို ပုဂ္ဂလိကပိုင်သဖွယ် အသုံးပြုနေကြတာကလည်း တိုင်းသိပြည်သိ ကမ္ဘာသိပါ။ ကာမရာဂသတင်းတွေကလည်း နံဟောင်နေတဲ့အထိ အနံ့ထွက်နေပါတယ်။ ဒီတရားသုံးပါးနဲ့ ပြည့်စုံတဲ့သူက ကျားကျားမမ သေရင် အပါယ်ငရဲကို လားရမယ်ဆိုတာ မလွဲဧကန်ပါပဲ။ ဒီတရားသုံးပါးနဲ့ ပြည့်စုံနေရင် ဘုရားဒကာဖြစ်ဖြစ်၊ ကျောင်းဒကာဖြစ်ဖြစ်၊ ရဟန်းဒကာဖြစ်ဖြစ်၊ ပိဋကသုံးပုံ ဒကာဖြစ်ဖြစ် သေရင်မုချ အပါယ်ငရဲကို လားရောက်ရမှာပါ။ တစ်ဘဝ တစ်ခန္ဓာအတွက်ပဲ ကြည့်နေရင်တော့ အနေမဖြောင့်သလို အသေလည်းမဖြောင့်နိုင်ပါဘူး။ တစ်သံသရာလုံးလည်း အောက်တန်းစားဘဝနဲ့ ရှင်သန်နေထိုင်သွားရမှာပါ။

ဇာတကပါဠိတော် သံကိစ္စဇာတကမှာ 'မနာလိုဝန်တိုသော သူတို့သည် သေတ္တာသဏ္ဌာန် လေးထောင့်ရှိ၍ မီးဖြင့် တောက်လောင်နေသော သံမိုးသံကာ သံခင်းအတွင်း၌ အလျှံတပြောင်ပြောင်တောက်လောင်နေသောမီးတို့၏ လောင်မြိုက်ခြင်းကို နှစ်ပေါင်းမြောက်မြားစွာ ခံကြရကုန်၏' လို့ ဟောကြားတော်မူခဲ့ပါတယ်။

ဓမ္မပဒပါဠိတော် ဇမ္ဗုကထေရဝတ္ထုမှာ ဆိုရင်လည်း မနာလိုဝန်တိုမှုကြောင့် နှစ်ပေါင်းများစွာ ငရဲသို့ကျခံရပြီး ငရဲမှလွတ်၍ လူ့ဘဝရောက်သောအခါမှာလည်း အကျိုးဆက်အနေနဲ့ ငါးဆယ့်ငါးနှစ်ပတ်လုံး လူ့မစင်တွေကို စားရတယ်ဆိုတဲ့

အကြောင်း ရှင်တော်မြတ်ဘုရား ဟောကြားထားတာ ရှိပါတယ်။ မနာလိုဝန်တိုမှုဟာ မိမိကိုယ် ပစ္စုပ္ပန်သံသရာ အဆက်ဆက် အေးချမ်းမှုမှ ကင်းဝေးစေရုံသာမက ပတ်ဝန်းကျင်ကိုလည်း ပူလောင်စေပါတယ်။ မနာလိုဝန်တိုခြင်းဟာ မိမိသူတစ်ပါး ကောင်းကျိုး တစ်စုံတစ်ရာ မရှိစေပါဘူး။ ဒါကြောင့်မို့ ပစ္စုပ္ပန်တစ်ဘဝ တစ်ခဏလေးကိုသာ ကြည့်ပြီး မနာလိုဝန်တိုမှုများ ဖြစ်နေကြတာတွေကိုသတိထားပြီး ရပ်တန့်ကြရပါမယ်။

ပတ်ဝန်းကျင်တစ်ခုလုံး၊ တိုင်းနိုင်ငံတစ်ခုလုံး တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် အချစ်အမုန်းတွေကို ဘေးဖယ်ထားပြီး ဣဿာမစ္ဆရိယကင်းကင်းနဲ့ အလုပ်လုပ်ကြဖို့ လိုပါတယ်။ အချစ်တွေအမုန်းတွေနဲ့ ပိုင်းခြားကန့်သတ်ပြီး တစ်ဦးနဲ့ တစ်ဦး ဣဿာမစ္ဆရိယတွေ ပွားများနေပြီး၊ အများပိုင်ပစ္စည်းတွေကို ငါပိုင် ပစ္စည်းသဖွယ် အသုံးပြု စီမံခန့်ခွဲနေမယ်ဆိုရင်တော့ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတစ်ခု ဘယ်သောအခါမှ ဖြစ်လာမှာမဟုတ်ပါဘူး။ အေးအေးချမ်းချမ်းနဲ့ ခေါင်းပြားအောင် အိပ်ချင်တယ်ဆိုရင်တော့ ဣဿာမစ္ဆရိယတွေ လျှော့ချကြဖို့ လိုပါတယ်။

✪✪✪✪✪

မင်္ဂလာရှိပါစေ



မင်္ဂလသုတ်တော်အရ ဇနီးမယား၊ သမီးသားကို တရားသောနည်းလမ်းဖြင့်
လုပ်ကိုင်ကျွေးမွေးတဲ့သူသာလျှင် မင်္ဂလာဆောင်တဲ့သူ ဖြစ်ပါ တယ်
ဇနီးမယား၊ သမီးသားတို့ကို လုပ်ကိုင် ကျွေးမွေးခြင်းမပြုတဲ့သူ မတရားသော
နည်းလမ်းများဖြင့် လုပ်ကိုင်ကျွေးနေတဲ့သူတွေဟာ မင်္ဂလာဆောင်သူများ မဟုတ်ကြ ပါဘူး

## မင်္ဂလာရှိပါစေ

တစ်နေ့က တပည့်လူငယ်လေးတစ်ဦးက 'ယောကျ်ားနဲ့ မိန်းမ လက်ထပ်ရယူကြတာကို ဘာဖြစ်လို့ မင်္ဂလာဆောင်တယ်လို့ ပြောဆိုနေကြတာလဲ' လို့ မေးမြန်းပါတယ်။ အကြောင်းမသိတဲ့သူဆိုရင်တော့ ကတ်ဖွဲ့တိုက်မေးတယ်လို့ ထင်ကြမှာမလွဲကေန်ပါ။ မိမိကတော့ သူ့အကြောင်းသိနေတာမို့ အဲလိုမထင်ပါဘူး။ သူနားလည်အောင် ဘယ်လိုရှင်းပြရမလဲ ဆိုတာကိုပဲ တွေးပါတယ်။

**ပုတ္တဒါရဿ သင်္ဂဟော-သားသမီး၊ ဇနီးမယားကို ချီးမြှောက် ထောက်ပံ့ခြင်းသည်လည်း မင်္ဂလာတစ်ပါးဖြစ်သည်** လို့ ရှင်တော်မြတ်ဘုရားက မင်္ဂလသုတ်တော်မှာ ဟောကြားတော်မူခဲ့ပါတယ်။ ဒါကြောင့် သတို့သမီးကို ဇနီးမယားအဖြစ် သူ့ရဲ့မိဘအိမ်ကနေ ဆောင်ယူလိုက်ခြင်းဟာ မင်္ဂလာကို ဆောင်ယူလိုက်ခြင်းပဲဖြစ်တာမို့ မင်္ဂလာ ဆောင်တယ်လို့ ရှေးလူကြီးသူမများက သုံးနှုန်းခဲ့ကြတာ ဖြစ်နိုင်ပါတယ်။ ဒါဆိုရင် မိန်းမယူတဲ့သူတိုင်း မင်္ဂလာဆောင်တဲ့သူလားလို့ မေးစရာရှိပါတယ်။

မဟုတ်ပါဘူး။ မင်္ဂလသုတ်တော်အရ ဇနီးမယား၊ သမီးသားကို တရားသောနည်းလမ်းဖြင့် လုပ်ကိုင်ကျွေးမွေးတဲ့သူသာလျှင် မင်္ဂလာဆောင်တဲ့သူ ဖြစ်ပါတယ်။ ဇနီးမယား၊ သမီးသားတို့ကို လုပ်ကိုင် ကျွေးမွေးခြင်းမပြုတဲ့သူ၊ မတရားသောနည်းလမ်းများဖြင့် လုပ်ကိုင်ကျွေးနေတဲ့သူတွေဟာ မင်္ဂလာဆောင်သူများ မဟုတ်ကြပါဘူး။ တရားနဲ့အညီ ဇနီးမယား၊ သမီးသားကို ပြုစုလုပ်ကိုင်ကျွေးမွေးနေတဲ့သူတွေကို သိကြားမင်းက နေ့စဉ်ရှိခိုးတဲ့အကြောင်းကို ဂဟဋ္ဌဝန္ဒနာသုတ်မှာ ရှင်တော်မြတ်ဘုရားက ဟောကြားတော်မူခဲ့ပါတယ်။

ဇနီးမယား၊ သမီးသားတို့ကို အပြစ်ကင်း၍ တရားသောနည်းလမ်းနဲ့သာ

ပြုစုလုပ်ကိုင်ကျွေးမွေးခြင်းဖြင့် မင်္ဂလာရှိသောသူများဖြစ်အောင် ကျင့်ဆောင် အားထုတ်သင့်ပါတယ်။ ဇနီးမယား၊ သမီးသားတို့ကို အပြစ်ကင်း၍ တရားသောနည်းလမ်းနဲ့သာ ပြုစုလုပ်ကိုင်ကျွေးမွေးခြင်းဟာ မိမိ မလွဲမသွေ လျှောက်လှမ်းရမယ့် တမလွန်သံသရာခရီးအတွက် ရိက္ခာထုပ်နေခြင်းလည်း မည်ပါတယ်။ အပြစ်ကင်း၍ တရားသောနည်းလမ်းနဲ့သာ ပြုစုလုပ်ကိုင် ကျွေးမွေးခြင်းသည်သာလျှင် မိမိရဲ့ဇနီးမယား၊ သမီးသားတို့ကို အမှန်တကယ် ချစ်မြတ်နိုးရာလည်း ရောက်ပါတယ်။

တရားသောနည်းလမ်းနဲ့သာ ပြုစုလုပ်ကိုင် ကျွေးမွေးခြင်းဟာ **အနကုလကမ္မန္တမင်္ဂလာ**ကိုလည်း ပြုကျင့်ရာ ရောက်ပါတယ်။ အနကုလကမ္မန္တမင်္ဂလာကို ပြုကျင့်တဲ့သူဟာ ကာမဂုဏ်ခံစားနေသော လူဝတ်ကြောင်များ အခါအားလျော်စွာ ရရှိခံစားကြရတဲ့ ချမ်းသာခြင်းလေးမျိုးထဲက အမြင့်ဆုံးချမ်းသာဖြစ်တဲ့ '**အနဝဇ္ဇသုခ**' ကိုပါ ခံစားကြရမှာဖြစ်ပါတယ်။

'ဒါယကာ၊ ကာမဂုဏ်ခံစားသော လူသည် သင့်လျော်သော အချိန်အခါကို စွဲ၍ ရအပ်သော ချမ်းသာတို့သည် ဤလေးမျိုးတို့တည်း။ အဘယ် လေးမျိုးတို့နည်းဟူမူ ရှိမှုချမ်းသာ '**အတ္ထိသုခ**'၊ သုံးဆောင်မှုချမ်းသာ '**ဘောဂသုခ**'၊ ကြွေးမြီမရှိမှုချမ်းသာ '**အာနဏျသုခ**'၊ အပြစ်မရှိမှုချမ်းသာ '**အနဝဇ္ဇသုခ** တို့တည်း။'

'ဒါယကာ၊ **ရှိမှုချမ်းသာဟူသည် အဘယ်နည်း။** ဒါယကာ၊ ဤလောက၌ အမျိုးကောင်းသားအား လက်ရုံးအားကိုး၍ ခွဲလုံ့လဝီရိယဖြင့် ချွေးဒီးဒီးကျအောင် တရားသဖြင့်ရှာဖွေ၍ ရရှိအပ်ကုန်သော စည်းစိမ်တို့သည် ငါ့အားရှိ၏ဟု ချမ်းသာမှုကိုရ၏။ ဝမ်းမြောက်မှုကို ရ၏။ ဒါယကာ၊ ဤသည်ကို ရှိမှုချမ်းသာ '**အတ္ထိသုခ**'ဟု ဆိုအပ်၏။'

'ဒါယကာ၊ **သုံးဆောင်မှုချမ်းသာ ဟူသည် အဘယ်နည်း။** ဒါယကာ၊ ဤလောက၌ အမျိုးကောင်းသားအား လက်ရုံးအားကိုး၍ ခွဲလုံ့လဝီရိယဖြင့် ချွေးဒီးဒီးကျအောင် တရားသဖြင့် ရှာဖွေ၍ရရှိအပ်ကုန်သော စည်းစိမ်တို့ကို ငါသည် သုံးဆောင်ရ၏။ ယင်းတို့ဖြင့် ကောင်းမှုတို့ကိုလည်းပြုရ၏ဟု ချမ်းသာမှုကိုရ၏။ ဝမ်းမြောက်မှုကိုရ၏။ ဒါယကာ၊ ဤသည်ကို သုံးဆောင်မှုချမ်းသာ '**ဘောဂသုခ**' ဟု ဆိုအပ်၏။'

'ဒါယကာ၊ **ကြွေးမြီမရှိမှု ချမ်းသာ ဟူသည် အဘယ်နည်း။** ဒါယကာ၊ ဤလောက၌ အမျိုးကောင်းသားသည် နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ တစ်စုံတစ်ယောက်သောသူအား တစ်စုံတစ်ခုသော ကြွေးမြီကို မပေးဆပ်ရ။ 'နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ တစ်စုံတစ်ယောက်သောသူအား တစ်စုံတစ်ခုသော ကြွေးမြီ

ကို ငါသည် မပေးဆပ်ရ' ဟု ချမ်းသာမှုကို ရ၏။ ဝမ်းမြောက်မှုကိုရ၏။ ဒါယကာ၊ ဤသည်ကို ကြွေးမြီမရှိမှုချမ်းသာ **'အာဏ သုခ'** ဟု ဆိုအပ်၏။'

'ဒါယကာ၊ **အပြစ်မရှိမှု ချမ်းသာ ဟူသည် အဘယ်နည်း။** ဒါယကာ၊ ဤလောက၌ အရိယာတပည့်သည် 'ငါသည် အပြစ်မရှိသော ကာယကံ၊ ဝစီကံ၊ မနောကံနှင့် ပြည့်စုံ၏' ဟု ချမ်းသာမှုကို ရ၏။ ဝမ်းမြောက်မှုကို ရ၏။ ဒါယကာ၊ ဤသည်ကို အပြစ်မရှိမှုချမ်းသာ 'အနဝဇ္ဇသုခ' ဟု ဆိုအပ်၏။ ဒါယကာ၊ ကာမဂုဏ် ခံစားသောလူသည် သင့်လျော်သော အချိန်အခါကို စွဲ၍ ရအပ်သော ချမ်းသာတို့ သည် ဤလေးမျိုးတို့တည်း။

ဒါယကာ၊ ရှိမှုချမ်းသာ၊ သုံးဆောင်မှုချမ်းသာ၊ ကြွေးမြီကင်းမှုချမ်းသာ၊ ဟူသော **ချမ်းသာခြင်းသုံးပါးတို့သည် အပြစ်ကင်းမှုချမ်းသာ၏ တစ်ဆယ့်ခြောက် စိတ်တွင် တစ်စိတ်ကိုမျှ မမီနိုင်ချေ'** လို့ အနာထပိဏ်သူဌေးကြီးကို ရှင်တော်မြတ် ဘုရားက မိန့်တော်မူခဲ့ဖူးပါတယ်။

ဒါကြောင့်မို့ မင်္ဂလာဆောင်ပြီးရင် မင်္ဂလာရှိအောင် ပြုမူပြောဆိုနေထိုင်ကြ ဖို့ လိုပါတယ်။ မင်္ဂလာဆောင်ပြီး မင်္ဂလာရှိအောင် ပြုမူနေထိုင်နိုင်တဲ့သူအဖို့ ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သော ချမ်းသာခြင်းတရားကို မလွဲမသွေ ကောန်ခံစားကြရမှာပါ။ မင်္ဂလာဆောင်ပြီး မင်္ဂလာရှိအောင် ပြုမူပြောဆိုနေထိုင်ခြင်း မရှိရင်တော့ ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သော ဘဝတွေမှာ စစ်မှန်သောချမ်းသာခြင်းတရားတွေ ကင်းဆိတ် ပြီး ပူလောင်ခြင်းတရားတွေကိုသာ ခံစားကြရမှာပါ။

ရှင်တော်မြတ်ဘုရား သက်တော်ထင်ရှားရှိတော်မူစဉ် အခါတုန်းက ရာဇ ဂြိုဟ်ပြည်မှာ ဈေးသည်မိန်းမလေးဦး ရှိခဲ့ပါတယ်။ သူတို့ဟာ ဈေးရောင်းဖော် ဈေးရောင်းဖက်တွေဖြစ်သလို မိမိတို့ရဲ့ကုန်ပစ္စည်းများကိုလည်း မတော်မတရား ရောင်းချဖော် ရောင်းချဖက်တွေလည်း ဖြစ်ပါတယ်။ သူတို့လေးယောက်လုံး သေဆုံး တဲ့အခါမှာတော့ ရာဇဂြိုဟ်မြို့ရိုးအပြင်ဘက်နားလေးမှာ အတူတကွ ပြိတ္တာမတွေ ဖြစ်ကြရပြန်ပါတယ်။

ပြိတ္တာဘဝရောက်လို့ ပူလောင်စပ်ခါး ပြင်းထန်နာကျင်ခြင်း ဝေဒနာကို ခံစားကြရတဲ့အခါမှာ 'အဘယ်အကုသိုလ်ကံကြောင့် ဒီဘဝကို ငါတို့တွေ ရောက်ရှိခဲ့ တာပါလိမ့်' လို့ ပြန်လည်စဉ်းစားကြည့်တဲ့အခါမှာ ဝိသမလောဘ၊ မညီမျှသောလောဘ နဲ့ စီးပွားရှာခဲ့တာကြောင့် ပြိတ္တာဘဝကို ရောက်ကြရတယ်လို့ သိရှိလိုက်ကြပါ တယ်။ ပြီးတော့ 'ကျန်ခဲ့တဲ့ ငါတို့လင်ယောကျ်ားတွေ ဘာတွေများလုပ်နေကြပါ လိမ့်' လို့ ကြည့်တဲ့အခါမှာ သူတို့ရှာဖွေခဲ့တဲ့ စည်းစိမ်ဥစ္စာတွေကို နောက်မယား

အသစ်တွေနဲ့အတူ သောက်စားပျော်ပါးနေကြတာကို မြင်လိုက်ရပြန်ပါတယ်။

ဒီအခါမှာ ပြိတ္တာမလေးယောက်ဟာ မြို့ရိုးအပြင်ဘက်ကနေ 'ငါတို့တွေကတော့ တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ ချမ်းသာလျှင်ပြီးရော ဆိုပြီး စဉ်းလဲကောက်ကျစ်သော နည်းလမ်းတို့ဖြင့် စီးပွားဥစ္စာတို့ကို ရှာဖွေစုဆောင်းခဲ့ကြတယ်။ ငါတို့တွေ ရှာဖွေစုဆောင်းခဲ့ကြတဲ့ ပစ္စည်းဥစ္စာတို့ကို နောက်လင်နောက်သားနောက်မယားတွေက သုံးဖြုန်းပျော်ပါးသောက်စားနေကြတယ်။ ရှာဖွေစုဆောင်းခဲ့တဲ့ ငါတို့မှာတော့ ပြိတ္တာဘဝမှာ ကြီးစွာသော ဆင်းရဲဒုက္ခကို ခံစားနေကြရတယ်' လို့ မခံချိမခံသာဖြစ်ကာ ညသန်းခေါင်ချိန်မှာ အသံနက်ကြီးတွေနဲ့ အော်ပြောကြပါတယ်။

ဒါကြောင့်မို့ ရှင်တော်မြတ်ဘုရားက '**ပညာရှိမည်သည် မိမိအကြောင်းကြောင့်ဖြစ်စေ၊ သူတစ်ပါးအကြောင်းကြောင့်ဖြစ်စေ မကောင်းမှုကို မပြုပေ။ မကောင်းမှုကိုပြုခြင်းဖြင့် သားသမီး၊ စီးပွားဥစ္စာ၊ တိုင်းပြည်ကို အလိုမရှိအပ်ပေ။ မတရားမှုဖြင့် မိမိ၏ပြည့်စုံမှုကို အလိုမရှိရာ။ ထိုပုဂ္ဂိုလ်မျိုးသည်သာ သီလရှိသူ၊ ပညာရှိသူ၊ တရားရှိသူဖြစ်ပေ၏။**

**သူတစ်ပါး၏ များစွာသော အကျိုးစီးပွားအတွက်ကြောင့် မိမိ၏ အကျိုးစီးပွားကို မဆုတ်ယုတ်စေရာ။ မိမိ၏အကျိုးစီးပွားအတွက် ကောင်းစွာသိ၍ မိမိအကျိုးစီးပွားကို တိုးပွားအောင် ဆောင်ရွက် အားထုတ်အပ်ပေ၏**' လို့ ဟောကြားတော်မူခဲ့ခြင်းဖြစ်ပါတယ်။

ဇနီးမယား၊ သမီးသား၊ လင်ယောကျ်ားအားလုံးဟာ ယခု ဆုံတွေ့နေခိုက် ပစ္စုပ္ပန်ဘဝမှာ ဆွေမျိုးတွေဆိုပေမဲ့ လက်ရှိဘဝ ကုန်လွန်သွားပြီဆိုရင်တော့ သူစိမ်းတွေပါ။ သတ္တဝါတွေဟာ သံသရာခရီးလမ်း လျှောက်လှမ်းရာမှာ ကိုယ်ပြုခဲ့တဲ့ ကောင်းမှု၊ မကောင်းမှုတွေကိုသာ အဖော်ပြုပြီး ခရီးဆက်ကြရတာပါ။ ဒါကြောင့် မိမိရဲ့ဇနီးမယား၊ သမီးသား၊ လင်ယောကျ်ားတို့အတွက် မိမိရဲ့သံသရာအကျိုးစီးပွားကို အဆုတ်ယုတ်ခံပြီး မကောင်းမှုတွေ မပြုလုပ်သင့် မပြုလုပ်ထိုက်ပါဘူး။ စံစားရင်သာ ပျော်တပြုံးပြုံး မော်မဆုံးဘဲ အတူစံစားကြပေမဲ့ ခံစားလာရပြီဆိုရင်တော့ ဘယ်သူကမှ လာပြီး ခံစားပေးကြမှာမဟုတ်ပါဘူး။ ချစ်လွန်းလို့ ခံစားပေးချင်တယ်ဆိုရင်တောင်မှ ခံစားပေးလို့ မရနိုင်ပါဘူး။ မိမိတစ်ဦးတည်းသာ အထီးကျန်စွာ နာကျင်ခြင်းဝေဒနာတွေကို ခံစားကြရမှာပါ။

ဘုရားရှင်လက်ထက်တော်က ဇေတဝန်ကျောင်းတော်နဲ့ သာဝတ္ထိမြို့အကြားလမ်းမကြီးရဲ့ဘေးမှာ စုန္ဒသူကရိကဆိုတဲ့ ဝက်သတ်သမားရဲ့ နေအိမ်ရှိပါတယ်။ သူဟာ လှည်းပေါ်စပါးတွေတင်ပြီး သာဝတ္ထိမြို့ဘေးနားက ရွာလေးတွေမှာ ဝက်

ပေါက်လေးတွေနဲ့ စပါးနဲ့ လဲလှယ်ပါတယ်။ ရလာတဲ့ ဝက်ပေါက်လေးတွေကို သူ့အိမ်နောက်ဘေးက ခြံကြီးထဲမှာ လွှတ်ထားလိုက်ပါတယ်။ သူ့အိမ်မှာ အိမ်သာ မရှိပါဘူး။ အိမ်သားတွေဟာ ဝက်ခြံထဲမှာ မစင်စွန့်ကြပါတယ်။ ဝက်တွေကို သေချာ ဂရုတစိုက်ကျွေးမွေးခြင်း မရှိပါဘူး။ ဝက်တွေဟာ အပင်တွေစားလိုက် မစင်တွေ စားလိုက်နဲ့ ကြီးပြင်းကြတာပါ။ သင့်တော်တဲ့အရွယ်ရောက်လာတဲ့ ဝက်ကိုဖမ်းပြီး မလှုပ်နိုင်အောင် တိုင်မှာကြိုးနဲ့တုပ်ပြီး လေးထောင့်တင်းပုတ်နဲ့ ဖူးဖူးရောင်နေအောင် ရိုက်ပါတယ်။ အသားတိုးအောင် လုပ်တာပါ။

ဝက်က ဖူးဖူး ရောင်လာပြီဆိုရင် ပါးစပ်ဆွဲဖွင့်ပြီး ပါးစပ်ပြန်မစေ့နိုင်အောင် တုတ်ချောင်းထောက်လိုက်ပါတယ်။ ပြီးရင် ကျိုက်ကျိုက်ဆူနေတဲ့ ရေနွေးတွေကို ပါးစပ်ထဲ လောင်းချပါတယ်။ ကျင်ကြီးပေါက်ပြန်ထွက်လာတဲ့ ရေနွေးက ကြည်လင် နေပြီဆိုမှ ပါးစပ်ထဲရေနွေးလောင်းတာကို ရပ်ပါတယ်။ မည်းနက်နေတဲ့ အရေခွံတွေ ကွာကျအောင် ပိုနေတဲ့ ရေနွေးပူတွေကိုတော့ ခန္ဓာကိုယ်ပေါ် လောင်းချပါတယ်။ ပြီးမှ မြက်မီးရှူးနဲ့ အမွေးအမှင်တွေကို မီးတိုက်ပြီး ဓားထက်ထက်နဲ့ ခြစ်ချပါတယ်။ အားလုံးပြီးပြီဆိုမှ ခေါင်းကိုဖြတ်ပြီး ကျလာတဲ့ သွေးကို ခွက်နဲ့ခံကာ ဝက်သွေးများကို ဝက်သားနဲ့နယ်ဖတ်ပြီး ချက်ပြုတ်ကာ သားမယားတို့နဲ့အတူတကွ ပျော်ပျော်ပါးပါး စားသောက်ပါတယ်။ ပိုတဲ့အသားကိုမှ ရောင်းချပါတယ်။ သူဟာ ငါးဆယ့်ငါး နှစ်လုံးလုံး ဒီပုံစံအတိုင်းပဲ နေ့စဉ်ဝက်သတ်ပါတယ်။ အိမ်နားက ဇေတဝန်ကျောင်း တော်သွားပြီး ဘုရားရှင်ကို ပန်းတစ်ပွင့်၊ ရေတစ်မှုတ် လှူဖို့မပြောနဲ့ အိမ်ရှေ့လမ်း ပေါ် ကြွနေကြတဲ့ ဆွမ်းခံရဟန်းတော်တွေကိုတောင် ဆွမ်းတစ်ဇွန်းမလောင်းပါဘူး။

ငါးဆယ့်ငါးနှစ်လွန်မြောက်လာတဲ့ တစ်နေ့မှာတော့ စုန္ဒဟာ အဖျားရောဂါ ဖြစ်ပါတယ်။ သူ့တစ်ကိုယ်လုံးကို မီးရှို့နေသလို ပူလောင်တဲ့ ရောဂါဝေဒနာပါ။ ဒါတင်မက သူဟာ မနားတမ်း ဝက်လိုအော်ပြီး လေးဖက်ထောက်ကာ တစ်အိမ်လုံး လှည့်ပတ်သွားလာပါတယ်။ မိန်းမနဲ့ သားသမီးတွေက သူဝက်လိုအော်တဲ့အခါမှာ ရှက်တာကြောင့် အတင်းဖမ်းချုပ်ပြီး ပါးစပ်ပိတ်ပေမဲ့လည်း မရပါဘူး။ သူဟာ နာကျင်ခြင်းဝေဒနာကို ပြင်းစွာခံစားရပြီး ခုနစ်ရက်မြောက်နေ့မှာတော့ သေဆုံးပြီး အဝီစိငရဲကို ကျရောက်သွားခဲ့ပါတယ်။ မကောင်းမှုက အကျိုးပေးလာပြီ ဆိုရင် ချစ်သူခင်သူကြင်နာသူတွေ အားလုံး ကိုယ့်မျက်စိအောက်မှာ ဖြစ်နေတာတောင်မှ မကာယ်တင်နိုင်ပါဘူး။

တကယ်တော့ မင်္ဂလာဆောင်ပြီးရင် မိမိတို့ရဲ့ ဇနီးမယား၊ သမီးသား၊ လင်ယောကျ်ားတို့ကို တရားသောနည်းလမ်းဖြင့် ရှာဖွေလုပ်ကိုင်ကျွေးမွေးကာ မင်္ဂလာ

ရှိတဲ့သူဖြစ်အောင် ကြိုးစားအားထုတ်သင့်ပါတယ်။ မင်္ဂလာရှိတဲ့သူဟာ ပစ္စုပ္ပန်မှာ ချမ်းသာရသလို တမလွန်မှာလည်း ချမ်းသာရပါတယ်။ မင်္ဂလာရှိတဲ့သူဟာ ဒုတိယဘဝအတွက် စိုးရိမ်ပူပန်နေစရာလည်း မလိုတော့ပါဘူး။ မတော်မတရား စီးပွားရှာပြီး ဇနီးမယား၊ သမီးသားနဲ့ လင်ယောကျ်ားကို ကျွေးမွေးနေမယ်ဆိုရင်တော့ မင်္ဂလာဆောင်ပြီး အမင်္ဂလာတွေပြုလုပ်နေတာမို့ အပါယ်ဘုံကို ပစ်ချလိုက်သလို ကျရောက်ရမှာပါ။ လက်ရှိဘဝသာမက နောင်ဘဝပါ ချမ်းသာချင်ရင် မင်္ဂလာရှိသောသူ ဖြစ်ဖို့လိုပါတယ်။ မင်္ဂလာရှိသောသူ ဖြစ်ပါစေ။

*The Voice Daily*

*Vol.1, No.268*

*Friday, February 14, 2014*

✪✪✪✪✪

# သညတ္တိဗလ



ရဟန်းတွေ "လိင်မဆက်ဆံရ" ဆိုတဲ့ စည်းမျဉ်းကို ထုတ်ပြန်တုန်းက
အရိုင္အမည်ရှိတဲ့ရဟန်းက "မြတ်စွာဘုရားရှင်ဟာ မဟာသမုဒ္ဒရာ ကြီးကို
ကန့်သင်းဆည်ဖို့ကြိုးစားနေတာပဲ" ဆိုပြီး ပြောဆိုကန့်ကွက်ခဲ့ပါတယ်
သိက္ခာပုဒ် စည်းမျဉ်းစည်းကမ်းတွေ ထုတ်လို့ မြတ်စွာဘုရားရှင်ရဲ့ ရှေ့တော်မှောက်တင်
ပေါ်ပေါ်တင်တင် ပြောဆိုကန့်ကွက်ခဲ့သူကတော့ ဘဒ္ဒါလိမထေရ်ပါ

## သညတ္တိဗလ

မိမိ ကျန်းမာရေး ပျက်နေတာကြောင့် သူငယ်ချင်းတွေစုပြီး ဝိုင်းဖွဲ့စကား ပြောရာအရပ်ဆီ မသွားဖြစ်တာ ကြာပါပြီ။ ဒီနေ့တော့ သူတို့တွေစုပြီးတော့ မိမိဆီ လာကြပါတယ်။ သူငယ်ချင်းအားလုံးက ဘာကိုမှ အစွဲအလမ်းမရှိတာကြောင့် ကိုယ့် အယူအဆ ကိုယ့်ထင်မြင်ချက်ကို စိတ်ကြိုက်ချပြကြတာမို့ သူငယ်ချင်းတွေစုပြီး စကားပြောကြရတာကို မိမိကတော့ နှစ်သက်ပါတယ်။ သူ့အယူဆကို သဘောမတူရင် မတူဘူးပြောပြီး သဘောတူရင်လည်း ဝိုင်းထောက်ခံလိုက်ကြတာပါပဲ။ သဘောမတူလို့ လည်း စိတ်မဆိုးကြသလို သဘောတူလို့လည်း ထူးပြီးမြောက်တက်မသွားကြပါဘူး။ စကားပြောပြီးလို့ လမ်းခွဲကြတိုင်းလည်း စိတ်ဆိုးစိတ်ကောက် မကျေနပ်ခြင်းစတာတွေ ဘယ်သူ့ဆီမှာမှ ပါမသွားကြပါဘူး။ စကားဝိုင်းမှာတင်ပဲ တစ်ယောက်ကိုတစ်ယောက် အားမနာတမ်း ပြောကြတာမို့ပါ။ ဒီနေ့တော့ ကိုယ့်ကျန်းမာရေးကြောင့် ထင်ပါတယ် အားလုံးက ရွှတ်တီးရွှတ်တ ရယ်စရာမောစရာတွေပဲ ပြောကြပါတယ်။

ပြန်ခါနီးမှာ သူငယ်ချင်းရဟန်းတစ်ပါးက 'ဟေ့ မိုးသု၊ ဘယ်သူတွေ မှားနေတယ်လို့ မင်းထင်လဲ' ဆိုပြီး အဆက်အစပ်မရှိ မေးပါတယ်။ 'သညတ္တိဗလ မရှိတဲ့သူတွေ မှားတယ်' လို့ မိမိက ပြန်ဖြေလိုက်တော့ 'ဟ ရှင်းရှင်းပြောပါဟ။ ကိုယ်က မင်းလောက် ကျမ်းမနံ့ဘူး' ဆိုပြီး ပြောပါတယ်။ မဟာနိုင်လောက်အောင် ခေါင်းကလည်း ကိုက်နေတာမို့ ဘယ်မှာဖတ်ဆိုပြီး ကျမ်းညွှန်းပဲ ပေးလိုက်ပါ တယ်။ သေချာ ရှင်းမပြလိုက်ရပါဘူး။

၁ အကြင် အသင်းအဖွဲ့ ပါတီ၌ ရဟန်းတို့သည် တရားလမ်းကြောင်းကျသော အဓိကရဏ်းဖြစ်ကိုစေ၊ တရားလမ်းကြောင်းမကျသော အဓိကရဏ်းကို

ဖြစ်စေ စွဲကိုင်ပြီး အချင်းချင်း နားလည်သဘောပေါက်အောင် ပြောဆို ဆွေးနွေးခြင်း မပြုကြကုန်။
ထိုရဟန်းတို့သည် အချင်းချင်း နားလည်သဘောပေါက်အောင် မပြောခြင်း ဟူသော အားရှိကုန်လျက် မှားယွင်းသော အယူအဆကို စွန့်လွှတ်ရန် တိုင်ပင်ဆွေးနွေးခြင်း မရှိကုန်ဘဲ ထိုအဓိကရဏ်းကိုပင် မှားသောအမြင်၊ မှားသော သုံးသပ်ခြင်းဖြင့် သက်ဝင်စွဲလမ်း၍ 'ငါ့အယူအဆသာ မှန်၏။ တစ်ပါးသော သူ၏အယူအဆသည် အချည်းနှီးသားတည်း' ဟု ပြောဆို ကြကုန်၏။ ဤအသင်းအဖွဲ့အစည်းပါတီသည်အမှန်တရားကို ပြောဆို လေ့မရှိသော အဓမ္မဝါဒီ အသင်း အဖွဲ့အစည်း ပါတီမည်၏'

➲ 'အကြင် အသင်းအဖွဲ့အစည်း ပါတီ၌ ရဟန်းတို့သည်တရားလမ်းကြောင်း ကျသော အဓိကရဏ်းကိုဖြစ်စေ၊ တရားလမ်းကြောင်းမကျသော အဓိက ရဏ်းကိုဖြစ်စေ စွဲကိုင်ပြီး အချင်းချင်းနားလည်သဘောပေါက်အောင် ပြော ဆိုဆွေးနွေးခြင်း ပြုကြကုန်၏။
ထိုရဟန်းတို့သည် အချင်းချင်း နားလည်သဘောပေါက်အောင် ပြောဆိုခြင်း ဟူသော အားရှိကုန်လျက်၊ မှားယွင်းသောအယူအဆကို စွန့်လွှတ်ရန် တိုင်ပင်ဆွေးနွေးခြင်း ရှိကြကုန်လျက် ထိုအဓိကရဏ်းကို မှားသောအမြင်၊ မှားသောသုံးသပ်ခြင်းဖြင့် သက်ဝင်စွဲလမ်း၍ 'ငါ့အယူအဆသာ မှန်၏။ သူတစ်ပါး၏ အယူအဆသည် အချည်းနှီးသာတည်း'ဟုမပြောဆိုကြကုန်။ ဤအသင်း အဖွဲ့အစည်း ပါတီသည် အမှန်တရားကိုပြောဆိုလေ့ရှိသော ဓမ္မဝါဒီ အသင်းအဖွဲ့အစည်းပါတီမည်၏' လို့ ရှင်တော်မြတ်ဘုရားက ဟော ကြားတော်မူခဲ့ပါတယ်။

*(အံ၊ဒုကနိပါတ၊ပရိသဝဂ္ဂ-ဒသမသုတ်)*

မှားနေတဲ့ပြဿနာကို ကိုင်တွယ်ဖြေရှင်းရာမှာဖြစ်ဖြစ်၊ မှန်ကန်တဲ့ပြဿနာ ကို ကိုင်တွယ်ဖြေရှင်းရာမှာဖြစ်ဖြစ် အချင်းချင်း နားလည်သဘောပေါက်အောင် ပြောဆိုဆွေးနွေးခြင်းပြုတာကို ပါဠိလို '**သညတ္တိဗလ**' လို့ သုံးနှုန်းပြီး၊ မှန်သည်ဖြစ်စေ မှားသည်ဖြစ်စေ 'သူတို့ သဘောမပေါက်လည်း အရေးမစိုက်ဘူး' ဆိုပြီး ထင်ရာစိုင်း တာကို ပါဠိလို '**အသညတ္တိဗလ**' လို့ သုံးနှုန်းပါတယ်။

ပြဿနာတွေကို ကိုယ်တွယ်ဖြေရှင်းရာမှာဖြစ်စေ၊ ဆွေးနွေးညှိနှိုင်းရာမှာ ဖြစ်စေ၊ စည်းမျဉ်းဥပဒေတွေ ထုတ်ပြန်တဲ့အခါမှာဖြစ်စေ၊ ရှင်တော်မြတ်ဘုရားအလို အရ သညတ္တိဗလနဲ့ ဖြေရှင်းညှိနှိုင်းဆွေးရပါမယ်။ 'ငါ လုပ်ရင်ဖြစ်တယ်။ ငါ့မှာ

အာဏာရှိတယ်။ ငါ၊ ဒီလိုလုပ်တော့ သူတို့ ငါ့ကိုဘာပြန်လုပ်လို့ရမှာလဲ။ ဒါ ငါပိုင်နေရာ၊ ငါကြိုက်တဲ့စည်းကမ်းထုတ်မယ်။ မလိုက်နာနိုင်ရင် ထွက်သွား' စသဖြင့် တစ်ဖက်သားကို နားလည်သဘောပေါက်အောင် ပြောမပြဘဲ အာဏာအားကိုး၊ ပိုင်ဆိုင်ထားရှိမှုအားကိုး၊ နောက်ခံအင်အား အားကိုးနဲ့ ပြဿနာကို ဖြေရှင်းတာမျိုး၊ စည်းမျဉ်း ဥပဒေကို ထုတ်ပြန်တာမျိုး မပြုလုပ်ရပါဘူး။

ဒီလိုမျိုး အသည္ဗဏ္ဍဗလနဲ့ ပြဿနာဖြေရှင်းတာမျိုး၊ စည်းမျဉ်းဥပဒေ ထုတ်ပြန်တာမျိုးကို ရှင်တော်မြတ်ဘုရားက မနှစ်သက်ပါဘူး။ ရှင်တော်မြတ်ဘုရား ကိုယ်တိုင်လည်း ပြဿနာတွေကို ဖြေရှင်းရာမှာပဲ ဖြစ်ဖြစ်၊ စည်းမျဉ်းဥပဒေတွေကို ထုတ်ပြန်တဲ့အခါမှာပဲဖြစ်ဖြစ်၊ တပည့်သာဝကတွေ ဘာသာခြားတွေနဲ့ ပြောဆိုဆွေးနွေးရာပဲဖြစ်ဖြစ် သညတ္တိဗလကို အသုံးပြုတော်မူခဲ့ပါတယ်။

အကြောင်းအားလျော်စွာ ဝိနည်းသိက္ခာပုဒ် စည်းမျဉ်းစည်းကမ်းများ ရှင်တော်မြတ်ဘုရား ထုတ်ပြန်ရတဲ့အခါမှာ တစ်ခါတလေ ရဟန်းတွေရဲ့ ကန့်ကွက်ခြင်း ခံရတဲ့အခါတွေလည်း ရှိပါတယ်။ ရဟန်းတွေ 'လိင်မဆက်ဆံရ' ဆိုတဲ့ စည်းမျဉ်းကို ထုတ်ပြန်တုန်းက အရိဋ္ဌအမည်ရှိတဲ့ရဟန်းက 'မြတ်စွာဘုရားရှင်ဟာ မဟာသမုဒ္ဒရာကြီးကို ကန်သင်းဆည်ဖို့ ကြိုးစားနေတာပဲ' ဆိုပြီး ပြောဆိုကန့်ကွက်ခဲ့ပါတယ်။ သိက္ခာပုဒ်စည်းမျဉ်းစည်းကမ်းတွေ ထုတ်လို့ မြတ်စွာဘုရားရှင်ရဲ့ ရှေ့တော်မှောက်တင် ပေါ်ပေါ်တင်တင် ပြောဆိုကန့်ကွက်ခဲ့သူကတော့ ဘဒ္ဒါလိမထေရ်ပါ။

သာသနာတော်ရဲ့ ရှေးဦးအစပိုင်းမှာ မွန်းမလွဲခင်မှာစားကြတဲ့ မနက်စာ၊ မွန်းလွဲပြီးနောက်ပိုင်းမှာစားကြတဲ့ နေ့လယ်စာ၊ ညပိုင်းမှာစားကြတဲ့ ညစာဆိုပြီး လူပုဂ္ဂိုလ်စားသောက်သလို တစ်နေ့လျှင်သုံးထပ် ရဟန်းတွေ တရားဝင် စားသောက်ကြပါတယ်။ နောင်အခါမှာ ရှင်တော်မြတ်ဘုရားက -

'ရဟန်းတို့၊ ငါဘုရားသည် မွန်းမလွဲမီ နံနက်ပိုင်းတစ်ချိန်မှာသာ ဘုဉ်းပေးတော်မူသည်။ ထိုသို့နံနက်ပိုင်းတစ်ချိန်မှာသာ ဘုဉ်းပေး၍ နေလွဲသောအခါ၌ မစားဘဲ ရှောင်ကြဉ်နေခြင်းကြောင့် အနာရောဂါမရှိဘဲ၊ အညောင်းအကိုက်လည်းမရှိဘဲ ပေါ့ပေါ့ပါးပါးနှင့် အားအင်ပြည့်တာကို တွေ့ရသည်။ သင်တို့တစ်တွေလည်း နံနက်တစ်ချိန်မှာသာ စားကြ။ ထိုသို့စားသဖြင့် အနာရောဂါလည်းနည်းပါး၊ အညောင်းအကိုက်လည်း နည်းပါး၍ ပေါ့ပေါ့ပါးပါးနှင့် အားအင်ပြည့်တာကို သိကြရလိမ့်မည်' လို့ မိန့်တော်မူပြီး မွန်းလွဲပြီးနောက်ပိုင်းမှာ မစားကြတော့ရန် တားမြစ်တော်မူပါတယ်။

ဒီအခါမှာ ကျီးကန်းဘဝမှ လူဖြစ်လာသောကြောင့် ညစာမစားရလျှင် မနေနိုင်သော ဘဒ္ဒါလိအမည်ရှိရဟန်းက -

'အရှင်ဘုရား၊ တပည့်တော်ကား နံနက်ပိုင်း၌ တစ်ထပ်တည်းသောအစာကို စားခြင်းငှာမစွမ်းနိုင်ပါ။ အရှင်ဘုရား၊ တစ်ထပ်တည်းသော အစာစားခြင်းကို စားသည်ရှိသော် တပည့်တော်အား တွေးတောယုံမှားမှု နှလုံးမသာယာမှု ဖြစ်ရာပါ၏' လို့ လျှောက်ထားကန့်ကွက်ပါတယ်။

'ဘဒ္ဒါလိ ထိုသို့ဖြစ်လျှင် တစ်ဝက်ကို လောင်းလှူရာမှာစား၍ ကျန်တစ်ဝက်ကို ကျောင်းရောက်မှ စားလော့။ ဤသို့ဖြစ်လျှင် တစ်ထပ်တည်းသော စားခြင်းသာဖြစ်၍ မျှတလတ္တံ့' လို့ မိန့်တော်မူပါတယ်။ အခုခေတ် ရဟန်းတော်များ မွန်းမလွဲခင်မှာ အရုဏ်ဆွမ်း၊ နေ့ဆွမ်းဆိုပြီး ခွဲစားတဲ့ပုံစံကို ဆိုလိုခြင်းဖြစ်ပါတယ်။

ဒီလို မိန့်တော်မူတဲ့အခါမှာ ကျန်ရဟန်းတွေအားလုံးက လိုက်နာနိုင်ကြပေမဲ့ ဘဒ္ဒါလိကတော့ မလိုက်နာနိုင်ပါဘူး။ ဒီစည်းမျဉ်းကို ထုတ်ရမလားဆိုပြီး ဘုရားရှင်ကို စိတ်ဆိုးကာ ဘဒ္ဒါလိဟာ ဝါတွင်းသုံးလပတ်လုံး ဘုရားရှင်ရှေ့တော်မျှောက်ကို မဝင်ရောက်တော့ပါဘူး။ ဝါကျွတ်ခါနီးကျမှ အခြားရဟန်းတွေက ညစာစားဖို့အတွက် ဆွမ်းခံတဲ့အခါမှာ ကြုံတွေ့ကြရတဲ့ ကိုယ်တွေ့ဒုက္ခတွေကို ပြောပြပြီး ဝိုင်းနားချခါမှ ဘဒ္ဒါလိဟာ သူမှားမှန်းသိကာ ရှင်တော်မြတ်ဘုရားကို ပြန်လည်တောင်းပန်ခြင်း ပြုခဲ့ပါတယ်။

ရဟန်းတစ်ပါးဟာ ပါရာဇိကအာပတ်သင့်လို့ ရဟန်းမဟုတ်တော့ရင်တောင်မှ သူ့ကို အခြားရဟန်းတွေက 'မင်း ရဟန်း မဟုတ်တော့ဘူး။ ပါရာဇိကကျနေနေပြီ' ဆိုပြီး သူ့ဝတ်ထားတဲ့ သင်္ကန်းကို အတင်းအဓမ္မ ဆွဲချွတ်ပိုင်ခွင့်မရှိပါဘူး။ 'ငါ့ရှင် လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းပတ်လုံး အလွန်ပင်ပန်းဆင်းရဲစွာ ပါရမီတော်တို့ကို ဖြည့်ကျင့်ကာ မြတ်စွာဘုရားရှင် တည်ထောင်ထားအပ်သော သူတော်ကောင်းတည်းဟူသော သာသနာတော်မြတ်ကြီးကို သင့်ကြောင့် မညစ်နွမ်းပါစေလင့်။ သင့်အတွက် ရဟန်းဘဝဖြင့် ကောင်းကျိုးတစ်စုံတစ်ရာ မရှိတော့ပါဘူး။ မဂ်ဖိုလ်နိဗ္ဗာန်ကို မရရှိနိုင်တော့ပါဘူး။ ဒါကြောင့် သင်ဟာ သင်္ကန်းကိုစွန့်လွှတ်ပြီး လူဖြစ်ပါတော့။ လူ့ဘဝမှာနေပြီး သင်သည် သီလတို့ကိုဖြည့်ကျင့်ပါလော့။ အလှူဒါနတို့ကို ပြုပါလော့။ ဘာဝနာတို့ကို ရှုမှတ်ပွားများပါလော့။ လူဖြစ်သောသင့်အား လူ့ဘဝမှာနေခြင်းဖြင့် မဂ်ဖိုလ် နိဗ္ဗာန်ကို ရရှိနိုင်ရန် အခွင့်အရေးရှိပါသေး၏' စသဖြင့် သူနားလည်သဘောပေါက်အောင် ပြောဆိုပေးခြင်း သညတ္တိဗလနဲ့သာ သူ့ကို သင်္ကန်းကိုစွန့်လွှတ်အောင် အခြားရဟန်းများက ပြုမူနိုင်ပါတယ်။

အကယ်၍ ခေါင်းမာပြီး လူမထွက်ဘဲနေရင်တော့ သူဟာ ပါရာဇိကကျပြီးသား ရဟန်းတစ်ပါးဖြစ်တယ်လို့ အသိပေးပြောကြားကြကာ သူ့ကို ကြဉ်ဖယ်ထား

ရပါတယ်။ ရှင်တော်မြတ်ဘုရားဟာ နားလည်သဘောပေါက်အောင် ပြောဆိုဆွေးနွေးခြင်းဟူသော သညတ္တိဗလကို ဒီလောက်အထိ အလေးထားတော်မူခဲ့တာပါ။

ဒါကြောင့်မို့ နိုင်ငံလုံးဆိုင်ရာ စည်းမျဉ်းဥပဒေတွေ ထုတ်ရာမှာပဲဖြစ်ဖြစ်၊ အသင်းအဖွဲ့စည်းမျဉ်းဥပဒေတွေ ထုတ်ရာမှာပဲဖြစ်ဖြစ် လိုက်နာရမယ့်သူတွေကို နားလည်သဘောပေါက်အောင် သေသေချာချာ စိတ်ရှည်လက်ရှည် ရှင်းပြပေးသင့်ပါတယ်။ စားသုံးသူ အခွန်ဆောင်ရခြင်းလိုမျိုး ပြည်သူအားလုံးနဲ့ တိုက်ရိုက်သက်ဆိုင်လိုက်နာနေရတဲ့ ဥပဒေတွေဆိုရင် ပြည်သူတွေဟာ လိုက်နာတာနေရတာ ဘာအတွက်ကြောင့် ဒီဥပဒေကို ပြဋ္ဌာန်းထားတာလဲ၊ ဘာအတွက်ကြောင့် ပြည်သူက စားသုံးခွန်ပေးနေရတာလဲဆိုတာ လူ ၁၀၀ မှာ ၉၈ ယောက်လောက်က မသိကြပါဘူး။ မိမိကိုယ်တိုင်လည်း မသိပါဘူး။ သိချင်လို့ စာအုပ်စာတမ်းရှာပေမဲ့လည်း မတွေ့ရပါဘူး။

ဖြစ်နိုင်မယ်ဆိုရင် စားသုံးခွန်ဥပဒေလိုမျိုး အများပြည်သူအားလုံးနဲ့ တိုက်ရိုက်သက်ဆိုင်နေတဲ့ ဥပဒေတွေထုတ်ပြန်တဲ့အခါမှာ မြန်မာစာဖတ်တတ်ရင် နားလည်နိုင်တဲ့ အများသုံးစကားနဲ့ ရှင်းရှင်းလင်းလင်း ရေးသားပေးထားတဲ့ စာအုပ်ကို ပြည်သူများအတွက် သီးသန့်ပြန်လည်ထုတ်ဝေပေးဖို့ ကောင်းပါတယ်။ ပုဒ်ထီး၊ ပုဒ်မတွေကို အများစုက နားမလည်နိုင်ကြပါဘူး။ သေသေချာချာ ကိုယ်တိုင်နားလည်ထားတဲ့ စည်းမျဉ်းဥပဒေတွေကို လိုက်နာရခြင်းဟာ လူတစ်ယောက်အဖို့ ပိုပြီးအဓိပ္ပာယ် ရှိပါတယ်။

ရှင်တော်မြတ်ဘုရားဟာ ပြဿနာတွေဖြေရှင်းရာမှာပဲဖြစ်ဖြစ်၊ ညှိနှိုင်းဆွေးနွေးပြောဆိုရာမှာပဲဖြစ်ဖြစ်၊ စည်းမျဉ်းစည်းကမ်းတွေ ထုတ်ရာမှာပဲဖြစ်ဖြစ် ဘဝတစ်သက်တာပတ်လုံး နားလည်သဘောပေါက်အောင် ပြောဆိုခြင်း ဟူသော သညတ္တိဗလကိုသာ အသုံးပြုတော်မူသွားခဲ့ပါတယ်။ နောက်ဆုံး ပရိနိဗ္ဗာန်စံဝင်ခါနီးဆဲဆဲအချိန်မှာတောင် သညတ္တိဗလကို အလေးထားတော်မူခဲ့ပါတယ်။

ရှင်တော်မြတ်ဘုရားဟာ ပရိနိဗ္ဗာန်စံယူဖို့ရာ မလ္လမင်းတို့၏ ဥယျာဉ်ထဲရှိ ညောင်စောင်းပေါ်မှာ လဲလျောင်းတော်မူရင်း -

-ရဟန်းတို့ တစ်စုံတစ်ယောက်သော ရဟန်း၏ စိတ်သန္တာန်ဝယ် ဘုရားဟုတ်သလော မဟုတ်သလော၊ တရားကောင်းဟုတ်သလော မဟုတ်သလော၊ နိဗ္ဗာန်ရောက်ကြောင်း မဂ်အစစ်ဟုတ်သလော မဟုတ်သလော၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းဟုတ်သလော မဟုတ်သလောဟု ဘုရား၌ဖြစ်စေ၊ တရား၌ဖြစ်စေ၊ သံဃာ၌ဖြစ်စေ၊ မဂ်၌ဖြစ်စေ၊ အကျင့်၌ဖြစ်စေ ယုံမှားတွေးတောမှု ဖြစ်ရှိငြားအံ့။

ရဟန်းတို့ ငါဘုရားကို မေးကြကုန်လော့၊ မြတ်စွာဘုရားသည် ငါတို့မျက်မှောက်၌ ထင်ရှားရှိခဲ့ပါလျက် ငါတို့သည် မြတ်စွာဘုရားကို ရှေ့တော်၌ ပြန်၍မေးခြင်းငှာ မစွမ်းနိုင်ခဲ့ကြပါတကားဟု သင်ချစ်သားတို့သည် နောင်တတစ်ဖန် ပူပန်ခြင်း မဖြစ်ကြစေကုန်လင့်' လို့ မိန့်တော်မူပါတယ်။

ရဟန်းတွေက ဘာမှ မမေးလျှောက်ကြဘဲ ဆိတ်ဆိတ်နေကြတာမို့ သုံးကြိမ်တိုင်အောင် ဖိတ်ကြားတော်မူပါတယ်။ ရဟန်းတို့ဟာ ဆိတ်ဆိတ်နေမြဲသာ နေကြပါတယ်။

ဒီအခါမှာ ရှင်တော်မြတ်ဘုရားက-

'ရဟန်းတို့၊ သင်တို့သည် ငါတို့ကား ဘုရားအထံ၌ ရှင်ရဟန်းပြုကြသူများ ဖြစ်သည်။ ငါတို့၏ ပစ္စည်းလေးပါးတို့မှာလည်း မြတ်စွာဘုရား၏ ဥစ္စာတို့သာ ဖြစ်ကုန်၏။ ထို ငါတို့သည် ဤမျှကြာအောင် ယုံမှားမှုကိုမပြုကြဘဲ ယခုနောက်ဆုံး ပရိနိဗ္ဗာန် စံတော်မူခါနီးအခါမှ ယုံမှားမှုကို ပြုရန်မထိုက်ဟု အောက်မေ့ကြကာ ဘုရား၌ ရိုသေသဖြင့် မမေးကြသည်မူလည်း ဖြစ်နိုင်၏။ ရဟန်းတို့ ထိုသို့ဖြစ်ခဲ့လျှင် အဖော်ရဟန်း အချင်းချင်းကိုမူလည်း မိမိ၏ ယုံမှားတွေးတောချက်ကို ပြောကြား၍ တစ်ဆင့်မေးမြန်းခိုင်းကြလော့' ဟု ဖိတ်ကြားတော်မူပြန်ပါတယ်။ ယခုလို မိန့်တော်မူသော်လည်း ရဟန်းသံဃာကတော့ ဆိတ်ဆိတ်နေမြဲ နေကြပါတယ်။

ထိုအချိန်မှာ အရှင်အာနန္ဒာမထေရ်မြတ်က -

'မြတ်စွာဘုရား၊ လက်ဖျစ်တီး၍ အံ့ချီးထိုက်ပါပေစွ။ မြတ်စွာဘုရား မဖြစ်စဖူး အထူးဖြစ်ပါပေစွ။ မြတ်စွာဘုရား၊ ဤရဟန်းသံဃာထဲ၌ ရဟန်းတစ်ပါးမျှ ၏ သန္တာန်၌မှာပင် မြတ်စွာဘုရား၌ဖြစ်စေ၊ တရားတော်၌ဖြစ်စေ၊ သံဃာတော်၌ဖြစ်စေ၊ မဂ်၌ဖြစ်စေ၊ အကျင့်၌ဖြစ်စေ ယုံမှားတွေးတောခြင်း အလျှင်းမရှိဟူ၍ တပည့်တော် ယုံကြည်ပါသည်ဘုရား' လို့ လျှောက်ထားတော်မူတဲ့အခါမှာ -

'ချစ်သား အာနန္ဒာ၊ သင်ချစ်သားသည် ယုံကြည်ခြင်းကြောင့်သာလျှင် ဤသို့ဆိုပေ၏။ ချစ်သား အာနန္ဒာ၊ ရဟန်းသံဃာထဲ၌ ရဟန်းတစ်ပါးမျှ၏ သန္တာန်မှာပင် မြတ်စွာဘုရား၌ဖြစ်စေ၊ တရားတော်၌ဖြစ်စေ၊ သံဃာတော်၌ဖြစ်စေ၊ မဂ်၌ဖြစ်စေ၊ အကျင့်၌ဖြစ်စေ ယုံမှားတွေးတောခြင်း အလျှင်းမရှိကြောင်းကို မြတ်စွာဘုရား၏ အဖို့ရာ သိပြီးဖြစ်၏။ ချစ်သား အာနန္ဒာ၊ ဤရဟန်းငါးရာတို့အနက် အောက်ဆုံး အဆင့် ရဟန်းသည်ပင် အပါယ်လေးပါးသို့ ကျရောက်ခြင်းသဘော မရှိတော့သော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် နောက်ဆုံး လားရောက်ရာရှိသော သောတာ ပန် အရိယာဖြစ်ပေ၏' လို့ မိန့်ကြားတော်မူပါတယ်။

ဆက်လက်၍ နောက်ဆုံးဩဝါဒတော်ဖြစ်တဲ့ -

'**ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ**၊ ရဟန်းတို့ သင်ချစ်သားတို့ အဖို့ရာ ယခု ငါဘုရား နောက်ဆုံးဩဝါဒစကား မိန့်ကြားလိုသည်မှာ။ **ဝယဓမ္မာ သင်္ခါရာ**၊ ပြုပြင်ပေးရသမျှ သင်္ခါရတရားတို့သည် ပျက်စီးခြင်းသဘော ရှိကြကုန်၏။ **အပ္ပမာဒေန သမ္ပာဒေထ**၊ သို့ဖြစ်ရကား မမေ့သော သတိတရားဖြင့် သင်ချစ်သားတို့သည် ကိစ္စပြီးအောင် အားထုတ်ကြကုန်လော့' ဟု မိန့်ကြားတော်မူပြီး သိပ်မကြာခင်မှာဘဲ ပရိနိဗ္ဗာန် ဝင်စံတော်မူသွားခဲ့ပါတယ်။

အချုပ်အားဖြင့်ဆိုရသော် မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပါတီဖြစ်ပါစေ ပြဿနာအဓိကရုဏ်းတွေ ဖြေရှင်းရာမှာ၊ တစ်ဖက်နဲ့တစ်ဖက် ညှိနှိုင်းဆွေးနွေးကြရာမှာ၊ စည်းမျဉ်းဥပဒေတွေ ထုတ်ဆောင်ရာမှာ တစ်ဖက်သား နားလည်သဘောပေါက်အောင် ပြောဆိုဆွေးနွေးခြင်းဟူသော သညတ္တိဗလ မရှိရင်၊ ကင်းမဲ့နေရင် အဲဒီပုဂ္ဂိုလ်၊ အဲဒီအဖွဲ့အစည်း၊ အဲဒီပါတီဟာ မတရားသော၊ တရားကင်းမဲ့သော အဓမ္မဝါဒီ ပုဂ္ဂိုလ်အဖွဲ့အစည်း ပါတီသာဖြစ်ပါတယ်။ တစ်ခါတစ်ရံမှာတော့ မိမိက နားလည်သဘောပေါက်အောင်ပြောဆို ဆွေးနွေးပါရဲ့နဲ့ လက်မခံနိုင်တဲ့ ဘဒ္ဒါလိတို့လို ပုဂ္ဂိုလ်တွေ တွေ့ရတတ်ပါတယ်။ ဒါပေမဲ့ မပြောပလောက်သော အရေအတွက်ဖြစ်နေရင် ဥပေက္ခာပြုထားလိုက်ရပါမယ်။ ဒါကြောင့် ဘယ်သူမှားလဲဆိုတဲ့ မေးခွန်းကို မိမိက 'သညတ္တိဗလမရှိတဲ့သူ မှားတယ်'လို့ ဖြေဆိုလိုက်ခဲ့ခြင်း ဖြစ်ပါတယ်။

*The Voice Daily*

*Vol.1, No.286*

*Friday, March 7, 2014*

✪✪✪✪✪

# အနစ်နာခံခြင်း



သင်္ကန်းဝတ်နဲ့ သည်းမခံနိုင်ဘူးဆိုရင် ဆုံးရှုံးနစ်နာမှုက
တပည့်တော်တို့အတွက် သိပ်များတယ်
တပည့်တော်တို့တွေဟာ ရဟန်းဘဝကိုတောင် ဆုံးရှုံး သွားနိုင်တယ်
သည်းမခံနိုင်လို့ ရဟန်းဘဝကို ဆုံးရှုံးသွားတဲ့အဖြစ်မျိုးကို
ဘုရားရှင်လည်း ကြိုက်မှာမဟုတ်ဘူး

## အနစ်နာခံခြင်း

အတန်းနားချိန်မို့ သမံတလင်းပေါ် တလပေထိုင်ကာ နံရံမှီပြီး စာဖတ်နေတုန်းမှာ အတန်းဖော်သူငယ်ချင်း ရဟန်းတစ်ပါးက မိမိဘေးမှာ လာထိုင်ကာ 'တကယ်လို့များ မြန်မာနိုင်ငံမှာ ခရူးဆိတ်စစ်ပွဲလို စစ်ပွဲများဖြစ်လာခဲ့မယ်ဆိုရင် တပည့်တော်တို့ဘုန်းကြီးတွေ ဘာလုပ်သင့်သလဲ' ဆိုပြီး မေးပါတယ်။

'အဲဒီလို စစ်ပွဲမျိုးကြီး ဖြစ်မလာရအောင် နှစ်ဖက်ဘာသာဝင်တွေအကြားမှာ အပြန်အလှန် ယုံကြည်လေးစားမှု နားလည်မှုရှိလာအောင် နှစ်ဖက်ဘာသာရေးခေါင်းဆောင်တွေဟာ ကြိုးစားကြရမယ်။ ကြိုးစားပါရဲ့နဲ့ အကြောင်းကြောင်းတွေကြောင့် ဖြစ်လာခဲ့မယ်ဆိုရင် ဗုဒ္ဓဘာသာဘုန်းတော်ကြီးတွေ လူထွက်ပြီး စစ်တိုက်ကြရမယ်။ သင်္ကန်းဝတ်နဲ့ကတော့ စစ်တိုက်ဖို့မပြောနဲ့ စကားလုံးကြမ်းကြမ်းတွေတောင် မသုံးနှုန်း မပြောဆိုရဘူး။ ရဟန်းဘဝနဲ့ စကားလုံး ကြမ်းကြမ်းတွေကိုပြောဆို သုံးနှုန်းတာတောင် ဘုရားရှင်ကို သိပ်ထိခိုက်တယ်။ ဒါကြောင့် ဘုရားရှင်ကို မထိခိုက်အောင် လူထွက်ပြီးမှ စစ်တိုက်ရမယ်။ အရှင်ဘုရားလည်းသိတာပဲ။ ရသေ့ရဟန်းတွေရဲ့ အားသည် သည်းခံခြင်းဆိုတာလေ။ အဲဒီတော့ တပည့်တော်တို့တစ်တွေဟာ သင်္ကန်းဝတ်ထားသမျှ ကာလပတ်လုံး သည်းမခံချင်လည်း သည်းခံရမယ်။ သည်းခံချင်လည်းပဲ သည်းခံရမယ်။ ဘာကြောင့်လဲဆိုတော့ တပည့်တော်တို့တွေက သည်းခံရမယ့်ဘဝကို ရောက်နေကြလို့လေ။ သည်းမခံနိုင်ဘူး တုံ့ပြန်ချင်တယ် ဆိုရင်တော့ လူထွက်တာဟာ အကောင်းဆုံးပဲလို့ တပည့်တော်ထင်တယ်။

'သင်္ကန်းဝတ်ထားပြီး သည်းမခံနိုင်ဘူးဆိုရင် ဘုရားသားတော် နာမည်ခံထားကြတဲ့ တပည့်တော်တို့ကိုယ်တိုင်က ဘုရားရှင်ရဲ့စကားတော်ကို မလိုက်နာရာ

ကြတယ်။ ဆန့်ကျင်ရာကြတယ်။ ဘုရားရှင်ကို မလေးမစားလုပ်ရာ ကြတယ်။ နောက်ပြီးတော့ သက်န်းဝတ်နဲ့ သည်းမခံနိုင်ဘူးဆိုရင် ဆုံးရှုံးနစ်နာမှုက တပည့်တော်တို့အတွက် သိပ်များတယ်။ တပည့်တော်တို့တွေဟာ ရဟန်းဘဝကိုတောင် ဆုံးရှုံးသွားနိုင်တယ်။ သည်းမခံနိုင်လို့ ရဟန်းဘဝကို ဆုံးရှုံးသွားတဲ့အဖြစ်မျိုးကို ဘုရားရှင်လည်း ကြိုက်မှာမဟုတ်ဘူး'

သူငယ်ချင်းက တစ်ခဏတာမျှ ငြိမ်နေပြီး 'လူ့ဘဝနဲ့ စစ်တိုက်ရင်လည်းပဲ ဆုံးရှုံးနစ်နာတာပဲ မဟုတ်လား။ ဘုရားရှင်ရဲ့စကားတော်ကို ဆန့်ကျင်ရာကျတာပဲ မဟုတ်လား။ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာ စောင့်ထိန်းရမယ်လို့ ဘုရားရှင်က ညွှန်ကြားတော်မူခဲ့တာပဲလေ' လို့ မေးခွန်းထုတ်ပြန်ပါတယ်။

'ဟုတ်တယ်၊ အရှင်ဘုရားမေးတာ မှန်တယ်။ လူမှန်ရင် ငါးပါးသီလကို စောင့်ထိန်းရမယ်။ မိမိအသက်ဟူသော အကြောင်းကြောင့်တောင်မှ သူတစ်ပါးအသက်ကို မသတ်ရဘူးလို့ ဘုရားရှင်က ဟောကြားတော်မူခဲ့တယ်။ ဘယ်လို အကြောင်းပြချက်နဲ့ ငါးပါးသီလကို ချိုးဖောက်ပါစေ အပါယ်လေးဘုံကို သက်ဆင်းကြရမှာပဲ။ အနစ်နာခံခြင်းဆိုတဲ့ စကားလုံးကို အရှင်ဘုရားလည်း သိပြီးသားပါ။ ဒီတော့ တပည့်တော်တို့တွေဟာ လောကထဲမှာ အဓမ္မက ဓမ္မကို အနိုင်ယူ လွှမ်းမိုးသွားခြင်း မရှိရလေအောင် တပည့်တော်တို့တွေဟာ ငရဲကျကျ ဘာကျကျ အနစ်နာခံပြီး ဓမ္မဘက်ကနေ ပြတ်ပြတ်သားသား ရပ်တည်ကြရမယ်။ ဘုရားရှင်က ငါးပါးသီလကို စောင့်ထိန်းခိုင်းခြင်းဟာ အပါယ်လေးဘုံကို သက်ဆင်းရမှာကြောင့် စောင့်ထိန်းခိုင်းခြင်းဖြစ်တယ်။ ဒါပေမဲ့ တပည့်တော်တို့တစ်တွေဟာ လောကမှာ ဓမ္မသာ ကြီးစိုးလွှမ်းမိုးရေးအတွက် ငရဲအကျခံပြီး ဓမ္မဘက်ကနေ ရပ်တည်ရမယ်။

လောကမှာ ဓမ္မသာ ကြီးစိုးရေးအတွက် ဘုရားကိုယ်တော်တိုင်လည်း အလောင်းတော်ဘဝမှာ ငရဲအကျခံပြီးဆောင်ရွက်ခဲ့တဲ့ သာဓကတွေ အများအပြား ရှိတယ်။ အရှင်ဘုရား သိပါတယ်။ တေမိမင်းသား စကားမပြောရခြင်းရဲ့အကြောင်းရင်းကိုလေ။ တေမိမင်းသားလေးဟာ အရင်ဘဝတွေမှတ်မိတဲ့ ဇာတိဿရဉာဏ်ကြောင့် အတိတ်ဘဝတွေကို ပြန်လည်စဉ်းစားဆင်ခြင်တဲ့အခါမှာ သူဟာ ငရဲကျခဲ့ရတာကို ပြန်မှတ်မိတယ်။ ဘာလို့ ငရဲကျရတာလဲလို့ ဆက်ပြီး ဆင်ခြင်စဉ်းစားတဲ့အခါမှာ သူဟာ ငရဲမကျခင်အရင်ဘဝက ဘုရင်ကြီးတစ်ပါးဖြစ်ခဲ့တယ်။ သူဟာ တိုင်းပြည်ကို တရားဥပဒေနဲ့အညီ အုပ်ချုပ်တယ်။ ဒါကြောင့် သူဟာ သူ့နိုင်ငံမှာ အဓမ္မ မကြီးစိုးရေးအတွက် တရားဥပဒေနဲ့အညီ သတ်စေ အမိန့်ချသင့်သူကို သတ်စေ အမိန့်ချခဲ့တယ်။ လက်ဖြတ်သင့်တဲ့သူကို လက်ဖြတ်စေ အမိန့်ချခဲ့တယ်။ ဒီအကုသိုလ်

ကံတွေကြောင့် ငရဲကျရခြင်းဖြစ်တယ်။ ဘာဖြစ်လို့ သူဟာ ဒီအကုသိုလ်ကံတွေကို ကျူးလွန်ရသလဲဆိုတော့ လောကမှာ အမွေ မကြီးစိုးရေးအတွက် အနစ်နာခံတဲ့အနေနဲ့ ကျူးလွန်ခဲ့ခြင်းဖြစ်တယ်။ လောကကြီးထဲမှာ အမွေ မကြီးစိုးရေးအတွက် မွေဘက်ကနေ အနစ်နာခံကာ ပြတ်ပြတ်သားသား ရပ်တည်ခြင်းဟာ ဘုရားအလောင်းတော် အစရှိသော သူတော်ကောင်းတို့ရဲ့ လမ်းစဉ်ဖြစ်တယ်'

'ဒါဆိုရင် ရဟန်းဘဝနဲ့ပဲဖြစ်ဖြစ်၊ လူ့ဘဝနဲ့ပဲဖြစ်ဖြစ် ရပ်တည်ချက်ချင်း ကတော့ အတူတူပဲလေ။ ဘာမှ မထူးပါဘူး' လို့ မိမိကို အားနာသောမျက်နှာနဲ့ ခပ်ဆိုင်းဆိုင်း ပြောဆိုပြန်ပါတယ်။

'မှန်တယ်ဘုရား။ ဒါပေမဲ့ မွေအတွက် ရဟန်းဘဝနဲ့ ပါဏာတိပါတကံ ကျူးလွန်ခြင်းဟာ လူဝတ်ကြောင်ဘဝနဲ့ ပါဏာတိပါတကံကို ကျူးလွန်ခြင်းထက် ပိုပြီး ဆုံးရှုံးမှုများတာကြောင့် တပည့်တော်က လူထွက်ပြီးမှ မွေဘက်က ရပ်တည်ဖို့ ပြောတာပါ။ ရဟန်းဝတ်နဲ့ကျူးလွန်လိုက်မယ်ဆိုရင် ပါရာဇိက ကျတာမို့ တပည့်တော် တို့တစ်တွေဟာ ဒီဘဝမှာ ရဟန်းဘဝကို ပြန်မရနိုင်တော့ဘူးဘုရား။ လူဝတ်ကြောင် ဘဝနဲ့ဆိုရင်တော့ စစ်ပွဲမှာ ကံကောင်းထောက်မလို့ မသေခဲ့ဘူးဆိုရင် တပည့်တော်တို့ တစ်တွေဟာ ရဟန်းဘဝကို ပြန်ရနိုင်တယ်လေဘုရား။ နောက်ပြီး ရဟန်းဘဝနဲ့ ကျူးလွန်ရတာနဲ့စာရင် လူ့ဘဝနဲ့ကျူးလွန်ခြင်းက ဘုရားရှင်ရဲ့ကောင်းသောပုံရိပ်၊ သာသနာတော်ရဲ့ ကောင်းသောပုံရိပ်တွေကိုလည်း မထိခိုက်စေဘူးဘုရား။ ဒါကြောင့် မို့ ရှေးသူတော်ကောင်းကြီးများဟာ ဆိုရင်လည်းပဲ လူထွက်ပြီးမှ လူဝတ်ကြောင်ဘဝ နဲ့ပဲ မွေဘက်ကနေ ပြတ်ပြတ်သားသား ရပ်တည်ခဲ့ကြတယ်ဘုရား'

'ဟုတ်လား ဘယ်လိုမျိုးလဲ။ ပြောပြပါဦး'

'ဒုဋ္ဌဂါမဏိမင်းကြီးရဲ့ ဖခမည်းတော် ကာကဝဏ္ဏတိဿမင်းကြီး လက်ထက်တုန်းက သီဟိုဠ်ကျွန်း ကောဋတောင်အနီးမှာ ကဗ္ဗိဆိုတဲ့ရွာကြီးတစ်ရွာ ရှိတယ် ဘုရား။ အဲဒီရွာကြီးကို ရောဟဏသူကြွယ်က အုပ်ချုပ်တယ်ဘုရား။ ရောဟဏသူကြွယ်မှာ အဘယအမည်ရှိတဲ့ သားတစ်ယောက် ရှိတယ်။ အဘယက သိပ်အားသန်တယ်။ အသက် ၁၂ နှစ်အရွယ်မှာ လူကြီး လေးငါးယောက် မ,ချီရတဲ့ ကျောက်ချပ်ကျောက်ခဲတွေကို သူက ထွေပစ်တမ်း ကစားနိုင်တယ်။ သူ့အသက် ၁၆ နှစ်ရောက်တဲ့အခါမှာ သူ့ဖခင်က မိမိကိုယ်ကို ကာကွယ်ရအောင် အလွန် အင်မတန်ကြီးမားတဲ့ ရှားနှစ်နဲ့လုပ်ထားတဲ့ ဆောက်ပုတ်ကြီးတစ်ခု လုပ်ပေးတယ်။ အဲဒီ ရှားနှစ် ဆောက်ပုတ်ကြီးနဲ့ ထန်းပင်တွေ၊ အုန်းပင်တွေကို ပြတ်ကျသွားအောင် ခုတ်ဖြတ်နိုင်တဲ့စွမ်းအား သူ့မှာ ရှိတယ်ဘုရား။ ဒါနဲ့သူ့မိဘတွေက 'တို့သားလေးဟာ

အင်အားသိပ်ကြီးတယ်။ ဘုရင်သိရင် အန္တရာယ်ပြုလာနိုင်တယ်' လို့ တွေးပြီး သားဖြစ်သူကိုနွားချကာ မိဘဘိုးစဉ်ဆက် ကိုးကွယ်ခဲ့ကြတဲ့ မဟာသုမနထေရ်ထံမှာ ကိုရင်ဝတ်ပြီးနေစေတယ်ဘုရား။

အဘယကိုရင်ဟာ ကျောင်းထဲမှာရှိတဲ့ ဖောမိပင်၊ အုန်းပင်၊ ထန်းပင်တို့ကိုနေ့စဉ် ရေလောင်းပြီး ကျောင်းတိုက် သာသာယာယာဖြစ်အောင် လုပ်ဆောင်တယ်။ တစ်နေ့တော့ ကာကဝဏ္ဏတိဿမင်းကြီးရဲ့ သူရဲကောင်းတစ်ဦးဖြစ်တဲ့ ကောဋ္ဌတိမ္ဗရဟာ နောက်ပါအခြွေအရံတွေနဲ့အတူ ကိုရင်အဘယနေတဲ့ကျောင်းကို ရောက်လာခဲ့တယ်။ အဲဒီအချိန်မှာ ကိုရင်အဘယက ရွာထဲ ဆွမ်းခံကြွနေတယ်။ ကောဋ္ဌတိမ္ဗရသူရဲကောင်းဟာ ကိုရင်အဘယ ရေလောင်းပြုစုစောင့်ရှောက်ထားတဲ့ အုန်းပင်တွေကို ပင်စည်ကိုင်ပြီး အုန်းသီးတွေကြွေကျအောင် လှုပ်ခါချပြီး သူ့အခြွေအရံတွေကို စားစေတယ်ဘုရား။ ပြီးတော့ နေရာမှာပဲ အိပ်ပျော်သွားတယ်။ ကိုရင်အဘယ ပြန်ရောက်လို့ သူ့အုန်းပင်တွေ ပျက်စီးနေတာကို မြင်ရတဲ့အခါမှာ 'အုန်းပင်တွေကို ဘယ်သူဖျက်ဆီးတာလဲ' လို့ အနီးရှိတဲ့ မင်းချင်းတွေကိုမေးတဲ့အခါမှာ မင်းချင်းတွေက အိပ်ပျော်နေတဲ့ ကောဋ္ဌတိမ္ဗရကို ညွှန်ပြကြတယ်။

ဒီအခါမှာ ကိုရင် အဘယက 'ဒီငကွဟာ မိမိစွမ်းအင်ကိုသာ စွမ်းအင်ထင်မှတ်နေသည်။ သူတစ်ပါးစွမ်းအင်ကို မမြင်ဖူးရှာပေ။ ယခု ငါ့စွမ်းအင်ကိုသိစေအံ့' လို့ ကြံပြီးကောဋ္ဌိမ္ဗရခြေမကို သူ့ရဲ့ခြေမခြေညှိုးနဲ့ ညှပ်ပြီး ပတ်ပတ်လည်အောင် မွေ့ရမ်းတယ်။ ကောဋ္ဌတိမ္ဗရဟာ ကြိုးစားပြီးရုန်းကန်ပေမဲ့ ကိုရင်က သူ့ထက်အဆမတန် အင်အားကြီးမားနေတာမို့ လွတ်အောင် မရုန်းနိုင်ရှာဘူး။ ဒါနဲ့ ကောဋ္ဌတိမ္ဗရဟာ သူ့ကိုလွှတ်ပေးဖို့ တောင်းပန်တော့မှ ကိုရင်က လွှတ်ပေးလိုက်တယ်။ လွှတ်တဲ့အခါမှာ 'ဒီလောက် စွမ်းအားကြီးမားနေပါရဲ့နဲ့ ဘာကြောင့် ကိုရင် ဝတ်နေရပါသလဲ။ ကာကဝဏ္ဏတိဿမင်းကြီးထံလာပြီး အမှုတော်ထမ်းရင် တပည့်တော်လိုမျိုး သူရဲကောင်းဖြစ်နိုင်ပါတယ်' လို့ ကောဋ္ဌတိမ္ဗရက ကိုရင်ကို ပြောတယ်။

'ငကွ ငါကား မင်းပေးချမ်းသာကို ဘယ်မှာလိုအံ့နည်း။ ငါ့မိဘတွေမှာ ရွှေငွေရတနာများစွာရှိတယ်' လို့ ပြန်ပြောတော့ ကောဋ္ဌတိမ္ဗရက –

ကိုယ်တော်လို ပုဂ္ဂိုလ်မှ သာသနာတော်ကို မချီးမြှောက်ရင် ဘယ်သူက ချီးမြှောက်တော့မှာတုံး။ ယခုအခါ မိစ္ဆာဒိဋ္ဌိဖြစ်သော ကျေးကုလားတို့သည် ဘုရားကျောင်းကန်တို့ကိုဖျက်ဆီး၍ မင်းပြုနေကြသည်မဟုတ်လော' လို့ ပြန်လည်လျှောက်ထားပါတယ်။ ကိုရင်က သေချာစဉ်းစားပြီး လူထွက်ကာ ကာကဝဏ္ဏတိဿမင်းကြီးဆီမှာ သွားအမှုထမ်းတယ်။ မင်းကြီးက သားတော်ဒုဋ္ဌဂါမဏိမင်းသားထံကို ကိုရင်

လူထွက် အဘာယကို ပို့ပေးလိုက်တယ်။ နောင်အခါမှာ ကိုရင်လူထွက် အဘယ သူ့ရဲ့ကောင်းဟာ ဒုဋ္ဌဂါမဏိမင်းကြီးနဲ့အတူ ဘုရားကျောင်းကန်တွေ ဖျက်ဆီးတဲ့ ကျေးကုလားတွေကို စစ်ထိုးကာ ရှုပ်ရှုပ်ချုံချုံ နှိမ်နင်းခဲ့တယ်။ အားလုံး ပြီးဆုံးတဲ့အခါ မှာ သက်နှန်းပြန်ဝတ်ကာ တောထွက်တရားကျင့်ပြီး ရဟန္တာဖြစ်သွားခဲ့တယ်။

ဒီအထောက်အထား ဒီသာဓကတွေ ရှိခဲ့လို့ တပည့်တော်က လူဝတ်ကြောင် ဘဝနဲ့ မွှေဘက်က ပြတ်ပြတ်သားသား ရပ်တည်ခြင်းဟာ ရဟန်းဘဝနဲ့ ရပ်တည်တာ ထက် ပိုကောင်းတယ်လို့ ပြောတာပါ။ အမှန်ကတော့ တစ်ဖက်နဲ့တစ်ဖက် ရိုးရိုး သားသား လေးလေးစားစားနဲ့ အပြန်အလှန် နားလည်မှုရှိရှိ ဆက်ဆံကြမယ်ဆိုရင် ဒီလိုမျိုးစစ်ပွဲက ဖြစ်လာစရာအကြောင်း မရှိပါဘူး'

'အရှင်ဘုရားပြောမှပဲ တပည့်တော် သုံးနှစ်လောက် ရင်ထဲမှာ မတင်မကျ ဖြစ်နေတဲ့ ပြဿနာကြီးကို အဖြေရှာတွေ့တော့တယ်။ ကျေးဇူးတင်လိုက်တာဘုရား။ တပည့်တော်က ဝါကြီးနေလို့ပါ။ ဝါငယ်ရင် အရှင်ဘုရားကို ထိုင်ကန်တော့ပါ တယ်။ အကယ်၍များ လူထွက်ပြီး မွှေဘက်က ရပ်တည်ရမယ့်အဖြစ်မျိုး ဖြစ်လာခဲ့ရင် အရှင်ဘုရားတော့ လူမထွက်ပါနဲ့။ တပည့်တော်တို့ပဲ ထွက်ပါမယ်'

'ဘာလို့လဲဘုရား'

'အရှင်ဘုရားလို စာပေကျမ်းဂန်နှံ့စပ်တဲ့သူတွေကို မထွက်စေချင်ပါဘူး ဘုရား။ အရှင်ဘုရားတို့လို လူတော်တွေ သာသနာတော်ကြီးကို စောင့်ရှောက်နိုင်မှာ ပါ။ ဒါကြောင့် ရဟန်းဘဝနဲ့ သာသနာတော်ကို ပြုစုစောင့်ရှောက်ပါ။ ကဲ တပည့်တော် သွားဦးမယ်ဘုရား' လို့ နှုတ်ဆက်ပြီး ပေါ့ပေါ့ပါးပါး ပြုံးပြုံးရွှင်ရွှင်နဲ့ မိမိအနားက နေ ထွက်သွားပါတယ်။

တကယ်လို့များ သူပြောသလို စစ်ပွဲမျိုးဖြစ်လာခဲ့ရင် မိမိလည်း လူထွက် ကာ စစ်တိုက်ဖို့ တွေးထားပြီးသားပါ။ ဘာကြောင့်လဲဆိုတော့ မိမိထက် အဆအရာ အထောင်မက သီလ၊ သမာဓိ၊ ပညာ ကြီးမားတော်မူကြတဲ့ ရဟန်းတော်တွေကို လူမထွက် စေချင်လို့ပါ။ လူဆိုတာ ကိုယ့်ပမာဏ ကိုယ်သိပြီး ကိုယ်နိုင်ရာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်ရမှာပေါ့။

***The Voice Daily***

***Vol.1, No.284***

***Wednesday, March 5, 2014***

✪✪✪✪✪

# အရှိကို အရှိတိုင်းသာ



တကယ်တော့ မကြာခင်သေဆုံးရတော့မယ့် လူတစ်ယောက်ကို
သူသေဆုံးရတော့မယ်ဆိုတဲ့အကြောင်းကို ပြောပြသင့်ပါတယ်
အသိပေးသင့်ပါတယ်။ ဒါမှသာ သူလုပ်ချင်တဲ့အရာတွေကို လုပ်နိုင်မှာဖြစ်သလို
သံသရာခရီးအတွက်လည်း သူ့စိတ် ကြိုက် ရိက္ခာထုပ်နိုင်မှာ ဖြစ်ပါတယ်

## အရှိကို အရှိတိုင်းသာ

လူငယ်ဆရာဝန်လေးတစ်ယောက်က မိမိဆီမှာ အခြေခံပါဠိဘာသာ ရေးနည်း၊ ပြောနည်း သင်ယူနေပါတယ်။ အခါတိုင်းတော့ သူလည်းမအား ကိုယ်လည်း ကိုယ့်အလုပ်နဲ့ကိုယ်မို့ သီးသီးသန့်သန့် စကားမပြောဖြစ်ကြပါဘူး။ စာသင်ပြီးရင် သူ့အလုပ်ကို တန်းသွားရပါတယ်။ ဒီနေ့တော့ သူလည်းနားရက် ကိုယ်လည်း ဘာမှ လုပ်စရာမရှိတာမို့ စကားပြောဖြစ်ကြပါတယ်။ 'ဆရာဝန်တစ်ယောက်အနေနဲ့ ကုမနိုင်တော့လို့ လက်လျှော့လိုက်ရတဲ့ လူနာတွေ ကြုံတွေ့ရတယ်။ တချို့လူနာတွေ ဆိုရင် သုံးလလောက်ပဲ အသက်ရှင်နိုင်တော့မှာမျိုးတွေ ရှိတယ်။ အဲဒီလိုမျိုး လူနာတွေကို သူတို့လူ့လောကကြီးထဲမှာ ဘယ်လောက်ပဲ နေထိုင်ခွင့်ရတော့မယ် ဆိုတာ ပြောပြသင့်သလား၊ ပြောမပြသင့်ဘူးလား။ ဦးပဉ္ဇင်း ဘယ်လိုယူဆလဲ' ဆိုပြီး သူက မေးပါတယ်။

ရှင်တော်မြတ်ဘုရားရဲ့ များပြားလှစွာသောဂုဏ်ပုဒ်တွေထဲမှာ '**မဟာဘိသက္ကဂုရ**' ဆိုတဲ့ ဂုဏ်ပုဒ်လည်း ပါရှိပါတယ်။ အဓိပ္ပာယ်ကတော့ 'ကြီးကျယ်မြင့်မြတ်သော သမားတော်ကြီး' ဖြစ်ပါတယ်။ ရှင်တော်မြတ်ဘုရားရဲ့ ဒီဂုဏ်ပုဒ်ကို ရှင်းလင်းပြောကြရာမှာ သမားတော်သုံးမျိုးကို ခွဲခြားပြပြီးမှ ရှင်းလင်းပြောကြားလေ့ ရှိပါတယ်။

၁။ အသေးအဖွဲ့အပယီကရောဂါလေးဖြစ်နေသောလူနာကို မကြာခင် သေဆုံးရတော့မတတ် ချဲ့ကားပြောဆိုတတ်၍ လူနာကိုမျှော်လင့်ချက်များ ဆုံးရှုံးစေသောသမားတော်။

၂။ သေစေနိုင်လောက်သော ရောဂါဝေဒနာဖြစ်နေသော လူနာကို ရောဂါ သေး

သေးမွှားမွှားလေးပဲ ဖြစ်နေသယောင် လှည့်ပတ်ကာ နှစ်သိမ့်ပေး၍ ဆေး ကုသမပေးသော သမားတော်။

၃။ ရောဂါဝေဒနာကို စနစ်တကျ သေသေချာချာ စစ်ဆေးကာ လူနာအား ရောဂါဝေဒနာအကြောင်းကို ချဲ့လည်းမပြော၊ ချုံ့လည်းမပြောဘဲ ဟုတ်တိုင်းမှန်စွာ ပြောကြားကာ ကုသပေးသောသမားတော်လို့ သမားတော် သုံးမျိုးရှိရာမှာ ရှင်တော်မြတ်ဘုရားက တတိယသမားတော်နဲ့ တူတယ်လို့ ကျမ်းဂန်များက ဆိုပါတယ်။

ရှင်တော်မြတ်ဘုရားဟာ ဝေနေယျသတ္တဝါတွေရဲ့ လောဘ၊ ဒေါသ၊ မောဟ ရောဂါဝေဒနာဆိုးကြီးများကို ပျောက်ကင်းချမ်းသာအောင် ကုသပေးရာမှာ ပိုလည်းမပြော၊ လိုလည်းမပြောဘဲ အရှိကိုအရှိအတိုင်းသာသိစေ၍ ကုသပေးတော်မူပါတယ်။

တစ်ခါတုန်းက ရှင်တော်မြတ်ဘုရားဟာ နောက်ပါရဟန်းများနှင့်တကွ ကောသလတိုင်းအတွင်းမှာ ဒေသစာရီ ကြွချီတော်မူနေစဉ် အလျှံတပြောင်ပြောင် တောက်လောင်နေသော မီးပုံကြီးကို တွေ့မြင်တော်မူပါတယ်။ ဒီအခါမှာ ရှင်တော်မြတ်ဘုရားက ခရီးကိုရပ်တန့်ပြီး လမ်းဘေးရှိ သစ်ပင်တစ်ပင်အောက်မှာ ဝင်ထိုင်ကာ ရဟန်းတွေကို အောက်ပါအတိုင်း တရားစကား ပြောကြားတော်မူပါတယ်။

'ရဟန်းတို့၊ သင်တို့သည် အဘယ်သို့ထင်ကြသနည်း။ **အလျှံတပြောင်ပြောင် တောက်လောင်နေသော ထိုမီးပုံကြီးကို ပွေ့ဖက်၍နေခြင်းနှင့် နူးညံ့ချောမွတ်သော လက်ခြေရှိသည့် မိန်းမပျိုတစ်ယောက်ကို ပွေ့ဖက်၍နေခြင်းတို့တွင် ဘယ်ဟာက ပို၍ကောင်းမြတ်သလဲ**'

'မိန်းမပျိုတစ်ယောက်ကို ပွေ့ဖက်၍နေခြင်းက ပို၍ ကောင်းမြတ်ပါသည် ဘုရား'

'ရဟန်းတို့၊ ယုတ်မာသောအကျင့်ရှိသော၊ မကောင်းမှုကို ဖုံးကွယ်ထားသော၊ ရဟန်းမဟုတ်သောရဟန်းဟု ဝန်ခံ၍နေသော ဒုဿီလရဟန်းအဖို့ရာ အလျှံတပြောင်ပြောင် တောက်လောင်နေသော မီးပုံကြီးကို ပွေ့ဖက်၍ နေခြင်းသည် ကောင်းမြတ်၏။ အဘယ်ကြောင့်ဆိုသော် မီးပုံကြီးကို ပွေ့ဖက်သူသည် သေခြင်းသို့ဖြစ်စေ၊ သေလောက် သောဆင်းရဲခြင်းသို့ဖြစ်စေ ရောက်ရုံသာရှိ၏။ သေပြီးနောက်၌မူ အပါယ်ငရဲသို့ မရောက်နိုင်။ မိန်းမပျိုကို ပွေ့ဖက်၍နေသော ဒုဿီလရဟန်းသည်ကား သေပြီးနောက်၌ အပါယ်ငရဲသို့ ကျရောက်နိုင်၏'

'ရဟန်းတို့၊ သင်တို့သည် အဘယ်သို့ထင်ကြသနည်း။ **ခွန်အားကောင်းသော ယောကျ်ားတစ်ယောက်၏ ခိုင်မာသော သားမြီးကြိုးဖြင့် ခြေသလုံးနှစ်ဖက်တို့ကို**

**ရစ်ပတ်၍ ပွတ်တိုက်သည်ကိုခံရခြင်းနှင့် ဒုဿီလရဟန်း၏ မင်း၊ သူဌေးသူကြွယ် စသူတို့၏ ရှိခိုးမှုကိုသာယာခြင်းတို့တွင် ဘယ်ဟာက ကောင်းမြတ်ပါသလဲ'**

'မင်း သူဌေးသူကြွယ် စသူတို့၏ ရှိခိုးမှုကို သာယာခြင်းက ကောင်းမြတ်ပါသည်ဘုရား'

'ရဟန်းတို့၊ ယုတ်မာသောအကျင့်ရှိသော ဒုဿီလရဟန်းအဖို့ရာ ခွန်အားကောင်းသောယောကျ်ား၏ သားမြီးကြိုးဖြင့် ရစ်ပတ်၍ ပွတ်တိုက်သည်ကို ခံရခြင်းသည် ကောင်းမြတ်၏'

'ရဟန်းတို့၊ သင်တို့သည် အဘယ်သို့ ထင်ကြသနည်း။ **အားကောင်းသောယောကျ်ားတစ်ယောက်က ကျောက်တုံးပေါ်၌ ဆီဖြင့် သွေးထား၍ အလွန်ထက်သော လှံဖြင့် ရင်ဝ၌ ထိုးသည်ကိုခံရခြင်းနှင့် ဒုဿီလရဟန်းသည် မင်း သူဌေးသူကြွယ် စသူတို့၏ လက်အုပ်ချီမှုကို သာယာခြင်းတို့တွင် ဘယ်ဟာက ကောင်းမြတ်သလဲ'**

'မင်း သူဌေးသူကြွယ် စသူတို့၏ လက်အုပ်ချီမှုကို သာယာခြင်းက ကောင်းမြတ်ပါသည်ဘုရား'

'ရဟန်းတို့၊ ဒုဿီလရဟန်းအဖို့ရာ အားကောင်းသော ယောကျ်ားတစ်ယောက်က ကျောက်တုံးပေါ်၌ ဆီဖြင့်သွေးထား၍အလွန်ထက်သော လှံဖြင့်ရင်ဝ၌ ထိုးသည်ကို ခံရခြင်းသည် ကောင်းမြတ်၏'။

'ရဟန်းတို့၊ သင်တို့သည် အဘယ်သို့ထင်ကြသနည်း။ **အလျှံတပြောင်ပြောင် တောက်လောင်နေသော သံပူပြားဖြင့် ကိုယ်ခန္ဓာကိုရစ်ပတ်ခံရခြင်းနှင့် မင်း၊ သူဌေးသူကြွယ် စသူတို့က ယုံကြည်မှုသဒ္ဓါတရားဖြင့် လှူဒါန်းထားအပ်သော သင်္ကန်းကို ဝတ်ရုံခြင်းတို့တွင် ဘယ်ဟာက ကောင်းမြတ်သလဲ'**

'မင်း သူဌေးသူကြွယ် စသူတို့က ယုံကြည်မှုသဒ္ဓါတရားဖြင့် လှူဒါန်းထားအပ်သောသင်္ကန်းကို ဝတ်ရုံခြင်းက ကောင်းမြတ်ပါသည်ဘုရား'

'ရဟန်းတို့၊ ဒုဿီလရဟန်းအဖို့ရာ အလျှံတပြောင်ပြောင် တောက်လောင်နေသော သံပူပြားဖြင့် ကိုယ်ခန္ဓာကို အပတ်ခံရခြင်းသည် ကောင်းမြတ်၏'

'ရဟန်းတို့၊ သင်တို့သည် အဘယ်သို့ထင်ကြသနည်း။ **ခွန်အားကောင်းသောယောကျ်ားသည် လောလောပူသော သံကောက်ဖြင့် ပါးစပ်ကိုဖွင့်၍ အလျှံတပြောင်ပြောင် တောက်လောင်နေသော သံတွေခဲကို ပါးစပ်ထဲသို့ထည့်ငြားအံ့။ ထိုသို့ထည့်သည်ကို ခံရခြင်းနှင့် မင်း သူဌေးသူကြွယ် စသူတို့က ယုံကြည်မှု သဒ္ဓါတရားဖြင့် လှူဒါန်းထားအပ်သောဆွမ်းကို သုံးဆောင်ခြင်းတို့တွင် ဘယ်ဟာက ကောင်းမြတ်သလဲ'**

'မင်း သူဌေးသူကြွယ် စသူတို့က ယုံကြည်မှုသဒ္ဓါတရားဖြင့် လှူဒါန်းထားအပ်သော ဆွမ်းကို သုံးဆောင်ရခြင်းသည် ကောင်းမြတ်ပါသည်ဘုရား'

'ရဟန်းတို့၊ ယုတ်မာသောအကျင့်ရှိသော ဒုဿီလရဟန်းအဖို့ရာ လောလောပူသော သံကောက်ဖြင့် ပါးစပ်ကိုဖွင့်၍ အလျှံတပြောင်ပြောင် တောက်လောင်နေသောသံတွေခဲကို ပါးစပ်ထဲသို့ အထည့်ခံရခြင်းသည် ကောင်းမြတ်၏'

'ရဟန်းတို့၊ သင်တို့သည် အဘယ်သို့ထင်ကြသနည်း။ **လောလောပူသော သံညောင်စောင်း သံအင်းပျဉ်ပေါ်၌ အိပ်ရထိုင်ရခြင်းနှင့် မင်း၊ သူဌေးသူကြွယ် စသူတို့ ယုံကြည်မှုသဒ္ဓါတရားဖြင့် လှူဒါန်းထားအပ်သော ညောင်စောင်းအင်းပျဉ်ပေါ်၌ အိပ်ရထိုင်ရခြင်းတို့တွင် ဘယ်ဟာက ကောင်းမြတ်သလဲ**'

'မင်း၊ သူဌေးသူကြွယ် စသူတို့က ယုံကြည်မှုသဒ္ဓါတရားဖြင့် လှူဒါန်းထားအပ်သော ညောင်စောင်းအင်းပျဉ်တို့ကို သုံးဆောင်ရခြင်းသည် ကောင်းမြတ်ပါသည်ဘုရား'

'ရဟန်းတို့၊ ယုတ်မာသောအကျင့်ရှိသော ဒုဿီလရဟန်းအဖို့ရာ လောလောပူသော သံညောင်စောင်းအင်းပျဉ်ပေါ်၌ အိပ်ရထိုင်ရခြင်းသည် ကောင်းမြတ်၏'

'ရဟန်းတို့၊ သင်တို့သည် အဘယ်သို့ထင်ကြသနည်း။ **ခွန်အားကောင်းသော ယောကျ်ားသည် အခြားယောကျ်ားတစ်ယောက်၏ ကိုယ်ကို ဦးခေါင်းစောက်ထိုးကိုင်၍ အလျှံတပြောင်ပြောင် တောက်လောင်နေသော ကြေးပူအိုးထဲသို့ ဆွဲထည့်ပြားအံ့။ ထိုသို့ ဆွဲထည့်ခံရခြင်းနှင့် ဒုဿီလရဟန်း၏ မင်း သူဌေးသူကြွယ် စသူတို့ ယုံကြည်မှုသဒ္ဓါတရားဖြင့် ပေးလှူထားအပ်သောကျောင်းကို သုံးဆောင်ခြင်းတို့တွင် ဘယ်ဟာက ကောင်းမြတ်သလဲ**'

'မင်း သူဌေးသူကြွယ် စသူတို့က ယုံကြည်မှုသဒ္ဓါတရားဖြင့် လှူဒါန်းထားအပ်သောကျောင်းကို သုံးဆောင်ရခြင်းသည် ကောင်းမြတ်ပါသည်ဘုရား'

'ရဟန်းတို့၊ ယုတ်မာသောအကျင့်ရှိသော ဒုဿီလရဟန်းအဖို့ရာ ခွန်အားကောင်းသော ယောကျ်ားက ကိုယ်ကို ဦးခေါင်းစောက်ထိုးကိုင်၍ အလျှံတပြောင်ပြောင် တောက်လောင်နေသော ကြေးအိုးပူထဲသို့ ဆွဲထည့်သည်ကို ခံရခြင်းသည် ကောင်းမြတ်၏။

အဘယ်ကြောင့်ဆိုသော် ကြေးအိုးပူထဲသို့ ဆွဲထည့်ခံရသောသူသည် သေခြင်းသို့ဖြစ်စေ၊ သေလောက်သော ဆင်းရဲခြင်းသို့ဖြစ်စေ ရောက်ရုံသာရှိ၏။ သေပြီးနောက်မှ အပါယ်ငရဲသို့ မရောက်စေနိုင်။ မင်း၊ သူဌေးသူကြွယ် စသူတို့က ယုံကြည်မှုသဒ္ဓါတရားဖြင့် လှူဒါန်းထားအပ်သောကျောင်းကို

သုံးဆောင်သော ဒုဿီလရဟန်းသည်ကား သေပြီးနောက်၌ အပါယ်ငရဲသို့ ကျရောက်နိုင်၏' လို့ မိန့်ကြားတော်မူပါတယ်။

ဒီတရားတော်ကို နာကြားနေကြတဲ့ ရဟန်းတွေထဲက ရဟန်းခြောက်ဆယ်ဟာ တရားနာပြီးတဲ့အခါမှာသွေးပွက်ပွက်အန်ပါတယ်။ ရဟန်းခြောက်ဆယ်က လူထွက်ပါတယ်။ ရဟန်းခြောက်ဆယ်ကတော့ ရဟန္တာဖြစ်သွားခဲ့ပါတယ်။ တကယ်တော့ ဒီတရားဟောရင် ရဟန်းခြောက်ဆယ် သွေးပွက်ပွက်အန်ပြီး ရဟန်းခြောက်ဆယ် လူထွက်မယ်ဆိုတာ ဘုရားရှင်က ကြိုသိမြင်တော်မူပါတယ်။ သိရဲ့နဲ့ ဘာလို့ဟောတာလဲဆိုတော့ အဲဒီရဟန်းအပါး တစ်ရာ့နှစ်ဆယ်ကို သနားတော်မူခြင်းကြောင့်ပါ။ သွေးပွက်ပွက်အန်တဲ့ ရဟန်းခြောက်ဆယ်ဟာ ပါရာဇိကအာပတ်သင့်ပြီးရဟန်းမဟုတ်တော့ပါဘဲ ရဟန်းဟန်ဆောင်နေတဲ့သူပါ။ သူတို့တွေ ဆက်ပြီးရဟန်းယောင်ဆောင်နေမယ်ဆိုရင် အကုသိုလ်ကကြီးသထက်ကြီးရုံပဲ ရှိတော့တာမို့ ဘုရားရှင်က သတိပေးတဲ့အနေနဲ့ဟောကြားတော်မူခြင်းဖြစ်ပါတယ်။

လူထွက်တဲ့ရဟန်း ခြောက်ဆယ်ကတော့ ပါရာဇိကမကျရင်ပြီးတာပဲဆိုပြီး ထင်သလို နေနေကြတဲ့ ရဟန်းတွေပါ။ ဒီတရားတော်ကို ဘုရားရှင် မဟောကြားရင် သူတို့တွေဟာလည်း ကြီးလေးတဲ့အပြစ်တွေကို ကျူးလွန်ကြတော့မှာပါ။ ဒါကြောင့် ဘုရားရှင်က တားမြစ်တဲ့အနေနဲ့ ဟောကြားတော်မူခဲ့ခြင်းဖြစ်ပါတယ်။ ဒီတရားတော်ကို ကြားနာရပြီးတဲ့အခါမှာ သူတို့တွေအားလုံး လူထွက်ပြီးတော့ ဒါနသီလစသောကောင်းသောအလုပ်များကို လုပ်ဆောင်ကြပြီး အသက်ရှင်သန်နေထိုင်သွားကြပါတယ်။

တစ်ခါတုန်းက ဗာရာဏသီမြို့သား မဟာဓနကုန်သည်ကြီးဟာ လှည်းငါးရာနဲ့ သာဝတ္ထိကို ကုန်ပစ္စည်းတွေ လာရောင်းချပါတယ်။ သူဟာ 'ငါ တစ်နှစ်ပတ်လုံး သာဝတ္ထိမှာနေပြီး ကုန်ပစ္စည်းတွေကို ရောင်းချပြီးမှ ဗာရာဏသီကို ပြန်မယ်'ဆိုပြီး ကြံစည်စဉ်းစားမိပါတယ်။ အဲဒီအချိန်မှာ သာဝတ္ထိမြို့ထဲ ဆွမ်းခံလှည့်လည်နေတဲ့ ဘုရားရှင်က ပြုံးတော်မူပါတယ်။ ဘုရားရှင်ပြုံးတော်မူတာကို မြင်လိုက်ရတဲ့ အရှင်အာနန္ဒာမထေရ်က ပြုံးရခြင်းရဲ့အကြောင်းရင်းကို မေးလျှောက်တဲ့အခါမှာ 'အာနန္ဒာ ဟိုမှာ လှည်းတပ်စခန်းချထားတဲ့ မဟာဓနကုန်သည်ကြီးကို မြင်တယ်မဟုတ်လား။ သူဟာ ခုနစ်ရက်နေရင် သေဆုံးရတော့မယ်သူဖြစ်တယ်။ သို့သော် သူဟာ တစ်နှစ်ပတ်လုံး သာဝတ္ထိမှာနေပြီး ကုန်ပစ္စည်းတွေရောင်းချမယ်လို့ ကြံစည်နေတယ်'လို့ မိန့်တော် မူပါတယ်။

ဒီအခါမှာ အရှင်အာနန္ဒက ခုနစ်ရက်နေရင် ကုန်သည်ကြီး သေဆုံးရတော့

မယ့်အကြောင်းကို ကုန်သည်ကြီးကို အသိပေးခွင့်ပြုပါလို့ ဘုရားရှင်ကို လျှောက်ထားပါတယ်။ ဘုရားရှင်က ခွင့်ပြုတော်မူတာကြောင့် အရှင်အာနန္ဒာက ကုန်သည်ကြီးကို အကြောင်းစုံ သွားပြောပြပါတယ်။ ကုန်သည်ကြီးဟာ အရမ်းထိတ်လန့် သွားပြီး ခုနစ်ရက်ပတ်လုံး ဒါနသီလမှုများပြုကာ သောတာပန်တည်ပြီးမှ သေဆုံးသွားခဲ့ပါတယ်။

တကယ်တော့ မကြာခင်သေဆုံးရတော့မယ့် လူတစ်ယောက်ကို သူသေဆုံးရတော့မယ်ဆိုတဲ့အကြောင်းကို ပြောပြသင့်ပါတယ်။ အသိပေးသင့်ပါတယ်။ ဒါမှသာ သူလုပ်ချင်တဲ့အရာတွေကို လုပ်နိုင်မှာဖြစ်သလို သံသရာခရီးအတွက်လည်း သူ့စိတ်ကြိုက် ရိက္ခာထုပ်နိုင်မှာ ဖြစ်ပါတယ်။ မိသားစုဝင်တွေအနေနဲ့လည်း လူနာကိုအသိမပေးပါနဲ့လို့ ဆရာဝန်ကို မတားမြစ်သင့်ပါဘူး။ မိသားစုဝင်ဆိုတာလည်း သုသာန်အထိသာ လိုက်ပို့ပေးလို့ရတာပါ။ သုသာန်ဟိုဘက်ခရီးကို သူတစ်ယောက်တည်း လျှောက်လှမ်းရမှာပါ။ သူတစ်ယောက်တည်း လျှောက်လှမ်းရမယ့် ခရီးရှည်ကြီးအတွက် သူ့စိတ်ကြိုက် ပြင်ခွင့်ရှိအောင် ပြောသင့်ပါတယ်။ အသိပေးသင့်ပါတယ်။ ။

***The Pyi Myanmar Daily***

■

**မိုးသူ(မန္တလေး)**